

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရွှေသမင်စာပေ

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

# ကြုံတူ

# ပျဉ်ဒရယ်မြနဒီ

[ဒိုရင်ပါးကြီးပင် ဘာသာပြန်]

ရွှေသမင်စာပေ

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၅၀၀၇၆၅၀၅၀၆ |
| မျက်နှာဖုံးခွင့်ပြုချက် | ၅၀၁၃၆၇၀၅၁၁ |
| အကြိမ် | ပထမအကြိမ် |
| | ၂၀၀၇-ခုနှစ်၊ မေလ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၅၀၀/- |
| ထုတ်ဝေသူ | ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉) |
| | ရွှေသမင်စာပေ |
| | ၃၇၊ ၄၄-လမ်း။ |
| | ဗိုလ်တထောင်မြို့နယ်၊ |
| | ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံး ပုံနှိပ်သူ | ဒေါ်မြင့်မြင့်ကြူ (မြဲ – ၀၈၁၀၈) |
| | မိုးကောင်းကင်အော့(ဖ်)ဆက် |
| | ၁၂၀၊ ၃၈–လမ်းအောက်၊ |
| | ကျောက်တံတားမြို့နယ်။ |




## ကြီးစဏ္ဍ

### စာရေးသူ၏ ရေးသားထုတ်ဝေပြီးစာအုပ်များ


၁။ စက္ကောပါလသံသေတ္တာ
၂။ ကျောက်စိမ်းနက်ဝက်ပါ
၃။ လောဘပင်လယ်မှ ပုလဲနက်ရန်စွယ်
၄။ မဟူရာကေရီ
၅။ နှင်းတလိုက်နှင့် တိမ်တိုက်ကမှောင်
၆။ ဂဲကျားသစ်နက်မာယာ
၇။ ယောက်ျားတို့နေရာ
၈။ ကုန္တီလရန်စွယ်
၉။ နဂါးခံတွင်း ကျားခံတွင်း
၁၀။ နှင်းတောင်သခင်မ
၁၁။ နဂါးဝိညာဉ်ကျိန်စာ
၁၂။ ပျဉ်ဒရယ်ရွှေသိုက်နှင့်ဂမ္ဘီရဝတ္ထုများ
၁၃။ သံယောဇဉ်ရန်ငြိုး
၁၄။ မာလာအဆိပ်ကျွန်း
၁၅။ ဂမုန်းနက်ချစ်သူ
၁၆။ ရှမ်းပဲလားနှင့် မရဏာကမ္ဘာ
၁၇။ ရတနာဒီပတောင်မှ မရဏာကျိန်စာ
၁၈။ မျောက်တစ်ရာမြေမှ ဝနေစောင့်ရန်စွယ်
၁၉။ စက္ကောပါလ သံသေတ္တာ (ဒုကြိမ်)
၂၀။ မရဏာဂယက်

၂၁။ မာယာကေရီ
၂၂။ ငြိုင်နန်းဝက်ဘာ
၂၃။ နဂါးနက်ကျောကွင်း
၂၄။ အတွင်းဒီပါစခန်းမှ ကံ့ကော်တစ်ထောင်လမ်း
၂၅။ လိပ်ပြာဝိဉာဉ် အကျဉ်းသား
၂၆။ ရှမ်းဗဲလားမှ သစ္စာပါလအမွေ
၂၇။ ကန္တာရနှင်းဆီနက်
၂၈။ ကမ္ဘီရကျောက်ပျံနီ
၂၉။ ကညင်ကိုးပင် စင်ကိုးစင်
၃၀။ မနောမယနှင့် မကွရာရန်စွယ်
၃၁။ ဒိဂံါပါလ သံယောဇဉ်
၃၂။ နဝဂံရွှေစင်
၃၃။ မနုဇီဝရှာပုံတော်
၃၄။ ဝက်ဗ္ဗုဒေဝီ
၃၅။ ပုလဲဝိဉာဉ်နှင့် ကံကြမ္မာကလဲ့စား
၃၆။ ပါးကွက်ရန်စွယ်နှင့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ
၃၇။ မိုးမခဝက်ပါ
၃၈။ မဟူရာရန်စွယ်
၃၉။ သလင်းကျောက်နန်းတော်
၄၀။ နှင်းဖြူတောင်တန်း လွမ်းသက်သေ





၄၁။ ကြယ်နဂါးနဲ့ ရွှေသားလိုဏ်ဂူ
၄၂။ ဇီဝစိုးကျိန်စာ
၄၃။ ကျောက်လက်ဝါးအမြုတေ
၄၄။ ဂမုန်းနက် ရန်စွယ်
၄၅။ မြနှင်းဖြူ မြသင်းကြူ မြဝင်းသူ
၄၆။ နဒီလှိုင်းဝိဉာဉ်
၄၇။ မောရမြိုင်မှ သောဠသဝက်ပါ
၄၈။ နဂါးမွက်အိုင်လမ်း
၄၉။ မရဏာတြိဂံ
၅၀။ ရှမ်ဘဲလားသို့ မဟာဂန္ဓာရီ
၅၁။ တစ္ဆေကျွန်း
၅၂။ မာန်စွယ်ဖွေးဖွေး
၅၃။ မရဏာလိုဏ်ဂူ
၅၄။ တြိပဗ္ဗတ ငြိုင်သေလာ
၅၅။ သစ္စပါလစား
၅၆။ အရိုးတောင်ကျိန်စာ
၅၇။ ဖျဉ်ဒရယ်မြနဒီ (ယခုလထုတ်)

ရွှေမြင့်မိုရ်-စာစဥ်

## ပါဝင်သောအခန်းများ

အမှာစာ...
အခန်း (၁) ပျဉ်ဒရယ်မှလာသောလူ
အခန်း (၂) ကျွန်ုပ်နှင့် ပျဉ်ဒရယ်လမ်းစရှာဖွေသူများ
အခန်း (၃) ပျဉ်ဒရယ်သဲလွန်စ
အခန်း (၄) ရေစာကျွေးသောနေရာနှင့် ထူးဆန်းမှု
အခန်း (၅) ထူးဆန်းစွာ ပျောက်ဆုံးသွားသူများ
အခန်း (၆) ကာတိ မတည်သူ၏နိဂုံး
အခန်း (၇) ဘဝပေါင်းမှ နေရာတောင်းသူ
အခန်း (၈) ပျဉ်ဒရယ်တောင်ပေါ်မှ ထမင်းပွဲ
အခန်း (၉) အဘွားမျှင်နှင့် အစောင့်များ
အခန်း (၁၀) မရမ်းချောင်း ဘုရားပျက်မှ ဦးဘာဘူ
အခန်း (၁၁) လျှို့ဝှက်အကြံအစည်နှင့်လူများ
အခန်း (၁၂) လောဘသားနှင့် ကြမ္မာနိဂုံး
အခန်း (၁၃) ဆွမ်းစင်ပေါ်မှ ကြောက်မက်ဖွယ်ရာထူးဆန်းမှု
အခန်း (၁၄) ကံ့ကော်တစ်ထောင်ဆရာတော်နှင့် ကတိစကား
အခန်း (၁၅) သစ္စာပန်း သို့မဟုတ် သေပင်းနိမိတ်ပန်း
အခန်း (၁၆) ဌာပနာထည့်ရန် ခွင့်တောင်းလာသူများ
အခန်း (၁၇) တရားသံဝေဂ ရကြစေတော့





## ဒဿနလက်ဆောင်

လူဆိုတာ ဘဝသစ်၊ ဘဝဟောင်းဆိုတဲ့ ကိစ္စတွေဆိုတာ ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး။ ဒါတွေက သံသရာလည်နေတာ။ ဒါကြောင့် အမြဲတစေ တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့ကြုံရမှာပဲ။ ဒါကြောင့် သေခြင်းတရား ဆိုတာရှိတာပေါ့။

ဘဝဟောင်းကို စွန့်ရပြီဆိုတာနဲ့ ဘဝသစ်ကို မလွဲမသွေ ရောက်ရမှာပဲ။

ဘဝသစ်ကို ရပြီးရင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘဝဟောင်းကို ပြန်ကြရမှာပဲ။

ဒါ ဓမ္မတာပဲ။

နိဗ္ဗာန်ကို မရမချင်း။ သံသရာခရီးကို လျှောက်နေရသမျှတော့ ဒီကိစ္စတွေကို မလွဲမသွေ ကြုံတွေ့ကြရမှာပဲ။

(တ)ာပဲ။ ကြီးတယ်၊ ငယ်တယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ် မဟုတ်ဘူး။

သေခြင်းတရားဆိုတာ အချိန်မရွေး ရောက်လာနိုင် (တ)ာပဲ။ ကြီးတယ်၊ ငယ်တယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ် မဟုတ်ဘူး။

အားလုံးဟာ တစ်နေ့မှာ သေခြင်းတရားနဲ့ မလွဲမသွေ တွေ့ကြရမှာပဲ။ ဒါဟာ သေချာတဲ့ ဓမ္မတာတရားပဲ။

ဘာကြောင့်လဲဆိုတော့…

ဘဝတစ်ခုကို ရလာပြီဆိုတာနဲ့ သေခြင်းတရားကို ပြန်စောင့်နေကြရတာပဲ။

ဒါကို အတော်များများက သတိ မထားမိကြတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန တရားတွေ ထားနေကြတာပေါ့လေ။

ချမ်းသာခြင်းဆိုတာ…

စိုးရိမ်သောက မရှိခြင်းကို ဆိုတာပဲ။

ငွေကြေး ဥစ္စာဓန ပြည့်စုံချမ်းသာတာထက် စိုးရိမ်သောက မရှိတဲ့ စိတ်ချမ်းသာခြင်းဟာ ချမ်းသာခြင်းအစစ် ဖြစ်ပေတယ်။

ကျေးဇူးရှင် ကံ့ကော်တစ်ထောင်ဆရာတော်ကြီး





ရွှေမြန်မာ့ဖိုရမ် · စာပေ

# စာရေးသူ၏အမှာ

လောကတွင် ဖြစ်ရပ်မှန် ဇာတ်လမ်းများသည် စိတ်ကူးယဉ် ဇာတ်လမ်းထက် ပိုမိုဆန်းကြယ်လေ့ ရှိပါတယ်။

ကျွန်ုပ် ယခုရေးသားသော ပျဉ်ဒရယ်မြနဒီ ဝတ္ထု ဇာတ်လမ်းမှာ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။

ဇာတ်လမ်းတွင် အဓိကပါဝင်သော ကံ့ကော်တစ်ထောင် ဆရာတော်ကြီး၊ ဆရာကြီး ဦးအောင်သာ၊ ဦးမိုးလွင်၊ ဦးဘာဘူ၊ ဒေါ်ဘွားမျှင်၊ ဦးနေဒွန်း၊ ဦးမွန်ထော်တို့မှာ အပြင်၌ သက်ရှိထင်ရှား ရှိနေကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ (အချို့ကတော့ ကွယ်လွန်သွားပြီ ဖြစ်၏။)

ထိုအတူ ဇာတ်လမ်း၌ အဓိကပါဝင်သော ကျုံတုံး၊ ဘိုကလေး၊ ကခုံကနီ၊ ရော၊ အမာ၊ ကျွန်းညိုကြီး၊ မိန်းမလှကျွန်း၊ ပျဉ်ဒရယ်၊ မရမ်းချောင်း၊ ရေကျော်ကြီး အစရှိသည်တို့

မှာလည်း ဘိုကလေးနယ်ဘက်၌ ရှိသော နေရာများပင် ဖြစ်ပါတယ်။

ကျွန်ုပ်အနေနှင့် ဂမ္ဘီရဆန်းကြယ် ဇာတ်လမ်းများကို ရေးဖွဲ့ရာတွင် ဖြစ်ရပ်မှန်များအား အခြေခံကာ မိမိစိတ်ကူးဖြင့် ဝတ္ထုသဘောအရ ပြည့်စုံအောင် ရေးသားလေ့ရှိပါတယ်။

ယခု ပျဉ်ဒရယ်မြနဒီ ဇာတ်လမ်းမှာ လွန်ခဲ့သော နှစ်အနည်းငယ်က ပျဉ်ဒရယ်မြို့ဟောင်း သောင်တစ်ပိုက်တွင် ဖြစ်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်ကာ ၎င်းကို ၂၀၀၁-ခုနှစ် စက်တင်ဘာလထုတ် သူရဠမဂ္ဂဇင်း၌ ပျဉ်ဒရယ်ရွှေသိုက် အမည်ဖြင့် ဝတ္ထုရှည်ကို ရေးသားခဲ့ပြီး ဖြစ်ပါတယ်။

ယခု သည်ဝတ္ထုကို လုံးချင်းဝတ္ထုအနေနဲ့ ရေးဖွဲ့ရာမှာ ပြောစရာတစ်ခုတော့ ရှိပါတယ်။

ပျဉ်ဒရယ်မြနဒီတွင် ပရလောကသားများ၏ ဆန်းကြယ်သော အဖြစ်အပျက်များကိုသာ အဓိကထား ရေးသားခဲ့ခြင်းကြောင့် အချစ်နှင့် ဇာတ်ဝတ္ထုတွဲ့ လုံးဝမပါခြင်းပင် ဖြစ်ပါတယ်။

သည်ဝတ္ထုအား ဖတ်ရှုရာတွင် ကျွန်ုပ်အနေနှင့် (၂၈)ခုပ မြောက် အထူးထုတ်အနေဖြင့် ထုတ်ဝေခဲ့သော (လိပ်ပြာ ဝိညာဉ်အကျဉ်းသား) ဝတ္ထုကဲ့သို့ ဂမ္ဘီရဆန်းကြယ် ဇာတ်လမ်း စစ်စစ်ကို နှစ်သက်ကြသူများ သဘောကျ လက်ခံလိမ့်မည်ဟု မျှော်လင့်မိပါတယ်။





နောက်ဆက်လက်၍ ရေးသားသော ဝတ္ထုများမှာလည်း ကျွန်ုပ် မွေးဖွားသော "တြိစက္က" ဟူသော ကလောင်အမည်ကို အရည်အသွေး တောင်ပြောင်သည်ထက် တောက်ပြောင်လာစေရန် အထောက်အကူ ရစေနိုင်မည့် ကြိုးပမ်းမှုများနှင့် ဆက်လက်ရေးသားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်။

ကျွန်ုပ် ချစ်ခင်လေးစားရသော စာဖတ်ပရိသတ်များထံမှ ပေးစာများ။ ဝတ္ထုအတွက် အထောက်အကူရစေသော အချက်အလက် ပေးပို့ကူညီမှုအတွက် များစွာ ကျေးဇူးတင် ဝမ်းမြောက်မှုဖြစ်ရပါတယ်။

တစ်ဦးချင်း စာပြန်ကြားလျက်ရှိပါတယ်။

ကျွန်ုပ်ထံသို့ စာရေးဆက်သွယ်လိုပါက ရွှေသမင်စာပေတိုက်မှတစ်ဆင့်သော်လည်းကောင်း၊ ဖုန်း ၀၁-၆၅၀၀၉၆ (အိမ်)၊ ၅၅၇၅၁၉(ရုံး) သို့သော်လည်းကောင်း ဝေဖန်အကြံပေး ဆက်သွယ်နိုင်ပါကြောင်း ပြောကြားရင်းဖြင့်...

စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ စာဖတ်သူများ မေတ္တာရိပ်အောက်မှ...

တြိစက္က

## အခန်း ( ၁ )

# ဗျဉ်ဒရယ်မှ လာသောလူ

တစ်နေ့သ၌ နံနက်ပိုင်း ရေတက်ချိန်တွင် ကျွန်းညိုကြီးဘက်မှ ဖြတ်ကူးလာသော လှေငယ်တစ်စင်းသည် ကိုင်းတောမြစ်အတွင်းသို့ ဝင်လာလေသည်။

လှေပေါ်မှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်သော လူကြီးတစ်ဦး၊ လူရွယ်တစ်ဦးနှင့် မိန်းမပျိုတစ်ဦးတို့ လိုက်ပါလာကြလေသည်။

လူကြီးမှာ အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်အရွယ်ခန့် ရှိသော်လည်း ကျန်းမာသွက်လက်မှု ရှိနေဆဲပင်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများရှိကာ ဦးခေါင်းပေါ်မှာ ခေါင်းပေါင်းတစ်စောင်း ထုံးထားသည်။





နဖူးကို ဖျင်ကြမ်းပဝါစဖြင့် အုပ်ပတ်ထားပြီး ကိုယ်ပေါ်မှာတော့ ဖျင်နီအင်္ကျီနှင့် ပုဆိုးကွက်တုံးကြီးကို ဝတ်ဆင်ထားသည်။

ထိုလူကြီးက လှေပဲ့ပိုင်းမှ လှော်တက်ကို အားရပါးရ လှော်နေလေသည်။

လှေပေါ်မှာ သူနှင့်အတူ ပါလာသော လူရွယ်နှင့် မိန်းမပျိုတို့ နှစ်ယောက်ကတော့ အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိကြလေသည်။

လူရွယ်၏ ဦးခေါင်းပေါ်မှာ ဆံထုံး ထုံးထားပြီး သူလည်း ပင်နီကြမ်းအင်္ကျီနှင့် ပုဆိုးကို ဝတ်ဆင်ထားလေသည်။ လူရွယ်၏ပုံမှာ ယောကျ်ားပီသ၍ ခံ့ထည်သော ရုပ်ရည်ရှိသူ ဖြစ်၏။

မိန်းကလေးကတော့ ဆံပင်ရှည်များကို တစ်ပတ်လျှို ထုံးထားသော်လည်း ကျောလည်အထိ ဝဲကျနေသည်။

သူမ၏ အမူအရာမှာ တည်ငြိမ်ရင့်ကျက်ဟန်ရှိသော်လည်း နုနယ်ပျိုမျစ်သော အသွင်တော့ရှိသည်။

လူရွယ်က လှေဦးပိုင်းမှ ထိုင်ကာ လှေကို ချက်ကျလက်ကျ လှော်နေလေသည်။

မိန်းကလေးကတော့ လှေဝမ်းအလယ်မှ ထိုင်ကာ လှေဝမ်းထဲမှာ ရေများလာလျှင် ပက်ခွက်ဖြင့် ခပ်ထုတ်ပေးနေသည်။

သူတို့သုံးယောက်သည် ရေနံပိုင်းအရပ်ဒေသဖက်မှ လာခဲ့ကြဟန်ရှိပြီး ဖောင်ဝင်မြစ်ကို ဖြတ်ကာ ကျွန်းညိုကြီး အရှေ့ဘက်ကမ်းရိုးအတိုင်း လျှော်ခဲ့ကြခြင်း ဖြစ်၏။

ကျွန်းညိုကြီး ဆိုသည်မှာ ရေနံပိုင် ဦးရှင်ကြီးဓာတ်တွင် အဓိကပါဝင်သောနေရာများ ဖြစ်ကြပေသည်။

ကျွန်းညိုကြီးမှာ အတော်အတန် ကြီးမားကျယ်ပြန့်သော ကျွန်းကြီးတစ်ကျွန်းဖြစ်၏။

အလျားကလည်း ရှည်လျားသည်။

မြောက်ဘက်မှာ ကိုင်းတောမြစ်မှ စခဲ့ပြီး တောင်ဘက်ရောက်သောအခါ ဖောင်ဝင်မြစ်အထိ ရှည်လျားလေသည်။

ရှေးအခါကတော့ လူသူအရောက်အပေါက် နည်းလှကာ သားရဲတိရစ္ဆာန်များ လွန်စွာပေါလှသော နေရာဖြစ်ပေသည်။

ကနစိုသစ်တောများ အဓိကပေါက်သော နေရာဖြစ်ပြီး မြစ်ကမ်းတစ်လျှောက်မှာ ဖျူးခြေထောက်ပင်၊ ဖျူးပင်၊ လဖပင်၊ လမုပင်တောများ ရှိသည်။

အင်္ဂလိပ် အစိုးရလက်ထက် မတိုင်မီက အဝေးမှ လှမ်းကြည့်လျှင် ညို့နေအောင် ကောင်းလှသော သစ်တောကြီးများ ဖြစ်ပေသည်။

ယခင်ကတော့ သစ်တောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ နည်းသဖြင့် တောဝင်းသူများမှာ အိမ်သုံး





သယ်သုံး သစ်သားလိုရှိသော်လည်းကောင်း၊ ထင်းအတွက် လိုရှိသော်လည်းကောင်း တောသို့ ဝင်သူအချို့လောက်သာ ရှိခဲ့သည်။

မြစ်ဝကျွန်းပေါ်ဘက်မှာ ပေါက်သော ကနစိုသစ် အပါအဝင် အခြားသစ်များမှာ အထက်ဘက် သစ်တောများ၌ ပေါက်သည့် ကျွန်း၊ ပျဉ်းကတိုးသစ်များလောက် မကောင်းလှသဖြင့် လူကြိုက်မများပေ။

သို့ကြောင့်...

စီးပွားဖြစ် ထုတ်လုပ်သူ မရှိခဲ့ပေ။

ထို့နောက်ပိုင်းတွင် မြန်မာနိုင်ငံအား အင်္ဂလိပ်များ မတရားသိမ်းပိုက် အုပ်ချုပ်လာကြပြီး နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရက အထက်ဘက် သစ်တောများမှ ကျွန်း၊ ပျဉ်းကတိုးသစ်များသာမက ရေနံအရပ် မြစ်ဝကျွန်းပေါ်ဘက်မှ သစ်တောများကို ရသမျှ အမြတ်ထုတ်ကြရန် ကြံစည်လာတော့သည်။

မြစ်ဝကျွန်းပေါ်ဘက်တွင် အဓိက ထုတ်ယူသော သစ်မှာ ကနစိုသစ် ဖြစ်သည်။

ကနစိုသစ်အား တစ်နိုင်ငံလုံး ထင်းအဖြစ် အသုံးပြုရန် စိတ်ကူးကာ သစ်ထုတ်လုပ်ခွင့် လိုင်စင်များ ထုတ်ပေးခြင်း၊ ထင်းပွဲစခန်းများ ဖွင့်လှစ်ခြင်း၊ သစ်တောရုံးများစိုက်ခြင်း။

ထင်းပေါက်ခြမ်းများကို အကြီးအကျယ် အရောင်းအဝယ် ပြုလုပ်စေခြင်းများ ပြုလုပ်စေရုံမက နောင်သောအခါ အခြား

သူများ မခုတ်ယူစေရန် မြစ်ဝကျွန်းပေါ်ဘက် သစ်တောများ အားလုံးကို အင်္ဂလိပ်အစိုးရပိုင် သစ်တောကြိုးဝိုင်းများအဖြစ် သတ်မှတ်ခဲ့ပေသည်။

အနောက်ဘက်မှာ လှိုင်ဘွဲ့နယ်အထိ ရောက်ပြီး အရှေ့ဘက်မှာတော့ ဖျာပုံနယ်ဘက်မှ သစ်တောများ ပါဝင်လေသည်။

အဓိကအခြေစိုက် ရုံးများထားတာကတော့ ဖျာပုံ၊ ဘိုကလေး (ယခင်ဗိုလ်ကလေး)၊ မော်လမြိုင်ကျွန်း မြို့နယ် များ၌ ဖြစ်ပေသည်။

ဖျာပုံမှာ ခရိုင်ရုံးထားပြီး ကျန်မြို့နယ်များမှာတော့ မြို့နယ် သစ်တောရုံးများ ထားလေသည်။

ယခင်ကတော့ မြို့ရွာများမှာနေသော သစ်တောအလုပ် သမားများက တောသို့ဆင်းပြီး လှေ၊ သမ္ဗန်များဖြင့် သွားရောက်ကာ ခုတ်ဖြတ်ယူသောအဆင့်မှ နောင်သောအခါ အလုပ်များ ပိုမိုတွင်ကျယ်စေရန် သစ်တောများအတွင်းမှာ ထင်းပွဲစခန်းများ ဖွင့်လှစ်ကာ လုပ်ကိုင်ကြသည်။

ပေမီသော ကနစိုသစ်ပင်များကို ဖြတ်တောက်ကာ ပေါက်ခြမ်းများ ပြုလုပ်ပြီးနောက် တုံကင်းများဖြင့် ရန်ကုန် အထိ သယ်ယူကြကာ စီးပွားဖြစ် လုပ်ကိုင်ခဲ့ကြသည်။

အင်္ဂလိပ်ခေတ်က ထင်းကုန်သည်များမှာ အများအား ဖြင့်တော့ ကုလားကုန်သည် များလေသည်။





ယခင်ကတော့ အင်္ဂလိပ်အစိုးရက သစ်တောများထဲမှ သတ်မှတ်ထားသည့် ပေမီသော သစ်ပင်များကိုသာ ခုတ်လှဲ ထုတ်ယူခွင့် ပြုထားသော်လည်း နောင်သောအခါ ပေမမီသော သစ်များကိုပါ ခုတ်ယူဖြတ်တောက်ခဲ့ရာမှ သစ်တောများ အတွင်းမှာ သစ်ပင်ကြီးများသာမက ပေမမီသော သစ်ပင် ကလေးများပါ ပျက်စီးဆုံးရှုံးခဲ့သောကြောင့် သစ်တောပြုန်းတီးမှု များ ဖြစ်ခဲ့လေသည်။

အင်္ဂလိပ်အစိုးရလက်ထက် မတိုင်မီက ညို့နေအောင် ကောင်းလှသော သစ်တောကြီးများမှာ နှစ်ကြာလာသောအခါ တဖြည်းဖြည်းနှင့် လွင်ပြင်များအထိ ဖြစ်ခဲ့ရလေတော့သည်။

အဆိုးဆုံးကတော့ မီးသွေးထုတ်လုပ်သော မီးသွေးဖို များ ပေါ်လာသောအခါ တော်ပြုန်းတီးမှုများ ပိုမိုဖြစ်ခဲ့ရလေ သည်။

ထင်းသမားများက သစ်ပင်ကြီးများအား လှဲဖြတ် ခုတ်ယူကြပြီး မီးသွေးဖုတ်သူများက သစ်ပင်အသေးမှန်သမျှ ခုတ်ယူကြသောကြောင့် တောရှင်းသကဲ့သို့ ဖြစ်တော့သည်။

မီးသွေးဖုတ်သမားများအား လိုင်စင်ထုတ်ပေးရာတွင် မြင်းကသား သစ်ကိုသာ ခုတ်ယူခွင့် ပြုခဲ့သော်လည်း နောင် သောအခါ တွေ့သမျှ သစ်ပင်များအား ခုတ်ကြသောကြောင့် တောများမှာ နှစ်အနည်းငယ်အတွင်း ပြောင်တလင်းခါသွားခဲ့ ခြင်းဖြစ်၏။

မီးသွေးဖုတ်ရာတွင် အသုံးပြုနိုင်သော သစ်အရွယ်အစားမှာ အကြီးဆုံး ပေါင်လုံးခန့်အရွယ်မှ အသေးဆုံး လက်မောင်းလုံးခန့်ဖြစ်သောကြောင့် ယခုလောက် တောများ ပျက်စီးဆုံးရှုံးသွားခဲ့ခြင်း ဖြစ်၏။

ယခုအခါမှာ မြစ်ဝကျွန်းပေါ် သစ်တောများမှာ မီးသွေးဖုတ်သော လုပ်ငန်းများ လုပ်ကိုင်ခွင့် မပြုတော့သော်လည်း အထက်ဘက် သစ်တောများမှာ မီးသွေးဖုတ်သော လုပ်ငန်းများအား လျှို့ဝှက်စွာ လုပ်ကိုင်နေကြဆဲ ဖြစ်သောကြောင့် သစ်တောပြုန်းတီးမှုများ ကြီးစွာဖြစ်နေဆဲပင် ရှိပါသည်။

သို့ကြောင့်လည်း...

အင်္ဂလိပ်အစိုးရ မရှိတော့ဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်းမှာလည်း ထိုအလုပ်များကို ဆက်လက် လုပ်ကိုင်ခဲ့ကြရာမှ နှစ်အနည်းငယ်အတွင်းမှာ သစ်တောများလုံးဝ ပျောက်သွားကာ လယ်မြေများ ဖြစ်ခဲ့ရပေသည်။

ယခုအခါမှာတော့ မိန်းမလှကျွန်း သစ်တောများအား ဘေးမဲ့သစ်တောကြီးပိုင်းများအဖြစ် သတ်မှတ်ကာ ပြန်လည် လုပ်ကိုင်နေပြီဖြစ်သော်လည်း သစ်တောကြီးများအဖြစ်ရောက်ရန် နောင်နှစ်ပေါင်းများစွာ ကြာမြင့်ဦးမည် ဖြစ်ပေသည်။

ယခင်က နေဝင်လျှင် အနီးမကပ်ဝံ့အောင် သစ်တောများ ကောင်းလှသော ကျွန်းညိုကြီးမှာ ယခုတော့ ရွာများတည်ကာ လယ်များလုပ်နေကြပြီဖြစ်၏။



ကျွန်းညိုကြီး မြစ်ကမ်းဘေးမှ ရေစီးနှင့်လိုက်လာသော လူသုံးယောက်ကို တင်ဆောင်လာသော လှေကလေးမှာ ကိုင်းတောမြစ်ဝသို့ ရောက်သောအခါ ချိုးကွေ့ကာ ကိုင်းတောချောင်းဘက်သို့ ဦးတည်ကာ လှော်ခတ်ခဲ့လေသည်။

ရေတက်ဖြစ်သောကြောင့် ကိုင်းတောမြစ်ထဲမှာ ရေဆန် လှော်ရလေသည်။

သို့သော်...

လှေက သေးပြီး လူနှစ်ယောက်လှော်အားကြောင့်သော်လည်းကောင်း၊ ကမ်းအနီးမှ ဓနိပြုန်များ၊ ရေသာများရှိသောကြောင့် သိပ်ပင်ပန်းမှု မဖြစ်လှဘဲ အလွယ်တကူ လှော်သွားနိုင်ကြလေသည်။

သူတို့သည် ကိုင်းတောချောင်းဝသို့ ရောက်သောအခါ ချိုးကွေ့ဝင်ခဲ့ကြသည်။ ချောင်းထဲရောက်ပြန်တော့ ရေစုန်ဖြစ်ပြန်သောကြောင့် လှော်အားမစိုက်ရဘဲ သက်သောင့်သက်သာ လိုက်ကြရပြန်သည်။

ရေစီးတစ်ခါ ရေသာတစ်လှည့် ဆိုသော စကားမှာ လူ့ဘဝအတွက် နိမိတ်ပြသော စကားအဖြစ် လွန်စွာဆီလျော်လှပေသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ထွေထွေထူးထူး စကားပြောဆိုခြင်း မပြုကြဘဲ ကိုယ့်အလုပ်ကိုသာ လုပ်ကြလေသည်။

လှော်လှော်သည့် လူကလည်း လှေကိုလှော်ပြီး ရေပက်သည့် လူကလည်း ရေကိုသာ ပက်သည်၊ စကားမပြောပေ။

ဤသို့ဖြင့် ကိုင်းတောချောင်းကျယ်အတိုင်း အတန်ကြာအောင် လာခဲ့ကြပြီးသောအခါ အရှေ့ဘက်ကမ်းတွင် ကံ့ကော်တစ်တောင်သို့ ဟူသော ဆိုင်းဘုတ်လမ်းညွှန် ကပ်ထားသော ချောင်းတစ်ချောင်း တွေ့ရသည်။

၎င်းမှာ "ပေချောင်း" ဖြစ်သည်။

ပေချောင်းမှာ မြင့်မားသော အုန်းပင်၊ ကွမ်းသီးပင်နှင့် အခြားသီးပင် စားပင်များအပြင် တစ်မျှော်တစ်ခေါ် မြင်နေရသော လယ်ကွင်းများဖြင့် ရှေးကတည်းက အစဉ်အဆက်တည်ရှိခဲ့သော ရွာကြီးတစ်ရွာ ဖြစ်ပေသည်။

ခရီးသည် သုံးဦးတို့ကို တင်ဆောင်လာသော လှေကလေးမှာ ပေချောင်း ချောင်းရိုးအတိုင်း ဝင်လာကြရာ မကြာမီ ကျောင်းဆိပ်ကမ်းသို့ ရောက်ကြလေသည်။

ပေချောင်း ကျောင်းဆိပ်ကမ်းမှာတော့ လှေကြီး လှေငယ်၊ သမ္ပန်နှင့် စက်လှေအချို့ ရှိလေသည်။

၎င်းတို့မှာ ဘုရားဖူးညော့သည်များ၏ လှေသမ္ပန်များပင် ဖြစ်သည်။

ခရီးသည် သုံးဦးတို့မှာ ကျောင်းဆိပ်သို့ ရောက်သောအခါ မိမိတို့ စီးလာသော လှေကို တစ်နေရာတွင် ဆိုက်ကပ်ခဲ့ကြပြီး ကမ်းပေါ်သို့ တက်ခဲ့ကြသည်။





လှေဆိပ်နှင့် မနီးမဝေးမှာတော့ ဆရာတော်ကြီး ဘဒ္ဒန္တ ကောလာသ သီတင်းသုံးရာ ကျောင်းဆောင်ရှိပေသည်။

ကျောင်းပေါ်မှာတော့ ညော့သည်အချို့ ရှိနေပြီး ၎င်းတို့ တက်သွားသောအခါ ညော့သည်များက ပြန်ဆင်းသွားကြပေသည်။

သူတို့က ဆရာတော်ကြီးအား ယူဆောင်လာသော များရည်၊ ငှက်ပျောခိုင် အစရှိသည်တို့ကို ကပ်လှူကြပြီး ရှိသေစွာ ကန်တော့လိုက်ကြလေသည်။

"ဘယ်က လာကြတာလဲ"

"တပည့်တော်တို့ ဖျဉ်ဒရယ်ကပါဘုရား"

လူကြီးက အဖြေပေးလိုက်သည်။

ဆရာတော်ကြီးက ၎င်းတို့ကို တစ်ချက်ကြည့်ပြီး မျက်လုံးမှိတ်ကာ အတန်ကြာအောင် ငြိမ်နေပြီးမှ...

"အင်း... ကောင်းပါတယ်၊ အခု ဘုရားလာဖူးကြတာလား"

ဟု မေးလိုက်သည်။

"ဘုရားလည်းဖူးရင်း၊ ဘုရားတွေလည်း လှူချင်လို့ပါဘုရား"

"ကောင်းပါတယ်၊ အခု ဒီသာသနာ့နယ်မြေမှာ အရှိမေတ္တေယျ မြတ်စွာဘုရား သာသနာတော်ကို ကြိုဆိုတဲ့ အနေနဲ့ ကံ့ကော်ပင် တစ်ပင်အောက်မှာ ဗုဒ္ဓရုပ်ပွားတော်

တစ်ဆူကျ တည်ထားနေပါတယ်၊ ကုံကော်ပင် တစ်ထောင်၊ ဗုဒ္ဓရုပ်ပွားတော် တစ်ထောင်ပြည့်အောင် တည်မှာပါ"

"ဒကာကြီးတို့ သဒ္ဓါရှိသလောက် လှူသွားကြပေါ့"

"တပည့်တော်တို့ ဗုဒ္ဓရုပ်ပွားတော် သုံးဆူနဲ့ ကုံကော်ပင် သုံးပင် လှူပါရစေဘုရား"

"ရပါတယ်၊ ဘုရားဒါယကာ ကမ္ပည်း ဘယ်လိုတစ် ပေးရမလဲ"

"တပည့်တော်တို့က အားလုံးကောင်းမှုနဲ့ စုပြီးလှူကြ တာဆိုတော့ (မောင်ရှင်နဲ့ ဘဝဆက်မှ ဆွေတော်မျိုးတော်၊ ဆွေဆက် မျိုးဆက်များ ကောင်းမှု)လို့ပဲ ကမ္ပည်းတစ်ပေးပါ ဘုရား"

ဟုလျှောက်ထားပြီး ဘုရားအတွက် ကျသင့်ငွေများ ပေးလှူကြလေသည်။ ဆရာတော်က ဆုများပေးနေစဉ် လူရွယ်က ဤသို့ လျှောက်ထားလေသည်။

"ဆရာတော်ကို တပည့်တော် လျှောက်ထားပါရစေ ဘုရား"

"ဘာများလဲကွယ့်"

"တခြားတော့ မဟုတ်ပါဘူးဘုရား။ ဒီဘုရား ပရိဝုဏ် အတွင်းမှာ တပည့်တော်တို့အတွက် နေရာ တစ်နေရာ ပေးပါ ဘုရား။ တပည့်တော်တို့လည်း အရှင်ဘုရား သာသနာပြု လုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်ချင်လို့ပါဘုရား"





"အေးလေ… ဒီလိုဆိုတော့လည်း လုပ်ပေးရမှာပေါ့"

ဟု ကတိပေးလိုက်လေသည်။

"ကဲ… ကဲ ဘုရားသွားဖူးကြပေဦးတော့"

ဟု ဆရာတော်က ပြောသဖြင့် ဧည့်သည်သုံးယောက် တို့လည်း ဆရာတော်အား ကန်တော့ကြပြီး ဘုရားများရှိရာ ဘက်သို့ ထွက်ခွာသွားကြလေသည်။

ဆရာတော်ကြီး ဘဒ္ဒန္တကေလာသသည် ၁၃၅၁-ခုနှစ်တွင် စတင်၍ မိမိ သီတင်းသုံးရာ ပေချောင်းကျောင်း သာသနာ့မြေပေါ်မှာ သာသနာပြုလုပ်ငန်းများ စတင်ဆောင် ရွက်ခဲ့ပေသည်။

သို့ကြောင့်…

စတင်တည်ထားသော ၁၃၅၁-ခုနှစ်အား အစဉ်သဖြင့် အမှတ်ရစေသောငှာ "အေးဆုပြည့်အောင် ကုံကော် တစ်ထောင်" ဟူသော အမည်ကို ပေးခဲ့ခြင်းဖြစ်ပေ၏။

အဓိပ္ပာယ်မှာ…

အေး ဆု ပြည့် အောင်

၁ ၃ ၅ ၁

ဟူ၍ဖြစ်ပေသည်။

ကံကော်တစ်ထောင်၏ အဓိပ္ပာယ်မှာ…

"ကံတုံး၍ အကြံဖုံးနေလျှင် ကံပေါ်အောင် ကုံကော် တစ်ထောင်သို့ လာခဲ့ပါ"

ဟုသော အဝိပ္ပာယ်ဖြင့် ရုပ်ပွားတော် တစ်ဆူလျှင် ကုံကောင်ပင် တစ်ပင်ကျ စိုက်ပျိုးပူဇော်ထားခဲ့ပေသည်။

နှစ်အနည်းငယ်အတွင်းမှာပင် ရည်ရွယ်ထားသော ကုံကော်ပင် တစ်ထောင်နှင့် ဗုဒ္ဓရုပ်ပွားတော် တစ်ထောင် ပြည့်မြောက်သွားသောကြောင့် တံခွန်စေတီ တစ်ထောင်ကို ဆက်လက် တည်ထားခဲ့သည်။

နောင်တွင် ကုံကော်တစ်ထောင် ဆရာတော်ကြီးသည် ညီသည် သုံးယောက်တို့ လျှောက်ထားတောင်းပန်ခြင်း ကြောင့် ကေလာသတောင်ပုံသဏ္ဌာန် ပြုလုပ်ထားသော တောင်နှင့် စေတီအနီးတွင် နတ်ကွန်းများ ပြုလုပ်စေခဲ့သည်။

ငင်းနတ်ကွန်းများထဲမှာ ဦးရှင်ကြီးနတ်ကွန်းမှာ ထိပ်ဆုံး နေရာမှာ ပြုလုပ်ထားစေသည်။

ထို့ပြင်...

ကေလာသတောင် အရှေ့ဘက်တွင် ရေကန်တစ်ကန် ရှိသဖြင့် ထို ရေကန်အတွင်းမှာ လွန်စွာကြီးသော ကျောက် မိကျောင်း တစ်ကောင်ကိုလည်း ပြုလုပ်ထားပေးခဲ့သည်။

ထိုညီသည်များမှာ မကြာခဏဆိုသလို ကုံကော် တစ်ထောင်သို့ရောက်လာလေ့ရှိပြီး ဘုရားတည်ရန် လာရောက် လှူဒါန်းလေ့ရှိကြသည်။

သူတို့လာတိုင်း အဘိုးကြီးနှင့် လူရွယ်တို့ ပါလာလေ့ ရှိပြီး အခြား ညီသည်များကတော့ အပြောင်းအလဲနှင့် လိုက်လာလေ့ရှိကြသည်။





ထိုညီသည်များ မကြာခဏ လာသောကြောင့် ဈေးတန်းမှ ဈေးသည်များ၊ ကျောင်းတွင် ဝေယျာဝစ္စလုပ်နေ သူများက မှတ်မိနေကြသော်လည်း သာမန်ဘုရားဖူးလာသူ များဟုသာ ထင်နေကြသည်။

တစ်နေ့သောအခါ ထိုညီသည်များနှင့် ပတ်သက်ပြီး ထူးခြားမှုတစ်ခုကို တွေ့ကြုံရလေသည်။

ပေချောင်းမှာ အတန်အသင့် ကျယ်ဝန်းသည်။

ကမ်းစပ်တစ်လျှောက်တွင် လမုပင်၊ ဓနိပင်၊ ခရာချုံ နှင့် ကိုင်းပင်များ ရှိသည်။

အများအားဖြင့်တော့ ကမ်းစပ်တစ်လျှောက်မှာ လူနေ အိမ်များ မရှိကြဘဲ အုန်းတော၊ ဓနိတောနှင့် ကွမ်းသီးခြံများ စိုက်ပျိုးထားကြသည်။

လူနေအိမ်များကတော့ ရွာလမ်း ဖောက်ထားသော အတွင်းပိုင်းဘက်မှာသာ ရှိသည်။ ကမ်းစပ်မှာတော့ လူနေ အိမ်ခြေ ဆောက်လေ့မရှိကြပေ။

ပေချောင်းကျောင်း ရှိသော နေရာတစ်ပိုက်မှာတော့ စက်လှေနှင့် လှေများ အဝင်, အထွက် များသောကြောင့် ချောင်းက အတော်အတန် ကျယ်ဝန်းလေသည်။

ကျောင်းတံတားဆိပ်မှာတော့ ဘုရားဖူးလာသော လှေ, သမ္ပန်နှင့် စက်လှေများ ဆိုက်ကပ်ထားကြသည်။

အချို့ ရပ်ဝေးမှလာသော ဘုရားဖူးများက လှေ၊ သမ္ဗန်များပေါ်မှာ စားနပ်ရိက္ခာများ ယူဆောင်လာကြပြီး ရက်အတန်ကြာသည်အထိ နေကြကာ ဘုရားဖူးကြသည်။

နေ့ဘက်နှင့် ညဦးပိုင်းအချိန်များမှာ ဘုရားဖူးကြပြီး ညဥ့်နက်သောအခါ မိမိတို့ စက်လှေသို့ ပြန်ဆင်းကာ အိပ်ကြလေသည်။

တစ်ညသောအခါ ကမ်းဆိပ်ဘက်မှ ဘုရားဖူးလာသော လှေ၊ သမ္ဗန်များ ရှိရာဘက်မှ ဆူဆူညံညံအသံများ ပေါ်ထွက်လာတော့သည်။

"ကယ်ကြပါဦးဗျို့... ကယ်ကြပါဦး။ ကလေး တစ်ယောက်ကို မိကျောင်းပုတ်ချသွားလို့... ကယ်ကြပါဦး"

ဟူသော အော်ဟစ် အကူအညီတောင်းသံ၊ အလန့်တကြား အော်ဟစ်သံ၊ ငိုကြွေးသံများ ဆူဆူညံညံ ပေါ်ထွက်လာလေတော့သည်။

ထိုအော်သံကြောင့် အခြား လှေ၊သမ္ဗန်၊ စက်လှေပေါ်မှ လူများ ကမ်းစပ်တွင်ရှိသော ဆွမ်းချက်ဆောင်နှင့် အခြားဇရပ်ဆောင်များ။ ရိပ်သာများမှ လူများ လန့်နိုးလာကြပြီး တံတားဆိပ်သို့ ဆင်းလာကြသည်။

အချို့ကလည်း မိမိလှေ၊ သမ္ဗန်များပေါ်မှ ထွက်ကြည့်ကြသည်။

"ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ"





"ကလေးတစ်ယောက် လှေပဲ့ပိုင်းမှာ ထွက်ပြီး အပေါ့အပါး သွားနေတုန်း မိကျောင်း ပုတ်ချသွားလို့ဗျို့"

"ကယ်နိုင်ရင် ကယ်ကြပါဦးဗျာ၊ ကျုပ်သားလေးတော့ ဆုံးပြီနဲ့ တူပါတယ်"

"ကယ်ကြပါဦးရှင်... ကယ်ကြပါဦး။ ကျွန်မသားလေးရဲ့ အသက်ကို ကယ်ပေးကြပါဦး"

ဟူသော နားမချမ်းသာစရာ အော်ဟစ် အကူအညီတောင်းသံများကြောင့် ဆရာတော်ကြီး တရားထိုင်နေရာမှ ကျောင်းအပြင်သို့ ထွက်ကြွလာသည်။

မလှမ်းမကမ်းမှ ဘုရားဖူး ရောက်နေသော လူရွယ်ကလည်း လိုက်လာလေသည်။

ဆရာတော် တံတားထိပ်ရောက်အခါ ကာယကံရှင်များက ငိုကြွေးကာ ဝိုင်းဝန်း လျှောက်ထားကြလေသည်။

ထိုအခါ ဆရာတော်က မလှမ်းမကမ်းတွင် ရပ်နေသော လူရွယ်အား တစ်ချက်လှမ်းကြည့်လေသည်။

လူရွယ်က ဘာမှမပြောဘဲ လက်အုပ်ချီ၍ ဆရာတော်အား အရိုအသေပေးပြီး အမှောင်ထဲသို့ ထွက်သွားလေတော့သည်။ လူရွယ် ထွက်သွားသည်ကို မည်သူမှ သတိမပြုမိလိုက်ကြပေ။

ထိုညက ကျောင်းဆိပ်ကမ်း၌ ရှိကြသူများရော၊ ကမ်းပေါ်မှ ဘုရားဖူး ဧည့်သည်များရော မည်သူမှ မအိပ်ကြတော့ဘဲ ထိုအကြောင်းကို ပြောဆိုနေကြလေသည်။

"ကလေးကလည်း ကံဆိုးလိုက်တာ၊ ဒီချောင်းကျဉ်းထဲကို မိကျောင်းဝင်တယ်ဆိုတာ အတော့်ကို ကြုံတောင့်ကြုံခဲပါပဲဗျာ"

"အင်း... ဒါပေမယ့် မိကျောင်းဆွဲခံရတာဆိုတော့ အသက်ရှင်ဖို့တော့ မရှိတော့ပါဘူး"

"ဒီနေရာတွေမှာ ဆရာတော်ကြီး ရောက်လာမှတော့ မိကျောင်းတွေ ဘာတွေ ဝင်တာ တစ်ခါမှ မကြားမိပါဘူး။ တစ်ခါကတော့ ကေလာတောင်ဘက်ကို မိကျောင်းကြီးတစ်ကောင်တော့ တက်ဖူးတယ်၊ ဒါကလည်း နှစ်အတော်ကြာပါပြီ၊ ဒီနောက်ပိုင်းမှာတော့ တစ်ခါမှ မကြားမိတော့ပါဘူး။ အခုညမှပဲ..."

ရွှေမိနောက်မီ လူများက ဤသို့ ပြောပြကြလေသည်။

အချို့ကလည်း...

"တစ်ခုခု အမှားအယွင်း လုပ်မိလို့များ နယ်ပိုင်တောင်ပိုင်တွေ မနှစ်သက်လို့ အခုလို ဖြစ်တာများလား မေးကြည့်ကြပါဦး"

"ဟာ... ဘုရားလာဖူးကြတာ တစ်ခုခု မှားယွင်းတာတော့ မဖြစ်နိုင်ပါဘူး။ တိုက်ဆိုင်တာပဲ ဖြစ်မှာပါ"

ဟု ပြောဆိုနေကြရင်း အရှေ့တက်ကာ မိုးလင်းပြီး လာလေတော့သည်။





ထိုအချိန်မှာပင် ပေချောင်း ချောင်းဝဘက်မှ လှေငယ်တစ်စင်း လှော်ဝင်လာကာ ကျောင်းဆိပ်သို့ ရောက်သောအခါ လှေကိုဆိုက်ပြီး ကျောင်းပေါ်တက်လာသည်။

ထိုအချိန်မှာ ဆရာတော်ကြီးက ဆွမ်းစားကျောင်းတွင် အရုဏ်ဆွမ်း ဘုဉ်းပေးပြီး ကျောင်းပေါ်သို့ ပြန်ရောက်စ,အချိန်ဖြစ်သည်။

လူရွယ်က ဆရာတော်အား ကန်တော့လိုက်သည်။

"ပြန်လာပြီလား"

"မှန်ပါ၊ ပြန်လာခဲ့ပါပြီဘုရား"

"ဆေခင်ရှက်တာ အောင်မြင်ရဲ့လား"

"မှန်ပါ၊ ကလေး လှေပေါ်မှာ ပြန်ပါလာပါပြီဘုရား"

ဆရာတော်ကြီးက ကျေနပ်သော အပြုံးဖြင့်...

"သတ္တဝါတွေရဲ့ အသက်ဆိုတာ အခွင့်ကြုံရင် ကယ်ကောင်းပါတယ်၊ အားလုံး စိတ်ချမ်းသာမှုရသလို ကိုယ့်အတွက်လည်း ချက်ချင်း အကျိုးပေးနိုင်ပါတယ်"

"ဆရာတော်ကို တပည့်တော် လျှောက်ထားစရာတစ်ခုရှိပါတယ်"

"လျှောက်ပါ"

"တပည့်တော်တို့ ဒီကနေ့ ပျဉ်ဒရယ်ကို ပြန်တော့မှာမို့ တကယ်လို့ တပည့်တော်တို့ အရပ်ဒေသကို တစ်ခေါက်လောက် ကြွရောက်ချီးမြှင့်ဖို့ ပင့်လျှောက်ပါရစေဘုရား"

ဟုလျှောက်ထားသောအခါ ဆရာတော်ကြီးက အတန်ကြာအောင် မျက်စိမှိတ်ခါ စဉ်းစားနေပြီးမှ ခေါင်းတစ်ချက်ညိတ်သည်။

"အင်း...ကိစ္စရှိရင်တော့ လာပင့်ကြပေါ့၊ ကျုပ် ကြွလာခဲ့ပါမယ်"

ဟုပြောသောအခါ လူရွယ်လည်း ဝမ်းမြောက်ဝမ်းသာအမူအရာဖြင့် ဆရာတော်ကြီးအား ရိုသေစွာ ကန်တော့ပြီးနောက် နေရာမှ ထ,လေသည်။

"ဒကာပြောတဲ့အတိုင်း ကောလာသစေတီနားမှာ နတ်ကွန်းလည်း ဆောက်ပြီးပြီ ရေကန်မှာလည်း ကျောက်စီကျောက်ရုပ်ကြီး လုပ်ထားပြီးပြီ၊ အလှူရှင်နာမည် ဘယ်လိုရေးရမှာလဲ ဒကာ"

ဟု လှမ်းမေးလိုက်သည်။

"အရှင်ဘုရားအနေနဲ့ တပည့်တော်တို့ကို ဒီသာသနာ့မြေပေါ်မှာ အခုလို နေရာပေးတာ ကျေးဇူးတင်လှပါတယ်ဘုရား၊ ဒီအတွက် ဆရာတော် အကြောင်းရှိလို့ တပည့်တော်တို့တစ်တွေကို တာဝန်ပေးချင်ရင် ချက်ချင်းခေါ်ပါဘုရား၊ တပည့်တော် လာပြီး ဆောင်ရွက်ပေးပါမယ်"

ဆရာတော်က ခေါင်းညိတ်ပြသည်။

"အလှူရှင် ကမ္ပည်းကိုတော့ မောင်ရှင်နဲ့ ဘဝဆက်၊ ပဋ္ဌာန်းဆက်ရှိသူများ ကောင်းမှုတော်လို့ ရေးပေးပါဘုရား"





ဟု လျှောက်ထားကာ ကျောင်းပေါ်မှ ပြန်ဆင်းသွားလေတော့သည်။

ထိုအချိန်တွင်...

ကျောင်းတံတားဆိပ်ကမ်းတွင် ဆိုက်ထားသော လှေတစ်စင်းပေါ်မှ ညက မိကျောင်းပုတ်သွားသော ကလေးကို အသက်မသေသေးဘဲ ပြန်တွေ့ကြရသဖြင့် အံ့ဩခြင်း၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းတို့ဖြင့် ဆူညံနေတော့သည်။

ထိုမြင်ကွင်းအား ကျောင်းပြတင်းပေါက်မှ လှမ်းကြည့်နေသော ကုံကော်တစ်ထောင် ဆရာတော်ကြီးက ခေါင်းတညိတ်ညိတ်ဖြင့်...

"အင်း... လောကမှာ သာမန်လူတွေ ဉာဏ်တစ်ထွာတစ်မိုက်နဲ့ လိုက်လို့မမီနိုင်တဲ့ ဆန်းကြယ်မှုတွေ အများကြီးရှိနေပါလား"

ဟု တိုးတိုးကလေး ရေရွတ်နေလေသည်။

# အခန်း ( ၂ )

## ကျွန့်ပ်နှင့် ပျဉ်ဒရယ်လမ်းစ ရှာဖွေသူများ

တစ်နေ့သောအခါ ကျွန်ုပ် နေထိုင်လျက်ရှိသော ဘိုကလေးမြို့ (ယခင်က ဗိုလ်ကလေးဟုခေါ်သည်။) ကမ်းနားဘက်ရှိ သစ်တောရုံးရှိရာသို့ ဧည့်သည်အချို့ ရောက်လာကြသည်။

ကျွန်ုပ်၏ အမည်မှာ အောင်မင်းအောင် ဖြစ်ပြီး သစ်တောဝန်ထမ်း အရာရှိတစ်ဖြစ် သစ်တောများအတွင်းမှာ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရသူ ဖြစ်ပေသည်။





မြန်မာနိုင်ငံတွင် အင်္ဂလိပ်များ သိမ်းပိုက်ထားသော အချိန်က ကျွန်ုပ်မှာ တက္ကသိုလ်မှ သစ်တော သိပ္ပံဘွဲ့ကို ရပြီးနောက် အလုပ်ဝင်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က အခြားအလုပ်များကို ရွေးချယ်မည်ဆိုလျှင် လည်း လွယ်လင့်တကူ ရနိုင်သော်လည်း ကျွန်ုပ် ဝါသနာပါသော အလုပ်မှာ တောတောင်များအတွင်း လှည့်လည်သွားလာရသော အလုပ်မျိုးဖြစ်သောကြောင့် သစ်တောဝန်ထမ်းဘဝကို ရွေးချယ်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ထိုခေတ် ထိုအခါက မြို့အုပ်, မြို့ပိုင်, စာရေးစာချီ အလုပ်များမှာ လူကြိုက်များသော အလုပ်များဖြစ်ပြီး တောတောင်များထဲသို့ သွားလာရသော သစ်တောဝန်ထမ်းအလုပ်မျိုးမှာ တော်ရုံလူက မလုပ်ချင်သောကြောင့် ဘွဲ့ရပြီး သစ်တောအရာရှိအလုပ်ကို လျှောက်သောအခါ လွယ်လင့်တကူ ရရှိခဲ့ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်၏ မိဘနှစ်ပါးကတော့ ဘက်စွန့်ဆံများ သွားလာလုပ်ကိုင်ရသော သစ်တောအလုပ်ကို မလုပ်စေချင်ကြ၍ အမျိုးမျိုး ကန့်ကွက် တားဆီးကြသော်လည်း ကျွန်ုပ်က ခွဲကောင်းကောင်း အကြောင်းပြချက် အမျိုးမျိုးနှင့် တင်ပြခွင့်ပန်တော့မှ မတတ်သာသောကြောင့် ခွင့်ပြုခဲ့ကြခြင်းဖြစ်ပေ၏။

ဦးစွာ ကျွန်ုပ် တာဝန်ထမ်းဆောင်ရသော နေရာမှာ အလယ်ရိုးမ သစ်တောများဖြစ်ပြီး ထိုသစ်တောများအတွင်း

မှာ နှစ်အတော်ကြာအောင် တာဝန် ထမ်းဆောင်ခဲ့ရပေသည်။

ထိုသို့ ကြာသည်နှင့်အမျှ ကျွန်ုပ်အတွက်လည်း အတွေ့အကြုံများစွာ ရရှိခဲ့ပေသည်။

ကျွန်ုပ်အနေနှင့် ပင်ပန်းဆင်းရဲမှုဒဏ် အမျိုးမျိုးတို့ကို ခံခဲ့ရသော်လည်း ထိုအတွေ့အကြုံများကား ကျွန်ုပ်ဘဝအတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ ဗဟုသုတများ ဖြစ်ခဲ့ပေ၏။

ထိုအချိန်ကပင်...

တောတောင်မာယာနှင့် လျှို့ဝှက်ချက်များ။

ဆန်းကြယ်မှုများနှင့် အံ့ဩဖွယ်ရာများ။

သားရဲတိရစ္ဆာန်တို့၏ ပရိယာယ်များ။

ဓလေ့စရိုက်နှင့် အခြားသိမှတ်စရာများ ကို မှတ်တမ်းများ ရေးသားထားခဲ့ပေသည်။

ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ အခြားမဟုတ်ပေ။

တစ်ချိန်ချိန်၌ အလုပ်မှ အနားယူသောအခါတွင် ထိုအကြောင်းများအား အခြေခံ၍ ဝတ္ထုဇာတ်လမ်းများ ရေးသားရန် ဟူသော အဓိကရည်ရွယ်ချက် ဖြစ်ပေသည်။

ကျွန်ုပ်သည် အထက်ရိုးမ သစ်တောများ၊ အလယ်ရိုးမ သစ်တောများနှင့် အနောက်ရိုးမ သစ်တော၊ ပုသိမ်ဘက်မှ သလပ်ခွာသစ်တော၊ ပဲခူးရိုးမ သစ်တောများ၌ လှည့်လည်





တာဝန်ထမ်းဆောင်ခဲ့ရပြီး၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး နောက်ပိုင်း၌ မြစ်ဝကျွန်းပေါ်ဘက်ရှိ ပျဉ်းဒရယ်သစ်တောများသို့ တာဝန်ထမ်းဆောင်ရန် ရောက်ခဲ့ရပေတော့သည်။

ထိုအချိန်က မြစ်ဝကျွန်းပေါ် သစ်တောများမှာ ပြုန်းတီး ပျက်စီးစ ပြုနေသော ကာလဖြစ်ပေသည်။

၁၃၄၀–ကျော်မှ ၁၃၅၀–ခုနှစ်အတွင်းလောက် ရောက်သောအခါ ဖောင်ဝင်မြစ် အရှေ့ဘက်ကမ်းတစ်ကြောမှာ သစ်တောများဘဝမှ လယ်မြေရိုင်းများအဖြစ်သို့ ရောက်စပြုနေပြီဖြစ်၏။

ထိုကာလမှာ မြစ်ဝကျွန်းပေါ်မြို့များ၌ မီးသွေးဖိုလုပ်ငန်းများ အကြီးအကျယ် လုပ်ကိုင်ခဲ့ကြသည်။

ကဒုံနှင့် ရောရွာတစ်ပိုက်၊ စက်ရု၊ မြေချောင်း တစ်ပိုက်နှင့် အခြားနေရာ တော်တော်များများ၌ မီးသွေးဖုတ်သော ဖိုကြီးများ အပြိုင်အဆိုင်တည်ကာ မီးသွေးဖုတ်သော လုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ခဲ့ကြသည်။

သို့ကြောင့်...

သစ်တောပျက်စီး ပြုန်းတီးမှုများမှာလည်း တောမီးလောင်သည်နှင့် ကူးစက်ပျံ့နှံ့ မြန်ဆန်လှစွာဖြင့် သစ်တောကြီးများ တစ်တောပြီး တစ်တော ကွယ်ပျောက်သွားကာ ထိုနေရာ ထိုဒေသများမှာ လယ်မြေရိုင်းများ ဖြစ်ခဲ့ရသည်။

ကျွန်ုပ်တို့ သစ်တောအရာရှိနှင့် သစ်တောဝန်ထမ်း

များက အဘယ်မျှပင် ကြပ်မတ် တားဆီးကြသော်လည်း မရနိုင်တော့သော အခြေအနေသို့ ရောက်ခဲ့ပေသည်။

ကျွန်ုပ်တို့အနေနှင့်လည်း လက်နက်ကိုင် တပ်ဖွဲ့ဝန်ထမ်းများနှင့် ပူးပေါင်းကာ လိုင်စင်မဲ့ သစ်ခိုးသမားများ၊ တားမြစ်ပိတ်ပင်ထားသော သစ်တောများအတွင်း ဝင်ရောက် နိုးဝင်ကာ သစ်ခုတ်ကြသူများကို ဖမ်းဆီးအရေးယူခြင်း၊ ထိထိရောက်ရောက် အပြစ်ပေးခြင်းများ ပြုလုပ်ကြသော်လည်း အနည်းနှင့်အများတော့ ရှိကြပေသေးသည်။

နောင်သောအခါ မိန်းမလှကျွန်းတစ်ပိုက်အား ဘေးမဲ့သစ်တောအဖြစ် သတ်မှတ်ခါ သစ်တောများ ပြန်လည်ထူထောင်သော လုပ်ငန်းများ လုပ်ခဲ့ကြသည်။

ထိုသို့ သစ်တောများ ပျက်စီးဆုံးရှုံးခြင်းမှ ရပ်တန့်သွားစေရန် ကျွန်ုပ် သစ်တောဝန်ထမ်းများ၏တာဝန်မှာ အဓိကနေရာမှ ပါဝင်နေသောကြောင့် ကျွန်ုပ်တို့တစ်တွေမှာလည်း နေ့မအား ညမနား တာဝန်ထမ်းဆောင်ကြရလေသည်။

ကျွန်ုပ် ရုံးစိုက်ရာမှာ ဘိုကလေးမြို့၌ ဖြစ်သောကြောင့် ၎င်းရုံးမှာ အနေများသည်ဆိုသော်လည်း သတ်မှတ်ထားသော သစ်တောများသို့ အမြဲတစေ လှည့်လည်သွားလာရပေသည်။

တစ်ခါတစ်ရံ ပျဉ်ဒရယ် သစ်တောကြိုးဝိုင်းအနှံ့ လှည့်လည်ရင်း ကဒ့်၊ ရော၊ အမာ၊ သစ်ပြုတ်၊ ဆိပ်မ အစရှိသော ပင်လယ်ဝရှိ မြို့နယ်များအထိ လှည့်လည် သွားလာရလေသည်။





တစ်ခါတစ်ရံမှာလည်း ထိုနေရာများကို ကျော်လွန်ကာ နဂါးရောင်အငူ၊ မော်တင်စွန်း၊ ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်း (သမီးလှကျွန်း)၊ ပုရိယာန်ကျွန်း၊ သက်ကယ်သောင်မြစ်၊ ရွှေမြစ်ဝ၊ ပြန်မလော့မြစ်ဝ၊ ပြင်စလူကျွန်း၊ ပြင်စလူမြစ်၊ ကိုင်းသောင်၊ ထပ်တစ်ရာကျွန်း၊ ဖျာပုံမြစ်ဝ ရောက်အောင် ယူဘီစက်သင်္ဘောဖြင့် လှည့်လည်သွားလာခဲ့ရပေသည်။

တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်ခန့်မျှ ထိုနေရာများသို့ တစ်နေရာမဟုတ် တစ်နေရာ လှည့်လည်သွားလာနေရသောကြောင့် ကြာလာသောအခါ အကျွန်ုပ်အတွက် ထိုခရီးများမှာ မထူးဆန်းသလို ဖြစ်နေတော့သည်။

ထိုသို့ အမြဲတစေ သွားလာနေရသောကြောင့် ကျွန်ုပ်အတွက် အကျိုးအမြတ်ရသော အချက်များကတော့ နယ်မြေသဘာဝနှင့် ဗဟုသုတ ရရှိခြင်းနှင့် နယ်ခံ အသိမိတ်ဆွေများ တိုးပွားခြင်းပင် ဖြစ်တော့သည်။

ယခုလည်း ကျွန်ုပ်ရှိရာ ရုံးခန်းသို့ ဧည့်သည်များ ရောက်လာသည်ဆိုသော သတင်းကို တပည့်ဖြစ်သူ သာကျော်က လာရောက် ပြောသဖြင့် မိမိ အသိမိတ်ဆွေများဟု မှတ်ထင်လိုက်သဖြင့်...

"အေး... ဧည့်သည်တွေကို ဧည့်ခန်းမှာ ခဏစောင့်နိုင်းထားလိုက်၊ ငါ ဒီကအလုပ်တွေပြီးရင် လာခဲ့မယ်"

ဟုပြောလိုက်သည်။

"ဟုတ်ကဲ့ဆရာ"

"ဒါထက် ဘယ်ကဧည့်သည်တွေလဲ သာကျော်"

"ကျွန်တော်တော့ တစ်ခါမှ မမြင်ဖူးဘူး ဆရာ"

"အေး… အေး၊ ဒါဖြင့်လည်း ငါပြောတဲ့အတိုင်းသာ စောင့်ခိုင်းထားလိုက်"

သာကျော်က ခေါင်းညိတ်ပြပြီး အခန်းအပြင်သို့ ပြန်ထွက်သွားသည်။

ကျွန်ုပ်လည်း လုပ်လက်စ အလုပ်တွေကို တတ်နိုင်သမျှ အမြန်ပြီးစီးအောင် လက်စသတ်လိုက်ပြီး ဧည့်ခန်းဖက်ကို ထွက်လာခဲ့သည်။

ဧည့်ခန်းထဲမှာတော့ အသက်လေးဆယ်ကျော်အရွယ်လူတစ်ယောက်နှင့် အသက်သုံးဆယ်ကျော် လူနှစ်ယောက်တို့ကို တွေ့မြင်ရသည်။

၎င်းတို့ကို အကဲခတ်ကြည့်လိုက်သောအခါ ကျွန်ုပ်သိကျွမ်းဖူးသော မိတ်ဆွေများထဲမှ မဟုတ်မှန်းတော့ သိလိုက်သည်။

သုံးယောက်စလုံး အဝတ်အစားများကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ထားကြပြီး အထက်တန်းကျကျ နေထိုင်လေ့ရှိသော မြို့ကြီးသားများ ဟန်ပန်တော့ ရှိကြလေသည်။

ကျွန်ုပ်အခန်းထဲ ဝင်သွားတော့ သုံးယောက်စလုံး နေရာမှ ထ,ကာ ဦးညွှတ်ကာ နှုတ်ဆက်ကြလေသည်။





"ထိုင်ကြပါ… ထိုင်ကြပါ၊ ကျွန်တော်က အောင်မင်းအောင်ပါ"

"ဟုတ်ကဲ့… တွေ့ရတာ အများကြီး ဝမ်းသာပါတယ် ဝန်ထောက်မင်း။ ကျွန်တော်တို့က ရန်ကုန်က လာကြတာပါ၊ ကျွန်တော့်နာမည်က ကျော်အောင်ပါ၊ ဒီမိတ်ဆွေနှစ်ယောက်ကတော့ တင်ဝင်းနဲ့ တင်မောင်ထွန်းလို့ ခေါ်ပါတယ်"

ဟု ဦးကျော်အောင်ဆိုသော လူကြီးက ချိုသာသောအပြုံးဖြင့် မိတ်ဆက်ပေးလေသည်။

"ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ်၊ လာရင်းကိစ္စကိုလည်း အမိန့်ရှိကြပါဦး"

ထိုအခါ ဦးသာကျော်ကပင် ရှင်းပြလေသည်။

"ဒီလိုပါ ဝန်ထောက်မင်း။ ကျွန်တော်တို့က သုတေသနသမားတွေပါ၊ အနယ်နယ် အရပ်ရပ်မှာ ရှိတဲ့ ရှေးမြို့ဟောင်းတွေကို လိုက်ပြီးတော့ လေ့လာနေကြတဲ့ သူတွေပါ"

"ကျွန်တော်တို့ အခုနောက်ဆုံး လေ့လာခဲ့တဲ့ နေရာက ဗိဿနိုးမြို့ဟောင်းပါ"

"တဆိတ်လောက်တော့ မေးပါရစေ၊ နောင်ကြီးတို့က အစိုးရဌာနက ဝန်ထမ်းတွေလား"

"ကျွန်တော်တို့က အစိုးရဝန်ထမ်းတွေ မဟုတ်ပါဘူး။ ပုဂ္ဂလိက လေ့လာရေးသမားတွေပါ၊ ဝါသနာပါလွန်းလို့ လုပ်နေကြတာဆိုပါတော့၊ ကျွန်တော်တို့ရဲ့ သုတေသန

လုပ်ငန်းတွေ အောင်မြင်တော့လည်း ကိုယ့်တိုင်းပြည်အတွက် လည်း အကျိုးရှိတာပေါ့ဗျာ၊ မဟုတ်ဖူးလား… ဟဲ ဟဲ ဟဲ"

ဦးသာကျော်က စကားကို သိုင်းဝိုင်းပြောဆိုနေမှန်း ရိပ်မိလိုက်သော်လည်း ကျွန်ုပ်က မသိဟန်ဆောင်ကာ ဆေးတံ အတွင်းသို့ ဟာကျီးနီးယား ဆေးဘူးထဲမှ ဆေးတစ်အိုးစာ ယူ၍ ဖြည့်ကာ မီးညှိဖွာ၍ နားထောင်နေလိုက်သည်။

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ အခုလာရင်းကိစ္စ လေးလည်း အပိန့်ရှိပါဦး"

"ဒီလိုပါ… ကျွန်တော်တို့ အခုလာကြတဲ့ ကိစ္စက တခြားတော့ မဟုတ်ပါဘူး။ ဝန်ထောက်မင်းဟာ တာဝန်ကျတဲ့ သစ်တောပိုင်နက်ထဲမှာရှိတဲ့ ပျဥ်ဒရယ်မြို့ဟောင်းကို လေ့လာဖို့ လာခဲ့ကြတာပါ။ အဲဒါ ဝန်ထောက်မင်းဆီက ခွင့်ပြုမိန့်နဲ့ အကူအညီလေးလည်း လိုချင်လို့ပါ"

ဟု ဦးသာကျော်က ပြောသည်။

"ကျွန်တော်က ဘယ်လိုများ အကူအညီပေးရမလဲ"

"ဒီလိုပါ… ကျွန်တော်တို့က ဒီနယ်ဘက်တွေကို တစ်ခေါက်မှ မရောက်ဘူးကြလေတော့ ဘယ်လိုသွားလာ နေထိုင်ရမယ်ဆိုတာလေးကိုတော့ တစ်ဆိတ်လောက် အကူ အညီပေးစေချင်ပါတယ်"

ဦးသာကျော်ဆိုသော ပုဂ္ဂိုလ်က ကျွန်ုပ်အား အားကိုး တကြီးဖြင့် အကူအညီတောင်းလာသောအခါ လူမှုရေးအရ





ငြင်းပယ်ရန် မသင့်သောကြောင့် အတန်ကြာအောင် စဉ်းစား နေမိလေသည်။

ထိုအခါ ဦးသာကျော်က ရင်းအိတ်အတွင်းမှ စာတစ် စောင်ကို ထုတ်ကာ ကျွန်ုပ်အား ပေးလေသည်။

"ဒီမှာ ဆရာကြီး ဦးဘသိန်းတန် ရေးပေးလိုက်တဲ့စာပါ"

ဆရာကြီး ဦးဘသိန်းတန်မှာ ကျွန်ုပ်တို့ ငယ်စဉ် ကျောင်းနေစဉ်ကာလက နေရှင်နယ်ကျောင်းတွင် ပညာ သင်ကြားခဲ့ရသော ဆရာကြီးတစ်ဦးဖြစ်ကာ ယခုအခါ ရန်ကုန် မြို့တွင် ရွှေ့ပြောင်းနေထိုင်ကြောင်း ကြားသိရပေသည်။

"ဆရာကြီးက အခု ဘယ်မှာလဲ"

"ဆရာကြီးက အခု ဖဟာန်း ငါးထပ်ကြီးနားမှာ နေပါ တယ်၊ ကျွန်တော်တို့နဲ့ တစ်ရပ်ကွက်၊ တစ်လမ်းတည်း အိမ်နီးချင်းတွေပါ"

သည်တော့မှ သဘောပေါက်ကာ ဆရာကြီး ရေးပေး လိုက်သော စာအား ဖောက်ဖတ်ကြည့်ရလေသည်။

သို့/

တပည့်ဖြစ်သူ မောင်မင်းအောင် သိသာ စေရန် ဆရာကြီး စာရေးအကြောင်းကြားလိုက် ပါသည်။

အကြောင်းမှာ ယခုစာဖြင့် လာသူများမှာ

ဆရာကြီးနှင့် အိမ်နီးချင်း ဖြစ်သည်ကတစ်ကြောင်း၊ ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်သည်က တစ်ကြောင်း ဖြစ်သောကြောင့် ၎င်းတို့လိုအပ်သော အကူအညီ ကိစ္စများကို ငါတပည့်အနေနှင့် တတ်စွမ်းသမျှ အကူအညီပေးလိုက်စေလိုပါသည်။

ငါ့တပည့် ယခုကဲ့သို့ အရာရှိ အရာခံဖြစ်နေတာကို ဆရာကြီးအနေနှင့် များစွာဝမ်းသာဝမ်းမြောက်မိပါသည်။

ဆရာကြီးလည်း ကျန်းမာစွာရှိပါသည်။

ငါ့တပည့်လည်း ကျန်းမာချမ်းသာမှုရှိစေရန် ဆုတောင်းမေတ္တာ ပို့သပေးလိုက်ပါသည်။

(ဘသိန်းတန်)

ဟူ၍ ရေးသားထားသည်ကို တွေ့ရလေသည်။

ဆရာကြီးဦးဘသိန်းတန်မှာ မော်ကျွန်းမြို့ နေရှင်နယ်ကျောင်းတွင် ကျွန်ုပ်တို့ ငယ်စဉ်က စာသင်သောအချိန်တွင် စာအသင်အပြ ကောင်းသူအဖြစ် ထင်ရှားရုံမက ပန်းချီပညာလည်း တော်သဖြင့် ကျွန်ုပ်ပင်လျှင် ပန်းချီပညာ သင်ယူခဲ့ဖူးသော ဆရာကြီးတစ်ဦးဖြစ်၏။





ကျွန်ုပ်၏ ငယ်ဆရာ၏ စာကို ဖတ်ရသောအခါ နှင်ပေါင်းများစွာက ပုံရိပ်များ ပြန်လည်ထင်ဟပ်လာရုံမက ငယ်စဉ်ကအတိုင်း ဆရာတစ်ယောက်၏ စကားကို မပယ်ရှားခဲ့အောင် ရှိပေတော့သည်။

"ကောင်းပြီလေ... ဆရာကြီးရဲ့ စာထဲမှာ ရေးထားတဲ့အတိုင်း ကျွန်တော် ခင်ဗျားတို့လိုတဲ့ အကူအညီ ပေးပါမယ်၊ ဘယ်လိုအကူအညီ ပေးရမလဲဆိုတာသာ ပြောပါ"

ကျွန်ုပ်ထံမှ ထိုစကားကြားသောအခါ ဦးသာကျော်တို့သုံးယောက်၏ မျက်နှာပြင်ပေါ်မှာ ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေသည်။

"တခြားတော့ မဟုတ်ပါဘူး ဝန်ထောက်မင်း၊ ကျွန်တော်တို့ကို သစ်တောထဲဝင်ပြီး လှေ့လာဖို့ ခွင့်ပြုမိန့်လေး ချပေးစေချင်ပါတယ်"

"ရပါတယ်... ဒီကနေ့ပဲ ရုံးတံဆိပ်နဲ့ ကျွန်တော် လက်မှတ်ထိုးပြီး ထုတ်ပေးလိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဝန်ထောက်မင်း၊ ကျေးဇူးတင်ပါတယ်၊ နောက်တစ်ချက်က ကျွန်တော်တို့ ပျဉ်ဒရယ်မြို့ဟောင်းကို သွားဖို့ ခက်နေပါတယ်၊ ဒီအရပ်ဒေသတွေကိုလည်း တစ်ခေါက်မှ မရောက်ဘူးကျတော့ မသွားတတ်၊ မလာတတ် ဖြစ်နေကြပါတယ်၊ ကူညီပေးပါဦး"

"အမှန်တော့ ပျဉ်ဒရယ်မြို့ဟောင်းကို သွားမယ်ဆိုရင်

ပင်လယ်ဝရောက်အောင် သွားရမှာပါ၊ အဲဒီနေရာက ကခုံရဲ့ အရှေ့ဘက်၊ ဘိုကလေးမြစ်ဝမှာ ရှိပါတယ်၊ တောင်ဘက်မှာဆိုရင် ကပ္ပလီပင်လယ်ပဲ ရှိတော့တယ်"

"အဲဒါဆိုရင် ဒီကနေ ဘယ်ကိုသွားရမလဲ ဝန်ထောက်မင်း"

"ဘိုကလေးကနေ ကခုံကို ပြေးဆွဲနေတဲ့ ခရီးသည်တင်သင်္ဘောတွေ ရှိပါတယ်၊ ဒီကနေ ကခုံကိုသွား၊ ကခုံရောက်တော့မှ စက်လှေနဲ့ အမာဘက်ကမ်းကို ကူးသွားရတယ်"

"ဒါပေမယ့် မိတ်ဆွေတို့အနေနဲ့ ဒီလိုသွားစရာ မလိုပါဘူး၊ အခု တစ်ရက်နှစ်ရက်အတွင်းမှာ အမာရွာက သစ်တောရုံးကို သွားစရာအကြောင်း ရှိပါတယ်"

"ကျွန်တော့် ယူဘီနဲ့ တစ်ခါတည်း လိုက်ခဲ့မယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်"

ထိုစကား ကြားသောအခါ ဧည့်သည်သုံးယောက်တို့၏ မျက်နှာများပေါ်မှာ ရွှင်လန်းအားတက်သော အမူအရာများ ဖြစ်ပေါ်လာကြသည်။

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ဝန်ထောက်မင်းရယ်၊ ကျေးဇူးတင်လိုက်တာ"

"ကဲ... မသွားခင် တစ်ရက်နှစ်ရက်မှာတော့ ကျွန်တော့်ရုံးခန်းမှာပဲ တည်းပြီး မြို့ထဲလှည့်ပြီး ဘုရားလေးဘာလေး ဖူးကြဦးပေါ့၊ ပျဉ်ဒရယ်မြို့ဟောင်းသမိုင်းကို လေ့လာမယ်





ဆိုရင် ဒီ ဘိုကလေးမြို့ကလည်း အဝိကကျပြီး သမိုင်းမှာ ပါမဖြစ်တဲ့ နေရာတစ်ခုပေါ့၊ ဒီမြို့မှာ သမိုင်းဝင် စေတီလည်း ရှိပါတယ်၊ ကိုင်း... ဒါတွေကို နောက်တော့ ကျွန်ုပ်သိသမျှ ရှင်းပြပေးပါမယ်၊ အခုတော့ နားရင်း မြို့ထဲလှည့်ကြပေဦးတော့"

"ကျေးဇူးပါပဲ ဝန်ထောက်မင်းရယ်"

ထို့နောက်...

ကျွန်ုပ်သည် ဧည့်သည်များအတွက် နေရာချထားပေးရန် တပည့်များအား စေခိုင်းပြီး မိမိလုပ်စရာရှိသော အလုပ်များ လုပ်ကိုင်ရန် အပြင်သို့ ထွက်လာခဲ့သည်။

## အခန်း (၃)

# ပျဉ်ဒရယ် သဲလွန်စ

"အမှန်တော့ ဒီဘိုကလေးမြို့ဆိုတာ နှစ်ပေါင်းနှစ်ရာကျော်လောက်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ မြို့ဟောင်းတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဘာကြောင့်လဲ ဆိုတော့ သူ့မှာ နိုင်လုံကဲ့ သမိုင်းကြောင်း အထောက်အထားတွေကလည်း ရှိခဲ့တာကိုးဗျ"

ညဦးပိုင်း အလုပ်အားသောအခါ ကျွန်ုပ်နေထိုင်ရာ ဗိုလ်တဲ၏ လသာခန်းတွင် ဧည့်သည်များကို မြို့ခံ နယ်ခံ ရှေးမီနောက်မီ လူကြီးများနှင့် မိတ်ဆက်ပေးကာ ၎င်းတို့ သိလိုသော အကြောင်းများအား မေးမြန်းနိုင်ရန် ကျွန်ုပ်ကပင် စီစဉ်ပေးရလေသည်။





စကားဝိုင်းသို့ ဆရာကြီး ဦးအောင်သာ၊ ဦးမိုးလွင်အစရှိသော ရှေးမီနောက်မီ ပုဂ္ဂိုလ်များ လာရောက်ခဲ့ကြသည်။

ထိုအထဲတွင် ကျောင်းဆရာတစ်ဦးဖြစ်သော ဆရာကြီးဦးအောင်သာမှာ ဗဟုသုတ ပြည့်စုံသူ တစ်ဦးဖြစ်သောကြောင့် ဧည့်သည်များ ပြောသမျှ မေးသမျှအား နိုင်ခံဖြေကြားပေးလေသည်။

"ရှေးအခါတုန်းက ဒီနေရာတွေမှာ လူနေအိမ်ခြေ ရှိခဲ့ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်းညိုကြီးနဲ့ နီးပြီး ချောင်အရပ်လည်း ဖြစ်နေတော့ လူ မနေကြဘူး"

"အရင်က ကျွန်းညိုကြီးဆိုတာ လူနေဖို့ မပြောနဲ့၊ နေဝင်ရင် အနားကတောင် ဖြတ်မသွားဝံ့တဲ့ နေရာမျိုးတွေပဲကွယ့်"

"ဟုတ်ကဲ့... ဆရာကြီး"

ဒီနယ်တစ်ဝိုက်မှာ အစောဆုံး လူနေတဲ့ နေရာတွေကတော့ မော်ကျွန်းနယ်ဘက်က ကျိုက်ပိဆိုတဲ့ ရွာတွေပဲ။ အဲဒီမှာ မွန်အဆက်အနွယ်တွေ နေကြတယ်"

"ဒီဘက်နယ်မှာတော့ မြင်းကကုန်းရဲ့ အရှေ့မြောက်ယွန်းယွန်းဘက်မှာ ခူလဲချောင်း၊ မရဲ့ချောင်း၊ သံလိုက်ချောင်းတွေရှိတယ်။ သံလိုက်ချောင်းကတော့ အနောက်ဘက်မှာ ရှိတယ်။ ဒါကြောင့် "ခူလဲ၊ သံလိုက်၊ သုမထိုက်"ဆိုပြီး အမှတ်အသား ပြုခဲ့ကြတယ်"

"ဟုတ်ကဲ့၊ အခုထိ အဲဒီအတိုင်း ခေါ်နေကြတယ် ဆရာကြီး"

"အဲဒီ ခုလံနဲ့ မရဲချောင်းဖျားဘက်မှာ မွန်တွေနေတဲ့ မြို့တစ်မြို့ ရှိတယ်၊ မြို့လို့သာ ခေါ်ရပါတယ်၊ အမှန်တော့ ရွာကြီးတစ်ရွာလောက်ရှိမယ် ထင်ပါတယ်၊ အုတ်ရိုးလမ်းတွေက ရွာကြီးတွေမှာ သုံးတဲ့ အုတ်ရိုးလမ်းမျိုးတွေပဲ"

"ဒီနယ်တစ်ဝိုက်တွေမှာ ရှိတဲ့ ရွာဟောင်းကြီးတွေမှာတော့ အဲဒီလို လမ်းဟောင်းမျိုးတွေ တွေ့ရသေးတယ်"

ဟု ဦးမိုးလွင်ကပါ ဝင်ပြောပြသည်။

"အဲဒီမြို့က ဘာမြို့လဲ ဆရာကြီး"

"အဲဒီမြို့ရဲ့ အမည်က ကျုံတုံးမြို့လို့ ခေါ်တယ်၊ သက္ကရာဇ် ၁၁၀၀–ခုလောက်က တည်ခဲ့တာလို့ဆိုတယ်၊ အဲဒီမြို့ကို မွန်မြို့စားကြီး ဗညားဓေယျက စီမံအုပ်ချုပ်ပြီး နေထိုင်ခဲ့တာ ၁၁၁၉–ခုလောက်အထိပဲ"

"သက္ကရာဇ် ၁၁၁၉–ခုနှစ်လောက် ရောက်တော့ မြန်မာမင်း ဦးအောင်ဇေယျနဲ့ မွန်းမင်းတွေ စစ်ဖြစ်ခဲ့ကြသေးတယ်မဟုတ်လား ဆရာကြီး"

"ဟုတ်တယ်၊ သက္ကရာဇ် ၁၁၁၉–ခု၊ ခရစ်နှစ် ၁၇၅၇–ခုမှာ ဟံသာဝတီမင်းနေပြည်တော်ကြီးကို မြန်မာဘုရင် ဦးအောင်ဇေယျ တိုက်ခိုက်သိမ်းပိုက်ပြီးတဲ့နောက်ပိုင်းမှာ မွန်မြို့စား နယ်စားတွေဟာ မိမိတို့ မွန်ဘုရင် အမေရ





နိမ့်တယ်လို့လည်း ကြားရော မြန်မာဘုရင်ရဲ့ စစ်ဘေးစစ်ဒဏ် လွတ်ကင်းတဲ့ နေရာတွေကို ထွက်ပြေးတိမ်းရှောင်ကြရတယ်"

"ဒါဖြင့် ဒီအထဲမှာ ကျုံတုံးမြို့စားကြီးလည်း ပါမှာပေါ့နော် ဆရာကြီး"

"ပါတာပေါ့ကွယ်၊ သူလည်း ဘယ်နေဝံ့ပါ့မလဲ၊ မွန်ဘုရင် အရေးနိမ့်ပြီး ပဲခူး ဟံသာဝတီ နေပြည်တော်ကြီးကို မြန်မာဘုရင် ဦးအောင်ဇေယျ လက်အောက်ရောက်သွားပြီလို့ ကြားကြားချင်းပဲ မွန်မြို့စားကြီး ဗညားဓေယျဟာ ကျုံတုံးမြို့ကြီးကို မြေလှန် မီးရှို့ဖျက်ဆီးပစ်ပြီး မြို့သူ မြို့သားတွေကိုလည်း စစ်ဘေးလွတ်ရာကို ရှောင်တိမ်းစေခဲ့တယ်"

"ဒါကြောင့်လည်း ဒီနယ်တစ်ဝိုက်တွေမှာ မွန်တွေနေခဲ့တဲ့ မြို့ဟောင်း၊ ရွာဟောင်းတွေ အများကြီး ကျန်ခဲ့တယ်၊ (ကျိုက်)ဆိုတဲ့ စာလုံးနဲ့ အစပြုတဲ့ မြို့အမည်၊ ရွာအမည်၊ ဘုရားစေတီတွေဟာ မွန်တွေ တည်ခဲ့တာတွေမှန်သမျှ အသုံးပြုခဲ့တယ်၊ (ကျိုက်)ဆိုတာ သူတို့နှစ်သက်တန်ဖိုးထားတဲ့ စာလုံးပဲ"

"ဟုတ်တယ်… ဆရာကြီး။ ဒါကြောင့် ဒီဘက်တွေမှာ ကျိုက်လတ်၊ ကျိုက်ပိ၊ ကျိုက်ထော်ဆိုတဲ့ မြို့တွေကျန်ခဲ့သလို မြန်မာတစ်ပြည်လုံးမှာလည်း (ကျိုက်)နဲ့ အမည်မှည့်ခဲ့တဲ့ စေတီဘုရားတွေ အများကြီး ရှိနေတာကိုး"

"ကျိုက်ထီးရိုး၊ ကျိုက်သံလံ၊ ကျိုက်မော်ဝန်း၊ ကျိုက်ဒေးရုံ၊ ကျိုက်ခေါက်ဆိုပြီး အမည်တွေ မှည့်ခေါ်

ခဲ့တာလည်း မွန်လူမျိုးတွေနဲ့ ပတ်သက်နေတယ်လို့ ဆိုရမှာပဲ"

"မှန်တာပေါ့ ဝန်ထောက်မင်းရယ်၊ (ကျိုက်)ဆိုတဲ့ စကားလုံးက သူတို့ရဲ့ သင်္ကေတ စကားလုံးဆိုရင်လည်း မမှားပါဘူး"

"မြို့စားကြီးက ကျုံတုံးမြို့ကြီးကို ဖျက်ဆီးပြီးတော့ ဘယ်လို ဆက်လုပ်ခဲ့တယ် ဆိုတာလည်း ပြောပြပေးပါဦး ဆရာကြီး"

"ကျုံတုံးမြို့ကြီးကို မြေလှန် ဖျက်ဆီးပြီးတဲ့နောက်မှာ နောက်လိုက်နောက်ပါ အခြွေအရံတွေကိုခေါ် ရတနာပစ္စည်းတွေ အားလုံးယူပြီး လောင်းလှေကြီး တစ်စင်းနဲ့ ချောင်းထဲက ထွက်ပြီး ဂုံညင်းတန်းမြစ်အတိုင်း အောက်ဘက်ကို စုန်ပြေးခဲ့ကြတယ်"

"ဒါကြောင့်ထင်တယ် ဆရာကြီး။ ဂုံညင်းတန်းမြစ်ကမ်းတစ်လျှောက်မှာလည်း ကျိုက်နဲ့စတဲ့ ဘုရားတွေ၊ နေရာတွေ ကျန်ခဲ့တာတွေ ရှိသေးတယ်"

"ကျန်တာပေါ့ ကိုမိုးလွင်ရယ်၊ အများကြီး ရှိတာပေါ့ မြို့စားကြီးနဲ့ အတူပါလာတဲ့ နောက်လိုက်နောက်ပါတွေ ဆိုတာ နည်းတာမှ မဟုတ်တာ၊ လောင်းလှေကြီးနဲ့ အပြည့် ဆိုပဲ၊ လောင်းလှေကလည်း ဘယ်လောက်များကြီးသလဲ ဆိုရင် ငလှေဦးပိုင်းပေါ်မှာ လူလေးငါးယောက်လောက် ပိုင်းပြီး





...င်းစားနိုင်လောက်အောင် ကြီးမားတယ်ဆိုတော့ လှေ ...ယ်လောက်ကြီးမယ်ဆိုတာ ခန့်မှန်းသာကြည့်ရော့ဗျာ"

"ဟုတ်တယ်ဆရာကြီး။ မြို့စားကြီးစီးတဲ့ လောင်းလှေ ကြီးက အတော်ကြီးတယ်၊ ထော်ပိုင်ချောင်းဖျားကနေ သူ့ရိန် ...န်းဘန်းဘက်မှာ အခုထိ ရှိသေးတယ်၊ ကျွန်တော်တို့ ...စ်တောစစ်ဆေးရေးတွေ သွားတုန်းက တွေ့ခဲ့တယ်၊ ချောင်းဖျားဘက်မှာ လှေဦးပိုင်းကြီး ပေါ်နေတာကို အတော် ကြီးတယ်"

ဟု ကျွန်ုပ်က ဝင်ပြောလိုက်သည်။

ဆရာကြီး ဦးအောင်သာက ဆက်ပြောပြသည်။

"အဲဒီလို စုန်ဆင်းလာလိုက်ကြတာ အခု ဘိုကလေးမြို့ ...ည်မယ့် ချွန်းထိပ်နားရောက်တော့ အရှေ့ဘက်ကမ်းက ...လှေတစ်စင်းနဲ့ အမျိုးသမီးသုံးယောက် ထွက်လာကြတယ်၊ သူတို့က မြို့စားကြီး ဇနီးမယားကို ဒီလိုပြောတယ်၊ ဒီနေရာဟာ နောက်နှစ်ပေါင်းများစွာ ကြာတဲ့အခါ စည်ကားတဲ့ မြို့ကြီးတစ်မြို့ ဖြစ်မှာမို့ ချွန်းထိပ်မှာ ဘုရားတစ်ဆူ တည်ပေးဖို့ ...တာပြောပြီး ပြန်သွားကြတယ်၊ သူတို့ ထွက်လာတဲ့ နေရာက အခု ကိုရင်လေးတစ်ပါး ဘုရားတွေ အများကြီးတည်နေတဲ့ ...ာသစ် သချိုင်းနေရာပဲလို့ ပြောကြတယ်"

"ကျွန်တော်တို့ ကြားဖူးတာကတော့ အဲဒီနေရာတွေ ...လည်း အရင်က လူတွေ မသွားဝံ့တဲ့နေရာလို့ပြောကြတယ်"

"ဒါကတော့ အရင်က လူတွေနေတဲ့ နေရာတွေ မဟုတ်တော့ ဘယ်သူမှ လာမနေဝံ့တာလည်း ဖြစ်မှာပေါ့၊ ဒီလိုနဲ့ ကျွတ်ုံးက ဆင်းလာကြတဲ့ မြို့စားကြီးရဲ့ လောင်းလှေကြီးဟာ အခု ဘိုကလေးမြို့ဖြစ်မယ့် အရှေ့ဘက်ချွန်းထိပ်ရောက်တော့ တစ်ညအိပ် ရပ်နားကြတယ်၊ နောက်တစ်နေ့ နံနက်လင်းလို့ လှေထွက်တော့မယ့် အချိန်မှီးတော့ မြို့စားကြီးဟာ အမျိုးသမီးတွေ ပြောတဲ့အတိုင်း ဘုရားတစ်ဆူ တည်ဖို့အတွက် ရေတပ်ဗိုလ်ကလေးကို ဓာတ်သား ဘုရားတစ်ဆူနဲ့ ရတနာပစ္စည်းအချို့ပေးပြီး တာဝန်ပေးထားခဲ့တယ်"

"ရေတပ်ဗိုလ်ကလေးနဲ့ နောက်လိုက်နောက်ပါ အချို့ဟာ ဘုရားတည်ဖို့အတွက် အဲဒီနေရာမှာ နေရစ်ခဲ့ကြရတယ်"

"သြော်... ဆရာကြီးပြောမှပဲ သမိုင်းကြောင်းက ပေါ်လာတော့တာကိုး"

ဆရာကြီး ဦးအောင်သာက ကျွန်ုပ် ငှဲပေးထားသော ရေနွေးကြမ်းခါးခါး တစ်ခွက်ကို ယူ၍သောက်ရင်း ခဏနားနေသည်။

ဦးကျော်အောင်တို့ သုံးယောက်ကတော့ လွန်စွာ စိတ်ဝင်စားကြဟန်ဖြင့် ဆရာကြီးပြောသမျှကို စာအုပ်များဖြင့် လိုက်လံရေးမှတ်နေကြသည်။

"ရေတပ်ဗိုလ်ကလေးဟာ အဲဒီမှာ အခြေချ နေထိုင်ရင်း၊ ဓာတ်သားဘုရားနဲ့ ရွှေငွေရတနာတွေကို ဌာပနာပြီး





အရှေ့ဘက်ကျွန်းထိပ်မှာ စေတီတော်တစ်ဆူ တည်ခဲ့တယ်။ တည်စ,ကတော့ ကိုးတောင်ပြည့်စေတီငယ်လေးပေါ့။ နောက်မှ မြို့သူ မြို့သားတွေက တဖြည်းဖြည်းနဲ့ အခုမြင်နေရတဲ့ စေတီတော်ကြီးဖြစ်အောင် ထပ်တည်ခဲ့ကြတာ။ ဘွဲ့တော်ကိုတော့ အောင်စကြာစေတီတော်လို့ ပေးခဲ့တယ်"

"ရေတပ်ဗိုလ်ကလေးက ဒီဘုရားတစ်ဆူပဲ တည်ခဲ့တာလား ဆရာကြီး"

"သမိုင်းမှတ်တမ်းတွေကတော့ ဒီစေတီတော် တစ်ဆူပဲ တည်ခဲ့တယ်လို့ ရေးကြတယ်၊ အချို့ကလည်း ဒီဘုရားအပြင် အနောက်ဘက် မြစ်ကျောဘက်မှာ နောက်ထပ်နှစ်ဆူ တည်ခဲ့သေးတယ်လို့ ပြောကြသေးတယ်"

"ဟုတ်ကဲ့... ဆရာကြီး"

"ဒါထက် ဆရာကြီး... အဲဒီ ရေတပ်ဗိုလ်ကလေးက ဘုရားတည်ပြီးတော့ ဘယ်ကိုဆက်သွားကြသလဲ၊ မြို့စားကြီးနောက် လိုက်သွားကြသလား"

"မလိုက်တော့ဘူး။ သူတို့က ဘုရားကို စောင့်ရှောက်ကြရင်းနဲ့ အဲဒီမှာပဲ နေကြတော့တယ်။ ဒါကြောင့် ရေတပ်ဗိုလ်ကလေးကို အစွဲပြုပြီး ဗိုလ်ကလေးမြို့လို့ အမည်ပေးခဲ့ကြတယ်၊ အခုမှ ဘိုကလေးလို့ ပြောင်းခေါ်ခဲ့ကြပေမယ့် ရှေးက လူကြီးတွေကတော့ ဗိုလ်ကလေးဆိုတဲ့ အမည်ကိုပဲ သုံးစွဲကြတယ်၊ ဗိုလ်ကလေး ဦးသက်ရှည်၊ ဗိုလ်ကလေး

ဦးကြွယ်၊ ဗိုလ်ကလေး ဦးကျော်လှိုင်၊ ဗိုလ်ကလေးတင့်အောင် ဆိုတဲ့ ဆရာကြီးတွေကတော့ စာပေ၊ ဂီတ၊ ပန်းချီ အနုပညာ နယ်ပယ်မှာ ဗိုလ်ကလေးဆိုတဲ့ အမည်ကို ယခုထက်တိုင် လေးလေးစားစား အသုံးပြုခဲ့ကြတယ်"

"ရှေးဟောင်းအမည်ကို တန်ဖိုးထားကြတဲ့ သဘော ပေါ့နော် ဆရာကြီး"

"ဒါလည်းပါမှာပေါ့လေ၊ ဗိုလ်ကလေးမှာ စစ်ဗိုလ်ကလေး လက်ထက်က စစ်သားစုခေါင်းပြီး စစ်ရေးလေ့ကျင့်ခဲ့တဲ့ ကုန်းကို 'စစ်ကုန်း'လို့ ခေါ်ခဲ့ကြတာ၊ အခုထိ ဒီအမည်ကိုပဲ သုံးနေခဲ့ကြတယ်၊ တခြားနေရာဟောင်းတွေလည်း အများကြီး ရှိသေးတယ်၊ ၁၁၁၉–ခုလောက်က တည်ခဲ့တဲ့ ဗိုလ်ကလေး ဟာ အင်္ဂလိပ်လက်ထက်ရောက်လာတော့ အတော်စည်ကားတဲ့ အစိုးရရုံးစိုက်တဲ့ နေရာတစ်ခု ဖြစ်လာခဲ့တယ်၊ အခုတော့ မောင်တို့ မြင်တဲ့အတိုင်း အလွန်စည်ကားတဲ့ မြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့ ဖြစ်နေပြီပေါ့ကွယ်"

"ဟုတ်ပါတယ် ဆရာကြီး။ အတော်စည်တဲ့ မြို့ကြီး တစ်မြို့ပါပဲ၊ ဒါထက် မြို့စားကြီး ဗညားဓေယျအကြောင်း လည်း ဆက်ပြောပြပါဦး ဆရာကြီး"

ဆရာကြီး ဦးအောင်သာမှာ ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်ပြီးမှ ဆက်ပြောပြသည်။





"မြို့စားကြီးကတော့ သူ့လေ့ကြီးနဲ့ သစ်တောတွေရှိတဲ့ ချွန်းညိုကြီး။ မိန်းမလှကျွန်းဘက်ကို ဆက်လာကြတယ်၊ ကမ်းတစ်လျှောက်မှာလည်း ရေကြည်ရာ မြက်နုရာ နေရာ တွေမှာ သူ့ရဲ့ နောက်လိုက်နောက်ပါ အချို့ကို ထားခဲ့သေး တယ်။ အဲဒီနေရာတွေမှာလည်း အခု ရွာတွေဖြစ်နေကြပြီ"

"ဟုတ်တယ် ဆရာကြီး။ ဘိုကလေးအောက်ဘက်မှာ ရှိတဲ့ ကပ္ပနန်းရွာဆိုတာ မွန်အမည်ဖြစ်တယ်လို့ သိရတယ်၊ အဓိပ္ပာယ်က စစ်သားရွာလို့ ပြောကြတယ်၊ အဲဒီမှာ စစ်သား အချို့ နေခဲ့ကြဟန်ရှိတယ်နော် ဆရာကြီး"

"ဟုတ်တယ်၊ ကပ္ပနန်း။ ကဒုံကနီ၊ အမာ၊ ပြင်ဒရယ် (ပျဉ်ဒရယ်)၊ ရောရွာတို့က မွန်အမည်တွေပဲ၊ ကပ္ပနန်းက စစ်သားရွာ၊ ကဒုံကနီ ဆိုတာ အငူပေါ်မှာ ရွှေပြောင်းတည်တဲ့ ရွာ၊ အမာဆိုတာ အမတ်ကြီး တည်ခဲ့တဲ့နေရာ၊ ရော ဆိုတာက တပ်ကြပ်ကြီးတည်တဲ့ ရွာဖြစ်ပြီး ပျဉ်ဒရယ် ဆိုတာက ပင်လယ်ကမ်းခြေကို ရွှေပြောင်းတည်တဲ့ နေရာ ဆိုပြီး အဓိပ္ပာယ် အသီးသီး ရှိကြတယ်"

"ကျွန်တော်တို့အတွက်ကတော့ ဆရာကြီးရှင်းပြတာ တွေဟာ တန်ဖိုးမဖြတ်နိုင်အောင် ဗဟုသုတရပါတယ်"

ဟု ဦးကျော်အောင်က ပြောလိုက်သည်။

"ကျုပ်လည်း စုဆောင်းမှတ်သားထားတာလေးတွေကို တစ်ဆင့် ပြန်ပြောပြရတာပါ၊ မြို့စားကြီးနဲ့ နောက်လိုက်တွေ

ဟာ လောင်းလှေကြီးနဲ့ အောက်ဘက်ကို စုန်ဆင်းခဲ့ကြပြီး ကျွန်းညိုကြီးကိုကျော် ဖောင်ဝင်မြစ်ကို ဖြတ်ပြီး မိန်းမလှကျွန်းကို ရောက်တော့ စခန်းချပြီး နေထိုင်ခဲ့ကြတယ်"

"တစ်မူး နေသူရိန်နဲ့ နောက်လိုက်နောက်ပါ အချို့ကတော့ လောင်းလှေကြီးကိုပါ ယူသွားကြပြီး ထော်သီထော်ပိုင် ချောင်းဖျားဘက်မှာ သွားနေကြတယ်။ အဲဒီမှာ မြင်းစိုင်းကုန်းတို့, ဘာတို့ ရှိသေးတယ်၊ သူတို့ စိုက်ပျိုးသွားခဲ့တဲ့ သီးပင်, စားပင်တွေတောင် အခုထက်တိုင် တွေ့ရသေးတယ်"

"ဟုတ်ကဲ့... ဆရာကြီး"

"မြို့စားကြီးကတော့ မိန်းမလှကျွန်းပေါ်မှာ နေရင်း နောက်ထပ် ဓာတ်သားဘုရား တစ်ဆူနဲ့ ရတနာပစ္စည်းတွေကို ဌာပနာပြီး စေတီတော်တစ်ဆူ တည်ခဲ့တယ်၊ မူလစေတီတော်ရဲ့ ဘွဲ့အမည်ရှိပေမယ့် "ပျောက်တစ်ရာစေတီတော်"လို့ပဲ လူသိများခဲ့တယ်၊ အခုထက်တိုင် မိန်းမလှကျွန်းပေါ်မှာ ရှိပါသေးတယ်"

"ဟုတ်တယ် ဆရာကြီး။ နှစ်စဉ် ဘုရားပွဲကျင်းပရင် ကျွန်တော်တို့ သွားကြရတယ်၊ အဲဒီမှာ ထူးဆန်းတာတွေ အများကြီး တွေ့ရတယ်၊ ဦးရှင်ကြီးပွဲကတော့ အထူးခြားဆုံးပါပဲ"

ဟု ကျွန်ုပ်က ပြောပြလိုက်သည်။





"နောက် မြို့စားကြီး ကွယ်လွန်သွားပြီးတဲ့နောက်တော့ ဒီမှာ စုနေကြတဲ့ နောက်လိုက်နောက်ပါတွေဟာ ပင်လယ် ...င်းခြေနေရာတွေ၊ တောတွေထဲမှာ ရေကြည်ရာ မြက်နုရာ ...နေကြခဲ့တယ်၊ မရမ်းချောင်းဘက်တွေမှာဆိုရင် ဘုရားဟောင်း၊ ...စေတီဟောင်းတွေ၊ ရွာလမ်းမကြီးတွေ၊ ရေကန်တွေ အခုထိ ...တွေ့ရသေးတယ်"

"ဟုတ်ကဲ့... ဆရာကြီး"

"ဝန်ထောက်မင်းတို့ သိချင်တဲ့ ပျဉ်ဒရယ်မြို့ဟောင်းနဲ့ ...တ်သက်တာ အဲဒီက အစပါပဲ၊ ပျဉ်ဒရယ်ဆိုတာ ပင်လယ် ...ဘက်ကို ရွှေ့ပြောင်းတည်တဲ့ ရွာလို့ အဓိပ္ပာယ်ရှိတော့ ...မိန်းမလှကျွန်းက ရွှေ့ပြောင်းသွားကြတဲ့ ဆွေတော်မျိုးတော်တွေဟာ အဲဒီမှာသွားပြီး မြို့ရွာ တည်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်"

ထိုစကား ကြားရသောအခါ ဦးကျော်အောင်တို့ မျက်နှာများပေါ်မှာ ကျေနပ်မှု အပြုံးရိပ်များ ယှက်သန်းသွားကြလေသည်။

"ဒါဖြင့် ပျဉ်ဒရယ်မြို့ဟောင်းနေရာက ဘယ်နေရာလောက်မှာ ရှိမယ်လို့ ထင်ပါသလဲ ဆရာကြီး"

ဟု ဦးကျော်အောင်က မေးလိုက်သည်။

"ကျုပ်လေ့လာမိသမျှ ပြောရရင်တော့ ပျဉ်ဒရယ်မြို့ဟောင်း ရှိခဲ့တဲ့ နေရာဟာ အမာချောင်းဝမှာရှိတဲ့ သောင်တန်း

တစ်ပိုက်မှာပဲလို့ ယူဆတယ်၊ အဲဒီနေရာဟာ အခုမှ သောင်ထွန်းသွားတာ အရင်က ကဒုံ့ဘက်ကမ်းနဲ့ အမာဘက်ကမ်းကို ရေကျချိန်မှာ ဒီအတိုင်း ဖြတ်ကူးကြတာလို့ သိရတယ်"

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့ သစ်တောဌာနက ရှေ့မီနောက်မီ လူကြီးတွေ ပြောကြတာကတော့ ရေကျချိန်ဆိုရင် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းကို လှည်းနဲ့ ဖြတ်ကူးလို့ရတဲ့ အုတ်ရိုးလမ်းကြီး ရှိတယ်လို့ ပြောပါတယ်"

"ပျဉ်ဒရယ်မြို့ကြီး ပျက်စီးသွားတဲ့နောက်ကျမှ အဲဒီလမ်းကြီးလည်း ရေအောက်မှာ ပျောက်သွားတာလို့ ပြောကြတယ်"

"ဝန်ထောက်မင်းပြောတာ ဖြစ်နိုင်တယ်၊ အဲဒီနယ်က ရေလုပ်သားတွေ ပြောကြတာကတော့ နွေရာသီ ရေနည်းသွားတဲ့အခါမှာ အလယ်ရေကြောနေရာလောက်မှာ အုတ်ရိုးကြီးတွေ တွေ့နေရသေးတယ်လို့ ပြောကြတယ်"

ဟု ဦးမိုးလွင်ကပါ ဝင်ပြောပြလေသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့ စကားဝိုင်းမှာ အတော်ညဉ့်နက်သည်အထိ စိတ်ဝင်စားစွာ ရှိနေကြပြီးမှ လူစုခွဲကြလေသည်။

ကျွန်ုပ်အတွက်ကတော့ ထိုအကြောင်းများမှာ တန်ဖိုးရှိသော မှတ်တမ်းများ ဖြစ်ခဲ့လေသည်။





## အခန်း (၄)

## ရေစာကျွေးသောနေရာနှင့် ထူးဆန်းမှု

နောက်တစ်ရက်နှစ်ရက် ကြာသောအခါ ကျွန်ုပ်သည် သစ်တောဌာနပိုင် ယူဘီသင်္ဘောနှင့် အောက်ဘက်ရှိ သစ်တောနံ့များအား လှည့်လည် စစ်ဆေးရန် ပြင်ဆင်ရလေတော့သည်။

တောခေါင်း, တောအုပ်များက ယူဘီပေါ်သို့ သောက်ရေ၊ စက်ဆီ၊ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် လက်နက်များကို သယ်ချနေကြလေသည်။ ကျွန်ုပ်တို့နှင့်အတူ ဦးကျော်အောင်တို့ ညီသည်သုံးယောက်ကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားမည် ဖြစ်ပေသည်။

ဉင်းတို့မှာလည်း အထုပ်အပိုးများနှင့် လိုင်စင်နှင့် ကိုင်ဆောင်သော သေနတ်များ ပါကြလေသည်။

နံနက်စောစော သဘော်ထွက်ရန် အချိန်နီးသော အခိုက်မှာ သစ်တောရုံးအတွင်းသို့ အဘွားအို တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ရောက်လာကြသည်။

အဘွားအိုမှာ အသက်ငါးဆယ်ကျော် ခြောက်ဆယ် အရွယ်ခန့် ရှိပြီး အမျိုးသမီးကတော့ အသက်နှစ်ဆယ်ဝန်းကျင် အရွယ်ခန့် ရှိသည်။

ကျွန်ုပ်နှင့် တွေ့လိုသည်ဆိုသောကြောင့် တောအုပ် "မောင်ရွှေ"က ကျွန်ုပ်ထံသို့ ခေါ်လာလေသည်။

"ဘာကိစ္စရှိလို့လဲ အဘွား"

"ဒီက ဆရာကြီးကို တစ်ခုလောက် အကူအညီတောင်း ချင်လို့ပါကွယ်"

"ပြောပါ အဘွား"

"ဒီလိုပါကွယ်၊ ကျုပ်တို့က ပင်လယ်ဘက်က လာကြ တာပါ၊ စက်လှေ လူကြုံရှိလို့ မြို့ကိုတက်ပြီး ဈေးလာဝယ် ကြတာပါ၊ ဈေးဝယ်ပြီး ပြန်ဆင်းလာတော့ လူကြုံလိုက်လာတဲ့ စက်လှေက ပြန်ထွက်သွားလို့ မမီလိုက်တော့လို့ပါ၊ ဒီမြို့မှာ အသိမိတ်ဆွေကလည်း မရှိတော့ ခိုစရာလည်း မရှိပါဘူး ဒါကြောင့်..."

အဘွားအိုက အားနာဟန်ဖြင့် စကားရပ်သွားသည်





"ကျွန်တော် ဘာများအကူအညီပေးရမလဲ အဘွား"

"တခြားတော့ မဟုတ်ပါဘူး ဒီက ဆရာကြီးတို့ သဘော် အောက်ဘက်ဆင်းမယ်လို့ သတင်းကြားလို့ လာ တာပါ၊ ဖြစ်နိုင်ရင် အဘွားတို့နှစ်ယောက် လိုက်ခဲ့ပါရစေ"

ဟု အလွန့်,ခ,ယ ရိုကျိုးသော လေသံဖြင့် တောင်းပန် ပြောဆိုလေသည်။

"အဘွားက ဘယ်မှာနေတာလဲ"

"ပျဉ်ဒရယ်ကပါ"

"ပျဉ်ဒရယ်ကတော့ ဟုတ်ပါပြီ၊ အနီးဆုံး ဘယ်နေရာ လောက်ဆိုရင် အဘွားတို့နေတဲ့ နေရာကို ရောက်မလဲ"

"အမာဘက်ကမ်း ရောက်မယ်ဆိုရင်တော့ အဘွားတို့ ဆီကို တစ်ခါတည်း ရောက်နိုင်ပါတယ်၊ ကဒ့်ကို ရောက်မယ် ဆိုရင်တော့ စက်လှေ လူကြုံရှာပြီး အရှေ့ဘက်ကို ကူးရင် လည်း ရောက်နိုင်ပါတယ်၊ အမိက က,တော့ ပင်လယ်ပိုင်းကို ဘယ်နေရာပဲရောက်ရောက် အဘွားတို့ နေရပ်ကို ပြန်တတ် ပါတယ်"

ကျွန်ုပ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

အဘယ့်ကြောင့်ဆိုသော်...

ခေတ်ကာလအခြေအနေမှာ မတည်ငြိမ်သေးဘဲ မြစ်ဝ ကျွန်းပေါ် သစ်တောများထဲမှာ ရောင်စုံသောင်းကျန်းသူများ ရှိနေသေးသော ကာလဖြစ်သောကြောင့် ခရီးထွက်ရာတွင်

မိမိတို့ သင်္ဘောပေါ်မှာ လူပိုလူလျှံများ မခေါ်လိုသော်လည်း အဘွားကြီးနှင့် မိန်းကလေးတို့၏ အမူအရာကို ကြည့်ပြီး များစွာ သနားသွားသောကြောင့် လိုက်ခွင့် ပြုလိုက်လေသည်။

"ကဲ...အဘွားတို့ လိုက်ချင်သပ ဆိုရင်လည်း လိုက်ခဲ့ကြပေါ့၊ ကျွန်တော်တို့လည်း အမာဘက်ကမ်း ရောက်မှာဆိုတော့ ခရီးလမ်း သင့်ပါတယ်၊ ကဲ ... ကဲ သင်္ဘောထွက်တော့မယ်၊ သင်္ဘောပေါ် တက်ကြပေတော့"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ဆရာကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး။ အခွင့်သာရင် ကျေးဇူးပြန်ဆပ်ပါ့မယ်"

ကျွန်ုပ်လည်း မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီးနောက် ယူဘီ သင်္ဘောအတွင်း ဆင်းခဲ့လေသည်။

ဘိုကလေးဆိပ်ကမ်းမှ ကျွန်ုပ်တို့ သင်္ဘော စ,ထွက်သော အချိန်မှာ နံနက်ပိုင်းအချိန် ဖြစ်ပေသည်။

လဆန်းရက်ဖြစ်သောကြောင့် နံနက်ပိုင်း ရေကျချိန်နှင့် ရေစုန်နှင့် သင်္ဘောကို စုန်ဆင်းလာခဲ့ကြခြင်းဖြစ်၏။

ဂွံညင်းတန်းမြစ် တစ်ကြောမှာတော့ ငါးပုစွန်ပေါ ငါးပုတ်သင်ထောင်သော ပိုက်လှေများသာ နေရာအနှံ့အပြား ရှိသောကြောင့် သင်္ဘောကို သတိဖြင့် မောင်းနှင်ကြရသည်။





နံနက် ၈–နာရီလောက် ရောက်သောအခါ နတ်ချောင်း သာစည်၊ ကပ္ပနန်း အစရှိသော မွန်ရွာပေါင်းများကိုကျော်၍ ကျွန်းညိုကြီးကို လှမ်းမြင်ရပြီ။

ကျွန်းညိုကြီးအား မြောက်ဘက်သို့ ခွဲထွက်သွားသော ကိုင်းတောမြစ်နှင့် အရှေ့ဘက်မှ ပတ်ဆင်းသွားသော ဘိုကလေးမြစ် (ဂွံညင်းတန်းမြစ်)တို့က ပတ်ဝိုင်းထားလေသည်။

ကျွန်းညိုကြီးပေါ်မှာ ဦးရှင်ကြီးနတ်သမိုင်းနှင့် ပတ်သက်သော ထူးခြားသည့် နေရာများ ရှိပေသည်။

ကျွန်ုပ်တို့ ယူဘီသင်္ဘောလေးမှာ ကျွန်းညိုကြီး အရှေ့ဘက် ကမ်းရိုးအတိုင်း မောင်းခဲ့ကြသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ တပည့်များက လက်ဖက်ရည်၊ ကော်ဖီနှင့် အခြား စားသောက်ဖွယ်ရာများ စီစဉ်ပေးသောကြောင့် သင်္ဘောဦးပိုင်းရှိ အခန်းထဲမှာပင် စားသောက်ကြသည်။

ကျွန်ုပ်နှင့်အတူ ဦးကျော်အောင်တို့ ညွှန်သည်သုံးယောက်တို့ပါ အတူလာရောက် စားသောက်ကြသည်။

ထိုသို့ စားသောက်နေရင်း ဦးကျော်အောင်က...

"ဝန်ထောက်မင်း။ အခု အနောက်ဘက်ကမ်းမှာ လှမ်းမြင်နေရတဲ့ ကျွန်းကြီးဟာ ညက ဆရာကြီး ဦးအောင်သာ ပြောပြတဲ့ ကျွန်းညိုကြီးဆိုတာလား"

"ဟုတ်ပါ့ဗျာ၊ အဲဒါ ကျွန်းညိုကြီးပါပဲ"

"ဒီလိုဆိုရင်တော့ မှတ်တမ်းရအောင် ဓာတ်ပုံရိုက်ထားဦးမှပဲ"

ဟုပြောဆိုကာ ဦးကျော်အောင်က ရင်းနှံဘေးမှာ ချထားသော အိတ်ထဲမှ ကင်မရာကို ထုတ်လေသည်။

ထိုအခါ ကျွန်ုပ်တို့နှင့်အတူ လက်ဖက်ရည်သောက်နေသော တောအုပ်ကြီး ဦးဗန်ကောင်းက ဤသို့ ဝင်ပြောလေသည်။

"ကျုပ် တစ်ခုတော့ ပြောပါရစေ"

ဟုလှမ်းပြောသဖြင့် အားလုံးက သူ့ကို လှမ်းကြည့်လိုက်သည်။

"အရပ်ဒေသ အတော်များများမှာ ဓလေ့ထုံးစံနဲ့ တားမြစ်ထားတာတွေ ရှိပါတယ်၊ ဒီနေရာ ရောက်လာပြီဆိုတော့ ရေငန်ပိုင် အရပ်ဒေသကို ရောက်လာပါပြီ။ ဒါကြောင့် ဒီအရပ်ဒေသတွေကို သွားလာတဲ့နေရာမှာ ကြိုတင်ပြီးတော့ သိသင့် သိထိုက်တာတွေကို သိထားဖို့ လိုလာပါပြီ"

အားလုံးက ထိုစကားကို စိတ်ဝင်စားမှု ရှိကြလေသည်။

ဦးဗန်ကောင်းမှာ အသက်ငါးဆယ်ကျော် အရွယ်ခန့်ရှိသည့် တောအတွေ့အကြုံ ရင့်ကျက်သော ဝါရင့် တောအုပ်ကြီးတစ်ယောက် ဖြစ်ပေသည်။





ကျွန်ုပ် လက်အောက်မှာ လွန်စွာ အားကိုးရသူတစ်ဦးလည်း ဖြစ်ပေသည်။

"ပြောပါ... ဦးဗန်ကောင်း"

"ဒီလိုပါ... မိန်းမလှကျွန်း၊ ကျွန်းညိုကြီး အပါအဝင် ဒီနယ်မြေတွေဟာ ရေငန်ပိုင်နတ် ဦးရှင်ကြီးနဲ့ အဓိကသက်ဆိုင်တဲ့ နေရာတွေဖြစ်ပါတယ်၊ ဒီအရပ်ဓလေ့အခေါ်ကတော့ နတ်ကြီးတဲ့ နေရာတွေပေါ့၊ ဒီနေရာတွေကို ရောက်ရင် သူ့အရပ်ဓလေ့ထုံးစံတွေကို သိရတယ်၊ လေးစားလိုက်နာရပါတယ်"

"ဘာတွေလဲဆိုတာ တဆိတ်လောက် ပြောပါဦးဗျာ"

"မိန်းမလှကျွန်းတစ်ဝိုက်ရောက်ရင် ကြမ်းတမ်းညစ်ညမ်းတဲ့စကား မပြောရဘူး၊ ဝက်သား မစားရဘူး၊ ကုလားစကားပြောရဘူး၊ လင်စုံ မယားဖက် အတူမနေရဘူး၊ မဖွယ်မရာမပြုရဘူး၊ တောတက် တောဝင်ခါနီးရင် အန္တရာယ်ကင်းဖို့ ဆုမ်းတင်ကြရတယ်၊ ထမင်းဦး၊ ဟင်းဦးနဲ့ စားဦးစားဖျားတင်မြှောက်ပြီးမှ စားသောက်ကြရတယ်၊ ဒီတောတစ်ဝိုက်တွေကို ဓာတ်ပုံရိုက်တာ မကြိုက်ဘူး"

ဦးဗန်ကောင်းပြောသော နောက်ဆုံးစကားကို ကြားသောအခါ ဦးကျော်အောင်မှာ ဘေးနားမှာ ချထားသော ကင်မရာကို ဆက်ကိုင်ရမလို၊ အိတ်ထဲ ပြန်ထည့်ရမလို ဖြစ်သွားဟန် ရှိလေသည်။

ထိုအခါ ဦးကျော်အောင်နှင့် ပါလာသော တင်မောင်ထွန်းဆိုသော လူရွယ်က…

"ကျွန်တာတွေကတော့ ထားပါတော့၊ ခတ်ပုံမရိုက်ဘူးဆိုတာ ဘာကြောင့်လဲဟင်၊ တကယ်လို့ ရိုက်ရင်ရော ဘယ်လိုဖြစ်ဘတ်သလဲ"

ဟု ဝင်မေးလေသည်။

"ဘာမှတော့ မဖြစ်ပါဘူး၊ ဓာတ်ပုံ မပေါ်တာတို့ ဖလင်ပျက်တာတို့ ဖြစ်တတ်ပါတယ်"

"ကျွန်တော်တို့ အဲဒီအယူအဆတွေကို သိပ်ပြီး လက်မခံချင်ဘူး။ ဒါတွေက ခေတ်နောက်ပြန်နေတဲ့ အယူအဆတွေပဲ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က ခေတ်မီတဲ့ လူငယ်တွေဆိုတော့ ဘာမဆို လက်တွေ့မှပဲ ယုံချင်တယ်"

"ဒီလိုဆိုရင်တော့ မောင်ရင့်အနေနဲ့ လက်တွေ့စမ်းကြည့်နိုင်ပါတယ်၊ အဲ… ဒါပေမယ့် အခု ကျုပ်တို့နဲ့ အတူတူသွားနေတဲ့ အချိန်မှာတော့ မဟုတ်ဘူး။ ဟိုရောက်တော့ မောင်ရင် မယုံကြည်ရင် စမ်းကြည့်ပေါ့"

ဦးဇန်ကောင်း၏ စကားမှာ တင်မောင်ထွန်းဆိုသော လူရွယ်အား "မယုံလျှင် စမ်းကြည့်"ဟူသော စိမ်ခေါ်သည့် လေသံမျိုးပါနေသည်ဟု ကျွန်ုပ်စိတ်ထဲမှာ ထင်လိုက်မိသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့ စီးနင်းလာသော ယူဘီသဘော်မှာ သကာ်ဝ ကွမ်းသီးချောင်း၊ ကျိုးချောင်း အစရှိသော





ချောင်းများ၊ ရွာများကို ကျော်လာသောအခါ အလယ်ချောင်း၊ ထိပ်ချောင်းရှိသော နေရာများသို့ ရောက်လာကြသည်။

ထိပ်ချောင်းကျော်လျှင် ကျွန်းညိုကြီး နယ်နိမိတ် ဆုံးပြီး ဖောင်ဝင်မြစ်သို့ ရောက်ပြီ။

ဖောင်ဝင်မြစ်မှာ အရှေ့နှင့်အနောက် သွယ်တန်းလျက်ရှိကာ တောင်ဘက်မှာ ဗိန်းမလုကျွန်း ရှိသည်။

ထိုနေရာမှာ ပျဉ်ဒရယ်သစ်တော နယ်နိမိတ်အစပြုသည်။

ထိပ်ချောင်း၊ အလယ်ချောင်းက၊အနောက်ဘက်ကမ်းမှာ ရှိပြီး အရှေ့ဘက်ကမ်းမှာ ဓမ္မသုစရွာ ရှိသည်။ ယခင်ကတော့ ထိုနေရာကို "ဓားပြချောင်း"ဟု ခေါ်ကြသည်။

ဓမ္မသုစရွာနှင့် အလယ်ချောင်းရွာမှာ အလယ်၌ ဂုံညင်းတန်းမြစ်ကြီးက ခြားထားလေသည်။

အထက်ဘက်မှ ဘိုကလေးမြို့၊ ကျွန်းညိုကြီး အစရှိသော နေရာများအား ဖြတ်သန်းစီးဆင်းလာသော ဂုံညင်းတန်းမြစ်ကြီးမှာ ဖောင်ဝင်မြစ်သို့ ရောက်သောအခါ အဆုံးသတ်သွားလေတော့သည်။

ထိုမြစ်ကြီးအလယ်တွင် ကျွန်တစ်ကျွန်း ခြားနေသည်။

ထိုကျွန်း၏ ထိပ်လောက်တွင် သောင်ကြီးတစ်ခု ထွန်းနေပြီး သောင်ပြင်ပေါ်မှာ ထင်ရှားစွာပေါ်နေသော လှေဝမ်းဗိုက်ရာကြီး တစ်ခုရှိသည်။

နေဝင်ချိန်ဖြစ်သောကြောင့် သောင်ပြင်ပေါ်မှ လှေ
ဝမ်းဗိုက်အရာကြီးအား ကောင်းစွာ မြင်နိုင်လေသည်။

သဘော်မောင်းသော ဆလင်က ထိုနေရာသို့ ရောက်
သောအခါ သဘော်စက်ရှိန်ကို လျှော့ကာ ဖြည်းဖြည်းမောင်း
ပေးသည်။

"ဦးဖန်ကောင်း၊ ဒီသောင်ပြင်ပေါ်မှာ ထင်နေတဲ့ အရာ
ကြီးက ဘာလဲဟင်၊ မိကျောင်းဗိုက်ရာကြီးလား"

ဟု တင်ဝင်းဆိုသူက မေးသည်။

"မဟုတ်ပါဘူး၊ ဒါ လှေဝမ်းဗိုက်ရာကြီးပါ၊ လှေ
ထွက်လို့ မရလို့ မောင်ရှင်ကို လှေပေါ်ကချပြီး ရေစာကျွေးတဲ့
နေရာပါ၊ အထက်ဘက် မျောလာခုတ်ကြတဲ့ လှေကြီးပေါ်
မှာ မောင်ရှင်က ပါလာတယ်၊ အလုပ်သမားတွေက တော
ပေါ်တက်ပြီး မျောခုတ်နေကြတုန်း မောင်ရှင်က လှေပေါ်မှာ
တစ်ယောက်တည်း ကျန်ခဲ့တော့ ယူလာတဲ့ စောင်းကို
တီးတယ်၊ အဲဒီအချိန်မှာ မိန်းမလှကျွန်းက မိန်းကလေးတွေ
ရောက်လာကြတယ်"

"နတ်တွေလား၊ လူတွေလား ဟင်"

"အယူတိမ်းနေတဲ့ နတ်တွေလို့ပဲ ပြောရမှာပဲ၊ လှေ
ပြန်ထွက်မယ်လုပ်တော့ မောင်ရှင်ကို လိုချင်တာနဲ့ လှေကို
သောင်ပေါ်ဆွဲတင်ထားကြတယ်၊ နောက်ဆုံး လှေမထွက်
နိုင်လို့ လှေပေါ်မှာပါတဲ့ လူတွေကို ရေစာကျွေးဖို့ မဲချကြ





တော့ မောင်ရှင်ပဲ မဲပေါက်တယ်၊ ဒါကြောင့် သူ့ကို ရေစာ
ကျွေးတော့မှ လှေထွက်လို့ရတော့တယ်၊ ဒါကြောင့် ဒီနေရာ
မှာ လှေဝမ်းဗိုက်ရာကြီး ထင်ကျန်နေခဲ့တာပဲ"

"ထူးဆန်းတာက ဒီလှေဝမ်းဗိုက်ရာကြီးဟာ နှစ်ပေါင်း
များစွာ ကြာသည့်တိုင် မပျောက်ဘဲ ဒီအတိုင်းပဲ ရှိနေတာပဲ"

"နုန်းတွေ၊ နွံတွေ ဖုံးမသွားဘူးလား"

"ဟင့်အင်း၊ တခြားနေရာတွေမှာသာ နုန်းတွေတက်ပြီး
သောင်ဖြစ်ရင် ဖြစ်သွားမယ်၊ ဒီနေရာမှာကတော့ ဘယ်
တော့မှ နုန်းမတက်ဘူး၊ ဒါ ကျွပ်တို့ခပ်ငယ်ငယ်ကတည်းက
ဒီအတိုင်းရှိနေတာ၊ အခုလည်း ဒီအတိုင်းပဲ"

ဟု ဦးဖန်ကောင်းက ပြောပြသည်။

"အင်း... တော်တော်ထူးဆန်းတာပဲ"

"မောင်ရင်တို့ ရှေ့ရောက်ရင် ဒီထက်ထူးဆန်းတာ
တွေကို တွေ့ရဦးမှာပါ"

ဟုပြောဆိုနေကြစဉ် တင်မောင်ထွန်းက ဦးကျော်အောင်
နံဘေးနားမှာချထားသော ကင်မရာကို ကောက်ယူလိုက်သည်။

"ဒါ သမိုင်းဝင်နေရာပဲ၊ နောက်တစ်ကြိမ် ကြုံကြိုက်ဖို့
မလွယ်လှဘူး၊ အခုလို အဆင်ပြေတုန်း၊ မှတ်တမ်းယူသွား
ရမယ်"

ဟုပြောကာ ကင်မရာအဖုံးကို ဖွင့်ပြီး သောင်ပြင်ပေါ်မှ
နေရောင်အောက်တွင် အထင်းသား မြင်နေရသော လှေ

ဝမ်းဗိုက်ရာကြီးအား ကင်မရာဖြင့် တစ်ဖျတ်ဖျတ် ရိုက်လေတော့သည်။

ဦးဖန်ကောင်း အပါအဝင် ကျန်လူများကလည်း ဘာမှဝင်ရောက်ပြောဆိုခြင်း မပြုကြပေ။

အတန်ကြာသောအခါ ထိုနေရာမှ လွန်လာပြီဖြစ်သောကြောင့် သဘော်ဆလင်က စက်ရှိန်ပြန်မြှင့်ရန် ပြင်လိုက်သည်နှင့် စက်က ရုတ်တရက် ထိုးရပ်သွားကာ ယူဘီသဘော်မှာလည်း ဝမ်းဗိုက်အောက်မှ တစ်စုံတစ်ခုနှင့် ငြိသွားဟန်ဖြင့် ရပ်တန့်သွားလေသည်။

"ဘာဖြစ်တာလဲဟေ့"

"စက်ထိုးရပ်သွားလို့ ဆရာရေ ခဏလေး ပြင်လိုက်ဦးမယ်"

စက်ခန်းအတွင်းမှ စက်ဆရာ၏ ပြန်အော်ပြောသံကို ကြားရလေသည်။

"စက်ရပ်တာကတော့ ထားပါတော့၊ ယူဘီက ဘာကြောင့် ရပ်သွားရတာလဲ"

"သောင်နဲ့များ ငြိသွားလို့များလား မသိဘူး။ ကျွန်တော်ဝါးနဲ့ စင်းကြည့်လိုက်ဦးမယ်"

ဟုပြောကာ သဘော်ဦးမှ ထွက်ကာ ထိုးဝါးနှင့် ရေအောက်သို့ ထိုးစိုက်ချလိုက်လေသည်။





၁၂–တောင်ခန့်ရှိ ထိုးဝါးဆုံးသွားသော်လည်း ရေအောက်သို့ မထောက်မိသောကြောင့် အားလုံးမှာ တအံ့တသြ ဖြစ်သွားကြသည်။

သဘော်ဝမ်းဗိုက်၏ ရေစူးမှာ သုံးလေးတောင်ထက် ပိုမနက်လှပေ။ ယခု ၁၂–တောင်ဝါး ဆုံးသွားသော်လည်း အောက်သို့ မထောက်မိသောကြောင့် ဇဝေဇဝါ ဖြစ်ကုန်ကြသည်။

စက်ရပ်သွားသော်လည်း ရေစီးအရှိန်ဖြင့် မျောပါသွားရမည် ဖြစ်သော်လည်း ယူဘီသဘော်မှာ လှေဝမ်းဗိုက်ရာကြီး ရှိရာနှင့် မလှမ်းမကမ်းနေရာတွင် ကျောက်ချထားသကဲ့သို့ တစ်လက်မမှ မရွေ့ဘဲ ရပ်တန့်နေလေတော့သည်။

ဦးဖန်ကောင်းကတော့ ထိုအဖြစ်အပျက်ကို ဘာတစ်ခုမှ ဝင်ရောက် မှတ်ချက်ပေးခြင်း မရှိဘဲ ဆေးတံအတွင်းသို့ ဆေးတစ်အိုးဖြည့်၍ မီးညှိကာ အေးအေးဆေးဆေး အမူအရာဖြင့် တစ်ဖွာချင်း သောက်နေလေသည်။

ထိုအခါ တောအုပ်ကြီး ဦးဖန်ကောင်းက...

"အမှန်တော့ ဦးရှင်ကြီးနတ် ရေစာကျွေးတဲ့ နေရာမှာ ကျုပ်တို့ စက်လှေ အခုလို ရပ်တန့်သွားတာကတော့ အတော့်ကို ဆန်းကြယ်တဲ့ တိုက်ဆိုင်မှုပဲ၊ ရှေးတုန်းကတော့ ရေစာကျွေးမှ လှေပြန်ထွက်လို့ရကြတယ်"

"အခုလည်း ကျုပ်တို့ ရေစာကျွေးမှ သဘော်ပြန်ထွက်လို့ ရမယ်ထင်တယ်ဗျို့"

ဟု ရယ်မောစရာအနေဖြင့် ခပ်ပေါ့ပေါ့ ပြောလိုက်သော်လည်း ကျန်လူများ၏ စိတ်ထဲမှာတော့ အနည်းငယ် လေးသွားသယောင် ခံစားကြရလေသည်။

စက်ခန်းထဲမှ စက်ဆရာက စက်၏ ချို့ယွင်းချက်များအား ကြိုးစားရှာဖွေ ပြင်ဆင်သော်လည်း အတန်ကြာသည်အထိ အခြေအနေက မထူးသေးပေ။

ထိုအခိုက်မှာပင် ကျွန်ုပ်တို့ သင်္ဘောပေါ်မှာ လူကြုံလိုက်လာသော အဘွားအိုက ကျွန်ုပ်တို့ရှိရာသို့ လာကာ ဤသို့ ပြောသည်။

"အဘွားတစ်ခုတော့ ပြောပါစေ ဆရာကြီး"

"ပြောပါ အဘွား"

"တခြားတော့ မဟုတ်ပါဘူး၊ လောကမှာ ဆန့်ကျင်ဘက်လုပ်လို့ မရနိုင်တဲ့ အရာတွေ ရှိပါတယ်၊ သဘာဝနဲ့ ထုံးတမ်းအစဉ်အလာ ဓလေ့ပါ"

"သဘာဝကိုလည်း ဆန့်ကျင်လို့ မရပါဘူး၊ မိုးရွာနေတာကို တားလို့ မရသလို၊ နှင်းကျနေရင်လည်း ရပ်တန့်လို့ မရပါဘူး၊ နေပူနေတာကို အံ့တုပြီးတော့ နေပူထဲမှာ ရပ်နေရင် ကိုယ်ပဲ လောင်ကျွမ်းခံရမယ်၊ နေကတော့ သူ့အပူရှိန်ကို ရပ်တန့်ပေးမှာ မဟုတ်ပါဘူး"





ကျွန်ုပ်မှာ အဘွားအိုထံမှ မမျှော်လင့်ဘဲ ထိုသို့သော စကားမျိုး ကြားရသောအခါ များစွာ အံ့ဩမိလေသည်။

"ဒီလိုပါပဲ၊ ဓလေ့ထုံးစံတို့၊ ရိုးရာအစဉ်အလာတို့ကိုလည်း သွေဖီဆန့်ကျင်လို့ မရနိုင်ပါဘူး၊ ဒီနေရာတစ်ဝိုက်တွေဆိုတာ ရှေးကလူတွေ နေထိုင်သွားတဲ့ နေရာတွေ၊ ဓလေ့ထုံးစံတွေ ရှိတဲ့နေရာတွေပါပဲ"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ အဘွား ပြောပါ"

"ယုံကြည်မယ်ဆိုရင်တော့ ကျွန်မ အကူအညီပေးပါရစေ"

"သင်္ဘောကောင်းပြီး ခရီးဆက်နိုင်ဖို့က အဓိကပဲ၊ အဘွား ကြိုက်သလိုသာ လုပ်ပါ"

"ဆရာကြီးတို့ သင်္ဘောပေါ်မှာ လက်ဖက်သားနဲ့ အကြော်စုံကလေးများ နည်းနည်းလောက် မပါဘူးလား"

"ပါတယ် အဘွား၊ ပါတယ်"

တောခေါင်း မောင်ရွှေက ပြောသည်။

"ပါရင် ပန်းကန်ထဲကို ထည့်ပြီး ဆီကလေးနည်းနည်းလောက် ဆမ်းပေးပါ၊ ဆားမထည့်ခဲ့ပါနဲ့"

အဘွားပြောသည့်အတိုင်း တောခေါင်း မောင်ရွှေက အလျင်အမြန် ပြုလုပ်ကာ ယူလာသည်။

"မောင်ရင် ဓာတ်ပုံရိုက်တဲ့အထဲက ပစ္စည်းကို ထုတ်ပေးပါ"

ဟု အဘွားအိုက တင်မောင်ထွန်းအား ကြည့်ပြီး ပြောသည်။

"ကင်မရာထဲက ဖလင်လိပ်ကို ပြောတာလား"

"ဟုတ်ပါတယ်"

"ထုတ်ပေးလိုက်ပါ"

ဟု ဦးကျော်အောင်က ပြောသဖြင့် တင်မောင်ထွန်းက မထုတ်ချင် ထုတ်ချင် အမူအရာဖြင့် ကင်မရာနောက်ဖုံးကို ဖွင့်ပြီး ဖခင်လိပ်ကို ဆွဲထုတ်ပေးလိုက်လေသည်။

ထို့နောက်...

အဘွားအိုက လက်ဖက်ပွဲနှင့် တင်မောင်ထွန်းထံမှ ဖလင်လိပ်ကို ယူသွားကာ သင်္ဘောဦးပိုင်းသို့ ထွက်သွားသည်။

သင်္ဘောဦးပိုင်းသို့ ရောက်သောအခါ လက်ဖက်ပွဲကို လက်က ကိုင်မြှောက်ကာ တစ်စုံတစ်ခု တိုင်တည်,ပ,သ,နေသည်ကို လှမ်းမြင်ကြရသည်။

သူတို့ရှိနေရာနှင့် အတန်ငယ်ဝေးသောကြောင့် ဘာတွေ ရွတ်ဆိုနေသည်ကိုတော့ မကြားရပေ။

ခဏကြာလျှင် လက်ထဲမှဖလင်လိပ်ကို ရေထဲသို့ပစ်ချလိုက်သည်။ ပြီးလျှင် ကျွန်ုပ်တို့ရှိရာသို့ လျှောက်လာသည်။

"သံဘော်ာ ထွက်မယ်ဆိုရင် ဆက်သွားလို့ ရပါပြီ ဆရာကြီး"





ဟုပြောသဖြင့် ကျွန်ုပ်က စက်ဆရာအား သင်္ဘော စက်နှိုးကြည့်ရန် လှမ်းပြောလိုက်ရာ မကြာမီ စက်နှိုးသံ ကြားရသည်။

ထိုအခါ ကျွန်ုပ်က စက်ခန်းအနီးသို့ လျှောက်သွားပြီး...

"စက်က ဘာဖြစ်တာလဲ"

ဟုမေးလိုက်သည်။

"စက်က ဘာမှ ချို့ယွင်းမှု မတွေ့ရဘူး ဆရာကြီး။ သူ့ဘာသာ ဘာဖြစ်မှန်းမသိဘဲ ရပ်နေတာ၊ အခု နှိုးတော့လည်း အလွယ်ကလေးရယ်"

ဟု စက်ဆရာက ပြန်ပြောသည်။

ထို့နောက် ကျွန်ုပ်လည်း သင်္ဘောဦးပိုင်းသို့ ပြန်လာခဲ့သည်။

သင်္ဘောပေါ်မှာ ပါလာသူများလည်း ဦးပိုင်းသို့ ရောက်နေကြလေသည်။

"စောစောက သင်္ဘောက သောင်တင်နေသလို ဖြစ်နေတယ် အဘွား။ ထွက်လို့ရမလား"

"ရပါပြီ"

ထိုအခါမှ စောစောက ကျောက်ချထားသလို ရေလယ်မှာ တန့်နေသော သင်္ဘောမှာ ရေစီးနှင့် မျောပါလျက် ရှိနေသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။

သဘော်မောင်းထွက်လာသောအခါ စောစောက သဘော်တန့်နေသော နေရာမှာ မိကျောင်းကြီးတစ်ကောင် ရေပေါ်မှာ ပေါ်နေသည်ကို အားလုံး လှမ်းမြင်ကြရသည်။

ထိုအခါမှ တင်မောင်ထွန်းမှာ အနည်းငယ် လန့်သွားဟန်ရှိသည်။

စောစောက မကျေမနပ်ဖြင့် ကျယ်လောင် ကျယ်လောင် ပြောနေသော စကားသံပင် ရပ်သွားတော့သည်။

သဘော်ပေါ်မှာ လိုက်ပါလာကြသူများအဖို့ မိကျောင်းကြီးက သူ့ဘာသာ ပေါ်နေတာလား။

ဒါမှမဟုတ် သဘော်က မိကျောင်းကိုယ်ပေါ် တင်နေတာလား။

မိကျောင်းကပဲ သဘော်အောက်မှ ကိုယ်နှင့် ဝင်ထမ်းထားသလား ဆိုတာကိုတော့ မသိနိုင်ကြပေ။

ယူဘီသဘော်သည် မကြာခင်မှာ ဖောင်ဝင်မြစ်ကြီးကို ဖြတ်ကူးလျက် ရှိနေပေပြီ။





## အခန်း (၅)

# ထူးဆန်းစွာ ပျောက်ဆုံးသွားသူများ

တကယ်တော့ သဘော်ကို ပုံမှန်အတိုင်း ခုတ်မောင်းသွားလျှင် အချိန်သည်လောက် နောက်ကျဖို့ အကြောင်းမရှိပေ။

ယခု လမ်းခရီးမှာ စက်ချို့ယွင်းမှုကြောင့် ကြန့်ကြာနေပေရာ ဆတ်ကျွန်းရေလက်ကြားအတွင်း ရောက်သောအခါမှာပင် နေက အတော်မြင့်နေပြီ။

မိန်းမလှကျွန်း အနောက်ဘက်ရှိ ငယ်သူ ဆတ်ကျွန်းနှင့် လဗတစ်ပင် စသော ချောင်းများကို ကျော်ခဲ့ပြီး နှာနှစ်ပေါက်ချွန်းထိပ်သို့ ရောက်သောအခါ နေမွန်းတည့်ချိန်ခန့် ရှိနေပြီ။

ထိုအချိန်တွင် ရေက ပြန်တက်လာပြီဖြစ်သောကြောင့် သင်္ဘောမှာ ရေဆန်မောင်းရသောကြောင့် ခရီးမတွင်လှပြန်ပေ။

သင်္ဘောပေါ်မှ ပါလာသော အလုပ်သမားများက ကျွန်ုပ်တို့အတွက် နံနက်စာစားရန် စီစဉ်ချက်ပြုတ်ပေးသည်။

ဟင်းကတော့ ငါးဟင်း၊ ငါးသေတ္တာကြော်၊ ဘဲဥကြော်နှင့် ငါးပိချက်ဟင်းတို့ပင် ဖြစ်၏။

ကျွန်ုပ်တို့ ထမင်းဝိုင်းဖွဲ့ စားနေသောအခါ သင်္ဘောလှေကြို့ လိုက်လာသော မြေးအဘွား နှစ်ယောက်ကတော့ မြို့က ဝယ်လာဟန်ရှိသော မုန့်စိမ်းပေါင်းနှင့် ကောက်ညှင်းပေါင်းထုပ်ကလေးများကို ဖြေစားနေသည်ကို လှမ်းမြင်ရသဖြင့် ကျွန်ုပ်မှာ မနေသာတော့ဘဲ သင်္ဘောသားတစ်ယောက်အား ထမင်းနှစ်ပန်းကန်နှင့် ဟင်းများထည့်နိုင်းပြီး မြေးအဘွားနှစ်ယောက်ရှိရာသို့ ကျွန်ုပ်ကိုယ်တိုင် ယူသွားပေးလိုက်သည်။

"ရော့... အဘွား မနက်စာ စားလိုက်ပါဦး"

ကျွန်ုပ်ကိုယ်တိုင် ထမင်းပန်းကန် ယူလာသည်ကို မြင်သောအခါ အဘွားအိုရော, မိန်းကလေးပါ လွန်စွာအားနာသော အမူအရာ ဖြစ်သွားကြလေသည်။

"အို... အားနာစရာ ဆရာကြီးရယ်၊ ကျုပ်တို့မှာ စားစရာ ပါ,ပါတယ်၊ ဒုက္ခရှာလို့ရှင်"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့မှာ ကောက်ညှင်းပေါင်းနဲ့ မုန့်စိမ်းပေါင်းတွေ ပါ,ပါတယ် ဆရာရယ်"





ဟု မိန်းကလေးကပါ အားနာစွာ ပြောလေသည်။

"ကျွန်တော်လည်း နယ်တွေမှာ ကြီးခဲ့တဲ့သူပါ၊ တောသူတောင်သားဆိုတာ မြို့သားနဲ့ မတူဘူး။ အခြား ဘာအစားအစာကိုပဲစားစား မတင်းတိမ်ဘူး။ ထမင်းစားရမှကို ဗိုက်ဝတယ်လို့ ထင်ကြတာ၊ ရော့... ဒီထမင်းကိုပဲ စားကြပါ"

ဟု ပေးသောအခါမှ အားနာစွာ ယူ၍ စားကြလေသည်။

ဤသို့ဖြင့် ယူဘီသင်္ဘောကို ဆက်လက်မောင်းထွက်လာရာ ရေကျော်ကြီးစခန်းသို့ ရောက်သောအခါ တစ်လက်စတည်း ကိစ္စပြီးစေရန် ယူဘီကို ထင်းပွဲစခန်းရှိရာသို့ လှည့်ဝင်စေခဲ့သည်။

ရေကျော်ကြီး ထင်းပွဲစခန်းမှာ ချောင်းအတွင်းပိုင်းလောက်မှာရှိသဖြင့် အတန်ကြာအောင် လှည့်ဝင်ရသောကြောင့် မွန်းလွဲပိုင်းအချိန်လောက်မှ ရောက်ကြလေသည်။

ရေကျော်ကြီးစခန်းမှာ ထင်းပွဲစခန်းဟုသာ ဆိုရသော်လည်း ရွာတန်းတမျှ စည်ကားသောနေရာ ဖြစ်သည်။

ချောင်းကမ်းရိုးတန်းတစ်လျှောက်မှာ အလုပ်သမားများနေထိုင်သော တဲအိမ်များက တန်းစီဆောက်ထားကြသည်။

ထိုအထဲမှာ ဈေးဆိုင်၊ အရက်ဆိုင်၊ ဆံသဆိုင်များရှိပေသည်။

အများအားဖြင့်တော့ ပွဲစားများအိမ်မှာ ဈေးဆိုင်ကြီးများ ဖွင့်လှစ်ရောင်းချကြသည်။

ဒီမြို့မှ အလုပ်သမားများအား လိုအပ်သော ကုန်ပစ္စည်းများကို အကြွေးစနစ်ဖြင့် ရောင်းချကာ ထင်းဖိုးငွေနှင့် ခုနှိမ်သော နည်းဖြစ်သည်။

ထိုစနစ်နှင့် ရောင်းချခြင်းဖြင့် ပွဲစားများမှာ တစ်နေ့တခြား ကြီးပွားလာကြပြီး အလုပ်သမားများကတော့ တစ်နေ့တခြား ပို၍ ပို၍ ဆင်းရဲသွားကြလေသည်။

အဘယ့်ကြောင့်ဆိုသော်...

ကြွေးယူသဖြင့် ကုန်ပစ္စည်းများပေါ်မှာ ဈေးတင်ထားပြီး ထင်းဖိုးငွေ ချေသောအခါ အတိုးနှုန်း၊ ခုနှိမ်ထားသောကြောင့် ဖြစ်သည်။

ပွဲစားများအိမ်ရှေ့မှာတော့ ထင်းပုံကြီးများ တောင်ပုံရာပုံ ဟိန်းနေအောင်ရှိသည်။

ထိုအနီးတွင် သစ်တုံးများ ဖြတ်သံ၊ ထင်းပေါက်သံများဖြင့် ဆူညံနေတော့သည်။

ထိုအထဲမှာ သီချင်းတကြော်ကြော် အော်ဆိုနေကြသူများလည်း ရှိပေသေးသည်။

ရောက်သည့်ဘဝမှာ ပျော်ရွှင်အောင် နေတတ်ကြသူများပင် ဖြစ်သည်။

ရေကျော်ကြီးချောင်းရိုး တစ်လျှောက်မှာတော့ ထင်းပေါက်ခြမ်း လာတင်သော စီဘီနှင့် တုံကင်းများ။ ကျောက်ချရပ်နားထားကြလေသည်။





ကျွန်ုပ်တို့ စီးလာသော ယန္တရားသင်္ဘောမှာ ချောင်းတွင်းသို့ ရောက်လာသောအခါ ချောင်းရိုးတစ်လျှောက်မှာ လှေ၊ သမ္ဗန်များ ရှိသည်ကတစ်ကြောင်း၊ တုံကင်းနှင့် စီဘီများ ရှိသည်က တစ်ကြောင်းကြောင့် စက်ရှိန်လျှော့ကာ ဖြည်းဖြည်း မောင်းဝင်လာရသည်။

အချို့လှေငယ်ကလေးများမှာ ထင်းတုံးများကို လှေအပြည့် တင်ထားသဖြင့် လှေမှာ ရေထဲသို့ ဝပ်နေသောကြောင့် ယန္တရားလှိုင်းဖြင့် မိလျှင် နစ်မြုပ်သွားမည်ဖြစ်သည်ကြောင့် ယခုကဲ့သို့ အရှိန်လျှော့ဝင်ရခြင်းဖြစ်သည်။

သစ်တောရုံးမှာ ချောင်းဝပိုင်းမှာပင် ရှိသည်။

ကမ်းစပ်မှ ရေနက်ပိုင်းအထိ ရောက်အောင် သစ်ရာသားဘံတားကြီး ထိုးထားပြီး ဆိုင်းဘုတ်တစ်ချပ် ကပ်ထားသည်။

ဆိုင်းဘုတ်မှာ အစိမ်းရောင်ပေါ်မှာ အဖြူရောင် စာလုံးဖြင့် ရေးထားသည်။

အစိုးရ– အကောက်ခွန် သစ်တောစခန်းရုံး။

ဘိုကလေးမြို့နယ်၊ ဖျာပုံခရိုင်။

ဟူ၍ ဖြစ်ပေသည်။

ကျွန်ုပ်တို့သင်္ဘော ဘံတားသို့ ဆိုက်ကပ်သောအခါ ကမ်းပေါ်မှ တောအုပ် တောခေါင်းများ ဆင်းလာကြသည်။

ထိုအထဲတွင် တောအုပ်ကြီး ဦးမွန်ထော်လည်း ပါလာသည်။

ဦးမွန်ထော်မှာ ဝါရင့် သစ်တောဝန်ထမ်းတစ်ဦးဖြစ်ပြီး တောအတွေ့အကြုံများနှင့် ပတ်သက်၍ ကျွမ်းကျင်လှသူ ဖြစ်ပေသည်။

သူသည် အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိပြီဖြစ် သော်လည်း ကျန်းမာသန်စွမ်းစွာဖြင့် သစ်တောအလုပ်များကို သံယောဇဉ်ကြီးစွာ လုပ်ကိုင်နေသူဖြစ်သည်။

ဦးမွန်ထော်က ကျွန်ုပ်အား တွေ့မြင်သောအခါ ကွမ်းချေး များ တက်နေသော သွားများပေါ်အောင် အားပါးတရ ပြုံး၍ နှုတ်ဆက်လေသည်။

"ဆရာကြီး ရောက်လာမယ်ဆိုတာတော့ သတင်းကြား ပါတယ်၊ ဒါပေမယ့် အခုလို ချက်ချင်းကြီး ရောက်လာမယ် မထင်လို့ စားဖို့သောက်ဖို့ ဘာမှတောင် လုပ်မထားရဘူး မနက်စာ ထမင်းစားပြီးကြပြီလား ဆရာကြီး"

"ပြီးပါပြီ ဦးမွန်ထော်၊ သင်္ဘောပေါ်မှာပဲ စားလိုက်ကြ တယ်၊ အမှန်တော့ ဒီကိုလာဖို့ မဟုတ်သေးဘူးဗျ၊ ကဒ္ဒံ ဘက်ကို ဆင်းလာရင်းနဲ့ လမ်းသင့်လို့ လှည့်ဝင်လာတာပါပဲ၊ ဒီစခန်းမှာရော အခြေအနေ ထူးခြားတာတွေ ရှိသေးလား"

"ရှိတယ် ဆရာကြီး၊ စခန်းရောက်မှ အေးအေးဆေး ဆေး ပြောပြမယ်"

ဟုပြောသဖြင့် ကျွန်ုပ် ဦးဗန်ကောင်းနှင့် သစ်တော ဝန်ထမ်းများ၊ ဦးကျော်အောင်တို့ သုံးယောက်အပြင် လှေကြ





က်လာသော မြေးအဘွားနှစ်ယောက်လည်း အပေါ်သို့ က်လာကြသည်။

ရေကျော်ကြီး သစ်တောစခန်းမှာ အတော်အတန် ယ်ဝန်းသော နေရာဖြစ်သည်။

ပျဉ်ကာ၊ ခနိမိုး နှစ်ထပ်ဖြစ်ပြီး အပေါ်ထပ်မှာ ဝန်ထမ်း ား နေပြီး အောက်ထပ်မှာတော့ ရုံးခန်းသဖွယ် ပြုလုပ် ားသည်။

ကျွန်ုပ်တို့တစ်တွေသည် အောက်ထပ်မှာပင် နေရာယူ ကြသောအခါ မကြာမီမှာပင် ရေနွေးကြမ်းခါးခါး၊ အသား ခြောက်၊ ငါးခြောက်မီးဖုတ် ဆီဆမ်း၊ ထန်းလျက်ပန်းကန် ား လာရောက်ချပေးသည်။

အလယ်မှာတော့ ဦးမွန်ထော်ပစ္စည်း ဖြစ်ဟန်တူသော ကွမ်းအစ်ကြီးတစ်လုံး ရှိသည်။

အတန်ငယ် အမောအပန်း ပြေပြီးသောအခါ ဦးမွန် ထော်က ဤသို့ ပြောပြလေသည်။

"ဒီမှာတော့ ဝန်ထောက်မင်းတို့ မရောက်ခင်အချိန် အထိ ထူးခြားတာတွေ ရှိနေတယ်"

"ဘာတွေများလဲဗျ"

"ကျွန်တော်တို့ တလောက သစ်ကွက်တွေ ထပ်ချလို့ တောင်ဘက်ကုန်းတန်းတွေဘက် ရောက်သွားကြတယ်၊ အဲဒီ နေရာက မရမ်းချောင်းဖျားဘက်က၊ မရမ်းကုန်းတန်းလို့ ခေါ်တဲ့ နေရာပဲ၊ အဲဒီရောက်တော့..."

ဟုဆိုကာ ဦးမွန်ထော်က အောက်ပါအကြောင်းများကို ပြောပြလေသည်။

ဆောင်းဦးပေါက် ရာသီက ဦးမွန်ထော် ခေါင်းဆောင်သော ရေကျော်ကြီးစခန်းမှ သစ်ကွက်ရှာဖွေရေးအဖွဲ့သည် ဓားလုံ လေးမြားနှင့် သေနတ်အချို့ ယူဆောင်ကာ ကုန်းတန်းဘက်သို့ တက်ခဲ့ကြသည်။

သူတို့အဖွဲ့မှာ ငါးယောက်ဖြစ်ပြီး သောက်ရေနှင့် စားနပ်ရိက္ခာများပါ ယူဆောင်ခဲ့ကြသည်။

တောနက်အတွင်းသို့ ရောက်သောအခါ မမျှော်လင့်ဘဲ တောဆင်ရိုင်းအုပ်များနှင့် တွေ့သဖြင့် တိမ်းရှောင်ရင်းနှင့် မိမိတို့ သတ်မှတ်ထားသော နယ်မြေကိုကျော်ကာ အခြားနေရာသို့ ရောက်သွားကြလေသည်။

သူတို့ရောက်သွားသော နေရာမှာ မြို့ပျက်ဟောင်းတစ်နေရာပင် ဖြစ်တော့သည်။

အလွန်ကြီးသော ဘုရားပျက်ကြီး တစ်ဆူနှင့် အခြားဘုရားအပြိုအပျက်များ၊ အုတ်ပုံဟောင်းများ၊ မရမ်းချောင်းရိုးတစ်လျှောက် ရေတစ်ဝက် ကုန်းတစ်ဝက် ဖြစ်နေသော အုတ်ရိုးလမ်းများ၊ ကန်ပေါင်ပေါ်မှာ ညောင်ပင်ကြီးတစ်ပင်ရှိသော ရေကန်ကြီးတစ်ကန်နှင့် တောထဲမှာ ထူးဆန်းစွာပေါက်နေသော သရက်ပင်၊ ဝိန္နဲပင်နှင့် မရန်းပင်များကို တွေ့ကြရသည်။





သူတို့တစ်တွေမှာ အံ့သြလွန်းသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် လိုက်လံ ကြည့်ရှုနေကြစဉ် ဘုရားအနောက်ဘက်မှ အထက်အောက် အညိုရောင် ဝတ်စုံဝတ်ထားသော အဘိုးအိုတစ်ဦး ထွက်လာသည်။ အသက်အရွယ်ကတော့ အတော့်ကို ကြီးရင့်နေလေပြီ။

"ဘယ်ကလာကြတာလဲ"

"ကျွန်တော်တို့ ရေကျော်ကြီးထင်းပွဲစခန်းက လာကြတာပါ အဘ"

"ဒီဘက်ကို ဘာလာလုပ်ကြတာလဲ"

"ဒီဘက်ကို သစ်ကွက်လိုက်ကြည့်ရင်းနဲ့ ရောက်လာတာပါ၊ တကယ်တော့ ဒီနေရာကို ရောက်လာတာ တောဆင်ရိုင်းတွေကို ရှောင်ရင်းနဲ့ ရောက်ခဲ့ကြတာပါ"

"ဒါပေမယ့် ဒီနားတစ်ဝိုက်မှာရှိတဲ့ သစ်တွေကိုတော့ လှဲဖြတ်လို့ မရဘူး လူကလေးတို့"

"ဒီနေရာက ဘယ်လိုနေရာမျိုးလဲ အဘ"

"ဒီနေရာမှာ ရှေးနှစ်ပေါင်းများစွာက မွန်လူမျိုးတွေ နေထိုင်ခဲ့ကြတဲ့ မြို့ဟောင်းကြီးပဲ၊ ဒီဘုရားကြီးက သူတို့တည်ခဲ့တဲ့ ဘုရားကြီးပေါ့၊ ဒါပေမယ့် အပြီးမသတ်နိုင်ခဲ့ကြဘူး"

"အခု အဘက ဒီနေရာမှာ ဘာကိစ္စနဲ့ ရောက်နေတာလဲ"

"အဘက ဒီမှာ အမြဲနေတာပါ"

"ဘယ်သူနဲ့ နေတာလဲဟင်"

"အဘတစ်ယောက်တည်းပဲ နေတာပါ"

"ဟင်... တစ်ယောက်တည်းနေတာ ဟုတ်လား။ ဘာကိစ္စရှိလို့ ဒီလောက်နက်တဲ့ တောကြီးထဲမှာ မကြောက်မရွံ့ တစ်ယောက်တည်း နေတာလဲဟင်"

"ဘုရားတည်မယ့် ဒါယကာကို စောင့်နေရတာပေါ့ကွယ်"

"ဘယ်ဘုရားလဲဟင်"

"ဒီဘုရားပေါ့ကွယ်"

ဟု မလှမ်းမကမ်း၌ရှိသော ဘုရားဟောင်းတစ်ဆူအား လက်ညှိုးထိုးပြလေသည်။

စေတီဟောင်းကြီးမှာ အတော်ကြီးပြီး တစ်ဝက်တစ်ပျက်ခန့်သာ ရှိသည်။ တည်ထားသော အုတ်ချပ်ကြီးများမှာ ပြက်၊ အလျား လွန်စွာကြီးသော ရှေးခေတ်သုံး အုတ်ကြီးများ ဖြစ်သည်။

သစ်ပင်နှင့် ရေညှိ, ရေမှော်များ တွယ်ကပ်နေသော ကြောင့် မြေပုံကြီးတစ်ခုအနေနှင့်သာ မြင်ရလေသည်။

"ဒီစေတီတော်ကြီးကို ရှေးကလူတွေ တည်သွားကြတာပဲ၊ အပြီးမသတ်သွားနိုင်ခဲ့ကြဘူး။ ဒီဘုရားကို တည်ခဲ့ကြတဲ့ လူတွေက ဒီဘုရားကြီးပြီးမှ ဘဝဟောင်းက ကျွတ်ကြ





လွှတ်ကြမှာဆိုတော့ အခု ဘုရားကြီးက အပြီးမသတ်နိုင်တော့ သူတို့လည်း ဘယ်မှ မသွားနိုင်ကြဘူးကွယ်၊ ဒီဘုရားမှာပဲ နောက်တည်ပေးမယ့်လူကို စောင့်နေကြရရှာတယ်"

"ဟင်..."

ထိုစကားကြောင့် ကြားရသူများမှာ တအံ့တသြ ဖြစ်သွားကြလေသည်။

အချို့က ဘုရားဝန်းကျင်သို့ လှမ်းကြည့်ကြသည်။

သစ်ပင် ချုံနွယ်များမှလွဲ၍ အခြား လှုပ်ရှားမှု ဘာမှ မတွေ့ကြရပေ။

"နာမ်လောကကို ရောက်သွားတဲ့ လူတွေဟာ သိပ်ပြီး သနားဖို့ကောင်းတယ်၊ သူတို့က ဘာမှမလုပ်နိုင်တော့ လုပ်ပေးနိုင်မယ့် လူတွေကို အားကိုးကြရတယ်၊ အကူအညီ တောင်းချင်ကြတယ်၊ ဒါပေမယ့် တစ်ခု ခက်တာက လူတွေက သူတို့ကို မတွေ့ချင်ကြဘူး။ ကြောက်ရွံ့ကြတယ်၊ မြင်တာနဲ့ ဘုရားစာ, တရားစာ ရွတ်ပြီး နှင်ထုတ်ဖို့ လုပ်ကြတာချည်းပဲ"

ဦးမွန်ထော်မှာ အဘိုးအိုထံမှ ထိုစကားကို ကြားသော အခါ များစွာ စိတ်ဝင်စားမှု ဖြစ်မိလေသည်။

"ဘယ်လို နှင်ထုတ်တာလဲ အဘ"

"ဝိညာဉ်လောကကို ရောက်နေကြတဲ့ လူတွေဟာ အဆင်းအသွင်အပြင် မတင့်တယ်ကြဘူး။ သူတို့က ကောင်းတဲ့ ကိစ္စနဲ့ပဲ လာလာ၊ မကောင်းတဲ့ကိစ္စနဲ့ပဲ လာလာ သူတို့အနား

ရောက်လာတာနဲ့ လူတွေက လန့်ကြတယ်၊ ရုပ်ဆင်းအသွင် အပြင်ကို မြင်ရင် ပိုကြောက်ကြတယ်၊ ဒါကြောင့် သရဲခြောက် လှန့်တယ်ဆိုပြီး ရသမျှ ဘုရားစာ, တရားစာတွေ ရွတ်ပြီး အဝေးနှင်ထုတ်ဖို့ ကြိုးစားကျတော့တာပါပဲကွယ်"

"ခြော်..."

"မြတ်စွာဘုရား နှုတ်က မြွက်ကြားခဲ့တဲ့ တရားဒေသနာ ကို ဝိညာဉ်လောက,က လူတွေက သိပ်ပြီး ကြောက်ကြရ တယ်၊ ပရိတ်ရွတ်တာ မဆိုထားနဲ့၊ ကြေးစည်သံကလေး လောက် ကြားရင်ပဲ မခံနိုင်လို့ အဝေးကို ပြေးကြရတယ်၊ ပရိတ်ရွတ်သံကြားရင်တော့ ဆိုဖွယ်ရာ မရှိတော့ဘူးပေါ့ ကွယ်"

"ရဟန်းသံဃာတော်တွေ ကြွလာတာမြင်ရင် သင်္ကန်း တော်နဲ့ မထိမိအောင် အတင်းရှောင်ကြရတယ်"

"ဘာနဲ့တူသလဲဆိုတော့ ပွဲခင်းတစ်ခုထဲကို ကြောက်လန့် စရာ တစ်ခုခု ဝင်လာလို့ အလန့်တကြား ပြေးကြရသလို ပါပဲ၊ လူတွေကသာ မမြင်ရလို့ မသိကြတာ၊ သူတို့မှာတော့ လဲသူလဲ၊ ကွဲသူကွဲနဲ့ ပေါ့ကွယ်၊ ဒါကို သိတော်မူတဲ့ ရဟန်း သံဃာတော်တွေဟာ အကြောင်းကိစ္စရှိလို့ အပြင်ကို ထွက်မယ် ဆိုရင် သင်္ကန်းတော်ကို စနစ်တကျ လိပ်ထိုးပြီးမှ ထွက်ကြတာ၊ ဒါကြောင့်ပေါ့ကွယ်"

ဟု ပြောပြလေသည်။





ဦးမွန်ထော်၏ မျက်စိထဲမှာတော့ လူအုပ်ထဲသို့ ထိတ်လန့် စရာ ဝင်လာသဖြင့် ဆောက်တည်ရာမရ အော်ဟစ်ပြေးလွှား နေသော ပုံရိပ်များအား မြင်ယောင်နေမိလေသည်။

"ဒါကြောင့် အခု ငါ့မြေးတို့ ကြုံကြိုက်လို့ ရောက်လာ ကြတုန်းမှာ အားလုံးရဲ့ကိုယ်စား အဘက အကူအညီတောင်း ပါရစေကွယ်"

"ပြောပါ အဘ"

"ဟောဒီ စေတီတော်ကြီး အပြီးသတ်အောင် တည်နိုင် ရင် ဘဝဟောင်းက ကျွတ်ကြလွတ်ကြမယ့် လူတွေ အများကြီး ရှိပါတယ်၊ ဒါ့ကြောင့် ငါ့မြေးတို့အနေနဲ့ ကုသိုလ်အကျိုး ဆောင်တဲ့အနေနဲ့ ဘုရားကြီးပြီးအောင် တည်ပေးဖို့အတွက် အကူအညီ တောင်းပါရစေကွယ်"

ထိုစကား ကြားသောအခါ ဦးမွန်ထော်မှာ အတန် ကြာအောင် စဉ်းစားနေရတော့သည်။

အဘယ်ကြောင့်ဆိုသော်...

ကတိတစ်လုံး ပေးပြီးလျှင် တည်အောင်လုပ်ရသော ကိစ္စမျိုးဖြစ်သည်။

ဘုရားတည်သော ကိစ္စမှာ လွယ်ကူသောကိစ္စ မဟုတ် ပေ။

လူအင်အား ငွေအင်အား များစွာသုံးရသော ကိစ္စပေမို့ အလွယ်တကူ ကတိပေး၍တော့ မဖြစ်ပေ။

သို့ကြောင့်...

"အဘိုးပြောတာကို လက်ခံပြီး ကျွန်တော်တို့ ကြိုးစား ဆောင်ရွက်ပေးပါ့မယ်၊ တကယ်လို့ ဆောင်ရွက်ရတော့မယ် ဆိုရင် ဘယ်သူနဲ့ ဆက်သွယ်ရမလဲဆိုတာလည်း တဆိတ် လောက် ပြောပါဦး"

"ကဒုံမှာ ဦးဘာဘူဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ သူနဲ့ ဆက်သွယ်ဆောင်ရွက်ရင် ရပါတယ်"

"ကျွန်တော်တို့ ထင်းပွဲစခန်း ပြန်ရောက်တဲ့အခါ အားလုံးနဲ့ တိုင်ပင်ပြီးတော့ ဒီဘုရားတည်ဖို့ စီစဉ်ဆောင် ရွက်ပေးပါမယ်လို့တော့ ကတိပေးခဲ့ပါတယ်"

"သာဓုကွယ်...သာဓု...သာဓု"

ထို့နောက်...

ဦးမွန်ထော်တို့တစ်တွေမှာ အဘိုးအို ညွှန်ပြသော လမ်းအတိုင်း ပြန်ခဲ့ကြရာ မိမိတို့စခန်းသို့ ချောမောစွာ ပြန်လည်ရောက်ခဲ့ကြလေတော့သည်။

"အဲဒါပါပဲ ဆရာကြီး။ ကျွန်တော်လည်း ဘုရားတည်ဖို့ ကိစ္စဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်လေတော့ ဆရာကြီးတို့ အလာကို စောင့်နေကြတာ"

ဟု ဦးမွန်ထော်က ပြောပြလေသည်။

"အင်း... ဘုရားတည်တယ်ဆိုတာကတော့ ကောင်းတဲ့ ကိစ္စပါပဲ၊ ဒါပေမယ့် ကျုပ်တို့တစ်တွေက အလုပ်တာဝန်





တစ်ဖက်နဲ့ ဝန်ထမ်းတွေဖြစ်ကြလေတော့ ဒီကိစ္စကို လုပ်နိုင်ဖို့ တော့ မလွယ်လှဘူး။ ရှေ့က ဦးဆောင်ပြီး လုပ်ပေးမယ့်လူ ရှိရင် နောက်ကနေ လိုတာအကူအညီပေးတာလောက်တော့ လုပ်ပေးနိုင်ပါတယ်"

"အဲဒီ အဘိုးပြောလိုက်တာကတော့ ကဒုံမှာ ဦးဘာဘူ ဆိုတဲ့ လူတစ်ယောက်ရှိတယ်တဲ့၊ ဆရာကြီးတို့ ကဒုံရောက်ရင် ဦးဘာဘူကို စုံစမ်းကြည့်ပါလား"

"အင်း... စုံစမ်းပါမယ်၊ ဒါပေမယ့် ဦးဘာဘူကို တွေ့ ပေမယ့်လည်း သူတစ်ယောက်တည်းနဲ့တော့လည်း ပြီးမှာ မဟုတ်ဘူး။ ဘုရားတည်တော့မယ်၊ ပြုပြင်တော့မယ်ဆိုရင် အမှားအယွင်း မရှိဖို့ အရေးကြီးတယ်၊ ဒါကြောင့် ဒီအကြောင်း တွေကို သိတဲ့ ဆရာတော်တစ်ပါးပါးနဲ့ တိုင်ပင်ပြီးလုပ်မှ ဖြစ်မယ် ဦးမွန်ထော်ရဲ့"

ကျွန်ုပ်ထံမှ ထိုစကား ကြားကြသောအခါ အနီးမှ နားထောင်နေသော ဦးဖန်ကောင်းက...

"ဒီအတွက်များ ပူစရာမရှိပါဘူး ဆရာကြီးရယ်၊ ကျွန်တော်တို့ လုပ်ဖြစ်တယ်ဆိုရင် ကုံကော်တစ်ထောင် ဆရာတော်ကြီးကို လျှောက်ထားပြီး ဆရာတော် မိန့်ကြားတဲ့ အတိုင်း ဆောင်ရွက်ကြရင် ဖြစ်ပါတယ်"

ဟုပြောလေရာ ကျွန်ုပ်မှာ ဦးဖန်ကောင်း စကားကို ကြားသောအခါ များစွာ စိတ်ကျေနပ်မှု ဖြစ်သွားမိလေသည်။

ကျွန်ုပ်၏ စိတ်ထဲမှာလည်း ဦးမွန်ထော် ပြောသော ကိစ္စအား အောင်မြင်အောင် ဆောင်ရွက်မည်ဟု ဆုံးဖြတ်လိုက်မိသည်။

ထိုနေ့က သစ်တောနှင့်ပတ်သက်သော၊ ထင်းပွဲစခန်းနှင့် ပတ်သက်သော ကိစ္စများအား စစ်ဆေးဆောင်ရွက်နေရသောကြောင့် တဖြည်းဖြည်းနှင့် မိုးချုပ်သွားသဖြင့် ခရီးမဆက်နိုင်တော့ပေ။

နောက်တစ်နေ့ နံနက်စောစောမှ ခရီးဆက်ရန် တိုင်ပင်ပြီး ရေကျော်ကြီး သစ်တောရုံးမှာ တစ်ည နားကြလေသည်။

ညဘက်တွင် ဦးမွန်ထော်တို့ စီစဉ်ချက်ပြုတ် ကျွေးမွေးသော ထမင်းဟင်းများမှာ တောထမင်း၊ တောဟင်း ဖြစ်စေကာမူ ခံတွင်းမြိန်စရာ ကောင်းလှပေသည်။

ကျွန်ုပ်တို့ ထမင်းစားပြီးသောအခါ ယူဘီပေါ်မှာ လူကြုံလိုက်လာသော မြေးအဘွားနှစ်ယောက်ကို ထမင်းကျွေးရန် ပြောလိုက်သဖြင့် လိုက်ရှာသောအခါ စခန်းရုံး အနီးဝန်းကျင်တစ်ဝိုက်မှာ မြေးအဘွားနှစ်ယောက်စလုံးကို မတွေ့ရတော့ပေ။

ကိစ္စရှိသောကြောင့် ပွဲစားတန်းဘက်များ သွားကြလေရော့သလားဟု တောခေါင်းတစ်ယောက်အား လိုက်လံရှာဖွေနိုင်းသော်လည်း ပွဲတန်းသာ ဆုံးသွားကြပေမယ့် ဘယ်လိုမှ ရှာမတွေ့သဖြင့် တောခေါင်းကလေးက ပြန်လာပြီး ကျွန်ုပ်အား





အကျိုးအကြောင်း ပြန်ပြောပြရာ ကျွန်ုပ်မှာ များစွာ အံ့သြမှုဖြစ်မိလေသည်။

ညော်သည်နှစ်ယောက်မှာ ဘယ်ရောက်သွားသလဲ။

ပွဲစားတန်းမှာ တောနက်ထဲမှာ တည်ထားတာ ဖြစ်သောကြောင့် ပွဲတန်းနယ်နိမိတ်မှလွဲ၍ အခြား မည်သည့်နေရာကိုမှ သွားလို့မရပေ။

နေ့ခင်းဘက်ဆိုလျှင်တော့ မထောင်းတာပေ။

ယခုအချိန်မရှိတော့သောအခါတွင် ပွဲတန်းမှ လွဲ၍ အခြားနေရာသို့ သွား၍ မရပေ။

အကယ်၍ သွားမိလျှင်လည်း တောကောင်အန္တရာယ်များနှင့် မုချကြုံတွေ့ရမှာ မလွဲပေ။

ထိုညက ကျွန်ုပ်မှာ ထူးဆန်းစွာ ပျောက်ဆုံးသွားသော မြေးအဘွားနှစ်ယောက်ကြောင့် စိတ်တထင့်ထင့် ဖြစ်နေသောကြောင့် ကောင်းစွာ အိပ်မပျော်ခဲ့ပေ။

## အခန်း ( ၆ )

# ကတိ မ,တည်သူ၏ နိဂုံး

တိမ်တိုက်များအား ထိုးဖောက်ဆင်းလာသော လရောင်သည် ပင်လယ်ပြင်ပေါ်သို့ ဖြာကျနေသည်။

လေတဖြူးဖြူးနှင့် လှိုင်းကြပ်ခွပ်ကလေးများ ထ,နေသော ပင်လယ်မျက်နှာပြင်ပေါ်မှာ ငွေရောင်ဆမ်းထားသည့်နှယ် တလက်လက် တောက်ပလျက်ရှိသည်။

ကမ်းစပ်သို့ ပြေးတက်လာသော လှိုင်းခတ်သံနှင့် တောတန်းဘက်ဆီမှ ညည့်ငှက်အော်မြည်သံများမှအပ ပတ်ဝန်းကျင်တစ်ဝိုက် တိတ်ဆိတ်ငြိမ်သက်နေသည်။



ပျဉ်ဒရယ်သောင်တန်းပေါ်သို့ ဖြာကျနေသော လရောင်အောက်တွင် တရွေ့ရွေ့ လှုပ်ရှားနေကြသော ကဏန်းကလေးများ၊ ငါးပုံပိုးလေးများကို အဝေးမှပင် လှမ်းမြင်နိုင်သည်။

မျက်စိတစ်ဆုံး လှမ်းမြင်နေရသော ပင်လယ်ပြင်ဘက်ဆီသို့ မျှော်ကြည့်ပါလျှင်။

မှုန်မှုန်မှိုင်းမှိုင်းနှင့် အဆုံးအစ မမြင်နိုင်သော မြင်ကွင်းကြောင့် အလွမ်းဓာတ်ခံရှိသူများအဖို့ လွမ်းအားပိုချင်စရာ မြင်ကွင်းမျိုးဖြစ်ပေသည်။

ပျဉ်ဒရယ်သောင်စပ်မှာတော့ လူတစ်ယောက် ရှိနေသည်။ အသက် ၆၀–ကျော်အရွယ်ခန့်ရှိ အဘွားအိုတစ်ဦးဖြစ်သည်။

၎င်းမှာ “အဘွားမျှင်” ဖြစ်သည်။

အဘွားမျှင်သည် ညဦးပိုင်း လရောင်အောက်မှာ မြင်နေရသော ပျဉ်ဒရယ်စေတီတော်ရှိရာသို့ သီဝေသော မျက်လုံးများဖြင့် မျှော်၍ကြည့်နေလေသည်။

အဘွားမျှင်သည် အသက် ၆၀–ကျော် အရွယ်ရှိသည့်တိုင်အောင် ကျန်းမာသန်စွမ်းလျက်ရှိပြီး ပျဉ်ဒရယ်သောင်စပ်ဘက်နေရာ တဲတစ်လုံးဖြင့် တစ်ကိုယ်တည်း နေထိုင်သူဖြစ်သည်။

ပျဉ်ဒရယ်မြို့ဟောင်းနေရာမှာ အမာရှာ ချောင်းဝပိုင်းမှာရှိသောကြောင့် လူနေအိမ်များနှင့် ဝေးလှပေသည်။

အမာရွာမှာ ချောင်းတွင်းပိုင်းဘက်မှာ ရှိသည်။

ချောင်းဝမှ ရွာသို့ရောက်ရန် အတော်ကြာအောင် သွားရသည်။

ချောင်းဝပိုင်းမှာတော့ သောင်ပြင်များ၊ လမုတောများ၊ သစ်တောများသာ၊ပြီး ချောင်းဝကျွန်းပေါ်မှာတော့ စေတီတစ်ဆူ ရှိသည်။

ပျဉ်ဒရယ်သောင်အား အစွဲပြုပြီး "ပျဉ်ဒရယ်စေတီတော်" ဟူ၍ အလွယ်တကူ ခေါ်ကြလေသည်။

နေ့အခါပင် ဖြစ်လင့်ကစား ထိုဘုရားတစ်ဝိုက်ကိုတော့ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း မလာဝံ့ကြပေ။

တစ်ခါတစ်ရံမှာတော့ အမာရွာမှသော်လည်းကောင်း၊ ကဒုံဘက်ကမ်းမှသော်လည်းကောင်း ရွာသူ ရွာသားများ တစ်စုတစ်ဝေး ရောက်လာကာ စေတီတော်တွင် သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း အစရှိသည်တို့ ကပ်လှူခြင်းတို့ ပြုလုပ်ကြသည်။

ကျန်အချိန်မှာတော့ ဘုရားတစ်ဝိုက်နှင့် ပတ်ဝန်းကျင်မှာ မည်သူ တစ်ဦးတစ်ယောက်မှ တကူးတက လာရောက်ကြသည် မရှိကြပေ။

ထူးဆန်းသောအချက်မှာ...

သောင်စပ်နှင့် တောစပ်တွင် တစ်ယောက်တည်းနေသော အဘွားမှျင်ကတော့ ထိုနေရာတွင် တစ်ယောက်တည်း နှစ်ပေါင်း





များစွာကြာအောင် နေထိုင်ခဲ့သော်လည်း မည်သည့်အနှောင့် အယှက် တစ်စုံတစ်ရာမှ မတွေ့ရသလို အန္တရာယ်လည်း မရှိခဲ့ပေ။

အဘွားမှျင်သည် မှုန်ရေးရေး လှမ်းမြင်နေရသော ပျဉ်ဒရယ်ဘုရားနှင့် ပျဉ်ဒရယ်သောင်တန်းဆီသို့ မျှော်ကြည့်ရင်း ရင်ထဲတွင် တစ်စုံတစ်ရာအား လွမ်းဆွတ်ကြေကွဲလျက် ရှိနေသည်။

မှုန်သီလျက်ရှိသော မြင်ကွင်းထဲမှာ ပင်လယ်ကမ်းခြေရှိ သောင်တန်းများပေါ်တွင် စည်ကားသော မြို့ကြီးတစ်မြို့အား ပြောင်းလဲမြင်ယောင်လျက် ရှိနေတော့သည်။

မြို့အတွင်းအပြင် ဝန်းကျင်မှာလည်း ရေးခေတ် အဝတ် အစားများနှင့် သွားလာလှုပ်ရှားနေကြသော ယောကျ်ား၊ မိန်းမများ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများ၊ နေအိမ်များ၊ အဆောက် အအုံများကို တွေ့နေရသလို၊ ထိုနေရာများဆီမှ ဆူညံသော လူသံ သူသံများကိုလည်း ကြားနေရသည်။

ထိုမြို့ထဲမှာ သွားလာလှုပ်ရှားနေကြသည့် လူများမှာ မိမိနှင့် တစ်ချိန်တစ်ခါ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးကြောင်း စိတ်ထဲမှာ အလိုလို သိနေမိသည်။

အဘွားမှျင်စိတ်ထဲမှာ ထိုမြင်ကွင်းကို ကြည့်နေရင်း ရင်ထဲမှာ ကြည်နူးချမ်းမြေ့မှုကြောင့် ပါးရေနားရေများ တွန့်လျက် ရှိသော နုတ်ခမ်းပေါ်မှာ အပြုံးရိပ်ကလေးများ ယှက်သန်း

လာသည်။ မျက်လုံးအိမ်မှာ မျက်ရည်ကြည်ကလေးများ ရစ်ဝဲလာသည်။

ထိုသို့ လှမ်းကြည့်နေစဉ် မြင်ကွင်းထဲမှာ ပင်လယ်ပြင်ကြီးတစ်ခုလုံး ညို့ညို့မှိုင်းမှိုင်း ဖြစ်လာကာ ချက်ချင်းဆိုသလို လေပြင်းများ တိုက်ခတ်လာသည်။

ရေပြင်ပေါ်မှာ လှိုင်းလုံးကြီးများ ထကြွလာသည်။

"ဟင်... မုန်တိုင်း၊ မုန်တိုင်းတွေ ဝင်လာပါပေါ့လား"

အဘွားမျှင် တိုးညင်းစွာ ရေရွတ်နေစဉ်မှာပင် ပင်လယ်ပြင်ဘက်မှ တက်လာသော လှိုင်းလုံးကြီးများသည် ပျဉ်ဒရယ်မြို့ပေါ်သို့ ဖုံးအုပ်သွားလေတော့သည်။

"အလို... ဘုရား... ဘုရား"

လှမ်းကြည့်နေစဉ်မှာ မြို့ကြီးတစ်ခုလုံး ပင်လယ်ပြင်ရေအောက်သို့ နစ်မြုပ်ပျောက်ဆုံးသွားလေတော့သည်။

အဘွားမျှင် မျက်လုံးထဲမှာ ထိုမြင်ကွင်း ပျောက်သွားသောအခါ ပါးပြင်တစ်ဖက်တစ်ချက်ပေါ်သို့ မျက်ရည်များ တစ်ပေါက်ချင်း စီးကျလာလေတော့သည်။

ခဏကြာတော့ ထိုနေရာမှာ ပကတိသောင်ပြင်ကြီး အတိုင်းပင် ပြန်မြင်ရလေ၏။

စောစောက မြင်နေရသော မြို့ကြီးနှင့် လူများအား မတွေ့ရတော့ပေ။



သည်နောက်ပိုင်းမှာ ထိုမြို့ဟောင်းနေရာသို့ တစ်ယောက်စ၊ နှစ်ယောက်စ ရောက်လာကာ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများ လာရောက်ရှာဖွေကြသည်။

သို့စေကာမူ...

လာကြသည့်လူတိုင်း အနှောင့်အယှက် တစ်ခုမဟုတ် တစ်ခု တွေ့ကြရသောကြောင့် နောက်ပိုင်းတွင် ထိုနေရာသို့ တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း မလာဝံ့ကြတော့ပေ။

ထိုနေရာတွင် နေထိုင်သူဆိုလို့ အဘွားမျှင်တစ်ယောက်သာ ရှိသည်။

အဘွားမျှင်ကတော့ ပျဉ်ဒရယ်မြို့ဟောင်း တောစပ်မှာ တဲတစ်လုံးနှင့် တစ်ယောက်တည်း နေသည်။

ရင်းနှင့် သိကျွမ်းသူများက အမာရွာထဲသို့ ရွှေ့ပြောင်းနေရန် ပြောကြသော်လည်း လက်မခံပေ။

အဘွားမျှင် ထိုနေရာတွင်နေသော အဓိကအကြောင်း တစ်ရပ်မှာ ပျဉ်ဒရယ်ဘုရားနှင့်ပတ်သက်၍ ဝေယျာဝစ္စဆောင်ရွက်ရန် ကိစ္စဖြစ်ပေသည်။

ဘုရားတွင် ဆီမီး၊ အမွှေးနံ့သာ၊ ရေချမ်း၊ ဆွမ်း၊ ပန်း အစရှိသည်တို့ကို နေ့စဉ် ကပ်လှူခြင်း၊ ဘုရားရှိခိုးခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်းများ ပြုလုပ်လေ့ရှိသည်။

ထိုအလုပ်များမှလွဲ၍ အခြားဘာမှ မလုပ်ပေ။

ဘုရားဝေယျာဝစ္စ ပြုလုပ်ရန်အတွက်သော်လည်းကောင်း၊ ဒါမှမဟုတ် စားစရာ သောက်စရာ ကုန်သွားလျှင်သော်လည်း ကောင်း ပျဉ်ဒရယ်မြို့ပေါင်း သောင်တန်းဘက်သို့ ဆင်းသွားလျှင် သူ့အတွက် ပစ္စည်းတစ်ခုခု ရသည်ချည်းဖြစ်၏။

အခြားသူများလည်း မြို့ပေါင်းသောင်ပေါ်သို့ ပစ္စည်းများ လာရောက်ရှာကြသော်လည်း ရွှေတို ရွှေစ တစ်ခုတစ်လေ ရရှိဖို့ မသေချာသော်လည်း အဘွားမျှင်အနေနှင့် လိုအပ်၍ ပစ္စည်းရှာပါက ပစ္စည်းမရသည့်အခါ မရှိခဲ့ပေ။

သို့စေကာမူ...

အတုံးအခဲလိုက်၊ အထုပ်အထည်လိုက်တော့ ရရှိသည် မျိုးတော့ မရှိခဲ့ဘူးပေ။

အဘွားမျှင်သည် သူရှာဖွေရသော ပစ္စည်းအတိုအစများကို အမာရွာထဲမှ ရွှေတို ရွှေစ၊ ငွေတို ငွေစ ဝယ်ယူသူများထံသို့ သွားရောက်ရောင်းချခါ ရသမျှငွေကြေးဖြင့် လိုအပ်သော ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ဝယ်ယူခါ သူ့နေရာသို့ ပြန်လာလေ့ရှိသည်။

ထူးဆန်းသောအချက်မှာ အမာရွာရှိသော နေရာနှင့် ချောင်းဝမှာ အတော်အတန် ဝေးသော်လည်း အဘွားမျှင် ဈေးဝယ်သွားတော့မည်ဆိုလျှင် ကမ်းစပ်၌ လှေကြုံလှေတစ်စင်း ကတော့ အမြဲရှိနေခြင်းဖြစ်သည်။

အပြန်မှာလည်း လှေကြုံလှေ အမြဲရှိနေတတ်သည်။





အဘွားမျှင်အနေနှင့် ရှာဖွေရရှိသော ရတနာပစ္စည်းများနှင့် ရွှေတို့ ရွှေစများကို သွားရောက်ရောင်းချရာတွင် မည်ရွေ့မည်မျှသော ဈေးသတ်မှတ်ခြင်းမရှိဘဲ ဆိုင်ရှင်က ဈေးဖြတ်၍ ပေးသမျှသာ ယူပြီး ပြန်လေ့ရှိသည်။

သူသည် ရွာထဲမှ လူများနှင့် ရောရောနှောနှော ရင်းရင်းနှီးနှီး နေလေ့မရှိပေ။

သို့ကြောင့်...

ရွာသူ ရွာသားအချို့က အဘွားမျှင်အား စိတ်မမှန်သူ၊ ဝိညာဉ်များနှင့် နေသူဟူ၍ စွပ်စွဲထင်မြင်ကြလေသည်။

သူတို့ထင်မြင်စွပ်စွဲမည်ဆိုကလည်း စွပ်စွဲစရာပါပေ။

အဘယ်ကြောင့်ဆိုသော်...

ပျဉ်ဒရယ်မြို့ပေါင်းကြီးမှာ တစ်ယောက်တည်းနေသည် ကပင် ထူးခြားနေသောကြောင့် ဖြစ်သည်။

နွေရာသီနှင့် ဆောင်းရာသီမှာ မထောင်းတာလှသော်လည်း လေမိုး ပြင်းထန်သော မိုးရာသီကာလမှာတော့ ကပ္ပလီပင်လယ်ပြင်မှ လှိုင်းလုံးကြီးများ အမြဲတစေ ဖုံးလွှမ်းနေလေ့ရှိပြီး ပင်လယ်ဝဖြစ်သော ပျည်ဒရယ်မြို့ပေါင်းရှိသော သောင်ပြင်မှာလည်း လှိုင်းလုံးကြီးများ တဝုန်းဝုန်းနှင့် ဖုံးလွှမ်းနေလေ့ရှိသည်။

ထိုရာသီများမှာ သောင်ပေါ်သို့ ရတနာပစ္စည်း ရှာဖွေသူများ မလာကြတော့ပေ။

လှိုင်းလေကင်းသော ဆောင်းရာသီနှင့် နွေရာသီ ရောက်မှသာ ရတနာပစ္စည်း ရှာဖွေသူများ အဖွဲ့လိုက်၊ အစု လိုက် လာရောက်ကြလေသည်။

ထိုသို့ ရှာဖွေရာတွင် မြို့ဟောင်းသောင်ပြင်တစ်ဝိုက်မှ အဖိုးတန် ကျောက်မျက်ရတနာများ၊ ရွှေတုံး၊ ရွှေခဲ၊ ငွေတုံး ငွေခဲ၊ ရွှေတိုရွှေစ၊ ငွေတိုငွေစများ၊ အဖိုးတန်သော လက်ဝတ် ရတနာများ၊ လက်စွပ်၊ လက်ကောက်၊ နားတောင်း၊ ခြေကျင်း၊ ဆွဲကြိုး၊ ဆွဲပြား အစရှိသော လက်ဝတ်ရတနာပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများဖြစ်သော ငွေကွမ်းအစ်၊ ငွေဖလား၊ ဆေးအိုး၊ လင်ပန်းနှင့် အခြားရှေးဟောင်း အသုံးအဆောင် ပစ္စည်းများ ရှာဖွေရရှိကြသည်။

အချို့ ကံကောင်းသူများဆိုလျှင် အိုးများနှင့် ထည့် ထားသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကိုပင် ရှာဖွေရရှိကြသည်။

သို့ကြောင့်လည်း တမက်တမော လာရောက်ရှာဖွေ ကြခြင်းဖြစ်၏။

သို့သော်...

ထိုသို့ ရှာဖွေရရှိသော ပစ္စည်းများကို မိမိတို့ ကိုယ်ကျိုး အတွက်ချည်းတော့ သုံးစွဲ၍ မရကြပေ။

အကယ်၍ မြို့ဟောင်းဖက်မှ ပစ္စည်းတစ်ခုခု ရှာဖွေ ရလာခဲ့ပါက တတ်အားသမျှ ခွဲဝေလှူဒါန်းမှုပြုကာ အမျှအတန်း ပေးဝေရပေသည်။





ထိုသို့ မပြုလုပ်ဘဲ ကိုယ်ကျိုးအတွက်ချည်း သုံးစွဲမိ ပါက ဒုက္ခတစ်မျိုးမျိုးနှင့် ကြုံတွေ့ရလေ့ရှိသည်။

အချို့ဆိုလျှင် ပစ္စည်းရလာပြီး မခံမရပ်နိုင်အောင် သားယံခြင်း ဝေဒနာများ ခံစားရ၍ ပစ္စည်းများကို သူ့နေရာသူ ပြန်ထားရခြင်း၊ အချို့ကတော့ အိပ်မက်ပေး၍ ပြန်ထားစေ သဖြင့် ပြန်ထားရခြင်း။

အချို့ကိုတော့ ရရှိသော ပစ္စည်းအား ရောင်းချ၍ ရသော ငွေအား မိမိတစ်ဝက် သုံးစွဲခွင့်ရပြီး၊ ကျန်တစ်ဝက်ကို သာသနာပြုလုပ်ငန်းများတွင် လှူဒါန်းစေခြင်း၊ ဒါမှမဟုတ် အလှူအတန်း ပြုလုပ်ခြင်းများပြုကာ အမျှအတန်း ပေးဝေ ရသည်။

ထိုသို့ပြုလုပ်ရာတွင် ကတိအတိုင်း မပျက်မကွက် ပြုလုပ်ပေးကြရသည်။ မဟုတ်လျှင် ဘေးဒုက္ခနှင့် မလွဲမသွေ ကြုံကြရလေသည်။

ထိုအဖြစ်အပျက်များထဲမှ သာဓကတစ်ခု ရှိခဲ့ဖူးသည်။

မရန်းချောင်းဆိုသည်မှာ ပျဉ်ဒရယ်မြို့ဟောင်း အနောက် ဘက် ဘိုကလေးမြစ်ကမ်းအနီးမှာ ရှိသည်။

မြို့ဟောင်းဘက်မှ တားလွယ်ခုတ် အနေအထားလောက် တွင် ရှိပြီး အလယ်မှာ ပင်လယ်မြစ်ဝတစ်ခု ခြားနေလေ၏။

ထိုမြစ်ကမ်းနံဘေးမှာ ဂါးဖောင်ထောင်သော လူများစု နေသည့် တဲတန်းတစ်တန်း ရှိသည်။

ထိုတဲတန်းမှာ လေးငါးလုံးခန့်သာရှိပြီး ထိုနေရာမှာ ဦးသာအောင်တို့ သားအဖ သုံးယောက်လည်း နေထိုင်ကြသည်။

ဦးသာအောင်တို့ သားအဖ သုံးယောက်မှာလည်း ငါးဖောင် တစ်ဖောင်နှင့် ပိုက်ထောင်ကာ ရသမျှ မျှင်ပုစွန်များအား ကဒုံကနီသို့ သွားရောက် ရောင်းချကာ အသက်မွေးကြသည်။

၎င်း၏ သားနှစ်ယောက်မှာ အသက် ၁၅–နှစ်ခန့်ရှိသော မောင်ထွေးနှင့် အသက် ၂၀–အရွယ်ခန့်ရှိ မောင်အေးတို့ဖြစ်ကြသည်။

ဦးသာမောင်ကတော့ အသက် ငါးဆယ်ဝန်းကျင် အရွယ်ခန့်ရှိပြီး မရှိဆင်းရဲသဖြင့် ရေပိုး ရွှံ့မွှား ရှာစားနေရသော်လည်း ရိုးသား၍ စိတ်ထားကောင်းသူတစ်ဦး ဖြစ်ပေသည်။

တစ်နေ့သော ညဘက်တွင် ငါးဖောင်ပေါ်မှာ ရေစောင့်ရင်း အိပ်ပျော်နေခိုက်မှာ ဦးသာအောင်သည် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်လေသည်။

အိပ်မက်ထဲမှာ သျှောင်တစောင်း ထုံးထားပြီး နှုတ်ခမ်းမွေးကားကားနှင့် ရင်ဖုံးအင်္ကျီ တောင်ရှည်ပုဆိုး ဝတ်ထားသည့် အရပ်အမောင်း လွန်စွာမြင့်သော လူကြီးတစ်ဦး ရောက်လာပြီး ဤသို့ ပြောလေသည်။





“သာအောင်… မင်းနဲ့ ငါနဲ့က ဘဝဟောင်းက ဆွေဆက်မျိုးဆက်တွေ ဖြစ်တယ်၊ အခု နင်သိပ်ဆင်းရဲနေတယ်၊ အဲဒီတော့ နင့်ကို ငါ မ,စမယ်၊ ရတနာပေးမယ်၊ ဒါပေမယ့် နင် ငါ့ကို ကတိတော့ပေးရမယ်”

“ဘယ်လိုကတိမျိုးလဲ”

“အခု နင်တို့နေတဲ့ မရန်းချောင်း အတွင်းဘက်ကို ဝင်သွားခဲ့ရင် ချောင်းဖျား တောနက်ထဲမှာ စေတီဟောင်းတစ်ဆူ ရှိတယ်၊ ရှေးကလူတွေ တည်သွားကြတာ အပြီးမသတ်ခဲ့ကြဘူး။ ငါပေးလို့ ရတနာတွေ ရခဲ့ရင် အဲဒီ ပစ္စည်းတွေကို ရောင်းပြီး ရတဲ့ငွေကို နင်တစ်ဝက်သုံးပေတော့၊ ကျန်တဲ့တစ်ဝက်နဲ့ ဘုရားတည်ပေးရမယ်၊ အဲဒီကတိ ပေးရမယ်”

“ဒီလို ပစ္စည်းပေးရင်တော့ ပြောတဲ့အတိုင်း လုပ်ပေးပါမယ်”

“ကောင်းပြီ… နင့်ကို ငါရတနာပေးမယ်၊ ဒါပေမယ့် နောက်ထပ် ကတိတစ်ခုလည်း ပေးရဦးမယ်”

“ဘာလဲ”

“ငါတို့က လူတွေကို ရတနာပစ္စည်းပေးတယ်ဆိုတာ ပေးသင့်တဲ့ လူကိုပဲ ပေးတာ၊ နောက်ပြီး အကူအညီတောင်းစရာရှိမှပဲ ပေးတာ၊ ဒီလိုပေးတဲ့အခါမှာလည်း တခြားလူတွေ မသိဖို့ အရေးကြီးတယ်၊ ဒါကြောင့် ဒီအကြောင်းတွေကို

ဘယ်သူ့ကိုမှ မပြောနဲ့၊ နင့်သားတွေကိုလည်း မပြောနဲ့၊ မယားလည်း မပြောနဲ့၊ မိဘရှိရင်တောင် မပြောရဘူး။ ဒါကြောင့် နှုတ်လုံပါစေ"

"စိတ်ချပါ... မပြောပါဘူး"

"ကောင်းပြီ... ဒီလိုဆို ငါပြောပြမယ်၊ နင် အရှေ့ဘက်ကမ်းကိုသွား။ ပျဉ်ဒရယ်မြို့ဟောင်းရောက်ရင် ချုန်းထိပ်ဘက်မှာ ညောင်ပင်ကြီးတစ်ပင် တွေ့လိမ့်မယ်၊ အဲဒီ ညောင်ပင်ကြီးရဲ့ တောင်ဘက် အပင်ခြေကို တူးကြည့်တဲ့အခါ ရှေးကလူတွေ မြှုပ်ထားတဲ့ ရတနာပစ္စည်းတွေ တွေ့ရလိမ့်မယ်"

"ရတနာတွေရရင် ငါပြောတဲ့အတိုင်း နင်တစ်ဝက်စား။ တစ်ဝက်ကို မရန်းချောင်းဘုရားကို ဆက်တည်ပေးပါ"

"ကောင်းပါပြီ"

"သွားရင် နင်တစ်ယောက်တည်းပဲ သွားပေတော့၊ ဘယ်သူ့ကိုမှ အဖော်ခေါ်မသွားလေနဲ့ ကြားလား"

"စိတ်ချပါ"

ဟု ကတိပေးလိုက်သောအခါ ထိုလူကြီးက ပြန်ထွက်သွားလေတော့သည်။

ချက်ချင်းပင် ဦးသာအောင် အိပ်ပျော်ရာမှ လန့်နိုးလာသည်။

နိုးလာသည်နှင့် အိပ်မက်အကြောင်းကို ပြန်စဉ်းစားနေသည်။





အိပ်မက် မက်တာ တကယ်လား။

စိတ်စွဲလို့ မက်တာလား။

သွေးလေချောက်ချားလို့ မက်တာလား။

ဒါမှမဟုတ် အိပ်မက်ထဲကအတိုင်း တကယ်လာပြောလေသလား။

ထိုအကြောင်းအား မိမိနှင့် မလှမ်းမကမ်းတွင် အိပ်နေကြသော သားနှစ်ယောက်ကို နှိုးပြောရလျှင် ကောင်းလေမလားဟု တွေးလိုက်မိသည်။

သို့စေကာမူ...

အိပ်မက်ထဲမှ လူကြီးက မည်သူ့မှ မပြောကြားရန် အတန်တန် သတိပေးသွားသောကြောင့် မပြောဖြစ်ခဲ့တော့ပေ။

နောက်တစ်နေ့ နံနက်လင်းသောအခါ ဦးသာအောင်သည် ထိုအကြောင်းအား မည်သူ့မှ မပြောတော့ဘဲ လှေငယ်တစ်စင်းနှင့် တစ်ယောက်တည်း အရှေ့ဘက်ကမ်းသို့ ကူးလာခဲ့သည်။

ရေကျချိန် ဖြစ်သောကြောင့် မျက်စောင်းထိုးနေရာသောက်တွင် ရှိသော ပျဉ်ဒရယ်သောင်ရှိရာသို့ အလွယ်တကူပင် ကူးလာနိုင်ခဲ့သည်။

အနောက်နှင့် အရှေ့ဘက်မှာ ပင်လယ်ဝတစ်ခု ခြားနေသောကြောင့် လှမ်းမြင်နေရသည် ဆိုသော်လည်း တစ်နာရီသာသာခန့် သွားရလေသည်။

သူ့လှေပေါ်မှာတော့ ဓားရှည်တစ်လက်သာ ပါသည်။

ပျဉ်ဒရယ်တောင်ထိပ်သို့ ရောက်အခါ ရေကျချိန်ဖြစ်သောကြောင့် လှေကို အမာချောင်းအတွင်း လှော်ဝင်ခဲ့ပြီး ခနိတောထဲမှာ ချည်ထားခဲ့သည်။

ပြီးမှ ဓားကိုယူပြီး သောင်ပေါ်တက်ခဲ့သည်။

ကမ်းစပ်တွင်ရှိသော ကိုင်းတောနှင့် ခရာချုံများထဲမှ အတန်ကြာအောင် တက်ခဲ့ပြီးမှ သောင်ပြင်ပေါ်သို့ ရောက်လေသည်။

သူ ရောက်သွားသော အချိန်တွင် သောင်ပြင်ပေါ်မှာ အခြားသူများ မတွေ့ရပေ။ သောင်ပြင်မှာ ကျယ်ပြန့်လှသောကြောင့် တစ်မျှော်တစ်ခေါ် မြင်နေရသည်။

သောင်မျက်နှာပြင်ပေါ်မှာတော့ ရေတာက်နှင့် ပါလာပြီး ရေပြန်ကျသွားသောအခါ တင်ကျန်နေခဲ့သော တုံးတို တုံးစနှင့် အမှိုက်သရိုက်များစွာတို့ ရှိလေ၏။ အချို့နေရာများမှာတော့ ဗေဒါပင်များ အုံလိုက် အမြစ်စွဲလျက်ရှိသည်။

သောင်မျက်နှာပေါ်မှာ ကျက်စားနေကြသော ငှါးပျံနှင့် ကဏန်းများမှာ လူရိပ်မြင်သောအခါ နီးစပ်ရာ တွင်းများထဲသို့ အလုအယက် ဝင်ပြေးကြလေသည်။

သူသည် သောင်ပေါ်တက်လာရင်းနှင့် တောထဲမှ မဒမသား လက်မောင်းလုံးခန့်အရွယ် တစ်ချောင်းကို ခုတ်ယူလာခဲ့သည်။





မဒမသားမှာ အသားကျစ်၍ မာသောကြောင့် အဖျားဘက်မှ ချွန်၍ အသုံးပြုလျှင် တော်ရုံမာသော မြေမျိုးပင်ဖြစ်စေကာမူ တူရွင်းအဖြစ် အသုံးပြုနိုင်ပေသည်။

သောင်ထိပ်ရောက်တော့ ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းနေသော နေရာတစ်ဝိုက်တွင် ညောင်ပင်ကြီးတစ်ပင်ကို လှမ်းမြင်လိုက်ရသဖြင့် စိတ်ထဲမှာ အနည်းငယ်တော့ ကျေနပ်သလို ရှိသွားလေသည်။

"အင်း... ငါလည်း ဒီနေရာတွေကို သိပ်မရောက်ဖူးတော့ ဘယ်နေရာ ဘာရှိတယ်ဆိုတာ သိပ်မသိဘူး။ ဟိုလူပြောသွားတဲ့အတိုင်း ဒီနေရာမှာ ညောင်ပင်ကြီးတစ်ပင်ရှိတယ်ဆိုတာတော့ အဟုတ်သားပဲဟ"

သူသည် ညောင်ပင်ကြီးရှိရာသို့ လျှောက်သွားပြီး ညောင်ပင်အောက်သို့ ရောက်လျှင် တောင်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ ယခင်က ပျဉ်ဒရယ်မြို့ဟောင်း ရှိခဲ့ဖူးသည်ဆိုသော သောင်ပြင်ကြီးအား လွှမ်းမောဖွယ်ရာ လှမ်းမြင်ရလေသည်။

ယခင်ကတော့ နေအိမ် အဆောက်အအုံများနှင့် တင့်တယ်ခဲ့သော နေရာမှာ ယခုတော့ အမှိုက်သရိုက်နှင့် ဒိုက်ပုံများသာ ရှိပေတော့သည်။

"အင်း... အိပ်မက်ထဲကအတိုင်း ညောင်ပင်ကြီးကိုတော့ တွေ့ရပြီ၊ လာမိမှတော့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ

တူးကြည့်တာ မမှားဘူး။ သူမှာတဲ့အတိုင်း ညောင်ပင်ရဲ့ တောင်ဘက်တစ်ဝိုက်ကို တူးကြည့်မှ"

ဟု တစ်ကိုယ်တည်း ရေရွတ်ကာ ညောင်ပင်အောက် တစ်ဝိုက်သို့ လိုက်လံတူးကြည့်လေတော့သည်။

ညောင်ပင်အောက်တစ်ဝိုက် နေရာအတော်များများသို့ မဒမသား တူရွင်းဖြင့် လိုက်လံတူးကြည့်သော်လည်း မည်သည့် ပစ္စည်းတစ်ခုတစ်လေမှ မတွေ့ရသေးပေ။

မြေမှာ သဲနုန်းမြေဖြစ်သောကြောင့် မဒမသားတူရွင်းဖြင့် အလွယ်တကူ တူး၍ရနေသည်။

အတန်ကြာအောင် လိုက်လံ တူးကြည့်သော်လည်း မည်သည့်ပစ္စည်းမှ မတွေ့ရသေးပေ။

ဦးသာအောင်သည် စိတ်မပျက်ဘဲ...

"လာမိမှတော့ နဲ့အောင် တူးကြည့်ရမှာ ငါ့တာဝန်ပဲ၊ ရတာ၊ မရတာကတော့ ကံတရားပဲ"

ဟု တွေးကာ ညောင်ပင်အောက်အနှံ့ သစ်သားချွန်ဖြင့် လိုက်လံတူးကြည့်နေစဉ် တစ်နေရာသို့ ရောက်သောအခါ မြေကြီးအောက် တစ်နေရာတွင် မြေအောက်မှ မာကြော သော အရာဝတ္ထုတစ်ခုအား သွားရောက် ထိုးမိလေသည်။

"ဒုတ်... ဝုတ်"

"ဟင်..."





ဘာမှန်း မသေချာခင်မှာပင် ဦးသာအောင် စိတ်ထဲမှာ လှုပ်ရှားမှု ဖြစ်လာလေသည်။

ထိုနေရာတစ်ဝိုက်ရှိ မြေကြီးများအား သစ်သားချွန်ဖြင့် တူးဖယ်ကြည့်သောအခါ မြေအောက်တစ်နေရာမှာ လက်မောင်း လုံးခန့် ရှည်မျောမျော အချောင်းကြီးတစ်ချောင်းကို တွေ့ရ သည်။

ထိုအချောင်းကြီးမှာ ကြေးညိုရောင်သမ်းလျက်ရှိပြီး သစ်မြစ်ချောင်းကြီးကဲ့သို့ မြေကြီးအတွင်းမှာ အရှည်ကြီး ရှိနေသည်။

"ဘာချောင်းကြီးလဲဟ"

ဦးသာအောင် အနီးတွင် ထိုင်ခါ လက်ထဲမှ ဓားဖြင့် ခုတ်ကြည့်သည်။

"ချွင်... ချွင်"

ဓားဖြင့် ထိသံမှာ သစ်မြစ်ကို ထိသံမျိုးမဟုတ်ဘဲ မာကျောသော သံချောင်း၊ ကြေးချောင်းမျိုး ဖြစ်နေသော ကြောင့် ဝမ်းသာအားရ ငုံ့ကြည့်လိုက်သောအခါ ဓားဖြင့် ခုတ်မိသော နေရာမှ ရွှေရောင်များ ဝင်းလက်နေသည်ကို တွေ့ရသည်။

ဝမ်းသာအားရဖြင့် အနီးသို့ သေချာအောင် ကပ်ကြည့် သောအခါ အမှန်ပင် ရွှေချောင်းကြီးဖြစ်နေသည်ကို တွေ့ရ လေတော့သည်။

"ဟာ... ဝမ်းသာစရာပဲ၊ အိပ်မက်ပေးတဲ့အတိုင်း ငါ့ကို အမှန်ပဲ ပစ္စည်းပေးတာပါပဲလား၊ ငါတော့ ချမ်းသာပြီး ဆင်းရဲတွင်းကလွတ်ပြီ၊ ငါ့သားနှစ်ယောက်ကို ရှင်ပြုပေးလို့ ရပြီ၊ ဒါကြီးကို ထုခွဲရောင်းချပြီးရင် ငြိတက်ပြီးတော့ အေးအေး ဆေးဆေး နေလို့ရပြီ"

သူ့အစီအစဉ်ထဲမှာ မရမ်းချောင်းဘုရား ပြုပြင်ရန် သတိမရတော့ပေ။

ရွှေချောင်းကြီးကို မ,ကြည့်သောအခါ မြေကြီးထဲမှာ သစ်မြစ်ကြီးတစ်ချောင်းလို ရှည်လျားစွာ ရှိနေသောကြောင့် ဆွဲယူ၍ မရပေ။

ဓားဖြင့် ခုတ်ဖြတ်ရန်လည်း မလွယ်ကူသောကြောင့် ဘယ်လိုလုပ်ရပါ့မလဲဟု အကြံထုတ်နေလေသည်။

"အင်း... ရွှေချောင်းကြီးကတော့ တွေ့ပြီ၊ ဒီအရှည်ကြီးကို ငါ့တစ်ယောက်တည်း ဘယ်လိုယူရပါ့မလဲ၊ ခုတ်ပိုင်း ယူသွားရင်လည်း နှမြောစရာကြီး၊ ဒါကြီးကို ငါတစ်ယောက်တည်းနဲ့တော့ ဘယ်လိုမှ ယူဖို့မလွယ်ဘူး"

"ဒီတော့ ငါးဖောင်မှာ ကျန်နေခဲ့တဲ့ ငါးသားနှစ်ယောက်ကို တိုးတိုးတိတ်တိတ် ပြန်ခေါ်ပြီးတော့ သားဖသုံးယောက် တူးရင်တော့ အကုန်ရနိုင်တယ်"

"ဟုတ်တယ်၊ ဒီအကြံကောင်းတယ်၊ အခုပဲ ပြန်ခေါ်မယ်"





ဟုတွေးခါ ရွှေချောင်းကြီးပေါ်နေသော နေရာမှ မြေကြီးများအား ဟန်မပျက် ပြန်ဖုံးလေသည်။ ထိုသို့ပြုလုပ်နေစဉ်မှာပင် မိမိပြုလုပ်နေသည်ကို တစ်စုံတစ်ယောက်ကများ တွေ့မြင်သွားလေမလားဟု စိုးရိမ်စိတ်နှင့် လှည့်ကြည့်ရသည်မှာလည်း အမောပင်။

သူမြေကြီးများ ပြန်ဖုံးနေစဉ်မှာ ညောင်ပင်ကြီး၏ အခြားတစ်ဖက်ဆီမှ မြေတွန်သံကြီး ပေါ်ထွက်လာသည်။

"ရှီး..."

"ဟင်..."

ဦးသာအောင် အလန့်တကြား လှည့်ကြည့်လိုက်တော့ လှုပ်ရှားနေသော ကိုင်းပင်များမှလွဲပြီး အခြားဘာမှ မတွေ့ရပေ။

"ရှီး..."

နောက်တစ်ကြိမ် ကြားရပြန်သော်လည်း ဘာမှ လှုပ်ရှားမှု မတွေ့ရသောကြောင့် မြေကြီးများအား အလျင်အမြန် ဖုံး၍ ထိုနေရာကို အလွယ်တကူ မှတ်မိစေရန် မဒမသားအချွန်ကို စိုက်ထားခဲ့ပြီး သောင်စပ်သို့ ပြန်ဆင်းခဲ့လေသည်။

သူဆင်းသွားသောအခါ ညောင်ပင်နောက်မှ နီရဲသော မျက်လုံးများဖြင့် ခေါင်းထောင်ကြည့်နေသော မြွေကြီး တစ်ကောင်၏ ဦးခေါင်းပိုင်းကြီးအား ဦးသာမောင် မမြင်လိုက်ပေ။

သူ ကမ်းစပ်သို့ ပြန်ရောက်သောအချိန်မှာ ရေမတက်သေးပေ။

သို့ကြောင့်...

အထက်ပွန်းပွန်းဘက်တွင် ရှိသော ဓိဓိ ဂါးဖောင်သို့ ပြန်ရောက်ရန်အတွက် ရေဆန်ပြန်တက်ရတော့ပေမည်။

ရေစုန်သွားရတာနှင့် စာလျှင် ရေဆန်လှော်ရသည်က နှစ်ဆ ပင်ပန်းသည်ဖြစ်သော်လည်း "အိမ်အပြန် ရေဆန်မရှိ" ဟုဆိုသော လှေသမားတို့၏ စကားအတိုင်း နောက်မှာ လောဘဇော တက်စရာကလည်း ကျန်နေခဲ့သောကြောင့် လှေကို သဲကြီးမဲကြီး ကျုံးလှော်ခါ ပြန်ခဲ့လေသည်။

ဂါးဖောင်သို့ ပြန်ရောက်သောအခါ မောင်ဝင်းက...

"အဖေ... လှေတစ်စင်းနဲ့ အစောကြီး ဘယ်လျှောက်သွားနေတာလဲ"

ဟု ဆီးမေးသည်။

သူ ဘာမှပြန်မပြောဘဲ လှေကြိုးကို ဂါးဖောင်မှာ ချည်ပြီး အပေါ်တက်လာသည်။

"အဖေ... ဘယ်သွားနေတာလဲ"

"ကိစ္စရှိလို့ပေါ့ကွာ၊ ကိုင်း... မင်းတို့ ပိုက်တင်ပြီးကြပြီလား"

"တင်ပြီးပြီ၊ ပုစွန်ကလည်း သိပ်မရပါဘူးဗျာ"





"ရလည်းကိစ္စမရှိဘူး၊ မရလည်း ကိစ္စမရှိဘူး၊ နောက်လည်း ဒါတွေလုပ်ဖို့ မလိုတော့ဘူး"

ထိုစကားကြားသောအခါ မောင်ဝင်းရော၊ မောင်ထွေးပါ များစွာ အံ့ဩသွားကြလေသည်။

ယခင်က ပုစွန် အထိအမိနည်းလျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ငါးပုစွန် အထိအမိ ကောင်းစေရန် အမြဲတစေ တောင်းလေ့ရှိသော ဦးသာအောင်ထံမှ ထိုသို့သော စကားမျိုး ကြားရသဖြင့် သားနှစ်ယောက်က အံ့ဩနေကြခြင်းဖြစ်သည်။

"အဖေ... ရေတက်ထောင်ဦးမလား"

"မထောင်တော့နဲ့၊ ပိုက်တွေကို တစ်ခါတည်းသာ ဆွဲတင်ထားလိုက်ပေတော့၊ တို့သားအဖ သုံးယောက် အရှေ့ဘက်ကမ်းကို ကူးကြရအောင်"

"ဘာသွားလုပ်မှာလဲ"

"ဒါတွေ မေးမနေနဲ့တော့၊ နောင်ဆိုရင် မင်းတို့ ဒီလို ပင်ပင်ပန်းပန်း လုပ်စရာမလိုတော့ဘူး၊ ဓားတစ်လက်စီ ယူခဲ့ကြ"

"ဟင်... ကျွန်တော်တို့က ဓားတစ်လက်စီ ယူပြီး လိုက်ခဲ့ရမှာဆိုတော့ အဖေ ဓားပြသွားတိုက်မလို့လားဟင်"

မောင်ထွေးက တအံ့တဩ မေးလိုက်လေသည်။

"ပေါက်ကရစကားတွေ ပြောမနေနဲ့၊ ငါပြောတဲ့ အတိုင်းသာ လုပ်ကြပေတော့၊ အချိန်မရှိဘူး၊ ရေပြန်တက်လာရင် ရေဆန်လှော်နေရမယ်၊ အခုသွားကြရအောင်"

ဟုပြောခါ သားအဖ သုံးယောက် လှေပေါ်တက်၍ အမာဘက်ကမ်းသို့ ပြန်ကူးခဲ့ကြသည်။

မောင်ဝင်းနှင့် မောင်ထွေးကတော့ ဦးသာအောင် ဘာတွေလုပ်နေမှန်း မသိရသောကြောင့် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။

တစ်ဘက်ကမ်းသို့ ရောက်သောအခါ လှေကို ကမ်းစပ်မှာ ဆိုက်ထားခဲ့ပြီး သားအဖသုံးယောက် ဓားတစ်လက်စီ ကိုင်ကာ ကမ်းပေါ်သို့ တက်ခဲ့ကြသည်။

ညောင်ပင်ကြီးအောက်သို့ ရောက်သောအခါ ၎င်း စိုက်ထားသော မဒမသားတိုင်ကို တွေ့ရသဖြင့် အတန်ငယ် စိတ်အေးသွားသည်။

သူက မဒမသားတိုင်အား ပြန်နုတ်ယူလိုက်ပြီး...

"ဒီနေရာကို တူးကြဟေ့"

"ဘာတူးရမှာလဲ အဖေရဲ့ မြေကြီးထဲမှာ ဘာရှိလို့လဲ"

"ဟုတ်ပါ့ဗျာ၊ လှေလှော်ခဲ့ရလို့ လက်ညောင်းရတဲ့အထဲ မြေကြီးတူးရဦးမယ်ဆိုတော့"

"ကဲ...စကားများမနေကြနဲ့ အချိန်မရှိဘူး။ ငါပြောတဲ့ အတိုင်းသာ တူးကြစမ်းကွာ"

"မြေကြီးထဲမှာ ဘာရှိလို့လဲ အဖေ"

မောင်အေးက ထပ်မေးလိုက်သည်။





"မြေကြီးထဲမှာ ရွှေချောင်းကြီးရှိတယ်၊ မင်းတို့တစ်သက် စားလို့မကုန်နိုင်အောင်ကြီးတဲ့ ရွှေချောင်းကြီးရှိတယ်၊ ငါ ကိုယ်တိုင် တွေ့လို့ သေသေချာချာ မှတ်ထားခဲ့တာ သိရဲ့လား"

"အဖေက ဒီနေရာမှာ ရွှေချောင်းကြီးရှိမှန်း ဘယ်လို သိတာလဲဟင်"

သားနှစ်ယောက်က စပ်စုနေသောကြောင့် ဦးသာအောင်က အိပ်မက်အကြောင်းမပါစေ၍ အတိုချုပ်ကာ ပြောပြလိုက်သည်။

ထိုအခါ နှစ်ယောက်စလုံး စိတ်အားတက်ကြွစွာဖြင့် ဦးသာအောင်ပြသော နေရာကို တူးကြလေသည်။

အတန်ကြာအောင် တူးကြသောအခါ မြေအောက်မှ အချောင်းကြီး တစ်ချောင်းကို တွေ့ကြရသည်။

သားအဖသုံးယောက်စလုံး ဝမ်းသာသွားကြသည်။

"တွေ့ကြပြီလား၊ အဲဒီမှာ ငါ ဓားနဲ့ခုတ်ကြည့်ထားတဲ့ အရာတွေ့ကြလား"

"တွေ့တယ် အဖေ၊ ဒါပေမယ့် ဒါက အဖေပြောတဲ့ ရွှေချောင်းကြီးတော့ မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"မီးသွေးချောင်းကြီးဗျ"

"ဟာ... မဖြစ်နိုင်တာ၊ မင်းတို့လူငယ်တွေဖြစ်ပြီး မျက်စိက ဒီလောက်မွဲရသလား။ ငါသေသေချာချာ ကြည့်သွားတာပါ၊ ရွှေချောင်းမှ ရွှေချောင်းအစစ်ပါဟ"

"ဒါဖြင့်လည်း အဖေကိုယ်တိုင် လာကြည့်တော့ဗျာ"

"ဒါဖြင့်လည်း အဖေကိုယ်တိုင် လာကြည့်တော့ဗျာ"

သားနှစ်ယောက်က စိတ်မရှည်စွာ ပြောလိုက်သောကြောင့် ဦးသာအောင်ကိုယ်တိုင် သွားကြည့်သောအခါ အမှန်ပင် မီးသွေးချောင်းကြီး ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရလေတော့သည်။

"ငါ့မျက်စိတွေ ဒီလောက် မမွဲသေးပါဘူး။ ရွှေချောင်းကြီးကို သေသေချာချာ မြင်ခဲ့ရတာပါ၊ အခု ဒီမှာ မီးသွေးချောင်းကြီး ရောက်နေပါလား",

သူမြင်နေရသော မီးသွေးချောင်းကြီးကို စိတ်တုန်လှုပ်စွာ လက်ဖြင့် စမ်းကြည့်သောအခါ ဓားဖြင့်ခုတ်ခဲ့သော နေရာများကို တွေ့ရလေသည်။

မောင်အေးနှင့် မောင်ထွေးတို့ နှစ်ယောက်ကတော့ လေ့လော့၍ ပင်ပန်းသည်ကတစ်ကြောင်း၊ ဒီရောက်တော့ မြေကြီးပါ တူးကြရပြန်သဖြင့် ညောင်ပင်ကြီးအောက်မှာ ခြေပစ်လက်ပစ် ထိုင်ရင်း ဖခင်ဖြစ်သူကို စိတ်ပျက်လက်ပျက် လှမ်းကြည့်နေကြသည်။

ဦးသာအောင်ကတော့ သူရူးတစ်ယောက်လို တစ်ယောက်တည်း အော်ဟစ်ပြောဆိုနေသည်။

"ဒါ... ဘယ်လိုဖြစ်တာလဲ၊ ငါ့ ရွှေချောင်းကြီးကို ဘယ်သူ ယူသွားကြပြီလဲ၊ ရွှေချောင်းကြီးကနေ မီးသွေး





ချောင်းကြီး ဘယ်လိုဖြစ်သွားတာလဲ၊ ငါမြင်တွေ့ခဲ့တဲ့ ရွှေချောင်းကြီး ဘယ်ရောက်သွားပြီလဲ၊ ဘယ်သူ ယူသွားပြီလဲ"

ထိုသို့ ပြောဆိုနေစဉ် ညောင်ပင်ကြီးအနောက်ဘက်မှ "ရှီး"ဟူသော မြွေတွန်သံကြီး ကြားရသဖြင့် လှည့်ကြည့်လိုက်ကြရာ ညောင်ပင်နောက်မှ အလွန်ကြီးသော တောကြီးမြွေဟောက်ကြီးတစ်ကောင် ထွက်လာသည်ကို တွေ့ကြရသည်။

"အဖေ... အဖေ ရွှေချောင်းက အသာထား၊ ဟိုမှာ မြွေထွက်လာပြီ၊ လေ့ကို ပြေးကြရအောင်ဗျို့"

မောင်အေးနှင့် မောင်ထွေးက ဖခင်ဖြစ်သူအား လှမ်းအော်ပြောရင်း နေရာမှ ထ,လိုက်ကြသည်။

ထိုအခါ ဦးသာအောင်က သွေးရူးသွေးတန်းဖြင့်...

"ငါ့ရွှေချောင်းကြီး မတွေ့မချင်း ဒီနေရာက မပြန်ဘူးဟေ့... တွေ့အောင်ရှာမယ်ဟေ့၊ တွေ့အောင်ရှာမယ်ကွ"

"အဖေ... မြွေကြီးထွက်လာပြီ၊ အမြန်လာဗျ၊ အမြန်လာ"

သားနှစ်ယောက်က နောက်မှ ဘယ်လိုပင် အော်နေသော်လည်း ဦးသာအောင်မှာ တစ်ချက်ကလေးမှ ဂရုမစိုက်ဘဲ မဒမသား အချွန်ဖြင့် မီးသွေးချောင်းကြီးတွေ့ရာ ကျင်းထဲသို့ ဆက်လက်တူးမြဲ တူးနေသည်။

ထိုအခိုက် နောက်ဘက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ သူ့ခေါင်းပေါ်မှ မိုးထားသော မြွေဟောက်ကြီးအား အနီးကပ် မြင်ရလေတော့သည်။

သူ အလန့်တကြား မော့ကြည့်ခိုက်မှာ မြွေကြီး၏ မျက်နှာမှာ မြွေအသွင် ပျောက်သွားပြီး အိပ်မက်လာပေးသော လူကြီး၏ မျက်နှာကို မြင်ရလေသည်။

လူကြီး၏ မျက်နှာမှာ ဒေါသကြောင့် ခက်ထန်ကြမ်းကြုတ်သော အမူအရာ ပေါ်လွင်နေသည်။

"ဟင်…"

ဦးသာအောင် များစွာ အံ့ဩသွားတော့သည်။

ထိုလူကြီးက မီးဝင်းဝင်းတောက်လုမတတ် ဒေါသ မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်ပြီး…

"သစ္စာမရှိ၊ ကတိမတည်တဲ့ လူမိုက်၊ နင့်ထိုက်နဲ့ နင့်ကံ ရှိစေတော့"

ဟုပြောကာ ချက်ချင်း မြွေအသွင်ပြောင်းသွားပြီးနောက် ဦးသာအောင် ငယ်ထိပ်ကို ပေါက်ချလိုက်လေတော့သည်။

"အင်း…"

ဦးသာအောင်မှာ တစ်ချက်သာ အော်နိုင်ပြီး နေရာမှာ ဗုန်းခနဲ လဲကျသွားလေတော့သည်။

အခြေအနေကို ကြည့်နေသော မောင်အေးနှင့် မောင်ထွေးတို့နှစ်ယောက်မှာလည်း ဘယ်လိုမှ မတတ်သာသော အခြေအနေမို့ မိမိတို့ လှေရှိရာသို့ ဒရောသောပါး ဆင်းပြေးကြရလေတော့သည်။





## အခန်း (၇)

## ဘာဝဟောင်းမှ နေရာတောင်းသူ

ညသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

တိမ်တိုက်များကို ထိုးဖောက်ဆင်းလာသော လရောင်သည် ပျဉ်ဒရယ်သောင်ပေါ်သို့ ဖြာဆင်းကျလျက်ရှိသည်။

သစ်တောရိပ်များ ဖုံးအုပ်နေသော ပျဉ်ဒရယ်စေတီတော်တစ်ဝိုက်မှာတော့ အမှောင်ရိပ်များ ဖုံးအုပ်နေသည်။

သို့သော်…

စေတီတော်တစ်ဝိုက်မှာတော့ အလင်းရောင်များရှိနေသည်။

စေတီတော်ရင်ပြင်ပေါ်မှာ လူတစ်ယောက် ရှိနေပြီး မလှုပ်မယှက်ဖြင့် ငြိမ်သက်စွာ ထိုင်၍ ပုတီးစိပ်နေသည်။

ဒေါ်ဘွားမျှင် ဖြစ်သည်။

အဘွားမျှင်သည် ညဦးပိုင်းကတည်းက စေတီတော် ရင်ပြင်ပေါ်တွင် ပန်းများလဲလှယ်ခြင်း၊ အမွှေးနံ့သာများ လူးခြင်း၊ ဆီမီးများ ထွန်းညှိခြင်းများ ပြုလုပ်ခါ ဘုရားရှိခိုး ပရိတ်ပဋ္ဌာန်း ဒေသနာတော်များ ရွတ်ဖတ်ပူဇော်လျက်ရှိသည်။

ကြေးစည်သံလေး တလွင်လွင်ဖြင့် မေတ္တာပို့ အမျှ ဝေသံများမှာ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်မှာ ချမ်းမြေ့ဖွယ်ရာ ပေါ်ထွက်နေတော့သည်။

ထိုအချိန်မှာ ဘုရားရင်ပြင်ပေါ်သို့ လူတစ်ယောက် တက်လာသည်။

ထိုလူ တက်လာသည်ကို အဘွားမျှင်က လှည့်မကြည့်ဘဲ သိလိုက်သည်။

"ဘယ်ကလာတာလဲ"

ဟု လှည့်မကြည့်ဘဲ မေးလိုက်သည်။

"ကျုပ်က ဒီနားမှာပဲ နေတာပါ"

"ဘယ်နေရာမှာ နေတာလဲ"

"ညောင်ပင်ကြီးမှာပါ"

"ဘယ်တုန်းက ရောက်နေတာလဲ"

"ကျုပ်က မကြာသေးခင်ကမှ ရောက်လာတဲ့ လူသစ် ပါ"

ဟု အစချီကာ သူ့အကြောင်းကို ပြောပြလေသည်။





အဘွားမျှင်က ပုတီးစိပ်ရင်းနှင့် ထိုသူပြောသမျှကို နားထောင်နေသည်။

ထိုသူ စကားဆုံးတော့မှ ဤသို့ ပြောပြလေသည်။

အဘွားမျှင်က သူပြောသမျှ နားထောင်ပြီးမှ ဤသို့ ပြောပြလေသည်။

"လောကမှာ သစ္စာတရားဆိုတာ အလွန်အရေးကြီးတဲ့ အရာ ဖြစ်သလို 'ကတိ'ဆိုတာလည်း စောင့်ထိန်းအပ်တဲ့ အရာပဲ၊ လူ့လောကမှာ ကတိသစ္စာ အရေးကြီးသလို ဝိညာဉ်လောကမှာလည်း ကတိသစ္စာဆိုတာ ပိုပြီးအရေးကြီး တယ်"

"လူ့လောကမှာ ကတိသစ္စာ မတည်လို့ ဒုက္ခရောက် ရုံပဲ ရှိပေမယ့် နာမ်လောက၊ ဝိညာဉ်လောကမှာ ပေးပြီးတဲ့ ကတိသစ္စာ မတည်လို့ ဘဝနဲ့ရင်းပြီး ခံရတာတွေ ရှိတယ်"

"ဘယ်လိုခံရတာလဲ"

"ပေးထားတဲ့ ကတိတစ်ခု တည်လို့ လုပ်သင့်တာ လုပ်ပေးလိုက်ရင် ဝိညာဉ်ဘဝက ကျွတ်လွတ်ပြီး ကောင်းရာ ဘုံဘဝ တစ်ခုခုကို ရောက်သွားနိုင်ပေမယ့်၊ ကတိမတည်လို့ ပျက်ကွက်ခဲ့ရင် မကျွတ်လွတ်နိုင်တဲ့ ဘဝမှာ နေရတဲ့ လူတွေ အများကြီးရှိတယ်၊ ဒါကြောင့် လူ့ဘဝမှာထက် ကတိသစ္စာ ပိုပြီးအရေးကြီးတယ်လို့ ပြောတာပေါ့"

ဟုပြောပြလေသည်။

“ကျုပ်မှားခဲ့ပါတယ်၊ အခု ကျုပ်လည်း ကတိမတည်လို့ အခုလိုဘဝကို ရောင်ခဲ့ရတာပါပဲ”

“အခု ဒီကို ဘာကိစ္စရှိလို့ လာတာလဲ၊ ကျုပ်က ဘာအကူအညီ ပေးရမလဲ”

“တခြားတော့ မဟုတ်ပါဘူး။ ကျုပ်မှာ အခုလောလော ဆယ် နေစရာမရှိသေးလို့ ကူညီနိုင်ရင် ကူညီပေးပါဦး”

“ဒီနေရာတွေက ကျုပ်အနေနဲ့ ဆိုင်သာဆိုင်ပြီး မပိုင်တဲ့ နေရာတွေဆိုတော့ နေရာအပိုင်စားပေးလို့မရဘူး။ သက်ဆိုင်ရာ လူများ ရောက်လာမှသာ ခွင့်တောင်းပေတော့”

“ဒီလိုဆိုရင်လည်း ကျုပ် စောင့်နေပါမယ်”

ဟုပြောကာ ဘုရားအောက်သို့ ပြန်ဆင်းသွားခါ အမှောင် ရိပ်ထဲသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ အဘွားမျှင်မှာ လေးတွဲ့စွာ သက်ပြင်းချရင်း မိမိလုပ်လက်စ အလုပ်ကို ဆက်လုပ်နေတော့သည်။

ညဦးနက်ပိုင်းရောက်လာသောခါ လရောင်က တဖြည်း ဖြည်း မြင့်တက်လာသည်နှင့်အမျှ ဘုရားရင်ပြင်တော်ဝန်းကျင် တစ်ပိုက်မှာ အလင်းရောင်များ ကောင်းစွာ ရလာကြလေ သည်။

ရေတက်လာပြီဖြစ်သောကြောင့် ကမ်းစပ်ဘက်ဆီမှ ဒီရေတက်သံများ ကြားရသည်။





ဒီတက်လာသောအခါ ရေတက်ဦးတွင် တိုက်ခတ်လေ့ ရှိသော တောင်ပြန်လေကလေးကလည်း မြူးလာပြီး ရေတက် ဘုတ်ငှက် အော်မြည်သံများကိုလည်း ဆွဲဆွဲငင်ငင် ကြားနေ ရသည်။

တိတ်ဆိတ်ငြိမ်သက်နေသော အချိန်ပေမို့ ပင်လယ် ဘက်မှာ အလုပ် လုပ်နေသော ပိုက်လှေများ၊ ငါးဖောင်၊ ဝန္တားများ ရှိရာဘက်မှ အလုပ်သမားတို့၏ တေးဆိုသံများ ကိုလည်း ခပ်သဲ့သဲ့ ကြားရသည်။

သန်းခေါင်ယံအချိန် ရောက်သောအခါ ဘုရားရင်ပြင် တော်ပေါ်သို့ နောက်တစ်ဦး တက်လာပြန်သည်။

အဘွားမျှင်က ပုတီးစိပ်နေရင်းမှ လှည့်မကြည့်ဘဲ မေးသည်။

“ဘုရားလာဖူးတာလား”

“ဟုတ်ပါတယ်၊ ကျုပ်က မမျှင်နဲ့လည်း တွေ့ရအောင် လာတာပါ”

“ဘယ်ကလာတာလဲ၊ ရောကလား၊ ကဒုံကလား၊ မျောက်တစ်ရာဘက်က လာတာလား”

“မဟုတ်ပါဘူး၊ မရန်းချောင်းဘက်က လာတာပါ”

“အတော်ဝေးတာပဲ၊ ဘာကိစ္စရှိလို့ လာတာလဲ”

“ကျုပ်တို့ ဘဝဟောင်းက ပဋ္ဌာန်းဆက်၊ ဘဝဆက် ရှိတဲ့လူတွေအားလုံး လာမယ့် တန်ဆောင်မုန်းလပြည့်နေ

ညမှာ ပျဉ်ဒရယ်သောင်ပေါ်မှာ ဆုံချင်တယ်၊ အဲဒါ မမျှင်ကပဲ စီစဉ်ပေးပါ"

"ကျုပ်က ဘယ်လိုစီစဉ်ပေးရမှာလဲ ပြောပါဦး"

"အထွေအထူးတော့ မဟုတ်ပါဘူး၊ လပြည့်နေ့ညမှာ ဒီသောင်ပြင်ပေါ်မှာ ထမင်းဝိုင်းတွေ ပြင်ထားပေးရုံပါပဲ"

"ဘယ်လောက်များသလဲ"

"ထမင်းပွဲကတော့ များလေကောင်းလေပါပဲ"

"ကျုပ်က အဲသည်လောက်မှ မချမ်းသာတာ၊ ထမင်းဟင်းတွေအတွက် ဘယ်လိုစီစဉ်ပေးနိုင်မှာလဲ"

"ဒီအတွက် မပူပါနဲ့ ကုန်ကျစရိတ်အတွက် ကျုပ်ပေးပါ့မယ်"

ဟုပြောကာ ရင်ဖုံးအင်္ကျီအိတ်အတွင်းမှ လက်စွပ်တစ်ကွင်းကို ထုတ်ပေးလေသည်။

လက်စွပ်မှာ အရည်အသွေးကောင်းသော ကျောက်နီတစ်လုံးအား ရွှေဖြင့် ကွင်းထားသော ရှေးဟောင်းလက်စွပ်ကြီးဖြစ်လေသည်။

"ကောင်းပါပြီ၊ ဒီလက်စွပ်ကို အမာရှာထဲ သွားရောင်းပြီးတော့ လိုအပ်တာတွေ လုပ်ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ မမျှင်လိုအပ်ရင် ဘုရားနားမှာ သွားရှာယူပါ၊ အချိန်မရွေး ရပါတယ်"





"ကျုပ်အတွက်က အများကြီး မလိုပါဘူး။ စားဖို့ သောက်ဖို့ လှူဖို့တန်းဖို့ရရင် တော်ပါပြီ"

"ဒီလောက်ကတော့ဖြင့် မမျှင်အတွက် ကျုပ်တို့ အမြဲပေးနေတာပဲ၊ မပူပါနဲ့၊ စေတနာဆိုတာ ရောင်ပြန်ဟပ်လေ့ရှိပါတယ်၊ မမျှင်က ကျုပ်တို့အပေါ်မှာ စေတနာကောင်းကောင်းနဲ့ လုပ်ပေးနေတော့ မမျှင်အတွက်ဆိုရင်လည်း ကျုပ်တို့တစ်တွေက စေတနာရှိပါတယ်"

ထိုသို့ ပြောဆိုနေစဉ် စောစောက အဘွားမျှင်ဆီလာသောလူ ပြန်ရောက်လာသည်။

ထိုသူကို မြင်သောအခါ ဒေါ်ဘွားမျှင်နှင့် စကားပြောနေသော ညှိသည်၏ မျက်နှာပေါ်မှာ တင်းမာခက်ထန်သွားလေသည်။

"ဘာအတွက်လာတာလဲ"

"ကျုပ်အတွက် နေစရာ တစ်နေရာလောက်ပေးပါ၊ အခု ဘယ်နေရာမှ သွားနေလို့ မရဘူး။ အားလုံးက နှင်ထုတ်ကြတယ်"

"တကယ်တော့ မင်းအတွက်က နေရာပေးဖို့ လုံးဝမကောင်းဘူး။ ကတိသစ္စာ မတည်တဲ့လူကို တို့လောကမှာ လက်ခံမထားချင်ဘူး"

"ကျုပ်ကို ခွင့်လွှတ်ပါ၊ ကျုပ်မှားပါတယ်"

ထိုလူကြီးက အတန်ကြာအောင် စဉ်းစားနေပြီးမှ...

"ကောင်းပြီလေ... မင်းနဲ့ ငါနဲ့က အရင်ဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးလေတော့ မင်းကို ငါ နေရာပေးမယ် မင်းနေရမယ့် နေရာကတော့ ဟိုညောင်ပင်ကြီးအောက်မှာပဲ"

"အခုလို နေရာပေးတာ ကျေးဇူးတင်ပါတယ်"

"ဒါပေမယ့် မင်း ဒီအတိုင်းတော့ နေလို့မရဘူး။ ဒေါ်ဘွားမျှင်ကို စောင့်ရှောက်ပေးရမယ် ကြားလား"

"ကောင်းပါပြီ"

"ကိုင်း... ဒီလိုဆိုရင် သွားပေတော့"

ဟုပြောလိုက်သောအခါ ထိုလူမှာ ဝမ်းသာအားရ အမူအရာဖြင့် ညောင်ပင်ကြီးအောက်သို့ ထွက်သွားလေတော့သည်။

"တစ်လောက ညောင်ပင်အောက်မှာ ရတနာပစ္စည်း လာရှာရင်းနဲ့ ပိုးထိလို့ ဆုံးသွားတဲ့လူလား"

"ဟုတ်ပါတယ်၊ ကိုယ်က ရွှေပေးတာ သူက ရွှေမယူတော့ အသက်ပြန်ပေးရတာပေါ့၊ ကိုင်း... ကျုပ်လည်း သွားဦးမယ်၊ မနက်ဖြန် ဒီမှာဆုံကြဖို့ ကျန်တဲ့လူတွေ လိုက်ပြီး အကြောင်းကြားလိုက်ဦးမယ်"

ဟုပြောကာ ပျဉ်ဒရယ်သောင်တန်းအထက်ရှိ တောထဲသို့ ဝင်သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ ဒေါ်ဘွားမျှင်သည် အမာရွာထဲသို့ သွားရန်အတွက် ချောင်းဝဘက်သို့ ဆင်းလာခဲ့သည်။





သူ တဲတားထိပ်မှာ လူကြုံထိုင်စောင့်နေစဉ် ခဏကြာသောအခါ ချောင်းဝပိုင်းမှ လှေတစ်စင်း လှော်ဝင်လာသည်။

အနီးသို့ ရောက်သောအခါ တဲထားဆိပ်မှာ လှေဝင်ကပ်ရင်း မေးလေသည်။

"အဘွားမျှင် ဘယ်သွားမှာလဲ၊ အမာရွာထဲ သွားမလို့လား။ ရွာထဲသွားမှာဆိုရင် လိုက်ခဲ့လေ"

"အေးကွယ်... အဆင်သင့်လိုက်တာ၊ ရွာထဲသွားမလို့ လူကြုံစောင့်နေတာနဲ့ အတော်ပဲ"

ဟုပြောကာ လှေထဲဆင်း၍ လိုက်လာခဲ့သည်။

အမာရွာမှာ ရှေးနှစ်ပေါင်းများစွာက မြို့စားကြီး ဗညားဓမ္မ နောက်မှပါလာသော အမတ်ကြီး တစ်ဦး တည်ခဲ့သော ရွာဖြစ်သည်။

အမာဟူသော အမည်မှာ မွန်အမည်ဖြစ်ပြီး အဓိပ္ပာယ်မှာ အမတ်ကြီးတည်သောရွာဟု အဓိပ္ပာယ်ရသည်။

ရွာတည်ထားသော နေရာမှာ ချောင်းအတွင်းပိုင်းဘက်တွင် ရှိသောကြောင့် ချောင်းဝအောက်မှဆိုလျှင် အတော်ဝင်ရလေသည်။

အဝေးမှ လှမ်းကြည့်လျှင် ကွမ်းသီးတော၊ အုန်းတောများအား အရင် လှမ်းမြင်ရသည်။

အမာရွာမှာ အဓိက စိုက်ပျိုးထားသည်မှာ အုန်းတောများပင် ဖြစ်သည်။

ချောင်းဝဘက်မှ ဝင်လျှင် ဝင်ချင်း ကွေ့ထဲမှာ လှေသည်၊ စက်လှေများ ဆိုက်ကပ်သော တံတားများရှိသည်။

လှေလှော်လာသူက လှေကို တံတားဆိပ်တစ်ခုတွင် ဝင်ကပ်ပေးသည်။

"အဘွားချျင် ပစ္စည်းတွေဝယ်ခြမ်းပြီးရင် ဒီတံတားကိုပဲ ဆင်းခဲ့နော်၊ ကျုပ် ဒီမှာပဲ စောင့်နေမယ်"

"အေး... အေး ကျေးဇူးပါပဲကွယ်"

ဟုပြောကာ တံတားပေါ်မှ ကမ်းပေါ်သို့ တက်လာခဲ့သည်။

အမာရွာမှာ အိမ်ခြေများများစားစား ရှိလှသည် မဟုတ်သော်လည်း ကဒုံ၊ ရောရွာများနှင့်သော်လည်းကောင်း။

ဘိုကလေးမြို့မှ ဝင်လာသော စက်လှေများ အဝင်အထွက် အဆက်အသွယ် ပြုသောနေရာ ဖြစ်သောကြောင့် အတန်အသင့် စည်ကားသောနေရာ ဖြစ်သည်။

ရွာလမ်းမှာ ချောင်းကမ်းတစ်လျှောက်တွင် ရှိပြီး အုန်းပင်ကြီးများ အုပ်မိုးနေသောကြောင့် နေပြောက်မထိုးအောင် ရှိလေတော့သည်။

ကုန်စုံရောင်းသော ဆိုင်များ၊ လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲကြော်ဆိုင်၊ အရက်ဆိုင်၊ ဓနိရည်ဆိုင်၊ အုန်းသီးဝယ်သော ဆိုင်များမှာ သင်္ဘောဆိပ်ကမ်းနှင့် နီးသောနေရာတစ်ဝိုက်တွင် ရှိလေသည်။





ကမ်းစပ်ဘက်မှာတော့ ငါး,ပုစွန်ကောက်သော ငါး၍ ...များရှိသည်။ ထိုနေရာတစ်ဝိုက်မှာတော့ ငါးကောက်စက်လှေ ...း ဆိုက်ကပ်ထားလေသည်။

အချို့ ကုန်စုံရောင်းသော ဆိုင်ကြီးများမှာ စားသောက်...န် လူသုံးကုန်ပစ္စည်းများအပြင်၊ အဝတ်အထည်များနှင့်၊ ...ချို့ဆိုင်ကြီးများမှာ ရွှေထည်၊ ငွေထည်များ ရောင်းသော ...ိုင်များပင် ရှိလေသည်။

ငင်းဆိုင်ကြီးများမှာ အများအားဖြင့်တော့ လက်ငင်း ...ောင်းရသည်ထက်၊ ခေါက်ပြန်ကြေး အကြွေးစနစ်ဖြင့် ...ောင်းချပေးကြရသည်။

ရွာတွင်နေကြသူများမှာ အများအားဖြင့်တော့ လက်လုပ် ...က်စား အလုပ်သမားများသောကြောင့် လိုအပ်သော ...စ္စည်းများကို ဆိုင်များမှာ ကြွေးယူ၍ အလုပ်မှ ငွေပေါ်သော ...ခါမှ ပြန်ဆပ်ကြသည်။

စက်လှေလိုက်သောလူက စက်လှေတစ်ခေါက်တက်မှ ...ငွေပေါ်သည်။

အုန်းခြံ ကွမ်းသီးခြံ ကွမ်းခြံသမားများကလည်း တစ်လ ...စ်ခါ, နှစ်လတစ်ခါ အသီးချမှ ငွေပေါ်သည်။

တောတက်သူများကလည်း ရက်ပတ်နှင့် ငွေပေါ်ကြ ...ခြင်းဖြစ်ရာ ထိုသို့ ငွေပေါ်လာမှ ဆိုင်မှ ယူထားသော ...ကြွေးများအား ပြန်ဆပ်ကြရသည်။

ကြေးယူ၍ရသဖြင့် သူတို့အတွက် အဆင်ပြေသည်ဟု ဆိုရမည်ဖြစ်သော်လည်း ဆိုင်များက ထိုသို့ ကြေးပေးရသောကြောင့် ပစ္စည်းဈေးနှုန်းများအား အနည်းငယ်မြှင့်ရောင်းလေ့ရှိကြသည်။

အဘွားမျှင်သည် ရွာပေါ်သို့ ရောက်သောအခါ ၎င်း ရောင်းနေသော ရွှေတို့. ရွှေစ ဝယ်သော ဆိုင်ရှိရာသို့ သွားသည်။

ဆိုင်ရှင် လင်မယားက ၎င်းကို တွေ့သောအခါ ဈေးချိုချိုဖြင့် ပစ္စည်းတစ်ခု ရတော့မည်မှန်း သိသဖြင့် အပြုံးဖြင့် ဆီးကြိုကြသည်။

"လာ... အဘွား။ ဒီတစ်ခါ ဘာပစ္စည်းရောင်းဖို့ ပါသလဲ"

အဘွားမျှင်က ရွှေထည်အချို့ ထည့်ထားသော မှန်ပုံးရှေ့မှာ ဝင်ထိုင်ပြီး အိတ်ရှုံ့ကလေးထဲမှာ ထည့်ထားသော လက်စွပ်ကို ထုတ်ပြလေသည်။

ယောက်ျားလုပ်သူက အဘွားမျှင် ထုတ်ပြသော လက်စွပ်ကို ယူကြည့်ပြီး ဤသို့ ပြောသည်။

"အဘွားယူလာတာ အရင်ကလို ရွှေတို့, ရွှေစမဟုတ်ဘဲ၊ ဒါ ပတ္တမြားလက်စွပ် အဘွားရဲ့၊ ဒီလောက်ဆိုတော့ ကျွန်တော်တို့ မဝယ်နိုင်ပါဘူး။ ဈေးဖြတ်ရတာလည်း ခက်ပါတယ်"





ရွှေဝယ်သူက ရိုးသားသူဖြစ်သောကြောင့် အမှန်အတိုင်း ပြောပြလေသည်။

"ကျုပ်က ဒါတွေလည်း မသိပါဘူး။ ခါတိုင်းလို ဒီမှာပဲ ရောင်းလို့ရမယ်လို့ ထင်လို့ ယူလာတာပါ၊ ဒါဖြင့် ဘယ်လို လုပ်ရင် ကောင်းမလဲဟင်"

"အဘွားပစ္စည်းက ရှေးဟောင်းပစ္စည်းကလည်းဖြစ်ပြန်၊ နောက်ပြီး ပတ္တမြားလက်စွပ်လည်း ဖြစ်တော့ ကျွန်တော်တို့တော့ မတတ်နိုင်လို့ပါ၊ ဒီလိုလုပ်ပါလား။ တလောက မြို့က လူတချို့ ရောက်လာပြီး သူကြီးအိမ်မှာ တည်းနေကြတယ်၊ သူတို့က ရှေးဟောင်းပစ္စည်းတွေ လိုချင်တယ်လို့ ပြောသံကြားတယ်၊ အဘွားပစ္စည်း သူတို့ကို သွားပြကြည့် ပါလား"

ဟုအကြံပေးသောကြောင့် ရွာလယ်ပိုင်းရှိ သူကြီးအိမ်သို့ ထွက်လာခဲ့သည်။

သူကြီးနေအိမ်မှာ ရွာလယ်လောက်တွင် ရှိသောကြောင့် မဝေးလှပေ။

အဘွားမျှင် ခြံထဲဝင်သွားသောအခါ သူကြီး ဦးနေခွန်းက...

"ဩော်... ဒေါ်ဘွားမျှင်ပါလား။ ကိစ္စများရှိလို့လား"

သူကြီး ဦးနေခွန်းက ဒေါ်ဘွားမျှင်အကြောင်းနှင့် ပတ်သက်၍ တစ်စွန်းတစ်စ သိထားသောကြောင့် ချိုသာသော အသံဖြင့် မေးလိုက်ခြင်းဖြစ်၏။

ရွာထဲမှ လူအတော်များများကတော့ ဒေါ်ဘွားမျှင်အား ဝိညာဉ်များနှင့် ရင်းနှီးကျွမ်းဝင်သူ ဟူ၍ ကြောက်ရွံ့ကြသည်။

အဘွားမျှင်အား မဟုတ်တာ လုပ်မိလျှင် ချက်ချင်း ဒုက္ခတွေ့တတ်သည်ဟု ယုံကြည်သူလည်း ရှိကြသည်။

ဒါကြောင့်...

ရွှေတို့ ရွှေစ ဝယ်သော လင်မယားက ပစ္စည်းများ လက်စွပ်အား သာမန်ဈေးဖြတ်၍ မဝယ်ဝံ့ကြခြင်းပင် ဖြစ်၏။

ထိုအကြောင်းနှင့်ပတ်သက်၍ အမာရွာမှာ ထူးဆန်းသော အဖြစ်အပျက် ရှိခဲ့ဖူးသည်။

တစ်ခါက အဘွားမျှင်ထံမှ ရွှေတို့ ရွှေစ တစ်ခုအား ရွှေအဟောင်းဝယ်သူက သာမန်ဈေးထက် ဈေးလျှော့ကာ ဝယ်ယူထားလိုက်သည်။

ထိုသို့ ဝယ်ယူပြီး ညဘက်ရောက်သောအခါ လူကြီး တစ်ယောက် ရောက်လာကာ ထိုသို့ မပြုလုပ်ရန် သတိပေးသော အိပ်မက်တစ်ခု မက်လေသည်။

သို့သော်...

ဆိုင်ရှင်များက အိပ်မက် မက်တာဆိုတော့ ဂရုမစိုက်ဘဲ အမှတ်တမဲ့သာ နေလိုက်ကြသည်။

နောက်တစ်ရက် ရောက်သောအခါ ဆိုင်ရှင်ယောကျ်ားမှာ တစ်ကိုယ်လုံး အဖုအပိန့်များ ထွက်လာကာ ယားယံလာလေတော့သည်။





နောက်ဆုံး မခံနိုင်တော့မှ ဒေါ်ဘွားမျှင်အား လိုသောငွေ ထပ်ပေးလိုက်တော့မှ အဖုအပိမ့်များ ပျောက်ကင်းသွားလေတော့သည်။

နောက်တစ်ဦးကျပြန်တော့ ညစဉ်လိုလို အိပ်မက်ထဲမှာ မကောင်းဆိုးဝါး ပုံသဏ္ဌာန်များအား အိပ်မက် မက်ပြီး ပစ္စည်းကို ပြန်တောင်းကြသဖြင့် အဘွားမျှင်အား လိုအပ်သော ငွေကို ထပ်ပေးလိုက်တော့မှ အိပ်မက်ထဲမှ ချောက်လှန့်ခြင်းများက ရပ်သွားတော့သည်။

နောက်တော့ ရွှေတိုရွှေစနှင့် ပစ္စည်းဟောင်းဝယ်သူများမှာ ဒေါ်ဘွားမျှင်ထံမှ ပစ္စည်းဝယ်သောအခါ သာမန်ထက် ပို၍ ဈေးနှိမ်ပြီး မဝယ်ဝံ့ကြတော့ပေ။

ဒေါ်ဘွားမျှင်ကတော့ ဒါတွေ မသိပေ။

ပစ္စည်းရလာလျှင် သွားရောင်း၍ ပေးသမျှယူကာ ပြန်လာခဲ့သည်။

ဝယ်သူများဘက်မှ မတရား မလုပ်ဝံ့ကြတော့ခြင်းဖြစ်၏။

အဘွားမျှင်က သူကြီး ဦးနေခွန်းအနီးသို့ လျှောက်သွားပြီး...

“ဒီမှာ မြို့ကစည်သည်တွေ ရောက်နေတယ်ဆိုလို့ လာတာပါ”

ဟုပြန်ပြောလိုက်သည်။

“ကိစ္စရှိလို့လား ဒေါ်ဘွားမျှင်”

"ဟုတ်ကဲ့… ပစ္စည်းလေးတစ်ခု ပြချင်လို့ပါ"

"အဲဒါဆိုရင်လည်း အိမ်ပေါ်မှာ ရှိကြတယ်၊ တက်သွားပေရော့"

ဟု ဦးနေဒွန်းက ပြောလိုက်သဖြင့် အဘွားမျှင်က အိမ်ပေါ်တက်သွားလေသည်။

အိမ်မှာ ခြေတံရှည်အိမ်ဖြစ်သဖြင့် လှေကားမှ အပေါ်သို့ တက်သွားသည်။

အပေါ်ရောက်တော့ လူတစ်ယောက်က မေးသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ အဘွား၊ သူကြီးနဲ့တွေ့ဖို့လား"

"မဟုတ်ပါဘူးကွယ်၊ မြို့ကညှော်သည်တွေနဲ့ တွေ့ချင်လို့ပါ"

"ဒါဖြင့် လာ… လာ"

ဟု ထိုလူက လိုက်ပို့ပေးသောကြောင့် ဧည့်ခန်းတွင် ရှိနေသူများနှင့် တွေ့ရလေသည်။

"ဟင်… အဘွား"

ဦးကျော်အောင်က ဒေါ်ဘွားမျှင်ကို မြင်လိုက်ရသောအခါ လွန်စွာ အံ့ဩသောမျက်နှာဖြင့် လှမ်းကြည့်နေသည်။

သူ့အနားမှာ ထိုင်နေသော တင်မောင်ထွန်းနှင့် တင်ဝင်းတို့နှစ်ယောက်မှာလည်း ပါးစပ်အဟောင်းသား ဖြစ်သွားကြသည်။





အဘယ့်ကြောင့်ဆိုသော်…

သူတို့ရှေ့ရောက်နေသော အဘွားအိုမှာ ဘိုကလေးမြို့မှ သူတို့နှင့်အတူ သင်္ဘောအတူ စီးလာခဲ့ပြီး ရေကျော်ကြီးထင်းပွဲစခန်းသို့ ရောက်သောအခါ ပျောက်ချင်းမလှ ပျောက်သွားခဲ့သော အဘွားအို ဖြစ်နေသောကြောင့်ပင်။

"အဘွား ဘယ်က ရောက်လာတာလဲ၊ ကျွန်တော်တို့ သုံးယောက်ကို မှတ်မိလား"

ဟု ဦးကျော်အောင်က မေးလိုက်သည်။

"အဘွားက အသက်ကြီးပြီဆိုတော့ မျက်စိတွေကလည်း သိပ်မကောင်းတော့ပါဘူး။ မောင်တို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က အဘွားနဲ့အတူ ဘိုကလေးမြို့က သင်္ဘောအတူစီးလာခဲ့ကြတာလေ၊ မမှတ်မိဘူးလား"

"ဪ… မှတ်မိပြီ၊ မှတ်မိပြီ၊ ဧည့်သည်ဆိုတာ မောင်တို့ကိုး"

ဟုပြောကာ ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်ရင်း နဖူးမှာ စို့နေသော ချွေးစက်များအား တဘက်အဟောင်းလေးနှင့် သုတ်နေသည်။

"ဒါထက် မေးပါရစေဦး။ ရေကျော်ကြီးစခန်းရောက်တော့ အဘွားတို့နှစ်ယောက် ဘယ်ပျောက်သွားတာလဲ၊ ကျွန်တော်တို့မှာ လိုက်ရှာလိုက်ရတာဗျာ"

"အဲဒီညက ဒီဘက်က တက်လာတဲ့ လူကြီးလေ တစ်စင်း တွေ့တာနဲ့ ပြန်လိုက်သွားတာပါ၊ ဒါကြောင့် မောင် တို့ကို နှုတ်မဆက်ခဲ့ရတာပါကွယ်"

ဟု ပြောလိုက်သော်လည်း ဦးကျော်အောင်တို့ သုံးယောက်ကတော့ သိပ်မယုံကြပေ။

အဘွားမျှင်ထံမှ ထိုထက် လျှို့ဝှက်သော အကြောင်း အရာ တစ်ခုခု ရှိလိမ့်မည်ဟု တစ်ထစ်ချ တွေးမိကြသည်။

"ကဲ... ထားပါတော့၊ အခု အဘွား ဘာကိစ္စရှိလို့ လာတာလဲ"

ဦးကျော်အောင်က မေးလိုက်သည်။

"ရွာထဲက ပြောလိုက်လို့ပါ၊ မောင်တို့က ရှေးထည် အဟောင်းကလေးတွေ ဘာတွေ ဝယ်တယ်ဆိုလို့ ပစ္စည်း တစ်ခု လာပြတာပါ"

"ပြကြည့်လေ အဘွား။ အဆင်ပြေရင် ယူပါ့မယ်"

သို့ကြောင့် အဘွားမျှင်က အိတ်ထဲမှ လက်စွပ်ကို ထုတ်ပြလိုက်သည်။

ဦးကျော်အောင်က အဘွားမျှင် ထုတ်ပေးသော လက်စွပ် ကို ယူပြီး အသေအချာ ကြည့်နေသည်။

အနားမှာ ရှိနေကြသော တင်ဝင်းနှင့် တင်မောင်ထွန်း တို့ကလည်း စိတ်ဝင်တစား ကြည့်နေကြသည်။

"ဒါ... အဘွား ဘယ်ကရတာလဲဟင်"





"ပျဉ်ဒရယ်သောင်ပေါ်က ကောက်ရတာပါ"

ဦးကျော်အောင်က တစ်ချက်ပြုံးလိုက်သည်။

သူတို့ အမာရွှာရောက်စကတည်းက ပျဉ်ဒရယ်မြို့ဟောင်း အကြောင်းနှင့် ပတ်သက်၍ စုံစမ်းသောအခါ သူကြီး ဦးနေဒွန်း ပြောသော အကြောင်းများထဲမှာ အဘွားမျှင်နှင့် ပတ်သက်၍ တစ်စွန်းတစ်စ ပါသဖြင့် ကြိုတင်သိထားပြီး ဖြစ်ပေသည်။

"ထားပါတော့ အဘွား။ ဒီပစ္စည်းကို ဘယ်လောက် ရရင် ရောင်းမှာလဲ"

"ကျုပ်ကတော့ ဈေးတွေ ဘာတွေ မဖြတ်တတ်ပါဘူး။ မောင်တို့ပဲ သင့်သလို ဖြတ်ပေးကြပါ၊ လူ့ဖို့ရရင် တော်ပါပြီ"

ဦးကျော်အောင်က လက်စွပ်အား အသေအချာ ထပ် ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုသို့ရှိနေစဉ် အိမ်ရှင်လူတစ်ယောက်က ဦးကျော်အောင် အား မျက်ရိပ်ပြကာ အပြင်သို့ ခေါ်သွားပြီး တစ်စုံတစ်ခု ပြောပြလေသည်။ ခဏကြာတော့ ဦးကျော်အောင် ပြန်လာပြီး ဤသို့ ပြောပြသည်။

"ချက်ချင်းတော့ ဈေးဖြတ်လို့ မရသေးဘူး အဘွား။ ဒါပေမယ့် ကျွန်တော် ဒီပစ္စည်းကိုယူပါ့မယ်၊ အခု အဘွားကို ကျွန်တော် ငွေတစ်သောင်း ပေးလိုက်ပါ့မယ်၊ နောက် ဈေးဖြတ်ပြီးမှ လိုတာ ထပ်ပေးပါ့မယ်၊ ဘယ်နှယ်လဲ အဘွား"

"ငွေတစ်သောင်း... ဟုတ်လား"

"ဟုတ်ပါတယ်၊ တစ်သောင်းပါ၊ ဘာဖြစ်လို့လည်း အဘွား၊ နည်းသေးလို့လား"

"မ... မဟုတ်ပါဘူး။ များလွန်းနေလို့ပါ၊ ကျုပ်အတွက် အဲဒီလောက် ငွေများများ မလိုပါဘူး"

ထိုစကားကြောင့် ဦးကျော်အောင်တို့ များစွာ အံ့ဩသွားကြသည်။

ဒေါ်ဘွားမျှင်အနေနှင့်လည်း ယခင်က ရွှေတို့၊ ရွှေစ၊ ငွေတို့၊ ငွေစကလေးများ လာရောက်ရောင်းလျှင် ရာဂဏန်း၊ ထောင်ဂဏန်းမျှသာ ရခဲ့ဖူးသောကြောင့် ယခု သောင်းဂဏန်းဆိုသော အရေအတွက်မှာ သူ့အတွက် မကြားဘူး၊ မကိုင်ဘူးသော ငွေကြေးပမာဏ ဖြစ်နေသည်။

ဦးကျော်အောင်တို့ သုံးယောက်မှာ အဘွားမျှင် အမူအရာကို ကြည့်ကာ သဘောကျ၍ ပြုံးလိုက်ကြလေသည်။

"ဒီလိုပါ... အဘွားမူလာတဲ့ ပစ္စည်းက ရှေးဟောင်းပစ္စည်းလည်းဖြစ်၊ ရွှေတန်ဖိုး၊ ကျောက်တန်ဖိုးကလည်းများတော့ ကျွန်တော်တို့ အခုပေးတဲ့ငွေက စရံပေးတာလောက်တောင် မရှိပါဘူး။ ဒါကြောင့် ဒီပစ္စည်းကို အဘွား ပြန်ယူသွားပါ၊ ဒီငွေ တစ်သောင်းကိုလည်း ယူသွားပါ၊ နောက် ဈေးဖြတ်ငွေချေပြီးမှ ကျွန်တော်တို့ ယူပါ့မယ်"

ဟုပြောဆိုကာ ဦးကျော်အောင်က ၎င်းသားရေအိတ်အတွင်းမှ ငွေတစ်သောင်းကို ရေတွက် ထုတ်ယူပြီး အဘွားမျှင်အား ပေးလိုက်သည်။





အဘွားမျှင်ခမျာ များပြားလှသော ငွေများကို ကြည့်ပြီး စိတ်တုန်လှုပ်နေဟန်ရှိသည်။

သို့ကြောင့်...

တုန်တုန်ယင်ယင် ဖြစ်နေသော လက်ဖြင့် လှမ်းယူလေသည်။

"ရော့... ဒီလက်စွပ်ကိုတော့ မောင်တို့ပဲ ယူထားလိုက်ပါ၊ မောင်တို့က ငွေထပ်မပေးရင်လည်း ကျုပ်အတွက် ကိစ္စမရှိပါဘူး။ ကဲ... ကျုပ်သွားတော့မယ်"

ဟု အဘွားမျှင်က လက်စွပ်ကို ပေးသောအခါ ဦးကျော်အောင်က လှမ်းယူပြီး...

"ဒီလက်စွပ်ကို အဘွား ပြန်ယူမသွားရင်လည်း ကျွန်တော် သူကြီးလက်ထဲမှာ အပ်ထားပါ့မယ်"

ဟု လှမ်းပြောလိုက်ရာ အဘွားမျှင်က ခေါင်းတဆတ်ဆတ် ညိတ်ပြပြီး လှေကားအတိုင်း အောက်သို့ ပြန်ဆင်းလာလေတော့သည်။

နောက်တွင် ကျန်ခဲ့သော ဦးကျော်အောင်သို့ သုံးယောက်မျက်နှာပေါ်မှာတော့ ကျေနပ်မှု အပြုံးရိပ်များ ယှက်သမ်းနေကြလေသည်။

## အခန်း (၈)

# ပျဉ်ဒရယ်သောင်ပေါ်မှ ထမင်းပွဲ

အမာရွာသည် ရွာလယ်ပိုင်းနှင့် သင်္ဘောများ ဆိုက်ကပ်ရာနေရာ တစ်ပိုက်လောက်သာ လူသူရှုပ်ထွေးသော်လည်း ရွာဖျားပိုင်းရောက်သောအခါ ကိုယ့်ခြံ ကိုယ့်ဝင်းနှင့် နေကြသောကြောင့် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

အများအားဖြင့်တော့ ထိုဘက်ရှိ ခြံများမှာ အုန်းခြံ ကွမ်းသီးခြံ၊ ကွမ်းခြံများကို အဓိကထား စိုက်ပျိုးကြပြီး အမာချောင်းရိုးတစ်လျှောက် ကမ်းစပ်နှင့်နီးသော ခြံများကတော့ ဓနိခြံများ စိုက်ပျိုးကြသည်။

အမာရွာဖျားဖက်မှာ ခြံတစ်ခြံရှိကာ အတော်အတန်ကျယ်ဝန်းပေသည်။ ခြံဝင်းအတွင်းမှာ အုန်းပင်များ စိုက်ပျိုးထားပြီး အုန်းပင်များအောက်မှာတော့ ကွမ်းခြံများ စိုက်ပျိုးထားသည်။





ကွမ်းခြံများထဲမှာတော့ အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ယောက်က ရေပုံး နှစ်လုံးဖြင့် ကွမ်းပင်များကို ရေလောင်းနေပြီး အသက်လေးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦးက မြက်နုတ်ပေါင်းရှင်း ပြုလုပ်ပေးလျက်ရှိသည်။

ခြံအလယ်လောက်မှာတော့ ဓနိမိုး၊ ဝါးထရံကာ အိမ်တစ်လုံးရှိပြီး အိမ်ပေါ်မှာတော့ အသက်နှစ်ဆယ်ကျော်အရွယ်ရှိ မိန်းကလေးတစ်ဦးက ထမင်းဟင်းများ ချက်ပြုတ်လျက်ရှိသည်။

မိန်းကလေး၏ အမည်မှာ မြနှင်းဝေဖြစ်ပြီး ရုပ်ရည်သင့်တင့်ချောမောသူ ဖြစ်၏။

မြနှင်းဝေတို့မှာ မိသားစု သုံးယောက်သာ ရှိပြီး ခြံစိုက်ပျိုးခါ အသက်မွေး၍ အေးချမ်းစွာ နေထိုင်ကြသူများ ဖြစ်ကြသည်။

တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် မြနှင်းဝေတို့ ခြံထဲသို့ ဧည့်သည်တစ်ဦး ရောက်လာသည်။

ဒေါ်ဘွားမျှင်ပင် ဖြစ်သည်။

ဒေါ်ဘွားမျှင် ဝင်လာသည်ကို မြင်သောအခါ မြနှင်းဝေက အိမ်ထဲမှ ထွက်လာသည်။

"အဘွား ဘယ်ကလှည့်လာတာလဲဟင်"

"ညည်းဆီကိုပဲ လာတာပေါ့အေ"

"ကိစ္စရှိလို့လား အဘွား"

"ရှိတာပေါ့အေ၊ ဒါကြောင့် လာခေါ်တာပေါ့"

အဘွားမှျင် ရောက်နေမှန်း သိသောအခါ ကွမ်းခြံထဲ ရောက်နေသော မြနှင်းဝေ မိဘနှစ်ပါးကလည်း လာရောက်နှုတ်ဆက်ကြသည်။

"အဘွား ဘာကိစ္စရှိလို့ လာတာလဲ"

"နင်တို့သမီးကို ကိစ္စရှိလို့ လာခေါ်တာပါ"

"ခေါ်သွားပေါ့ အဘွားရယ်"

ဟု ဖခင်ဖြစ်သူက ခွင့်ပြုသည်။

မိခင်ဖြစ်သူက ဤသို့ ပြောသည်။

"အဘွား အခုတလော ရွာထဲမှာ လူစိမ်းတွေရောက်နေတယ်လို့ သတင်းကြားရတယ်၊ သူတို့က ပျဉ်ဒရယ်မြို့ဟောင်းကို လာပြီး စုံစမ်းကြတယ်လို့ ပြောကြတယ်၊ စိတ်ချရပါ့မလား အဘွား"

ဟု စိတ်ပူစွာ ပြောလေသည်။

ထိုအခါ အဘွားမှျင်က ပါးရေနားရေများ တွန့်တက်ခါ ကျိုးတိုးကျဲတဲ သွားများပေါ်အောင် တစ်ချက်ပြုံးလိုက်လေသည်။

"ဒီအတွက်တော့ မပူကြပါနဲ့၊ သူတို့ ပျဉ်ဒရယ်ရွှေသိုက်ကို လာပြီးစုံစမ်းကြတယ်ဆိုတာ ငါ ရိပ်မိပါတယ်၊ ဒါပေမယ့် သူတို့ ကြိုးစားလို့ မရနိုင်ပါဘူးအေ"





"အခု ဘာကိစ္စရှိလို့လဲ အဘွား"

"လာမယ့် လပြည့်နေ့ညမှာ ပျဉ်ဒရယ်သောင်ပေါ်မှာ ဘဝဆက်က ဆွေတော်မျိုးတော်၊ ဆွေဆက်မျိုးဆက်တွေကို ထမင်းကျွေးရမယ်"

"ဪ..."

မြနှင်းဝေတို့ မိသားစု သုံးယောက်စလုံး ထိုအကြောင်းကို ကြားသောအခါ မအံ့သြကြတော့ပေ။

"အဲဒါ လိုတဲ့ပစ္စည်းလေးတွေ ဝယ်ဖို့ခြမ်းဖို့နဲ့ ချက်ဖို့ပြုတ်ဖို့အတွက် ညည်းတို့ သမီးလေးကို လာခေါ်တာပါ"

"ခေါ်သွားလေ အဘွား"

လင်မယားနှစ်ယောက်စလုံးက ကြည်ဖြူစွာ ခွင့်ပေးကြသည်။

ဒေါ်ဘွားမှျင်အနေနှင့် မြနှင်းဝေအား မကြာခဏ လာရောက် ခေါ်နေကျဖြစ်သောကြောင့် သူတို့အတွက် မထူးဆန်းလှပေ။

ထို့နောက်...

အဘွားမှျင်က ရင်းအိတ်အတွင်းမှ ထည့်ယူလာသော ငွေများထဲမှ ငွေအချို့ကို ယူကာ လင်မယားနှစ်ယောက်ကို ပေးလိုက်သည်။

"ရော့... ဒါက ညည်းတို့သုံးဖို့"

"ကျေးဇူးတင်ပါတယ် အဘွားရယ်"

"ငါ့ကို ဘာမှ ကျေးဇူးတင်စရာ မလိုဘူး။ ဒီပစ္စည်းတွေက ငါပေးရတာလည်း မဟုတ်ဘူး။ သူတို့အတွက် လုပ်ပေးလို့ သူတို့က ပေးတာပဲ၊ ဝိညာဉ်လောက လူတွေအတွက် ဒီပစ္စည်းတွေက ဘာမှ တန်ဖိုးမရှိဘူး၊ သူတို့အတွက် လိုတာက ကောင်းမှုကုသိုလ်ပဲ။ ကောင်းမှုကုသိုလ် လုပ်ပေးနိုင်မယ့် လူသာ သူတို့အတွက် အရေးကြီးတာ၊ ဒါ့ကြောင့် သူတို့နဲ့ ဘဝဆက်ရှိခဲ့တဲ့ ဦးတို့အနေနဲ့ သူတို့ပေးတာကိုလည်း ယူ၊ ကျွေးတာကိုလည်း စားပြီး၊ သူတို့လုပ်စေချင်တာတွေကိုလည်း ကိုယ်စား လုပ်ပေးကြပေါ့၊ ငါပြောတာကို သဘောပေါက်ကြရဲ့လား"

"ဟုတ်ကဲ့... ပေါက်ပါတယ် အဘွား"

"အေး... ဒါဖြင့် ငါတို့သွားတော့မယ်၊ ကိစ္စဝိစ္စပြီးတော့မှာပဲ မြနှင်းကို ငါပြန်ပို့ပေးမယ်"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ထို့နောက်...

ဒေါ်ဘွားမျှင်နှင့် မြနှင်းဝေတို့နှစ်ယောက်သည် အမာရွာဈေးတန်းသို့ ဝင်ကာ လက်စွပ်ရောင်းရသော ငွေများဖြင့် ထမင်းဟင်းချက်ပြုတ်ရန်အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ကြသည်။

ပစ္စည်းများစုံအောင် ဝယ်ပြီး၍ တံတားဆိပ်သို့ ပြန်ဆင်းလာသောအခါ အလာတုန်းက မိမိ လှူကြုံလိုက်လာသော လှေကို အဆင်သင့် တွေ့ရသည်။





သူတို့ ဆင်းလာသည်ကို မြင်သောအခါ လှေပေါ်မှ လူက ပစ္စည်းများကို ဝိုင်းဝန်းသယ်ချပေးရင်း...

"ကျုပ် အဘွားကို စောင့်နေတာ"

ဟုပြောလေသည်။ ထို့နောက်...

ရင်းလှေနှင့်ပင် အမာချောင်းဝသို့ ပြန်ခဲ့ကြသည်။

ချောင်းဝရောက်သောအခါ သူတို့ကို ချပေးခဲ့ပြီး ထိုလူက နှုတ်ဆက်ပြီး ပင်လယ်ဝဖက်သို့ လှော်ထွက်သွားလေတော့သည်။

အဘွားမျှင်နှင့် မြနှင်းဝေတို့လည်း ဝယ်လာသော ပစ္စည်းများကို အဘွားမျှင်တဲရှိရာသို့ သယ်ယူလာပြီး ထမင်းဟင်းများ စီစဉ်ချက်ပြုတ်ကြလေတော့သည်။

တန်ဆောင်မုန်းလပြည့်နေ့ည။

အရှေ့ဘက် ပျဉ်ဒရယ်သစ်တောပေါ်မှ ကျော်တက်လာသော လရောင်သည် သောင်တန်းများပေါ်သို့ ဖြာဆင်းကျနေသည်။

ရွှန်းလဲ့တောက်ပနေသော လရောင်ကြောင့် ပျဉ်ဒရယ်သောင်ပြင်တစ်ကြောမှာ ငွေရောင်များ တလက်လက်တောက်ပလျက်ရှိနေသည်။

ဘုရားနှင့် မနီးမဝေး သောင်ပြင်ပေါ်မှာတော့ အဘွားမျှင်နှင့် မြနှင်းဝေတို့ နှစ်ယောက်မှာ ညဦးပိုင်း လထွက်လာသောအချိန်မှစ၍ အလုပ်ရှုပ်လျက်ရှိသည်။

အေးမြသော ဆောင်းရာသီပင် ဖြစ်လင့်ကစား သူတို့ နှစ်ယောက်စလုံး ချွေးသီးချွေးစက်များ ထွက်နေကြသည်။

သူတို့နှစ်ယောက်သည် တစ်နေလုံး ချက်ပြုတ်ထားသော ထမင်းနှင့် ဟင်းများကို သောင်ပြင်ပေါ်မှာ ငှက်ပျောဖက်များ ခင်း၍ လိုက်ပုံနေကြလေသည်။

ဖက်ရွက်စိမ်းများပေါ်မှာ ပုံထားသော ထမင်းဟင်းများကို အနီးတွင် ပန်းပွင့်များ ချခြင်း၊ အမွှေးနံ့သာတိုင်များ ထွန်းခြင်း၊ လေတိုက်လျှင် မီးမငြိမ်းစေရန် စက္ကူပတ်ထားသော ဖယောင်းတိုင်များကို မီးထွန်းခြင်းများ လိုက်လံပြုလုပ်နေကြသည်။

သောင်ပြင်ပေါ်မှာ လရောင်နှင့်အတူ ဖယောင်းတိုင်များမှ မီးရောင်ပါ ဖြည့်လိုက်သောအခါ အလင်းရောင်များ ပိုမိုရရှိလာတော့သည်။

တဖြည်းဖြည်းနှင့် ညဥ့်နက်လာသည်နှင့်အမျှ လရောင်က မြင့်တက်လာပြီး အအေးဓာတ်ကလည်း ပိုလာသည်။

ကမ်းစပ်ဘက်မှာ ရေတက်ဦး ဒီရေမြှုးသံကလေးများ ပေါ်လာသည်။

အားလုံးပြီးစီးသောအခါ ဒေါ်ဘွားမျှင်က ယောဂီရောင် တဘက်ကလေးကို ပခုံးပေါ်တင်၍ ကြေးစည်လေးကို တီးလိုက်သည်။





"နောင်... ဝေ...ဝေ...ဝေ"

"နောင်... ဝေ...ဝေ...ဝေ"

"နောင်... ဝေ...ဝေ...ဝေ"

ကြေးစည်သံ သုံးချက်တီးပြီးသောအခါ...

"ဤနေရာတွင် အတွင်းအပြင် ဝန်းကျင်တစ်ဝိုက်မှာ ရှိကြကုန်သော မြင်အပ်သော ပုဂ္ဂိုလ်၊ မမြင်အပ်သောပုဂ္ဂိုလ်များ၊ ဆွေတော်မျိုးတော်, ဆွေဆက်မျိုးဆက်ရှိသူအပေါင်းတို့၊ ပျဉ်ဒရယ်မြို့ဟောင်းမှ မိတ်ဆွေအပေါင်းတို့၊ ကျွန်ုပ်တို့နှင့် စပ်လျဉ်း၍ ပဋ္ဌာန်းဆက်ရှိသူအပေါင်းတို့၊ ကျွန်ုပ်သည် ဘဝပေါင်းမှ ဆွေဆက်မျိုးဆက်များ ပြန်လည်ဆုံစည်းနိုင်ကြစေရန် ဤနေရာတွင် ဗလိနတ်စာ ကျွေးပွဲကို စီစဉ်ဆောင်ရွက်ထားပါသည်။

ကျွန်ုပ်အား ဆက်သွယ်အကြောင်းကြားထားသူများ အပါအဝင် သက်ဆိုင်သော ပုဂ္ဂိုလ်များ ဤနေရာသို့ လာရောက်ခါ သုံးဆောင်ကြပါကုန်လော့...

သုံးဆောင်ကြပါကုန်လော့...
သုံးဆောင်ကြပါကုန်လော့...
ကြားရာအရပ်က ဤနေရာသို့
လာကြပါကုန်လော့။
လာကြပါကုန်လော့...
လာကြပါကုန်လော့..."

ဟု တိုးညင်းစွာ ရွတ်ဆိုခါ လက်ထဲမှ ကိုင်ထားသော ကြေးစည်အား သုံးချက်ထပ်မံ တီးလိုက်လေသည်။

ခဏကြာသောအခါ လရောင်မှုန်ပျပျအောက်မှာ ကဒုံ့ရောဘက်မှသော်လည်းကောင်း

မရမ်းချောင်းဘက်မှသော်လည်းကောင်း။

ပင်လယ်ဝဘက်မှသော်လည်းကောင်း။

မိန်းမလှကျွန်းဘက်မှသော်လည်းကောင်း။

ထော်ဆီထော်ပိုင်ဘက်မှသော်လည်းကောင်း။

အမာချောင်းတွင်းပိုင်းဘက်မှသော်လည်းကောင်း

လှေများနှင့် အဖွဲ့လိုက်, အစုလိုက် ရောက်လာကြသည်။

လှေများကို အမာချောင်းဝနားတွင် ရပ်တန့်ထားခဲ့ကြပြီး သောင်ပြင်ပေါ်သို့ တက်လာကြသည်။

အချို့က ပျဉ်ဒရယ်တောထဲမှ ထွက်လာကြခြင်းဖြစ်၏။

၎င်းတို့ လာနေကြသည်ကို အဘွားမျှင်ရော မြနှင်းဝေတို့ မျက်စိထဲမှာ ကောင်းစွာ မြင်နေရပေသည်။

သောင်ပေါ်သို့ လာကြသော အမျိုးသားများမှာ သျှောင်တစောင်း ထုံးကာ ရင်ဖုံးအင်္ကျီ၊ တောင်ရှည်ပုဆိုးများ ဝတ်ဆင်လာကြပြီး၊ အမျိုးသမီးများကတော့ ရင်စေ့အင်္ကျီ၊ ဇလာထဘီများဝတ်၍ နားတောင်း၊ လက်စွပ်၊ လက်ကောက်၊ ခြေချင်း၊ ဆွဲကြိုးများ ဝတ်ဆင်လာကြသည်။





၎င်းတို့အားလုံးမှာ ပွဲလမ်းသဘင် ဝတ်ဆင်လာသည့်နှယ် လှလှပပ ဝတ်ဆင်လာကြခြင်းဖြစ်၏။

အချို့အဖွဲ့များဆိုလျှင် ကလေးငယ်များပါ ခေါ်ဆောင်လာကြသည်။

၎င်းတို့သည် တစ်နေရာမှ လာကြသည်ဖြစ်သော်လည်း ပျဉ်ဒရယ်သောင်ပြင်ပေါ်တွင် လာရောက် ဆုံတွေ့ကြသောအခါ ရပ်ဝေးတွင် ကွဲကွာနေကြသော မိတ်ဆွေများကို အလှူအတန်း တစ်ခုခုတွင် လာရောက်ဆုံတွေ့သဖြင့် ဝမ်းသာအားရ ဖြစ်နေကြသောဟန်များ ရှိကြလေသည်။

တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ရယ်ရယ်မောမောနှင့် စကားပြောဆိုကြသည်။

ဆွေရင်းမျိုးရင်းများ၊ မိတ်ဟောင်း ဆွေဟောင်းများကို ယခုမှ ပြန်တွေ့ရသောကြောင့် ဝမ်းပန်းတသာ ဖက်လှဲတကင်း ရှိနေကြသည်။

သူတို့တစ်တွေ၏ အမူအရာကို ကြည့်ရင်း အဘွားမျှင်နှင့် မြနှင်းဝေတို့၏ ရင်ထဲမှာ ဝမ်းသာပီတိတွေ ဖြစ်မိသည်။

ဆို့နင့်ကြေကွဲမှုတွေ ဖြစ်ရသည်။

ဤကဲ့သို့ ဆောင်ရွက်ပေးရခြင်းအတွက် မုဒိတာပွားနေမိသည်။

လူအုပ်ထဲမှ အချို့ကလည်း ဒေါ်ဘွားမျှင်နှင့် မြနှင်းဝေတို့အား တရင်းတနှီး လာရောက်နှုတ်ဆက်ကြသည်။

အချို့ကလည်း ကျေးဇူးတင်ကြောင်း ပြောကြသည်။

ထိုလူအုပ်ထဲမှာ အဘွားမျှင်အား လက်စွပ်ပေး၍ ထမင်းပွဲ စီစဉ်ခိုင်းသော လူကြီးကိုလည်း တွေ့ရလေသည်။

ထိုလူကြီးက ဒေါ်ဘွားမျှင်အနီးသို့လာကာ…

“ကျုပ်တို့တစ်တွေကို အခုလို ဆုံတွေ့ခွင့်ရအောင် စီစဉ်ပေးတဲ့ မမျှင်ကို ကျေးဇူးတင်ပါတယ်၊ ကျုပ်တို့တစ်တွေ ကွဲသွားခဲ့ကြတာ အတော်ကြာခဲ့ပြီ၊ ကျုံတုံးမြို့ကြီး ပျက်စီးသွားကတည်းကဆိုပါတော့၊ မမျှင်ကျေးဇူးကြောင့် အခုလို ပြန်ပြီး ဆုံတွေ့ကြရတာ၊ ဒီအတွက် မမျှင်ကို ကျေးဇူးဆပ်ပါ့မယ်”

ဟု ဝမ်းသာကျေးဇူးတင်သော အမူအရာနှင့် ပြောလေသည်။

“ကိစ္စမရှိပါဘူး။ ကျုပ်က ဒီလိုလုပ်ပေးရတာကိုပဲ ဝမ်းသာနေတာပါ၊ တခြား ဘာမှမလိုပါဘူး”

“ဒီလိုလည်း မဟုတ်သေးဘူးလေ၊ တစ်ဦးကျေးဇူး တစ်ဦးက သိရမှာပေါ့၊ နောက်ပြီး မမျှင်ကို တစ်ခု အကူအညီ တောင်းရဦးမယ်”

“ဘာများပါလိမ့်”

“မရမ်းချောင်း တောနက်ထဲမှာ ဘုရားတစ်ဆူရှိတယ်၊ တည်တာ အပြီးမသတ်သေးဘူး။ အဲဒီဘုရားကို မမျှင်ကပဲ ကမ ကထ လုပ်ပြီး ပြီးအောင် တည်ပေးပါဦး”





“ကျုပ်က ဒါတွေ နားမလည်တော့ တစ်ယောက်တည်းတော့ လုပ်နိုင်မယ် မထင်ဘူး”

“ဒီအတွက် မပူပါနဲ့ ဦးဆောင်ပြီး လုပ်နိုင်မယ့်လူတွေကို ကျုပ်တို့ မမျှင်ဆီကို လွှတ်လိုက်ပါ့မယ်၊ မမျှင်ကသာ ကျုပ်တို့ကိုယ်စား လုပ်ပေးဖို့ပါပဲ”

“ဒီလိုဆိုရင်လည်း လုပ်ပေးနိုင်ပါတယ်”

“ကျေးဇူးတင်ပါတယ်”

ဟုပြောဆိုကာ ထိုလူကြီးက ထွက်သွားလေတော့သည်။

ထို့နောက်…

သောင်ပြင်ပေါ်ရောက်နေသော လူများမှာ အဘွားမျှင်ပြင်ဆင်ပေးထားသော ထမင်းပွဲများကို တပျော်တစ်ပါး ဝိုင်းဖွဲ့ခါ စားသောက်ကြလေတော့သည်။

တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်း ရောက်လာသောကြောင့် လရောင်ကလည်း မြင့်သည်ထက် မြင့်တက်လာသလို ကမ်းစပ်မှ ဒီရေများကလည်း တက်သည်ထက် တက်လာလေတော့သည်။

တဖြည်းဖြည်းနှင့် ထမင်းပွဲများ ပြင်ထားသော သောင်ပြင်ပေါ်သို့ တက်လာတော့သည်။

ထမင်းဝိုင်း စားနေသူများကတော့ ဒီလှိုင်းများ တက်လာသည်ကို လုံးဝ ဂရုမစိုက်ကြဘဲ ထမင်းစားမြဲ စားနေကြသည်။

သူတို့သည် ဒီလှိုင်းများ တက်လာသည်ကို လှည့်မကြည့်ဘဲ တစ်ဦးနှင့်တစ်ဦး ရယ်ရယ်မောမော ပြောဆိုခါ ထမင်းစားမြဲ စားနေကြသည်။

မကြာမီ...

ကမ်းစပ်ဘက်မှ တရိပ်ရိပ် တက်လာသော ဒီရေသည် လှိုင်းလုံးကြီးများအသွင်သို့ ပြောင်းလဲခါ ထမင်းဝိုင်းဖွဲ့စားသောက်နေသူများအပေါ်သို့ ဖုံးအုပ်သွားလေတော့သည်။

ထမင်းစားနေသူများ ရေအောက်သို့ ရောက်သွားကြသည်။

ထိုအဖြစ်ပျက်ကို ဒေါ်ဘွားမျှင် မျက်စိထဲမှာ အားလုံး မြင်တွေ့နေရလေသည်။

အတန်ကြာသောအခါ...

စောစောက သောင်ပြင်နေရာမှာ ရေပြင်ဖွေးဖွေး အဖြစ်သာ မြင်ရတော့သည်။

ညည့်က အတော်နက်လှပြီ။





# အခန်း (၉)

# အဘွားမျှင်နှင့် အစောင့်များ

နံနက်လင်းသောအခါ ပျဉ်ဒရယ် သောင်ထိပ်ဘက်ရှိ ခေတီရင်ပြင်တော်ပေါ်မှာ အဘွားမျှင်နှင့် မြနှင်းဝေတို့နှစ်ယောက် ပလုံး အိပ်ပျော်နေကြလေသည်။

အရှေ့ဘက် တောတန်းပေါ်မှ နေရောင်ခြည် တစ်စွန်း ဘစ်စ ထွက်ပေါ်လာသည့် အချိန်အထိ အိပ်ပျော်နေကြဆဲ ဖြစ်၏။ ရေကျသွားပြီဖြစ်သောကြောင့် ပျဉ်ဒရယ်သောင်ပြင် ပေါ်မှာ တုံးတို တုံးစများ၊ အမှိုက်သရိုက်များ၊ ခိုက်ပုံများ ကြားမှာ ငုက်ပျောရွက်များ တင်ကျန်နေသည်။

ငှက်ပျောရွက်များကတော့ ညက ပျဉ်ဒရယ်သောင် ပေါ်မှာ ဒေါ်ဘွားမျှင် ထမင်းပြင်သော ငှက်ပျောရွက်များဖြစ်၏။

ထူးဆန်းသော အချက်မှာ...

သောင်ပြင်ပေါ်မှာ ငှက်ပျောရွက်များသော ကျန်ရစ်ခဲ့သော်လည်း ထမင်းကျန်၊ ဟင်းကျန်များကတော့ တစိုးတစိမျှ မတွေ့ရခြင်းပင် ဖြစ်၏။

ထိုအချိန်တွင် ပျဉ်ဒရယ်သောင်ထိပ်သို့ လှေတစ်စင်း ဆိုက်ကပ်လာပြီး လူသုံးယောက်တို့ ကမ်းပေါ်တက်လာကြသည်။ ၎င်းတို့မှာ ဦးကျော်အောင်၊ တင်မောင်ထွန်းနှင့် တင်ဝင်းတို့ သုံးယောက် ဖြစ်ကြသည်။

သူတို့သည် ပျဉ်ဒရယ်ဘုရားသို့ ရောက်သောအခါ ရင်ပြင်တော်ပေါ်မှာ အိပ်ပျော်နေသော ဒေါ်ဘွားမျှင်နှင့် မြနှင်းဝေတို့ နှစ်ယောက်ကို မြင်သောအခါ အံ့ဩသွားကြလေသည်။

သူတို့တစ်တွေ ဘုရားပေါ်ရောက်တော့မှ အိပ်ပျော်သူများ နိုးလာကြသည်။

"ဪ... ဧည့်သည်တွေတောင် ရောက်လာပါလား။ ဘုရားလာဖူးကြတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်၊ ဒါထက် အဘွားတို့ ညက တစ်ညလုံး ဒီဘုရားပေါ်မှာ အိပ်နေကြတာလား"

"မဟုတ်ပါဘူး။ မနက်အစောကြီး ထ,ပြီး ဘုရားဝေယျာဝစ္စ လုပ်ပြီးမှ အိပ်တာပါ၊ ကိုင်း... အဘွားတဲကို သွားကြရအောင်"

"နေပါစေ အဘွား။ ကျွန်တော်တို့ ဒီဘုရားပေါ်မှာပဲ ထိုင်ပါ့မယ်၊ အဘွားဆီက သိချင်တာလေးတွေရှိလို့ လာတာပါ"





ဟု ဆိုသဖြင့် အဘွားမျှင်က...

"သိချင်တာရှိရင် မေးကြပေါ့၊ အဘွား သိသမျှတော့ ပြောပြပါမယ်"

"ဒီလိုပါ...မနေ့က ညနေစောင်းအချိန်မှာ ကျွန်တော်တို့ ဒီဘက်ကို ရောက်ခဲ့ကြပါသေးတယ်၊ ညဦးပိုင်းရောက်တော့ အဘွားတို့နှစ်ယောက် ဒီသောင်ပြင်ပေါ်မှာ ဖက်ရွက်တွေ ခင်းပြီး ထမင်းပွဲတွေ ပြင်နေတာ တွေ့ရတယ်၊ ညဥ့်နက်လာတော့ သောင်ပေါ်မှာ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ထွန်းတာလည်း တွေ့ရပါတယ်၊ အဲဒါ ဘာလုပ်တာလဲ၊ နတ်တွေကို ပူဇော်,ပ,သ,တာလားဟင်"

ဟု ဦးကျော်အောင်က မေးလိုက်သည်။

ဒေါ်ဘွားမျှင်က သက်ပြင်းတစ်ချက်ချကာ...

"ဆိုပါတော့ကွယ်"

ဟု တိုတိုးပြန်ပြောလိုက်သည်။

"ညဥ့်နက်လာတော့ သောင်ပေါ်ကို ရေတွေတက်လာပြီး ထမင်းပွဲတွေကို ဖုံးအုပ်သွားတာ တွေ့ရတယ်၊ အဲဒါလေးတွေကို တဆိတ်လောက် ရှင်းပြပေးပါလား အဘွား"

ဒေါ်ဘွားမျှင်က တစ်မျှော်တစ်ခေါ် မြင်နေရသော ပျဉ်ဒရယ်သောင်ရှိရာဘက်သို့ မျှော်ကြည့်ရင်း ထပ်မံ၍ သက်ပြင်းချလိုက်ပြန်လေသည်။

"မောင်တို့က မြို့မှာ နေကြတော့ ခေတ်ပညာတတ်လူငယ်, လူရွယ်တွေ ဖြစ်ကြမှာပါ၊ ဒီတော့ မြင်အပ် မမြင်

အပ်တဲ့ နာမ်လောကသားတွေအကြောင်း၊ ပရလောကသား တွေအကြောင်းကို ယုံကြည်မှုရှိကြရဲ့လား"

ဟု မေးလိုက်လေသည်။

"ကျွန်တော်တို့က ဝိညာဉ်လောက အကြောင်းကို စိတ်ဝင်စားပါတယ်၊ အဘွား ပြောပြရင် နားထောင်ချင်ပါတယ်"

"ဒီနေရာမှာ ရှေးနှစ်ပေါင်းများစွာက မြို့ဟောင်းကြီး တစ်ခု ရှိခဲ့ဖူးတယ်၊ မြို့စားကြီး ဗညားဗေယျရဲ့ အဆက် အနွယ်တွေ၊ နောက်လိုက်နောက်ပါတွေ လာရောက် တည် ထောင်ခဲ့ကြတဲ့ မြို့ကြီးပေါ့၊ ပျဉ်ဒရယ်ဆိုတာ မွန်အမည်ပါ။ အဓိပ္ပာယ်ကတော့ ပင့်လယ်ဘက်ကို ရွှေ့ပြောင်းတည်တဲ့ ရွာလို့ အဓိပ္ပာယ်ရပါတယ်"

"ဟုတ်ကဲ့... အဘွား"

"အဘွားတို့ မမီလိုက်ပေမယ့် ရှေးလူကြီးတွေ တစ်ဆင့် စကား တစ်ဆင့်ကြားရတာကတော့ ပျဉ်ဒရယ်မြို့ဟာ ကြက်ပျံ မကျ စည်ကားခဲ့တဲ့ မြို့ဖြစ်ခဲ့ပြီး အနောက်ဘက်မှာရှိတဲ့ ကခုံရွာနဲ့ လှည်းတွေနဲ့ ဖြတ်သွားလို့ ရခဲ့ကြတယ်၊ အခုထိ ပင်လယ်ရေအောက်မှာ အုတ်လမ်းကြီးတွေ ရှိသေးတယ်"

"စိတ်ဝင်စားစရာပါပဲ"

"နောက်တော့ ပင်လယ်ဘက်က ဒီလှိုင်းကြီးတွေ တက်လာပြီး ပျဉ်ဒရယ်မြို့ကြီးကို ဖုံးအုပ်သွားခဲ့တယ်၊ တချို့ ကတော့ မုန်တိုင်းကျပြီး ဒီလှိုင်းကြီးတွေ တက်ခဲ့တာလို့ ပြောကြတယ်"





"ဒီလှိုင်းလုံးကြီးတွေ ပြန်ကျသွားတဲ့အခါ ပျဉ်ဒရယ်မြို့ကြီး တစ်ခုလုံး လူတွေရော၊ အဆောက်အအုံတွေပါပျက်စီး ပျောက် ဆုံးသွားခဲ့ကြတယ်၊ အခုလှမ်းမြင်နေရတဲ့ ပျဉ်ဒရယ် သောင် တစ်ကြောဟာ အရင်က မြို့ဟောင်းကြီးရှိခဲ့တဲ့နေရာပေါ့ကွယ်"

ဟု သောင်ပြင်ရှိရာသို့ သီဝေသော မျက်လုံးများဖြင့် မျှော်ကြည့်ရင်း ပြောပြလေသည်။

"ဒါကြောင့် ဒီသောင်ပေါ်မှာ ရွှေငွေရတနာပစ္စည်းတွေ ရှာလို့ရတာပေါ့နော် အဘွား"

"ထိုက်တဲ့ လူတွေလည်း ရတတ်ပါတယ်"

"အဘွားက ဒီသောင်ပေါ်မှာ တစ်ယောက်တည်းနေ တာဆိုတော့ ဝိညာဉ်တွေ ဘာတွေ မြင်ဖူးလားဟင်"

"မြင်တဲ့အခါလည်း မြင်ရပါတယ်"

"ရွာထဲက လူတွေ ပြောသံကြားရတာတော့ တခြား လူတွေသာ ပစ္စည်းရှာလို့ မရရှိရမယ်၊ အဘွားရှာရင်တော့ ကြာခဏ ပစ္စည်းတွေ ရတယ်လို့ ပြောကြတယ်၊ အဲဒါ ဘာကြောင့်လဲဟင်"

"ဥစ္စာပစ္စည်းဆိုတာ ကိုယ်နဲ့ထိုက်မှ ရတာဆိုတော့ အဘွားနဲ့ထိုက်လို့ ရတာဖြစ်မှာပေါ့ကွယ်"

ဟု အေးအေးဆေးဆေး ပြောပြသည်။

"ပျဉ်ဒရယ်မြို့ကြီး ပျက်စီး ပျောက်ကွယ်သွားပြီးတဲ့ နောက်မှာ အဲဒီလူတွေနဲ့ အဘွားနဲ့ ဘယ်လိုပတ်သက်နေသလဲ ဟင်"

"အဲဒီလူတွေနဲ့မှ မဟုတ်ပါဘူး။ ဘယ်သူမဆို တစ်ဘဝ မဟုတ်တစ်ဘဝ ဆက်နွယ်ပတ်သက်ခဲ့ဖူးတာချည်းပါပဲ၊ လောကမှာ အသက်ရှိတဲ့ လူတွေပဲဖြစ်ဖြစ်၊ နာမ်လောက,က လူတွေပဲဖြစ်ဖြစ် အားလုံးဟာ ဆွေမျိုးတော်စပ်ခဲ့ကြတာချည်းပါပဲ"

"ဟုတ်ပါတယ် အဘွား။ ဒါဖြင့် ပျဉ်ဒရယ်တစ်ဝိုက်မှာ ရှိနေတဲ့ ပရလောကသားတွေကို အဘွားအနေနဲ့ မြင်ခွင့်ရှိသလား"

"တိုက်ဆိုင်ရင်တော့ မြင်နိုင်ပါတယ်"

"ဒါဖြင့် သူတို့ မြှုပ်နှံထားခဲ့တဲ့ ရတနာပစ္စည်းတွေကိုရော အဘွား မြင်ရလားဟင်"

"ဟင့်အင်း... ဒါတွေတော့ အဘွားအနေနဲ့ စိတ်မဝင်စားလို့ မမြင်ရပါဘူး"

ဦးကျော်အောင်က သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"ကျွန်တော်တို့ စုံစမ်းရသလောက်ကတော့ မြို့စားကြီး ဗညားဓေယျနဲ့ အတူပါလာတဲ့ ရတနာပစ္စည်းတွေ၊ ဓာတ်သား ဘုရားတွေဟာ မြို့စားကြီး ကွယ်လွန်တော့ သူနဲ့ပတ်သက်တဲ့ အဆက်အနွယ်တွေဆီကို ပါသွားခဲ့တယ်"

"အဲဒီ ပစ္စည်းတွေဟာ ပျဉ်ဒရယ်မြို့ကို ရောက်ခဲ့ကြတယ်၊ ပျဉ်ဒရယ်မြို့ကြီး ပျက်စီးသွားတဲ့အခါကျတော့ အဲဒီ ရတနာတွေဟာ သဲလွန်စ ပျောက်သွားခဲ့တယ်လို့ သိရတယ် အဲဒါရော အဘွား သိသလား"





ဒေါ်ဘွားမျှင်က လူရွယ်သုံးယောက်တို့အား အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

ထိုမေးခွန်းကြောင့် အနီးမှာ ထိုင်နေသော မြနှင်းဝေသည်ပင် မျက်နှာတစ်ချက် ပျက်သွားသည်။

"အဲဒါတွေတော့ အဘွား မသိပါဘူး။ စိတ်လဲ မဝင်စားပါဘူး။ တကယ်လို့ မောင်ရင်တို့ ပြောသလို ရတနာပစ္စည်းတွေ ပါလာတယ်ဆိုရင်လည်း ရေအောက်ပါသွားရောပေါ့"

ထိုစကားကြောင့် ဦးကျော်အောင်တို့ သုံးယောက်က ရယ်နေသည်။

အတန်ကြာမှ ဦးကျော်အောင်က...

"ကျွန်တော်တို့ အခုလာတာ တခြားမဟုတ်ပါဘူး။ အဘွားကို ငွေထပ်ပေးဖို့ လာတာပါ"

ဟု ပြောလိုက်သည်။

"ဘာအတွက်ပါလိမ့်"

"တစ်နေ့က အဘွား ကျွန်တော်တို့ကို လက်စွပ်တစ်ကွင်း လာရောင်းထားတယ် မဟုတ်လား။ အဲဒါ ကျွန်တော်တို့ ပေးလိုက်တဲ့ ငွေက နည်းနေလို့ လာထပ်ပေးတာပါ"

ဟုပြောကာ ဦးကျော်အောင်က လွတ်အိတ်ထဲတွင် စက္ကူဖြင့် အသင့်ပတ်ထားသော ငွေစက္ကူများအား ဒေါ်ဘွားမျှင်အား လှမ်းပေးလေသည်။

"ကျေးဇူးပါပဲကွယ်၊ ငွေထပ်ရတော့လည်း ဘုရားအတွက် ဝေယျာဝစ္စ သုံးရတာပေါ့"

ဟုပြောခါ လုပ်းယူပြီး မြနှင်းဝေအား လှမ်းပေး လိုက်သည်။

"နောက်လည်း ပစ္စည်းရောင်းစရာရှိရင် ယူလာပါ ကျွန်တော်တို့ အမာရွာမှာ အတော်ကြာအောင် နေကြဦးမှာပါ"

"ကောင်းပါပြီ... ကောင်းပါပြီ"

ထိုသို့ ပြောဆိုနေကြစဉ် ညောင်ပင်ကြီးရှိရာဘက်မှ မုဆိုးဟောင်းတစ်ထည်ကို ခေါင်းပေါင်းပေါင်းထားခါ မဒမသား အချွန်တစ်ချောင်းကို ကိုင်ထားသော လူကြီးတစ်ယောက် ထွက်လာပြီး သူတို့ရှိရာသို့ လျှောက်လာသည်။

အနီးသို့ ရောက်သောအခါ...

"ဒေါ်မှူင် ကျုပ် ဘာလုပ်ပေးရဦးမလဲ"

ဟုမေးသည်။

"အခုတော့ လုပ်စရာ မလိုသေးပါဘူးကွယ်၊ သူတို့က ပျဉ်ဒရယ်မြို့ဟောင်းကို ရှာနေကြတဲ့သူတွေပေါ့"

အဘွားမှူင်က ဧည့်သည်သုံးယောက်ကို တစ်ချက် ကြည့်ပြီး ပြောလိုက်သောအခါ နောက်ရောက်လာသူက သေသေချာချာ ကြည့်သည်။ ဦးကျော်အောင်တို့ သုံးယောက် မျက်စိထဲမှာ ထိုလူ၏ အမူအရာမှာ အနည်းငယ် ထူးခြား သယောင် ထင်လိုက်မိသည်။

"ခင်ဗျားတို့က ပျဉ်ဒရယ်မြို့ဟောင်းကို လိုက်ရှာနေ တာလား"

ဟု အသံညြသြကြီးဖြင့် မေးလိုက်သည်။





"ဟုတ်ပါတယ်"

"ပျဉ်ဒရယ်မြို့က ရေအောက်ရောက်သွားတာဆိုတော့ ဒီနေရာတွေမှာ လိုက်ရှာလို့ ဘယ်တွေ့မှာလဲ၊ ခင်ဗျားတို့ သွားချင်တယ်ဆိုရင်တော့ ကျုပ်လိုက်ပြပေးပါမယ်"

ထိုစကား ကြားသောအခါ ဦးကျော်အောင်တို့ သုံးယောက်စလုံး မျက်နှာများပေါ်မှာ ဝမ်းသာကျေနပ်သော အရိပ်အယောင်များ ပေါ်လာလေတော့သည်။

"တကယ်လား... ဒီနေရာကို ဦးလေးက သိလို့လား"

"သိတာပေါ့ကွယ်၊ ကျုပ်က ဒီနေရာတွေမှာမွေး၊ ဒီနေရာတွေမှာ ကြီးတာပဲ၊ ကျုပ်ရဲ့ ဂါးဖောင်တောင် မရန်း ချောင်းဘက်ကမ်းမှာ ရှိသေးတယ်၊ ဒါပေမယ့် ခင်ဗျားတို့ကို တစ်ခုတော့ ကြိုပြောထားမယ်၊ အဲဒီလို လိုက်ပြပေးရင်တော့ အခကြေးငွေတော့ ပေးရမယ်နော်"

"ဟာ... ပေးရမှာပေါ့ဗျာ၊ ကျုပ်တို့ တွေ့ချင်တဲ့ နေရာကိုသာ ရောက်အောင် ပို့ပေးမယ်ဆိုရင် ထိုက်ထိုက် တန်တန်ကို ပေးမှာပါ"

"ကောင်းပါပြီ... ကောင်းပါပြီ၊ ဒီလိုဆိုရင် ကျုပ်လူ တွေနဲ့ တိုင်ပင်လိုက်ပါဦးမယ်၊ အဆင်ပြေတဲ့နေ့တော့ လိုက်ပို့ ပေးပါမယ်"

ဟုပြောကာ ဒေါ်ဘွားမှူင်အား နှုတ်ဆက်ကာ မဒမသား ချောင်းကြီးအား ထမ်း၍ ညောင်ပင်အောက်သို့ ပြန်သွားလေ တော့သည်။

ခဏကြာသောအခါ ဦးကျော်အောင်တို့ သုံးယောက်လည်း အဘွားမှျင်အား နှုတ်ဆက်ခါ ပြန်ကြလေသည်။

ပြန်ခါနီးတွင် တင်ဝင်းနှင့် တင်မောင်ထွန်းတို့ နှစ်ယောက်က လှသူနှင့် အလှမ်းဝေးသော တောထဲမှာ မြနှင်းဝေလို လှပသော မိန်းမပျိုတစ်ဦးကို တွေ့ရသဖြင့် တပ်မက်သောမျက်လုံးများနှင့် ကြည့်သွားကြလေသည်။

သူတို့ ပြန်သွားတော့မှ မြနှင်းဝေက...

"အဘွား... အဲဒီလူ သုံးယောက်ကို ကြည့်ရတာ ကျွန်မစိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ သူတို့ကြည့်ရတာ မရိုးသားဘူးနဲ့ တူတယ်၊ သူတို့မှာ မကောင်းတဲ့ အကြံအစည်တစ်ခုရှိပုံရတယ်"

ဟုပြောလေသည်။

ထိုအခါ အဘွားမှျင်က ပါးရေများတွန့်သာရုံ ပြုံး၍ ဤသို့ ပြန်ပြောလေသည်။

"လောကမှာ လူ့ရဲ့ စိတ်အမှန်ကို သိဖို့ဆိုတာ ခဲယဉ်းလှပါတယ် သမီးရယ်၊ သူတို့မှာ ဘယ်လိုအကြံအစည်ရှိတယ်ဆိုတာ ဘယ်လို ကြိုတင်ပြီးသိနိုင်ပါ့မလဲ"

"ကျွန်မရဲ့ စိတ်ထဲမှာ တစ်နေ့မဟုတ် တစ်နေ့ ကျွန်မတို့ကို မကောင်းကြံလိမ့်မယ်လို့ ထင်နေမိတယ်"

"ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကွယ်၊ အဘွားတို့ကို ဒုက္ခပေးဖို့ ကြံစည်ရင် ကူညီမယ့်လူတွေ ရှိပါတယ်၊ မပူပါနဲ့"





"ဒါထက် စောစောက လာပြောတဲ့ လူကြီးက ဘယ်သူလဲဟင်၊ အဘွားနဲ့ သိလို့လား"

"အင်း... သူက ဒီနေရာကို ရောက်လာတာ မကြာသေးတဲ့ လူသစ်တစ်ယောက်ပေါ့"

"သူက ဘယ်မှာ နေတာလဲဟင်"

အဘွားမှျင်က ချောင်ပင်ကြီးရှိရာဘက်သို့ လက်ညှိုးထိုးပြလေသည်။

ထို့နောက်...

"ကဲ... တို့မြေးအဘွားလည်း တစ်ညလုံး ကောင်းကောင်း မအိပ်ကြရသေးဘူး။ တဲပြန်ပြီးတော့ တစ်မှေးလောက်နားလိုက်ကြရအောင်၊ နေ့လယ်မှပဲ ညည်းကို လိုက်ပို့ပေးတော့မယ်"

ဟုပြောဆိုကာ သူတို့နှစ်ယောက်သည် ဒေါ်ဘွားမှျင်တဲရှိရာဘက်သို့ ထွက်လာခဲ့လေတော့သည်။

ရွှေမြင့်မိုရ် စာပေ

## အခန်း (၁၀)

## မရန်းချောင်းဘူရားပျက်မှ ဦးဘာဘူ

ကျွန်ုပ်တို့တစ်တွေသည် ရေကျော်ကြီးထင်းပွဲခန်းဟွင်ရက်အနည်းငယ်ကြာအောင် နေထိုင်ကြပြီး သစ်တောသစ်ကွက်များအတွင်း ရောက်အောင် လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ကျွန်ုပ်တို့ သစ်တောရုံးမှ ထင်းဖြတ်သူများအား လိုင်စင်များ ထုတ်ပေးထားသည်။

လိုင်စင်ထဲမှာ သတ်မှတ်ထားသော သစ်နှင့် ပေမီသော သစ်များကိုသာ ဖြတ်ယူခွင့်ပြုထားသော်လည်း ထင်းသမားများက တောထဲရောက်သောအခါ အလွယ်တကူ လှဲဖြတ်





ယူနိုင်သော ပေမမီသော သစ်နုများကိုပါ လှဲဖြတ်ယူကြသည်။

ပြီးလျှင် သစ်ကြီးသားများနှင့် ရောနှောထားကြလေသည်။

သို့သော်...

သစ်နုသားနှင့် သစ်ရင့်သားမှာ များစွာ ကွာခြားလှပေသည်။

ကနစိုသစ်ရင့်သား၏ အရောင်မှာ နီရဲနေပြီး သစ်နုသားအရောင်မှာ အဖြူရောင်ဖြစ်၏။

ထင်းသမားများက ထင်းပေါက်ခြမ်းအဖြူများပေါ်သို့ မဒမခေါက် အရည်များ ပက်ဖျန်းကာ အရောင်ပြောင်းထားတတ်သည်။

မဒမခေါက် အရည်မှာ အနီရောင်ဖြစ်သောကြောင့် အဖြူရောင် ထင်းပေါက်ခြမ်းများသို့ မဒမအရည် ဖျန်းလိုက်ပါက ချက်ချင်း သစ်ရင့်သစ်ကြီးသားကဲ့သို့ အနီရောင်ပြောင်းသွားတတ်သည်။

သို့စေကာမူ...

သစ်တောကျွမ်းကျင်သူများကတော့ ထင်းပေါက်ခြမ်း၏ အပွေးကို ကြည့်ရုံဖြင့် အနုအရင့် ခွဲခြားနိုင်ပေသည်။

သစ်တောထဲမှာ သစ်ကွက်များရိုက်၍ တောခေါင်း၊ တောအုပ်များအား တာဝန်ခွဲဝေပေးထား၏။ ၎င်းတို့ကမှ

လိုင်စင်ရှိသော ထင်းသမားများအား သစ်ကွက်များထဲသို့ ထင်းခုတ်ယူခွင့် ပေး၏။

မိမိတို့ တာဝန်ကျသော သစ်ကွက်များအတွင်းသို့ ဝင်ရောက် ထင်းဖြတ်သော လွှဆိုင်းများ၏ စာရင်းကိုလည်း မှတ်သားထားကြသည်။

အကယ်၍ သစ်ကွက်တစ်ကွက်အတွင်းမှ သစ်နုများ ခုတ်လှဲသွားပါက ၎င်းသစ်ကွက်တွင်း ဝင်ရောက်သွားသော လွှဆိုင်း အားလုံးအား စစ်ဆေး အပြစ်ပေးခွင့်ရှိပေသည်။

အပြစ်ပေးပုံမှာ ဒဏ်ငွေရိုက်ခြင်း၊ လွှ၊ ဓား၊ လှေ၊ သမ္ဗန်နှင့် တောအသုံးအဆောင် ပစ္စည်းများ သိမ်းယူခြင်း၊ နောက်ဆုံး သစ်ထုတ်ယူခွင့် လိုင်စင် ပြန်လည်ရုပ်သိမ်းပြီး လူကို အပြစ်ပေးခြင်းတို့အထိ အရေးယူနိုင်ပေသည်။

သစ်တောဝန်ထမ်းများအနေနှင့်လည်း အလုပ်သမားများအား နားလည်သဘောပေါက်အောင် အနုနည်း အကြမ်းနည်းများဖြင့် အမျိုးမျိုး ပြောပြကြရသည်။

ကျွန်ုပ်သည် ရေကျော်ကြီး ထင်းပွဲစခန်းမှာ တည်းပြီး အမာ၊ ရော၊ ကခုံရှိ သစ်တောစခန်းများသို့ လှည့်လည်၍ စစ်ဆေးမှုများ ပြုလုပ်ရလေသည်။

ထိုသို့ရှိနေစဉ် တစ်ညနေ၌ ကျွန်ုပ်သည် ထူးဆန်းသော အိပ်မက်တစ်ခု မြင်မက်လေသည်။





အိပ်မက်ထဲတွင် ရှေးအဝတ်အစားများ ဝတ်ဆင်ထားသော လူကြီးတစ်ယောက် ရောက်လာပြီး ကျွန်ုပ်အား ဤသို့ ပြောလေသည်။

"ဒီကနေသွားရင် အနောက်ဘက် သစ်တောထဲမှာ ရှေးက မွန်လူမျိုးတွေ နေသွားတဲ့ မြို့ဟောင်းတစ်ခုရှိတယ်၊ အဲဒီမှာ ကျုပ်တို့ တည်ခဲ့တဲ့ ဘုရားတစ်ဆူရှိတယ်၊ အပြီး မသတ်သေးဘူး။ အဲဒီဘုရားကို ပြီးအောင် တည်ပေးပါ"

ဟုပြောသည်။

"ကျုပ်က ဒီကို တာဝန်နဲ့ လာတာဆိုတော့ ဘုရားပြီးအောင် ဘယ်လို တည်ပေးရမလဲ"

"ဒါက အခုဘဝအတွက် တာဝန်ဝွေပါ၊ ဘုရားတည်တဲ့ တာဝန်က နောင်ဘဝအတွက် တာဝန်ဖြစ်တာကြောင့် ဖြစ်အောင်လုပ်ပေးပါ"

"ဘုရားတည်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ အချိန်နဲ့ ငွေအား၊ လူအား အတော်ကုန်မှာ၊ ဒါတွေက ဘယ်က ရမှာလဲ"

"ဒီအတွက် မပူပါနဲ့ ကျုပ်တို့ ရှာပေးပါ့မယ်၊ ဘုရားတည်ဖို့အတွက်ဆိုရင် ပျဉ်ဒရယ်ရွှေသိုက်ထဲမှာ ရှိတဲ့ ရွှေငွေ ရတနာတွေကို ကြိုက်သလောက်ယူပြီး အသုံးပြုနိုင်ပါတယ်၊ ခင်ဗျားတာဝန်ယူရင် သိုက်တံခါးကို ဖွင့်ပေးပါမယ်"

"ပျဉ်ဒရယ်ရွှေသိုက်ဆိုတာ တကယ်ရှိတာလား"

"ရှိပါတယ်၊ ဘုရားတည်ဖို့ ရည်စူးထားတဲ့ ရွှေငွေ ရတနာတွေကို စုထားတဲ့ ပျဉ်ဒရယ်ရွှေသိုက်ဆိုတာ တကယ် ရှိပါတယ်၊ အချိန်တန်တော့ ပြပေးပါ့မယ်"

"ဒါကတော့ ဟုတ်ပါပြီ၊ ဘုရားတည်တဲ့ ကိစ္စဆိုတာ လွယ်တာမဟုတ်ဘူး။ ဒီကိစ္စကို ကျွမ်းကျင်မှ ဖြစ်မှာပေါ့၊ စကားပုံတောင် ရှိတယ်မဟုတ်လား၊ **အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး။ ဤသုံးမျိုး ချက်မပိုင်ရင် နောင်ပြင်ရန် ခက်တဲ့အမျိုး** ဆိုတဲ့အတိုင်း အမှားအယွင်း ဖြစ်သွားရင် ပြုပြင်ဖို့ ခဲယဉ်းတယ်"

"ဒါကြောင့် ကျွမ်းကျင်တဲ့ လူ၊ ဒါမှမဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးနဲ့ တွဲပြီး လုပ်ရမယ်ဆိုရင်တော့ လုပ်ပေးပါမယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ဒီအတွက်လည်း မပူပါနဲ့၊ ခင်ဗျားအနေနဲ့ တာဝန်ယူလိုက်ရင် တွဲလုပ်ကြမယ့် ပဋ္ဌာန်းဆက်ရှိတဲ့လူတွေ ရောက်လာပါလိမ့်မယ်"

ဟုပြောကာ ပျောက်သွားလေတော့သည်။

ကျွန်ုပ်လည်း အိပ်ရာမှ နိုးလာသောအခါ ထိုအကြောင်း ကို ပြန်စဉ်းစားနေမိသည်။

ကျွန်ုပ်တို့ ရေကျော်ကြီးစခန်းသို့ ရောက်စ.က တောအုပ် ကြီး ဦးမွန်ထော်ပြောသော အကြောင်းများနှင့် ဆက်စပ်မှု ရှိနေသည်ကိုလည်း သတိပြုမိလေသည်။





ဤသို့ဖြင့် ကျွန်ုပ်သည် အိပ်မက်အကြောင်းအား မည်သူ့မှ မပြောတော့ဘဲ အလုပ်ချောင်သော နေ့တစ်နေ့တွင် မရန်းချောင်းဖျားဘက်သို့ သွားရန် စီစဉ်လေသည်။

ကျွန်ုပ် မရန်းချောင်းဘက်သွားရန် စီစဉ်ခိုင်းသောအခါ အတက်ကြွဆုံး စီစဉ်သူမှာ တောအုပ်ကြီး ဦးမွန်ထော်ပင် ဖြစ်သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ထင်းပွဲစခန်းရုံးမှ စက်လှေငယ် တစ်စင်းဖြင့် မရန်းချောင်းသို့ ထွက်ခဲ့ကြသည်။

မရန်းချောင်းဖျားဘက်မှာ အတန်ငယ် ကျဉ်းသော ကြောင့် ကျွန်ုပ်၏ ယူဘီသင်္ဘောမှာ ဝင်မရသဖြင့် အမိုးမပါ သော ပဲ့ထောင်စက်လှေငယ်ဖြင့် လာခဲ့ရခြင်းဖြစ်၏။

စက်လှေပေါ်မှာ ကျွန်ုပ်နှင့်အတူ တောအုပ်ကြီး ဦးဗန် ကောင်း၊ ဦးမွန်ထော်၊ တောခေါင်းမောင်ရွှေနှင့် ဓားခေါင်း အချို့ လိုက်ခဲ့ကြသည်။

ခရီးစဉ်ကတော့ ရေကျော်ကြီးချောင်းအတွင်းမှ ဖောင်ဝင် မြစ်သို့ ပြန်ထွက်ခါ ကဒုံဘက်သို့ စုန်ဆင်းခဲ့ရသည်၊ ချောင်းဖြကြီး လွန်သောအခါ ပင်လယ်ဝ ချွန်းအငူပေါ်မှာ တည်ထားသော ကဒုံကနီကို ခပ်ရေးရေး လှမ်းမြင်ရသည်။

မရန်းချောင်းမှာ ကဒုံကနီသို့ မရောက်ဘဲ လမ်းခုလတ် တွင် ရှိပေသည်။

ချောင်းဝပိုင်းမှာ အတန်ငယ် ကျယ်သော်လည်း အတွင်းသို့ ရောက်လာလေလေ ကျဉ်းလာလေလေ ဖြစ်၏။

ချောင်း၏ ဘေးတစ်ဖက်တစ်ချက်မှာ သစ်တောကြီးများ ရှိပြီး ချောင်းရိုးကမ်းတစ်လျှောက်မှာတော့ ဖျူးခြေထောက်ပင်နှင့် လမုပင်များ ရှိသည်။

ကျွန်ုပ်တို့ စီးလာသော စက်လှေသည် ချောင်းအတွင်းပိုင်း ရောက်သောအခါ စက်ရှိန်ကို လျှော့ကာ ခပ်ဖြည်းဖြည်း မောင်းဝင်လာရသည်။

အတွင်းသို့ ရောက်သောအခါ ချောင်းကမ်းစပ်တစ်လျှောက်မှာ မြေအောက်မှာတစ်ဝက်၊ ရေအောက်မှာတစ်ဝက် ရောက်နေသော အုတ်ရိုးလမ်းအချို့ကို မြင်ရသည်။

"ဒါ မရန်းချောင်း မြို့ဟောင်းအစပ်ပဲ ဆရာကြီး"

ဟု ဦးမွန်ထော်က အုတ်လမ်းကြီးများအား လက်ညှိုးထိုးပြကာ ပြောလိုက်သည်။

အတန်ကြာသောအခါ ချောင်းနှင့် မနီးမဝေး တောအုပ်အတွင်းမှာ တောင်ပို့သဏ္ဌာန် မှိုမောက်လျက်ရှိသော စေတီပျက်ကို လှမ်းမြင်ရသဖြင့် စက်လှေအား ထိုနေရာတွင် ဆိုက်ကပ်ပြီး ကမ်းပေါ်သို့ တက်ခဲ့ကြသည်။

ကျွန်ုပ်တို့သည် ဦးစွာ စေတီပျက်ကြီးရှိရာသို့ အရင်သွားကြည့်ကြသည်။





စေတီပျက်ကြီးမှာ နှစ်ပေါင်းများစွာကတည်းက တည်ခဲ့ဟန်ရှိသောကြောင့် ဟောင်းနွမ်းပျက်စီးလျက်ရှိကာ ချေးညှိနှင့် သစ်ပင်များ ဖုံးအုပ်လျက်ရှိသည်။

ပြိုကျနေသော အုတ်ချပ်ကြီးများမှာ ဒု, ဖြက် ကြီးမားလှသော ရှေးခေတ်က အသုံးပြုသော အုတ်ချပ်ကြီးများ ဖြစ်ပေသည်။

"ကျုပ်တို့ တစ်ခါ မျက်စိလည်ပြီး ရောက်ခဲ့တာ အဲဒီဘုရားကြီးပဲ ဆရာကြီး"

ဟု ဦးမွန်ထော်က တိုးတိုးပြောသည်။

ကျွန်ုပ်တို့တစ်တွေလည်း ထိုနေရာ ပတ်ဝန်းကျင်သို့ လိုက်လံကြည့်ရှုသောအခါ ရှေးအခါက ထိုနေရာတစ်ပိုက်တွင် လူနေသော လက္ခဏာများ တွေ့ရသည်။

သရက်၊ ပိန္နဲ၊ မရန်းပင်ကြီးများအပြင် တောဝင်နေပြီဖြစ်သော ရေတ်ကောင်းပင်၊ ကွမ်းပင်ရိုင်းကြီးများကိုလည်း တွေ့ရသည်။

အချို့နေရာများမှာ အုတ်ကျိုး အုတ်ပဲ့ အပျက်အစီးများကို တွေ့ကြရသည်။

တောတွင်းတစ်နေရာမှာ ဘုရားရှိရာသို့ ရောက်အောင်ဝင်လာသော ချောင်းငယ်တစ်ခုရှိသည်။

သို့သော် ယခုအခါ ရေကျနေချိန်မို့ ချောင်းရိုးထဲမှာ ရေမရှိပေ။

ချောင်းစပ်ထိပ်မှာတော့ အုတ်ပုံကြီးတစ်ပုံ ရှိနေသည်။

ထူးဆန်းသည်မှာ ထိုအုတ်ပုံ၌ရှိသော အုတ်များမှာ ယခုခေတ်သုံးသော အုတ်များပင် ဖြစ်ပေသည်။

သို့စေကာမူ...

ပုံထားတာ နှစ်ကြာနေပြီဖြစ်ဟန်ရှိသဖြင့် ရေညှိများ တက်ခါ အရောင်အဆင်းပင် မပေါ်တော့ပေ။

ကျွန်ုပ်သည် ထိုအုတ်ပုံကို ဇဝေဇဝါ ကြည့်နေစဉ် ဘုရားပျက်အနီးရှိ တောထဲမှ လူတစ်ယောက် ထွက်လာသည်။

အသက်ငါးဆယ်ဝန်းကျင် အရွယ်ခန့်ရှိပြီး အထက်အောက် မဒမခေါက် ဆိုးထားသော အညိုရောင် အကျႌ လုံချည်များ ဝတ်ဆင်ထားလေသည်။ လည်ပင်းမှာတော့ ပုတီးတစ်ကုံး ဆွဲထားကာ ပါးစပ်မှာ မီးမရှိသော ဆေးပြင်းလိပ် အတိုတစ်လိပ်ကို ခဲထားသည်။

သူက ကျွန်ုပ်တို့ရှိရာသို့ လျှောက်လာသည်။

အနီးသို့ ရောက်သောအခါ ပြုံးရွှင်သော မျက်နှာဖြင့်...

"ဆရာကြီးတို့ ဘယ်တုန်းက ရောက်ကြသလဲ"

ဟု မေးလိုက်လေသည်။

"ခုနကပါပဲ၊ ဒါထက် ခင်ဗျားက ဘယ်သူလဲ"

"ကျုပ်နာမည် ဦးဘာဘူလို့ ခေါ်ပါတယ်၊ နေတာက ကဒုံမှာ နေပါတယ်"





"ဪ... ဦးဘာဘူဆိုတာ ခင်ဗျားကိုး"

ထိုစကားပြောလိုက်သူမှာ ဦးမွန်ထော်ဖြစ်သည်။

ဦးမွန်ထော်က ယခင်တစ်ကြိမ် ရောက်စဉ်က ဦးဘာဘူ အကြောင်းကို ကြားထားခဲ့ပြီဖြစ်သောကြောင့် အံ့ဩသွားခြင်း ဖြစ်ပေသည်။

"အခု ဒီမှာ ဘာလာလုပ်နေတာလဲ"

"အမဲဗြာန်လာဝင်နေတာပါ၊ ကဒုံနဲ့ မရန်းချောင်းဆိုတာ တောထဲက ဖြတ်လာရင် သိပ်မဝေးလှပါဘူး"

"ခင်ဗျားတစ်ယောက်ထည်း ဒီတောထဲမှာ လာနေတာ အန္တရာယ် မရှိဘူးလား"

ဦးဘာဘူက တစ်ချက်ပြုံးလိုက်ပြီး...

"ကျုပ်အတွက်တော့ ဘာအန္တရာယ်မှ မရှိပါဘူး။ အန္တရာယ်တွေ့တယ်ဆိုတာ အန္တရာယ်ကို လိုက်ရှာတဲ့ လူတွေမှ တွေ့တာပါ၊ ကျုပ်က အန္တရာယ်ရှာတဲ့လူမှ မဟုတ်တော့ အန္တရာယ် မတွေ့ပါဘူး"

ဟု ပြောပြသည်။

"အေးဗျာ... ခင်ဗျားနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည်က အောင်မင်းအောင်ပါ၊ ဒီသစ်တော အရာရှိတစ်ဦး ဆိုပါတော့"

"ဆရာကြီးကို ကျုပ် သိပါတယ်"

"ဟင်... ခင်ဗျားနဲ့ ကျွန်တော်နဲ့က အခုမှ မြင်ဖူးကြတာ၊ ဘယ်လိုသိတာလဲ"

"ဆရာကြီး ရောက်လာတော့မယ်ဆိုတာ ကျုပ် အစောကြီးကတည်းက ကြိုပြီးသိပါတယ်၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက လာပြောကြလို့ ဆရာကြီးကို ဒီမှာလာပြီး ကြိုစောင့်နေတာပါ"

"အံ့သြစရာပဲ"

"ဘာမှ အံ့သြစရာမရှိပါဘူး ဆရာကြီးရဲ့၊ ဆရာကြီးတို့လို အရာရှိတွေ ဝန်ထမ်းတွေ နေရာတစ်ခုကို သွားတော့မယ်ဆိုရင် သွားမယ့်နေရာက သက်ဆိုင်ရာ လူတွေဆီကို ကြိုတင်ပြီးတော့ အကြောင်းကြားရသလို၊ ကျုပ်တို့လို အဓိဋ္ဌာန်ဝင်တဲ့ လူတွေမှာလည်း ဒီလိုပဲရှိပါတယ်"

"ကိုယ်သွားရမယ့်နေရာ၊ ကိုယ်ဆောင်ရွက်ရမယ့်အလုပ်တွေကို သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက ဆက်သွယ်အကြောင်းကြားလေ့ ရှိပါတယ်"

"ဒီလိုဖြင့် တစ်ခုလောက် မေးပါရစေ"

"မေးပါ ဆရာကြီး"

"ဒီဘုရားမှာရှိတဲ့ လူတွေက ဦးဘာဘူဆီ ဘယ်လိုများ အကြောင်းကြားကြတယ်ဆိုတာ တဆိတ်လောက် ရှင်းပြပေးပါ"

ထိုအခါ ဦးဘာဘူက မီးမရှိသော ဆေးပြင်းလိပ်အတိုကို တစ်ဖွာ, နှစ်ဖွာ ဖွာလိုက်ပြီး ဤသို့ပြောပြလေသည်။





"ကျုပ်တို့လည်း အရင်တုန်းကတော့ ဒီတောထဲမှာ ဘုရားပေါင်းတွေ ရှိတယ်လို့သာ ကြားဖူးခဲ့တာ၊ တစ်ခေါက်မှ မရောက်ခဲ့ဘူး၊ တစ်နေ့တော့ ကဒုံအိပ်မှာ အဓိဋ္ဌာန်ဝင် ပုတီးစိပ်နေတုန်း အိပ်မက် မက်သလို ဒီဘုရားပေါင်းကြီးကို မြင်ရတယ်၊ နောက် ဆရာတော်ကြီးတစ်ပါး ကြွလာပြီး ဒီဘုရားဆီ သွားရမယ်၊ အဲဒီမှာ အဓိဋ္ဌာန်ဆက်ဝင်ပြီး ဘုရားကို ပြီးအောင်ပြုပြင်ရမယ်လို့ မိန့်တာနဲ့ ကျုပ်လာခဲ့ရတာပါ"

"ဒီနေရာရောက်တော့ ဘယ်လိုထူးခြားမှုတွေ တွေ့ရတယ်ဆိုတာ ပြောပြပါဦး"

"တောထဲ တောင်ထဲမှာဆိုတော့ ထူးဆန်းတာတွေကတော့ အများကြီးပေါ့ ဆရာကြီးရယ်၊ ကျုပ်ရောက်,စ,က ဒီဘုရားရင်ပြင်တော်ပေါ်မှာ မြွေကြီးတစ်ကောင်ကို တွေ့ရတယ်၊ ကျုပ်ကိုတော့ အန္တရာယ်မပြုပါဘူး"

"ဒါနဲ့ ကျုပ်လည်း မလှမ်းမကမ်းမှာ ထိုင်ပြီး ပုတီးစိပ် အဓိဋ္ဌာန်ဝင် အမှုအတန်းတွေ ဝေလိုက်တော့ သုံးရက်မြောက်တော့ ညဖက်မှာ ထူးဆန်းတာကို တွေ့ရတယ်"

"ဘယ်လိုထူးဆန်းမှုမျိုးလဲ ပြောပါဦး"

"ကျုပ်နဲ့ မလှမ်းမကမ်းမှာ ရှိနေတဲ့ မြွေကြီးဟာ တဖြည်းဖြည်းနဲ့ လူ့အသွင်ပြောင်းလာတာကို ကျုပ်မြင်ရတယ်၊ အတော်ကြာတော့ မြွေအသွင် ပျောက်ကွယ်သွားပြီးတော့

ရွှေခေတ်က စစ်သူကြီး အဝတ်အစားတွေ ဝတ်ပြီး ဓားကြီး ကိုင်ထားတဲ့ လူကြီးတစ်ယောက် ကျူပ်ဘေးမှာ ရပ်နေတာကို တွေ့ရတယ်"

"သူက ကျုပ်ကို စိုက်ကြည့်ပြီး မျက်ရည်တွေ ကျနေ တယ်၊ ခဏကြာတော့ ကျုပ်ကို ခေါင်းတစ်ချက်ညိတ်ပြ နှုတ်ဆက်ပြီး တောထဲကို ထွက်သွားတာ တွေ့လိုက်ရတယ်"

"နောက်တစ်နေ့ မနက်လင်းတော့ အဲဒီ မြွေကြီးကို မတွေ့ရတော့ဘူး"

ဟု ပြောပြသည်။

"အတော်ဆန်းကြယ်တာပဲ၊ ဒါထက် ဟိုတောစပ်နားမှာ အုတ်ပုံတစ်ပုံ တွေ့ခဲ့ရတယ်၊ ဘယ်သူတွေ ပုံထားတာလဲ ဆိုတာ သိရင် ပြောပြပါလား"

"ဒီအုတ်ပုံ ပုံထားတာကတော့ မကြာသေးပါဘူး။ ကဒုံမှာနေတဲ့ လင်မယားနှစ်ယောက် ပုံထားတာပါ၊ သူတို့ လင်မယားနှစ်ယောက် ငါးရှာကြရတယ်၊ တစ်ညတော့ သူတို့ လင်မယားကို အိပ်မက်ပေးတယ်၊ မရန်းချောင်းဘုရားကို ပြင်မလား။ ပြင်ရင် ရတနာတွေ ပေးမယ်လို့ အိပ်မက်ပေး တော့ ပြင်ပါ့မယ်လို့ အိပ်မက်ပေးလိုက်ကြတယ်"

"ဒါနဲ့ နောက်တစ်နေ့ မရန်းချောင်းဖျားကို ကွန်ပစ် သွားကြတော့ ကွန်ထဲမှာ အဲထုပ်တစ်ထုပ် ပါလာတယ်





အထုပ်ထဲမှာ ရတနာတွေပါတယ်၊ ဒါနဲ့ လင်မယားနှစ်ယောက် လည်း ဝမ်းသာအားရနဲ့ ဘုရားပြင်မယ်ဆိုပြီး အုတ်တွေ ဘာတွေ ဝယ်ပြီး ဒီနားမှာ လာပုံထားကြတယ်"

"ဪ... ဒါကြောင့်ကိုး။ ဒါဖြင့် ဘာကြောင့် ဆက် မပြင်ကြတာလဲဟင်"

"လူဆိုတာ ဒီလိုပါပဲ၊ ဆင်းရဲတုန်းကတော့ တစ်မျိုး။ ချမ်းသာလာရင် တစ်မျိုး။ စိတ်ပြောင်းသွားတတ်ကြတာ မွေတာပါပဲ၊ လင်မယားနှစ်ယောက်ဟာ ရတနာပစ္စည်းတွေ ရခါ,စ,မှာပဲ ဘုရားပြင်ဖို့ သတိရကြတယ်၊ နည်းနည်းလေး ကြာလာတာနဲ့ အဲဒါကို မေ့သွားပြီး သူတို့ ကြီးပွားရာ ကြီးပွားကြောင်းပဲ လုပ်ကြတာနဲ့ ဘုရားတည်ဖို့ ဆက်မလုပ် ဖြစ်ကြတော့ပါဘူး။ မကြာပါဘူး နှစ်ယောက်စလုံး ရှေ့ဆင့် နောက်ဆင့် ဝမ်းလျှောပြီး သေသွားကြရှာတယ်"

ဟုပြောပြလေသည်။

"အင်း... သံဝေဂယူမယ်ဆိုရင် ယူစရာဖြစ်သလို ကြောက်စရာလည်း အတော်ကောင်းတယ်"

"ပရလောကသားတွေဆိုတာ ကြောက်စရာမကောင်း ပါဘူး။ သနားစရာ ကောင်း[illegible]ပါ၊ သူတို့က ကောင်းမှုကုသိုလ် တွေကို မလုပ်နိုင်တော့ လုပ်ပေးနိုင်တဲ့ လူတွေကိုပဲ အားကိုး ကြရတယ်၊ အဲဒီမှာ သူတို့က အားကိုးတကြီး ယုံယုံ ကြည်ကြည်နဲ့ ခိုင်းတာကို လူတွေက ကတိပျက်တော့

စိတ်ဆိုးကြတာကို အပြစ်မမြင်သင့်ဘူး။ အခု ဆရာကြီး တန်ဖိုးထားတဲ့ ပစ္စည်းတွေကို တစ်ယောက်ယောက် လိမ်သွား မယ်ဆိုရင် ဆရာကြီးအနေနဲ့ စိတ်ဆိုးမှာပဲ၊ ဥပဒေအရ အရေးယူမှာပဲ"

"ပရလောကမှာတော့ ဥပဒေမရှိဘူး။ ကတိသစ္စာပဲ အရေးကြီးတယ်၊ သူတို့နဲ့ ဆက်သွယ်တဲ့နေရာမှာ ကတိသစ္စာ မပျက်ဖို့ အရေးကြီးတယ် ဆရာကြီး"

ဟု ပြောပြလေသည်။

ထိုအခါ ကျွန်ုပ်မှာ အိပ်မက်ထဲ၌ ဘုရားဆက်တည် ပေးရန် ကတိပေးလိုက်မိပြီး ဖြစ်သောကြောင့် မပျက်မကွက် ဆက်လုပ်ရန်သာ ရှိပေတော့သည်။

"အခု ကျုပ်အနေနဲ့ ဒီဘုရားကို ဆက်တည်ချင်တယ် ဦးဘာဘူ၊ ဘယ်လိုလုပ်ရမလဲဆိုတာ ဦးဘာဘူအနေနဲ့ ပြောပြနိုင်မလား"

ထိုစကားကြားသောအခါ ဦးဘာဘူ၏ ခေါင်းပြင်းလိပ်ကို ခဲထားသော နှုတ်ခမ်းပေါ်မှ ကျေနပ်မှုအပြုံးရိပ်များ ယှက်သန်း သွားလေတော့သည်။

"ကျုပ်ကလည်း ဆရာကြီးကို အဲဒါပြောဖို့အတွက် ဒီမှာလာစောင့်နေတာပါ၊ ကျုပ်တို့ အချိန်ကလေးနည်းနည်း စောင့်ပြီးတော့မှ လုပ်ငန်းစ,ကြတာပေါ့"

ဟု ပြန်ပြောလေသည်။





ထို့နောက်...

ကျွန်ုပ်တို့သည် မရန်းချောင်း ဘုရားဝန်းကျင်တစ်ဝိုက် သို့ လှည့်လည်ကြည့်ရှုကြပြီး ဦးဘာဘူအား နှုတ်ဆက်ခါ ရေကျော်ကြီးစခန်းသို့ ပြန်ခဲ့ကြလေသည်။

# အခန်း ( ၁၁ )

# လျှို့ဝှက်အကြံအစည်နှင့်လူများ

မြနှင်းဝေ၏ ဖိဘများဖြစ်ကြသော ဦးဘလုနှင့် ဒေါ်မယ်ခတို့မှာ ရိုးသားစွာ နေထိုင်ကြသူများ ဖြစ်ကြသည်။

သူတို့သည် ဖိဘဘိုးဘွား အစဉ်အဆက်က ပိုင်ဆိုင်လာသော အုန်းခြံ၊ ကွမ်းသီးခြံများကို စိုက်ပျိုးလုပ်ကိုင်ရင်း ဘဝရပ်တည်ကြသူများ ဖြစ်ကြသည်။

သမီးဖြစ်သူ မြနှင်းဝေကတော့ တစ်ဖက်မှ မိဘများအလုပ်ကို ကူညီလုပ်ကိုင်ရင်း တစ်ဖက်မှလည်း အဘွားမျှင်လာခေါ်လျှင် လိုက်သွားရပြီး ၎င်းခိုင်းစေသော အလုပ်များကို လုပ်ပေးရလေသည်။





အများအားဖြင့်တော့ ၎င်းတို့ မိသားစုများမှာ ရွာထဲမှ လူများနှင့် အဆက်အဆံ မပြုလုပ်ကြဘဲ ကိုယ့်ခြံထဲမှာ အေးအေးဆေးဆေး နေထိုင်ကြသူများ ဖြစ်ကြသည်။

တစ်နေ့သောအခါ ထိုကဲ့သို့ ရိုးရိုးအေးအေး နေထိုင်ကြသော ၎င်းတို့မိသားစုထံသို့ ကြမ္မာဆိုးတစ်ခုက ဝင်ရောက်လာလေတော့သည်။

နံနက်ပိုင်း အုန်းခြံသန့်ရှင်းရေး လုပ်နေသော ဦးဘလုနှင့် ဒေါ်မယ်ခတို့မှာ မလာစဖူး အလာထူးသော အမာရွာသူကြီးဦးနေဒွန်းနှင့် ပုလိပ်နှစ်ယောက်ကို မြင်သောအခါ လွန်စွာအံ့သြသွားကြလေသည်။

ထို့ကြောင့်...

ကပျာကယာ အနားလာကြပြီး အကျိုးအကြောင်းမေးမြန်းကြရလေသည်။

"သူကြီးမင်း... ဘာကိစ္စရှိလို့များ ကြွလာရတာလဲ"

"ကိစ္စရှိလို့ လာခဲ့တာ ကိုဘလုရေ၊ ခင်ဗျားသိအောင် ပြောရရင်တော့ တလောက တောင်ယာကြီးဖက်မှာ ဓားပြတိုက်မှုတစ်ခု ဖြစ်ပွားခဲ့တယ်ဗျ၊ အဲဒီက အတိုက်ခံရတဲ့သူတွေက ကဒုံရဲစခန်းမှာ တိုင်ချက်ဖွင့်ထားကြတယ်ဗျ"

"အဲ... အဲဒါနဲ့ အခု ကျွန်တော်တို့ဆီလာတဲ့ကိစ္စနဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲဗျာ"

"ပြောမှာပေါ့ဗျာ၊ ဖြည်းဖြည်းပေါ့၊ သူတို့ဆီက ရွှေထည်ငွေထည်တွေ ဓားပြတွေလက်ထဲ ပါသွားခဲ့တယ်၊ ဒါနဲ့ ပုလိပ်တွေလည်း ကဒ်၊ ရော၊ အမာရွာတွေမှာရှိတဲ့ ရွှေအဝယ်အရောင်း လုပ်နေကြတဲ့ ဆိုင်တွေကို လိုက်စစ်ကြတော့ ကျုပ်တို့ အမာမှာရှိတဲ့ ရွှေအဝယ်ဆိုင် တစ်ဆိုင်မှာ ဓားပြတိုက်ခံခဲ့ရတဲ့ ပစ္စည်းတစ်ခု လာတွေ့ကြတယ်ဗျ"

"ဟင်..."

"အဲဒီပစ္စည်းကို စစ်ကြည့်လိုက်တော့ အဲဒီပစ္စည်းကို လာရောင်းသွားတဲ့လူက တခြားမဟုတ်ဘူး၊ ခင်ဗျားသမီး မြနှင်းဝေပဲဗျာ"

"ရှင်..."

မြနှင်းဝေမှာ လွန်စွာမှ ထိတ်လန့် တုန်လှုပ်သွားလေသည်။

"မ... မဟုတ်ပါဘူး သူကြီးမင်းရယ်၊ ကျွန်တော်တို့မှာ ဒီလိုကိစ္စတွေနဲ့ ပတ်သက်မှု လုံးဝမရှိပါဘူးဗျာ"

"ဟုတ်ပါတယ် သူကြီးရယ်၊ ကျွန်မတို့ မိသားစုတွေက တစ်ပါးသူပစ္စည်းကို မတရားလုပ်ဖို့ မဆိုထားနဲ့ စိတ်နဲ့တောင် မဖြစ်မှားခဲ့ကြပါဘူး။ ယုံပါရှင်"

ဦးဘလှရော ဒေါ်မယ်ခရော သနားစဖွယ် တောင်းပန်ကြလေသည်။





"ကျုပ်က ဒါတွေကို သိပါတယ်၊ ဒါပေမယ့် မပြေးသော်ကန်ရာရှိနေတယ် မဟုတ်လား။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျုပ်သိရသလောက်တော့ ခင်ဗျားတို့ အခုလုပ်နေတဲ့ စီးပွားရေးလုပ်ငန်းမျိုးနဲ့ ဒီလိုပစ္စည်းမျိုးတွေ မရနိုင်ဘူး။ ဒါကြောင့် ဒီပစ္စည်းမျိုးတွေ ဘယ်က ရတယ်ဆိုတာတော့ ပြောပြမှဖြစ်မယ်"

ဟု သူကြီး ဦးနေဒွန်းက မေးလေသည်။

ထိုအခါ မြနှင်းဝေက ဤသို့ ပြောပြသည်။

"ရွှေဆိုင်တွေမှာ ကျွန်မပစ္စည်းလေးတွေ ရောင်းခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ဒီပစ္စည်းတွေက ကျွန်မကို အဘွားမျှင် ပေးခဲ့တာတွေချည်းပါပဲ"

"အင်း... သောင်ပြင်မှာ တဲတစ်လုံးနဲ့ တစ်ယောက်တည်းနေတဲ့ အဘွားကြီးက ဒီလောက်တန်ဖိုးရှိတဲ့ ပစ္စည်းတွေ ပေးတယ်ဆိုတာကတော့ စဉ်းစားစရာပဲ"

"ကဲ... ဒီလိုလုပ်ဗျာ၊ ကျုပ် ခင်ဗျားကို အိမ်ခေါ်သွားမယ်၊ ကာယကံရှင်တွေ ကျေနပ်လောက်အောင် ရှင်းနိုင်ရင်တော့ ပြန်လွှတ်ပေးပါ့မယ်၊ မဟုတ်ရင်တော့ ကဒ့်ရဲစခန်းကို ပို့ပြီး တရားဥပဒေရှိတဲ့အတိုင်း စစ်ဆေးရမှာပဲ"

ဟုပြောကာ ဦးဘလှအား ခေါ်ဆောင်လာကြရာ ဒေါ်မယ်ခနှင့် မြနှင်းဝေတို့ သားအမိမှာ သနားစဖွယ် ငိုယိုကာ ကျန်ခဲ့ကြလေတော့သည်။

သူတို့အနေနှင့် ဘာမျှမတတ်နိုင်ကြပါပေ။

ဦးဘလှအား ဖမ်းခေါ်သွားပြီး နောက်တစ်နေ့မနက်တွင် သူတို့ခြံသို့ သူကြီး ဦးနေဒွန်းအိမ်မှာ တည်းနေသော ဦးကျော်အောင်ဆိုသူ ရောက်လာသည်။

ရောက်လာလာချင်း သူက...

"သူကြီးအိမ်မှာ မသင်္ကာမှုနဲ့ ဖမ်းထားတာ မိန်းကလေးရဲ့ အဖေလို့ သူကြီးပြောပြလို့ သိရတယ်၊ ဘယ်လိုဖြစ်ကြတာလဲ ဟင်"

ဟုမေးလေရာ မြနှင်းဝေတို့မှာ ရိုးသားသော တောသူတောင်သားများပီပီ ဒုက္ခရောက်နေခိုက်မှာ အားကိုးရာတစ်ခု ရလေနိုးဖြင့် ဖြစ်ကြောင်းကုန်စင် ပြောပြကြလေသည်။

ထိုအခါ ဦးကျော်အောင်က...

"သူတို့ကတော့ ဥပဒေရှိတဲ့အတိုင်း ဆောင်ရွက်ကြတာပဲ၊ ဒီအကြောင်းကို ကြားရတာ ကျုပ်စိတ်မကောင်းပါဘူး။ ကျုပ်တို့က မိန်းကလေးနဲ့ သဘောတစ်ခုစင်းတည်း လိုက်လာကြတာဆိုတော့ သံယောဇဉ်နဲ့ လာမေးတာပါ"

"ကျွန်မတို့ကတော့ ဘာမှ နားမလည်ပါဘူးရှင်၊ ဒီအဖြစ်မျိုးတွေလည်း တစ်ခါမှ မဖြစ်ဘူး မကြုံဘူးတော့ ဘာလုပ်ရမှန်းကို မသိတော့ပါဘူး။ ဦးအနေနဲ့ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ အကြံလေးဘာလေး ပေးနိုင်ရင် ပေးပါ"

ဟု သနားစဖွယ် ပြောလေသည်။





ထိုအခါ ဦးကျော်အောင်က...

"မိန်းကလေးရောင်းတဲ့ ပစ္စည်းက မင်းရဲ့ ပစ္စည်းမဟုတ်ဘူးဆိုတာတော့ သေချာပါတယ်နော်"

"သေချာပါတယ်ရှင်"

"ဒါဖြင့် ဘယ်သူ့ဆီက ရတာလဲဟင်"

"အဘွားမျှင် ပေးတာပါ"

"ဒေါ်ဘွားမျှင်ကရော အဲဒီပစ္စည်းတွေ ဘယ်နေရာက ရသလဲဆိုတာ မင်းသိသလား"

"ဟင့်အင်း... အဲဒါတော့ ကျွန်မ မသိပါဘူး"

"ဒီလိုရှိတယ် မိန်းကလေးရဲ့၊ မင်းယူလာတဲ့ ပစ္စည်းတွေကို ဘယ်နေရာက ရတယ်ဆိုတာ နိုင်နိုင်မာမာ ပြောပြနိုင်ရင် မိန်းကလေးရဲ့ အဖေကို အမှုကလွတ်အောင် ကျုပ်ကူညီပေးနိုင်ပါတယ်၊ မဟုတ်ရင် မသင်္ကာမှုနဲ့ အချုပ်ထဲမှာ အကြာကြီး နေရလိမ့်မယ်၊ ဒီထက်ဆိုးတာက ဓားမြမှုနဲ့ ပတ်သက်နေတယ်ဆိုရင် ထောင်ကျနိုင်တယ်"

"ဟင်... အဖေတော့ ဒုက္ခပါပဲရှင်"

မြနှင်းဝေမျက်ဝန်းတွင် မျက်ရည်ကြည်များ ရစ်ဝဲလာသည်။

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့၊ မိန်းကလေးရဲ့ အဖေ့အတွက် ဒီလိုမဖြစ်အောင် ကျုပ် ကူညီပေးပါ့မယ်၊ မင်းဘက်က လုပ်ပေးရမှာက ဒေါ်ဘွားမျှင် ဒီပစ္စည်းတွေကို

ဘယ်နေရာက ယူနေတယ်၊ ရနေတယ်ဆိုတာ သိအောင်စုံစမ်းပေးပါ"

ဟုပြောကာ ဦးကျော်အောင် ပြန်သွားလေတော့သည်။

သူပြန်သွားသောအခါ မြနှင်းဝေသည် မိခင်ဖြစ်သူနှင့်တိုင်ပင်၍ အဘွားမျှင်ထံ လိုက်သွားခါ အကျိုးအကြောင်းပြောပြရလေတော့သည်။

ထိုအကြောင်းကို သိသောအခါ အဘွားမျှင်က စိတ်မပူစေရန် ပြောဆိုနှစ်သိမ့်ပြီး မြနှင်းဝေအား ပြန်လွှတ်လိုက်သည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင် သူကြီးဦးနေဒွန်းနေအိမ်သို့ အဘွားမျှင် ရောက်လာလေသည်။

ဦးဘလှကိုတော့ သူကြီး၏ အိမ်နောက်ဖက်ရှိ တင်းကုပ်ထဲမှာ ထိပ်တုံးခတ်ထားလေသည်။

ဦးနေဒွန်းက ဒေါ်ဘွားမျှင်အား မြင်သောအခါ...

"ဒေါ်ဘွားမျှင် ရောက်လာပလား"

ဟု မေးလိုက်လေသည်။

"ဟုတ်တယ်၊ သူကြီးက ကျုပ်ကိုတွေ့ချင်တယ်ဆိုလို့လာခဲ့တာပါ"

"ဟုယ်တယ်ဗျား၊ ဒီမှာ ပြဿနာလေးတွေ ပေါ်နေလို့ကျုပ်ခေါ်နိုင်းလိုက်ရတာပါ"

"ဘာကိစ္စများရှိလို့ပါလဲ"





ဟု ဒေါ်ဘွားမျှင်က မသိဟန်ဆောင်၍ မေးလိုက်သည်။

ထိုအခါ သူကြီး ဦးနေဒွန်းက ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်လေသည်။

ဒေါ်ဘွားမျှင်က ထိုအကြောင်းများကို နားထောင်ပြီးငြိမ်၍ စဉ်းစားနေသည်။

အတန်ကြာမှ...

"ဟုတ်ပါတယ်၊ ကိုဘလှတို့ မမယ်ခတို့မှာ ဘာအပြစ်မှမရှိပါဘူး။ အဲဒီပစ္စည်းတွေက ကျုပ်ပေးခဲ့တာချည်းပါပဲ"

ဟုပြောပြလိုက်သည်။

"ဒေါ်ဘွားမျှင်က အဲဒီပစ္စည်းတွေကို ဘယ်နေရာကရတာလဲဗျာ"

"ပျဉ်ဒရယ်သောင်ပေါ်ကပဲ ရတာပါပဲ"

"ကျုပ်တို့ကို နိုင်လုံတဲ့ သက်သေတစ်ခုခု ပြနိုင်မယ်ဆိုရင်တော့ ဦးဘလှကို ချက်ချင်းပြန်လွှတ်ပေးပါ့မယ်"

"ဒီလိုဆိုရင်လည်း သူ့ကို အခုချက်ချင်း ပြန်လွှတ်ပေးလိုက်ပါ၊ မနက်ဖြန်ကျတော့ ကျုပ် ပစ္စည်းတွေယူတဲ့ နေရာကိုလိုက်ပြပေးပါ့မယ်"

ဟုပြောလိုက်သောအခါ ဦးနေဒွန်းနှင့် ဦးကျော်အောင်တို့သုံးယောက်စလုံး၏ မျက်နှာပေါ်မှာ ကျေနပ်မှု အပြုံးရိပ်များသုက်သန်းသွားလေတော့သည်။

အဘွားမျှင် ပြန်သွားသောအခါ သူကြီးဦးနေဒွန်းက ဦးဘလှအား အချုပ်မှ ပြန်လွှတ်ပေးလိုက်ရုံမက သူခေါ်ထားသော ကဒ့်ရဲစခန်းမှ ပုလိပ်နှစ်ယောက်ကိုလည်း ငွေပေးကာ ပြန်လွှတ်လိုက်လေတော့သည်။

မြနှင်းဝေနှင့် ဒေါ်မယ်ခတို့မှာတော့ ဦးဘလှ အချုပ်မှ ပြန်လွှတ်လာသောကြောင့် ဝမ်းသာမဆုံးနိုင်အောင် ဖြစ်နေကြသည်။

အဘွားမျှင်အားလည်း ကျေးဇူးတင်၍မဆုံးကြတော့ပေ။

ညဘက်ရောက်သောအခါ သူကြီး ဦးနေဒွန်းအိမ်မှာ ဧည့်သည်သုံးယောက်နှင့် အရက်ဝိုင်းဖွဲ့ကြလေသည်။

အရက်ကလေး တစ်ခွက်လောက် သောက်ပြီးသည်နှင့် ဦးကျော်အောင်က...

"ဘယ့်နှယ်လဲ ဦးနေဒွန်း။ ကျွန်တော် အကြံပေးတဲ့အတိုင်း အညာကို ကိုင်လိုက်တော့ အဘွားကြီး မနေနိုင်တော့ဘူး။ ကျွန်တော်တို့ လိုချင်တဲ့ ပျဉ်ဒရယ်ရွှေသိုက်နေရာကို လိုက်ပြရတော့မယ် မဟုတ်လားဗျ"

ဟုပြောလိုက်သည်။

"ဟုတ်ပါ့ဗျာ၊ ဦးကျော်အောင်ကတော့ ခေတ်ပညာတတ်ဝီဝီ ကွက်ကျော်တွေလည်း မြင်ပ၊ အကြံလည်း ပိုင်ပါပေ့ဗျာ၊ ဒါထက် မသိလို့ မေးပါရစေဦး၊ ခင်ဗျားတို့ရှာနေတဲ့





ပျဉ်ဒရယ် ရွှေသိုက်ကြီးကို တွေ့ခဲ့ရင် ဘယ်လိုအကျိုးရှိမှာလဲဗျ"

"ဟာဗျာ... ခင်ဗျားကလည်း မေးပဲ မေးရက်တယ်၊ ဒီရတနာသိုက်ကိုသာ တွေ့ရင် သူကြီး ခင်ဗျားလည်း ဒီလို မနေရတော့ဘူး။ ခင်ဗျားတစ်သက်မပြောနဲ့ ဆယ်သက်စားလို့တောင် မပူရတော့ဘူး မှတ်ထား"

ဟု အားရပါးရ ပြောလိုက်လေသည်။

ထိုစကားကြားသောအခါ သူကြီးဦးနေဒွန်းက...

"ဟား... ဒီစကားကြားရတာ ဝမ်းသာစရာပဲ၊ ကျုပ်ဝေစုသာ ရလို့ကတော့ အမာရွာမှာ အုန်းခြံ၊ ဓနိခြံတွေ ဝယ်မယ်၊ နှစ်ထပ်အိမ်ကြီး ဟည်းနေအောင် ဆောက်လိုက်မယ်၊ နောက်ပင်လယ်ထွက်တဲ့ စက်လှေတွေ၊ ဘိုကလေးကို လိုင်းပြေးဆွဲမယ့် သင်္ဘောတွေ ဝယ်ပစ်လိုက်မယ်"

"ဝယ်... ဝယ်ရတော့မယ်၊ မကြာတော့ဘူး။ ဒီအစီအစဉ်သာ အောင်မြင်ရင် အခု တစ်ရက်, နှစ်ရက်အတွင်းမှာကို သူကြီး သူဌေးဖြစ်တော့မှာဗျို့"

"ဟား ဟား ဟား ဟား ဟား"

"တိတ်ဆိတ်နေသော ညအချိန်မှာ ၎င်းတို့၏ ရယ်သံများက အုန်းတော၊ ကွမ်းသီးတောအထိ ပျံ့နှံ့သွားလေတော့သည်။

ထူးဆန်းသောအချက်မှာ...

သူတို့ရယ်သံ ရပ်လိုက်သော်လည်း အမှောင်ရိပ်ထဲမှ တဟားဟားနှင့် လိုက်ရယ်နေသော ရယ်သံကြီးက ရပ်မသွားခဲ့ပေ။

ပထမတော့ မိမိတို့ ရယ်သံများက တောင်၏ ပဲ့တင်ထပ်သံများ ပြန်ထွက်နေသည်ဟု ထင်ကာ အမှတ်တမဲ့ နေလိုက်ကြသည်။

တကယ်တော့...

အုန်းတောထဲမှ ခပ်အုပ်အုပ် ပေါ်ထွက်လာသော ရယ်သံမှာ သူတို့ရယ်သံ မဟုတ်ပေ။

ဒါကိုတော့ စကားဝိုင်းမှ ဦးနေခွန်းနှင့် ဦးကျော်အောင်တို့တစ်တွေ သတိမပြုလိုက်မိကြပေ။





## အခန်း (၁၂)

# လောဘသားနှင့် ကြမ္မာနိဂုံး

နောက်တစ်နေ့ နံနက်စောစောအချိန်တွင် အသက်ငါးဆယ်ကျော်အရွယ် လူကြီးတစ်ယောက်နှင့် အသက်နှစ်ဆယ်ဝန်းကျင်အရွယ် ရှိကြသော လူနှစ်ယောက်တို့ ဦးနေခွန်းနေအိမ်သို့ ရောက်လာကြသည်။

ညဦးပိုင်းက အရက်ရှိန်ဖြင့် အိပ်ပျော်ခဲ့သဖြင့် နံနက်ပိုင်းတွင် ခေါင်းထဲမှာ မူးဝေနောက်ကျိနေသော ဦးနေခွန်းက မကြည်လင်သော အမူအရာဖြင့်...

"ဘာကိစ္စရှိလို့ အစောကြီးလာကြတာလဲ"

ဟု လေသံမာမာဖြင့် မေးလိုက်လေသည်။

ထိုအခါ ခေါင်းတစောင်းထုံးထားသော လူကြီးက ကွမ်းသွေးတက်နေသော သွားများပေါ်အောင် ပြုံးရင်း…

"ဒီမှာ တည်းနေတဲ့ ညီသည်တွေနဲ့ တွေ့ချင်လို့ပါ"

"ပစ္စည်းရောင်းဖို့လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ခဏစောင့်ကြ"

ဟုပြောကာ လူတစ်ယောက်ကို အခေါ်ခိုင်းလိုက်သဖြင့် ခဏကြာသောအခါ ဦးကျော်အောင်တို့ သုံးယောက် ငံအောက်သို့ ဆင်းလာကြသည်။

အနီးသို့ ရောက်သောအခါ ညီသည်နှစ်ယောက်ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီး…

"ကျွန်တော်တို့နဲ့ တွေ့ရအောင် လာကြတယ်ဆို၊ ကိစ္စရှိလို့လား"

"ကျုပ်တို့က ဒေါ်ဘွားမျှင် လွှတ်လိုက်လို့ လာကြတာပါ"

"ဩော်… ဒေါ်ဘွားမျှင် လွှတ်လိုက်တာကိုး။ ကိစ္စက ဘာတဲ့လဲ"

"မောင်ရင်တို့ကို ပျဉ်ဒရယ်ရွှေသိုက် လိုက်ပြပေးရမယ်လို့ ပြောလို့ လာခေါ်တာပါ"

"ဟင်…"





ထိုစကားကြားရသောအခါ ဦးနေဒွန်းရော ကျန်တဲ့ ညီသည် သုံးယောက်ပါ တအံ့တသြ ဖြစ်သွားကြသည်။

"ဒါထက် ခင်ဗျားတို့က အဲဒီနေရာကို သိလို့လား၊ တွေ့ရော တွေ့ဖူးလို့လား"

"ကျုပ်တို့ မြေအဘိုးက ပျဉ်ဒရယ် ချုန်းဘက် ပင်လယ်ဝနားမှာ နေကြတာပါ၊ အဲဒီပစ္စည်းတွေထားတဲ့ နေရာမှန်း အရင်ကတော့ မသိပါဘူး။ တစ်နေ့တော့ မုန်တိုင်း ကျပြီး လှိုင်းတွေပုတ်တော့မှ တစွန်းတစ်စ ပေါ်လာတာပါ။ အရင်ကတော့ ရတနာသိုက်မှန်း၊ ဘာမှန်း မသိပါဘူး၊ နောက်ကျတော့မှ ဒေါ်ဘွားမျှင်ကို ပြောပြတော့မှ သူက ဒါ ပျဉ်ဒရယ်ရွှေသိုက်ပဲလို့ ပြောမှ သိရတာပါ"

"ရတနာသိုက် တွေ့တာတောင် ဦးကြီးတို့က ဘာကြောင့် မယူကြတာလဲ"

"ကျုပ်တို့ တောသူတောင်သားတွေဆိုတာ ကြောက်တတ်ကြတယ်၊ ဘာမှန်းမသိ, ညာမှန်းမသိနဲ့ မယူဝံ့ပါဘူး။ နောက်ပြီး ကျုပ်တို့မြေအဘိုးက ဒီလောက်များတဲ့ ရတနာပစ္စည်းတွေကို ယူပြီး ဘယ်နေရာ သွားထားရမလဲ။ ဒါကြောင့် ဒေါ်ဘွားမျှင်နဲ့ တိုင်ပင်ပြီး ဘယ်သူ့ကိုမှ အသိမပေးဘဲ ထားခဲ့တာပါ"

"အခု ကျုပ်တို့ဆီကို လာခေါ်တာ ဘာရည်ရွယ်ချက်နဲ့ လာခေါ်တယ်ဆိုတာလဲ တဆိတ်လောက်ပြောပြပါဦး"

ဦးနေဒွန်းက သူကြီးပိုပို မယုံသင်္ကာ အမူအရာဖြင့် မေးလိုက်သည်။

"အခုတော့ ဒေါ်ဘွားမျှင်က အကူအညီတောင်းလို့ပါ။ သူ့မှာ အမှုတစ်ခုလာပတ်နေလို့ အဲဒီနေရာကို မဖြစ်မနေ ပြပေးရမတဲ့၊ နောက်ပြီး အဲဒီလို ပြပေးရင် ကျုပ်တို့ မြေးအဘိုးအတွက်လည်း ထိုက်သင့်တဲ့ အကျိုးအမြတ်ရမယ် ဆိုလို့ လာခေါ်တာပါ"

"ဩော်... ဒီလိုကိုး"

သည်တော့မှ အားလုံးမှာ ဘဝင်ကျသွားပြီး ၎င်းတို့ မျက်နှာများပေါ်မှာ လောဘရိပ်များ ယှက်သန်းလာတော့သည်။

"တစ်ခုတော့ ကြိုပြောထားပါရစေနော်၊ အဲဒီနေရာက ပင်လယ်ဇွန်းမှာ ရှိတယ်ဆိုတော့ အန္တရာယ်တော့နည်းနည်း ရှိတယ်၊ လိုက်ဝံ့ကြပါ့မလား"

"ဒီအတွက် ဘာမှမပူပါနဲ့၊ ကျုပ်တို့မှာ လက်နက်တွေ ပါလာပါတယ်၊ ဦးကြီးတို့သာ အဲဒီနေရာကိုပြပေးပါ၊ ရလာတဲ့ အကျိုးအမြတ်ကို ကြည့်ပြီးတော့ ဦးကြီးတို့ မြေးအဘိုး အတွက်လည်း မနစ်နာရအောင် စီစဉ်ပေးပါမယ်"

ထိုအခါ အဘိုးကြီးနှင့် အတူပါလာသော မိန်းမပျိုက ဝင်ပြောသည်။

"ကျွန်မတို့အတွက်က ဒီလောက်များများ မလိုပါဘူးရှင်"





"မင်းတို့က ဘာလိုချင်တာလဲ"

"ကျွန်မတို့ လမ်းပြခအတွက် အစ်ကိုတို့ဆီက ပစ္စည်း တစ်ခုလောက်ရရင် ကျေနပ်ပါပြီ"

"ဘာပစ္စည်းလဲ"

"ဟိုတလောက ဒေါ်ဘွားမျှင်ဆီက အစ်ကိုတို့ ဝယ်ထား လိုက်တဲ့ လက်စွပ်ကို လိုချင်တာပါ"

"ဟင်... ဒီလက်စွပ် တို့ဆီမှာရှိတာ မင်းက ဘယ်လို သိနေတာလဲ"

"အဘွားမျှင်ပဲ ပြောပြတာပါ"

"တကယ်လို့ ဒီလက်စွပ်ကို မပေးဘူးဆိုရင်ကောကွာ"

"ကျွန်မတို့ကလည်း ရတနာသိုက်ရှိတဲ့နေရာကို လိုက်မပြ ပေးရုံ ရှိတော့တာပေါ့ရှင်"

ဟု အေးအေးဆေးဆေး အမူအရာနှင့် ပြန်ပြောလေ သည်။

ထိုစကားကြောင့် လောဘသားများမှာ အနည်းငယ် တွန့်သွားကြသည်။

ရတနာသိုက်မှ ပစ္စည်းမရခင်မှာ မိမိတို့လက်ထဲရောက် နေသော အဖိုးတန် ပတ္တမြားလက်စွပ်ကို ပြန်ပေးရမည်ဆို သောအခါ နှမြောသလို ဖြစ်နေကြသည်။

ဒါကို ရိပ်မိသော မိန်းမပျိုက...

"ဘာလဲ… အစ်ကိုတို့က လင်းပြခအတွက် ကျွန်မတို့ တောင်းတာ များတယ်ထင်လို့လား။ ကျွန်မတို့တောင်းတဲ့ ပစ္စည်းက ပျဉ်ဒရယ်ရွှေသိုက် နံဘေးမှ ထွက်ကျနေတဲ့ ပစ္စည်းအတိုအစတစ်ခုလောက်တောင် တန်ဖိုးမရှိလှပါဘူး"

ဟုပြောပြန်လေသည်။

"မဟုတ်ပါဘူး။ ဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူး။ ဒါပေမယ့် မိန်းကလေးတို့က ပျဉ်ဒရယ်ရွှေသိုက်ကို တွေ့ထား တယ်ဆိုတာ တို့က ဘယ်လို ယုံရမလဲ၊ အထောက်အထား ဘာပြနိုင်မလဲ"

ထိုအခါ သျှောင်တစောင်းနှင့် လူကြီးက ရင်ဖုံးအင်္ကျီ အိတ်အတွင်းမှ ထည့်ယူလာသော ပစ္စည်းတစ်ခုကို ထုတ်ပြ လေသည်။ ၎င်းထုတ်ပြသော ပစ္စည်းမှာ ရွှေချောင်းအပိုင်း တစ်ပိုင်းဖြစ်ပြီး ရွှေရည်မှာလည်း ရွှန်းအိလျက်ရှိသည်။

"မောင်ရင်တို့ ငြို့သားတွေပဲ၊ ဒီအခေါက်ရွှေရဲ့ တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ မြင်ရုံနဲ့သိနိုင်ပါတယ်၊ ဒါ နမူနာပဲ ယူလာတာပါ"

သည်တော့မှ ဦးကျော်အောင်မှာ ပျာပျာသလဲအမူအရာ ဖြစ်သွားကာ ဤသို့ တောင်းပန်လေသည်။

"ကျွန်တော် တောင်းပန်ပါတယ်၊ ဦးကြီးတို့ကိုလည်း ယုံပါပြီ ဦးကြီးတို့နဲ့ လိုက်ခဲ့ဖို့ သဘောတူပါတယ်၊ ဒါကြောင့်





ဦးကြီးတို့တောင်းတဲ့အတိုင်း ဒီပတ္တမြားလက်စွပ်ကို လမ်းပြပေးခ အဖြစ် ပေးပါ့မယ်"

ဟုတောင်းပန်ပြောဆိုကာ အဘွားမျှင်ထံမှ ဝယ်ထား သော ပတ္တမြားလက်စွပ်ကို ထုတ်ပေးလိုက်တော့သည်။

"ကိုင်း… ဒါဖြင့် အချိန်မရှိဘူး သွားကြရအောင်"

ဟုပြောသဖြင့် ဦးကျော်အောင်၊ တင်ဝင်းနှင့် တင်မောင် ထွန်းတို့ သုံးယောက်မှာ ၎င်းတို့နှင့်အတူ ယူဆောင်လာသော လက်နက်များကို ယူဆောင်ကာ လာခေါ်သူများနှင့်အတူ လိုက်ကြရန် ပြင်ဆင်လေတော့သည်။

"ကိုင်း… မောင်ရင်တို့ ကျုပ်တို့မှာ လှေပါတယ်၊ ကမ်းစပ်မှာ ဆိုက်ထားတယ်၊ နောက်ကဆင်းခဲ့ကြပေတော့"

ဟုပြောကာ ရှေ့မှ ဆင်းသွားလေတော့သည်။

သူတို့သွားခါနီးသောအခါ သူကြီး ဦးနေဒွန်းက…

"ဒီလူနှစ်ယောက် အခဲခတ်ရတာ ကျုပ်စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဟန်မှ ဟန်ပါ့မလား ကိုကျော်အောင်"

ဟုပြောလိုက်သည်။

"စိတ်မပူပါနဲ့ ဦးနေဒွန်းရယ်၊ ဒီနှစ်ယောက်က ကျုပ်တို့ သုံးယောက်ကို မတရားမလုပ်ဝံ့ပါဘူး။ လုပ်ရင် ဒီသေနတ်စာ အမိပဲ၊ သေနတ်နဲ့ပစ်သတ်၊ သူတို့ဆီက ပစ္စည်းယူပြီး ပင်လယ်ထဲ ပစ်ချလိုက်ရင် ပြီးပြီပေါ့ဗျာ"

ဟု ဦးကျောင်အောင်က အားရပါးရ ပြန်ပြောကာ သုံးယောက်သား ကမ်းစပ်သို့ ဆင်းခဲ့ကြလေသည်။

တံတားထိပ်မှာတော့ လှေတစ်စင်း ဆိုက်ကပ်ထားသည်။

လှေက ၁၂–တောင်ခန့် အလျားရှိပြီး မိန်းကလေးက ရှေ့မှ ထိုင်ပြီး အဘိုးကြီးက နောက်ဘက်မှ ထိုင်နေကြသည်။

သူတို့သုံးယောက် လှေပေါ်ရောက်၊ လှေကို ကြိုးဖြေ၍ ထွက်သည်။

ဦးနေဒွန်းက ၎င်း၏ မိတ်ဆွေများအား တံတားပေါ် အထိ လိုက်ပို့ပေးသည်။

သူတို့လှေထွက်လာတော့မှ ပြန်တက်သွားသည်။

ရေကျချိန်ဖြစ်သောကြောင့် ရေစုန်အတိုင်း လှော်ခဲ့သဖြင့် အလွယ်တကူပင် ချောင်းဝသို့ ရောက်ခဲ့ကြသည်။

မြစ်ပြင်ရောက်တော့ ရာသီဥတုက ထူးထူးခြားခြား ဖြစ်နေသည်။ ဆောင်းဦးပေါက်ရာသီ ဖြစ်လင့်ကစား ကောင်းကင်ပြင်တစ်ခုလုံး အုံ့အုံ့မှိုင်းမှိုင်း ဖြစ်နေသည်။

ပင်လယ်ဝဘက်မှာ ခါတိုင်းနှင့်မတူဘဲ မှောင်နေသည်။

အနောက်တောင်ဘက်မှ တိမ်နီရောင်များ သမ်းကာ လေက ခပ်ဆတ်ဆတ်ကလေး တိုက်ခတ်နေသောကြောင့် လှိုင်းကလေးများ ထ,နေလေသည်။





လမ်းတစ်လျှောက်လုံး စကားတစ်ခွန်းမှ မပြောကြတော့ဘဲ မြေအဘိုး နှစ်ယောက် လှေကိုသာ အားစိုက်လှော်လာကြရာ မြစ်ပြင်သို့ ရောက်သောအခါ လှေကို ကမ်းစပ်မှ မလှော်ဘဲ တဖြည်းဖြည်းနှင့် မြစ်လယ်ရောက်အောင် လှော်လာကြသည်။

မြစ်လယ်ဘက်မှ ရေစီးအားကောင်းသလို လှိုင်းကလည်း ပိုကြီးသည်။

ပင်လယ်ဝနှင့် နီးလာသလို လှိုင်းလုံးများက ပိုကြီးလာသလို ဖြစ်လာသည်။

လူသုံးယောက်မှာ တစ်ခါမှ လှိုင်းလေအတွေ့အကြုံ မရှိသောကြောင့် များစွာ စိုးရိမ်မှုဖြစ်လာကြသည်။

“ဦးကြီး လှေကို ကမ်းနဲ့နီးတဲ့ နေရာကသွားလို့မရဘူးလား။ ကျွန်တော်တို့ သုံးယောက်စလုံး ရေမကူးတတ်ကြဘူး။ မတော်တဆ လှေမှောက်သွားမှဖြင့် အခက်ပဲ”

ဟု ဦးကျော်အောင်က ပြောလိုက်သည်။

“ကမ်းစပ်ကသွားလို့ မရဘူးကွယ့်၊ ပင်လယ်ပြင်မှာ မကြာခင် မုန်တိုင်းကျတော့မှာ၊ မုန်တိုင်းကျလာရင် လှိုင်းတွေက ပိုကြီးလာတော့မှာ၊ လှိုင်းကြီးလာတဲ့အခါ ကမ်းစပ်ကသွားရင် လှိုင်းပြန်နဲ့တွေ့ပြီး လှေနစ်သွားလိမ့်မယ်”

ထိုသို့ပြောပြီး လှေကို ကမ်းခြေနှင့်ဝေးအောင် လှော်လာကြရာ မကြာမီ ပင်လယ်ရေစီးကြောင်းထဲ ဝင်သွားပြီး

အရှိန်မြန်မြန်နှင့် ပင်လယ်ဘက်သို့ မျောပါနေလေရာ၊ မကြာမီ အမာရှာချောင်းဝသည်လည်းကောင်း၊ ဖျဉ်ဒရယ်သောင်သည် လည်းကောင်း၊ ကဒုံကနီအငူသည်လည်းကောင်း အနောက်ဘက်မှာ ကျန်ခဲ့ရာ ပျပျမှုံသာ မြင်ရတော့သည်။

မကြာမီ ပင်လယ်ဝသို့ ရောက်ခဲ့ပြီး ထိုနေရာရောက်သောအခါ လှိုင်းလုံးများက ပိုကြီးလာခါ လှေကလေးမှာ လှိုင်းလုံးများကြား၌ မြုပ်လုမြုပ်ခင် ဖြစ်လာတော့သည်။

ထိုအခါ လူသုံးယောက်တို့မှာ များစွာ ကြောက်ရွံ့မှု ဖြစ်ကြလေတော့သည်။

သူတို့ကသာ စိုးရိမ် ကြောက်လန့်နေကြသော်လည်း သူတို့အား ခေါ်လာသော မိန်းကလေးနှင့် လူကြီးတို့၏ အမူအရာမှာ ကြုံတွေ့နေရသော ဘေးအန္တရာယ်ကို လုံးဝ စိုးရိမ်ကြောက်ရွံ့ဟန် မရှိကြဘဲ လှေကို လှော်မြဲ လှော်နေကြသည်။

မကြာခင်မှာ ပင်လယ်မြစ်ပေါ်မှာ မုန်တိုင်းကျစ ပြုလာပြီး လေပြင်းများ တိုက်ခတ်လာရာ ပင်လယ်မျက်နှာပြင်ပေါ်မှာ လှိုင်းလုံးကြီးများ ထကြွလာသောကြောင့် လှေကလေးမှာ မှောက်လုမှောက်ခင် အနေအထား ဖြစ်လာလေတော့သည်။

"ဦးကြီး... ဦးကြီး၊ လှေကို ကမ်းစပ်ကို ပြန်ကပ်ပေးပါ၊ ကျွန်တော်တို့ ကြောက်လို့ပါ"





"ဘာကြောက်စရာရှိသလဲကွယ်၊ မင်းတို့ပဲ ဖျဉ်ဒရယ်ရွှေသိုက်ရှိတဲ့ နေရာကို ပို့ပေးပါဆိုလို့ ခေါ်လာရတာပဲ"

ထိုလူကြီးက အေးအေးဆေးဆေး အမူအရာဖြင့် ပြန်ပြောသည်။

"ဒါပေမယ့် ဒီလောက်ဝေးတဲ့ ပင်လယ်ထဲမှာဆိုရင်တော့ မသွားဝံ့တော့ဘူး"

"ငါ အစ,က ပြောခဲ့တယ်လေ၊ အန္တရာယ်နည်းနည်းတော့ရှိမယ်ဆိုတာ၊ မင်းတို့ကမှ မယုံပဲကိုး"

"ခင်ဗျားကြီး ဉာဏ်မများနဲ့နော်၊ လှေကို အခု ကမ်းပြန်ကပ်ပေးမလား၊ မကပ်ပေးဘူးလား ပြော၊ မကပ်ရင် ကျုပ် သေနတ်နဲ့ ပစ်ချလိုက်မယ်"

ထိုစကားကြောင့် အဘိုးကြီးက ပြုံးနေသည်။

"မင်းတို့ အခုထိ မိုက်ချင်နေတုန်းပဲကိုး၊ ငါသေသွားတော့ မင်းတို့ကို ကမ်းရောက်အောင် ဘယ်သူပြန်ပို့ပေးနိုင်မလဲပြော"

ထိုအခါမှ ဦးကျော်အောင်မှာ သွေးရူးသွေးတန်းနှင့် ကောက်ကိုင်ထားသော သေနတ်ကို ပြန်ချလိုက်ပြီး...

"ကျွန်တော် တောင်းပန်ပါတယ် အဘရယ်၊ ကျွန်တော်တို့ကို ကမ်းစပ်ရောက်အောင် ပြန်ပို့ပေးပါနော်၊ ကျွန်တော်တို့ ကြောက်လွန်းလို့ပါ"

"ဒါတွေက ဒီလောက်ကြောက်စရာ မဟုတ်ပါဘူးကွယ်၊ မင်းတို့ အခုလုပ်နေကြတာကမှ ပိုပြီးကြောက်စရာကောင်းတာကွယ့်"

"ဗျာ… ကျုပ်တို့က ဘာများလုပ်နေလို့လဲ"

"မင်းတို့ ဘုရားအတွက် ရည်စူးထားတဲ့ ပစ္စည်းတွေကို လိုချင်လို့ လိုက်နေကြတာမဟုတ်လား။ ဘုရားပစ္စည်း ပြစ်မှားတဲ့ လူဆိုတာ ဒီဘဝမဟုတ်ဘူး။ ဘဝဆက်တိုင်းမှာ ခံရင်တောင် မလွတ်နိုင်ဘူး။ ဒီပစ္စည်းတွေက ဘုရားအတွက် ရည်စူးပြီး ထားခဲ့ကြတာ၊ မင်းတို့ ကြည့်ချင်ရင်တော့ ငါ ပြပါ့မယ်"

"ဟင်…"

"ဟုတ်တယ်လေ… ပျဉ်ဒရယ် မြို့ဟောင်းကြီးက ဒီလှိုင်းကြီးတွေ ဖုံးအုပ်သွားလို့ ရေအောက်ရောက်သွားတာဆိုတော့ ပစ္စည်းတွေလည်း ရေအောက်မှာပဲ ရှိမှာပေါ့"

"ဗျာ… ပျဉ်ဒရယ်ရွှေသိုက်က တကယ်ရှိတယ်ဟုတ်လား"

"အေး… မင်းတို့ရှာနေတဲ့ ပျဉ်ဒရယ်ရွှေသိုက်ဆိုတာ တကယ်၊ ဟိုမှာ… ရေအောက်ကို ကြည့်လိုက်ကြစမ်း"

ဟု ပြောကာ လှေကို ရပ်တန့်လိုက်ပြီး ရေအောက်သို့ ပြသည်။

ထိုလူကြီး လက်ညှိုးထိုးပြရာ ရေပြင်သို့ ငုံ့ကြည့်လိုက်ရာ လှိုင်းလုံးများကြားမှ ထိုနေရာတစ်ဝိုက်မှာ ထူးထူး





ခြားခြား လှိုင်းမရှိဘဲ ကြည်လင်လှသော ပင်လယ်ရေအောက်တွင် များလှစွာသော ရွှေငွေရတနာပစ္စည်းများကို တွေ့မြင်ကြရလေသည်။

အဘိုးကြီးက ၎င်းအိတ်ထဲမှ ရွှေတုံးကို ရေအောက် ပစ်ချလိုက်သလို မိန်းကလေးကလည်း ၎င်းဆီမှ ပတ္တမြားလက်စွပ်ကို ပစ်ချလိုက်သည်။

၎င်းပစ္စည်းနှစ်ခု ရေအောက်သို့ တဖြည်းဖြည်း ကျဆင်းသွားသည်ကိုလည်း အတိုင်းသား မြင်နေရသည်။

"ကိုင်း… အဲဒါ မင်းတို့ လောဘနဲ့ လိုက်ရှာနေတဲ့ ပျဉ်ဒရယ်ရွှေသိုက်ပဲ၊ မြင်ကြပြီမဟုတ်လား။ ငါတို့ကတိအတိုင်း ပျဉ်ဒရယ်ရွှေသိုက်နေရာကို လိုက်ပို့ပေးပြီးပြီ၊ ရအောင်ဆင်းယူကြရမှာတော့ မင်းတို့အလုပ်ပဲ"

"ဗျာ… ကျုပ်တို့က ဒီလောက်လှိုင်းထန်နေတဲ့ ပင်လယ်ရေအောက်ကို ဒီအတိုင်း ဆင်းယူရမယ်ဟုတ်လား၊ မဖြစ်နိုင်တာ၊ ကျုပ်တို့ကို အခုချက်ချင်း ကမ်းရောက်အောင်သာ ပြန်ပို့ပေးပါတော့၊ ရတနာတွေလည်း မလိုချင်တော့ပါဘူး"

ဦးကျော်အောင်တို့ သုံးယောက်မှာ လွန်စွာကြောက်ရွံ့ တုန်လှုပ်ဟန်ဖြင့် တောင်းပန်ကြလေသည်။

"အခုမှတော့ ကမ်းစပ်ကို ပြန်ရောက်နိုင်ဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ပါဘူးကွယ်"

"ဟင်… ဘာဖြစ်လို့လဲ"

"ပင်လယ်ရေစီးကြောင်းထဲကို ဝင်သွားတဲ့ လှေမှန်သမျှ ကမ်းကို ဘယ်နည်းနဲ့မှ ပြန်မရောက်နိုင်တော့ပါဘူး"

"ဗျာ... ဒါပြင် ခင်ဗျားတို့ကရော ဘယ်လိုလုပ်မှာလဲ ဟင်၊ ဒီလိုပဲ အသေခံကြမှာလား"

"ဒီအတွက် မပူပါနဲ့ကွယ်၊ မင်းတို့ အစွမ်းအစနဲ့သာ လှေကို ကမ်းစပ်ရောက်အောင် ကြိုးစားကြပေတော့၊ တို့မြေးအဘိုးကတော့ သွားတော့မယ်ဟေ့"

ထိုသို့ ပြောဆိုပြီး ထိုလူကြီးနှင့် မိန်းမပျိုတို့နှစ်ယောက်မှာ လက်ထဲမှ ကိုင်ထားသော လှော်တက်များကို လှေပေါ်သို့ အသီးသီး ပြန်တင်ကာ ရေထဲသို့ ခုန်ဆင်းသွားကြလေတော့သည်။

"ဟင်..."

"ဟာ..."

အံ့ဩ၍ မဆုံးခင် ရေထဲသို့ ခုန်ချသွားသော လူနှစ်ယောက်မှာ ပင်လယ်လှိုင်းလုံးကြီးများကြားမှာ ပျောက်ကွယ်သွားကြပြီး အတန်ကြာသောအခါ ၎င်းတို့လှေနှင့် အလှမ်းမဝေးလှသော နေရာရှိ လှိုင်းများကြားမှာ ဝိကျောင်းကြီးနှစ်ကောင် ခေါင်းချင်းယှဉ်လျက် ပျဉ်ဒရယ်ရွှေသိုက်ရှိရာဆီသို့ ကူးခတ်သွားသည်ကို နောက်ဆုံး လှမ်းမြင်လိုက်ရလေတော့သည်။

မကြာမီ...





ပင်လယ်ပြင်ပေါ်မှာ မုန်တိုင်းအရှိန်က မြင့်တက်လာသည်။

လေပြင်းများကလည်း ပိုမိုပြင်းထန်လာသည်။

လှိုင်းလုံးများကလည်း ပို၍ပို၍ ကြီးလာတော့သည်။

ထိုလှိုင်းလုံးကြီးများကြား၌ ပင်လယ်ရေစီးကြောင်းအတွင်း ရောက်နေသော လှေငယ်တစ်စင်းနှင့် လူသုံးယောက်တို့၏ ကံကြမ္မာကတော့ လွတ်လမ်းမရှိနိုင်တော့ပါပေ။

အတန်ကြာသောအခါ ပင်လယ်လှိုင်းလုံးကြီးများက ၎င်းတို့ လှေကလေးအပေါ်သို့ ဖုံးအုပ်ချလိုက်လေတော့သည်။

## အခန်း ( ၁၃ )

## ဆွမ်းစင်ပေါ်မှ
## ကြောက်မက်ဖွယ်ရာ ထူးဆန်းမှု

သူကြီး ဦးနေဒွန်းမှာ မိမိအိမ်မှ ဧည့်သည့်များ အချိန်တန်၍ ပြန်မရောက်လာသောအခါ စိတ်ပူမိလေသည်။

သို့ကြောင့်...

အခြေအနေကို စုံစမ်းကြည့်သောအခါ သူတို့ ထွက်သွားသော နေ့က ပင်လယ်ပြင်မှာ ထူးထူးခြားခြား ဆောင်ဆိုးပေါက်တွင် တစ်ခါတစ်ရံ ကျရောက်လေ့ရှိသည့် မုန်တိုင်းကျသွားကြောင်း သိရသည့်အပြင် ထိုနေ့က ပင်လယ်ထွက်သွားသော စက်လှေအချို့ပင် နစ်မြုပ်ပျက်စီးသွားကြောင်း သတင်းကြားရသောအခါ မိမိဧည့်သည်များအတွက် များစွာ





စိတ်ပူမိရုံမှတစ်ပါး အခြား မတတ်သာအောင် ရှိနေတော့သည်။

နောက်တစ်နေ့တွင် အဘွားမျှင်တစ်ယောက် အမောရှာထဲသို့ လာရင်း သူကြီးအိမ်သို့ ရောက်လာကာ သတင်းလာမေးသည်။

"သူကြီး... ဧည့်သည်တွေ ပြန်ရောက်ကြပြီလား"

"မရောက်သေးဘူး ဒေါ်ဘွားမျှင်ရေ၊ ကျုပ်လည်း အဲဒါပဲ စိတ်ပူနေတာပဲ၊ အဲဒီနေ့က ပင်လယ်ပြင်မှာ မုန်တိုင်းကျတယ်လို့ သတင်းကြားတယ်၊ မုန်တိုင်းမိရင်တော့ သူတို့လှေကလေးနဲ့ လွတ်လောက်မယ် မထင်ဘူးဗျာ"

"ကံတရားပေါ့လေ"

"ဒါထက် သူတို့ကို လာခေါ်တာ ဘယ်သူတွေလဲဗျ"

"အင်ဒွန်းဘက်မှာ နေကြတဲ့ လူတွေပါ၊ သူတို့က ပျဉ်ဒရယ်ရွှေသိုက်ကို မြင်ဖူးတဲ့လူတွေဆိုတော့ လိုက်ပြပေးကြတာပါ"

"ဒေါ်ဘွားမျှင်ရယ် ဒီလိုအချိန်မှာမှ လိုက်ပြနိုင်းရသတဲ့လားဗျာ"

"မတတ်နိုင်ဘူးလေ၊ ဒီလိုမှ လိုက်မပြပြန်ရင်လည်း သူကြီးက ကျုပ်ကို တစ်မျိုးတမည် ထင်နေတာမဟုတ်လား"

"အဲ... မဟုတ်ပါဘူးဗျာ၊ ကျုပ်က အဲဒီသဘောနဲ့ လုပ်တာ မဟုတ်ပါဘူး၊ တာဝန်အရ လုပ်ရတာပါ"

"ဟုတ်ပါတယ်... သူကြီးကလည်း တာဝန်အရ လုပ်တာပါပဲ၊ ကျွန်မကလည်း ကိုယ့်ပေါ်မှာ သံသယကင်းအောင်လို့ လိုက်ပြနိုင်းရတာပါ၊ ကျုန်တာကတော့ ကံပေါ့လေ"

ဟုပြောကာ ပြန်သွားလေသည်။

အဘွားမျှင် ပြန်သွားသောအခါ သူကြီးကတော် ဒေါ်ရင်ငွေက အနီးကပ်လာပြီး ဤသို့ပြောသည်။

"ကိုနေဒွန်း... ရှင် ဘာတွေလျှောက်လုပ်နေတာလဲ၊ ဒီအဘွားကြီးအကြောင်းကိုလည်း သိလျက်သားနဲ့၊ သူက စုန်းလိုလို၊ ကဝေလိုလိုနဲ့ တစ္ဆေ သရဲတွေနဲ့ အမြဲနေ့,နေတာ၊ ရှင်လည်း အသိသားနဲ့၊ သူ့ကို ဒုက္ခပေးရင် ပေးတဲ့လူ ချက်ချင်း ဒုက္ခပြန်ရောက်တာ ရှင်လည်း အသိသားနဲ့"

ဟု စိုးရိမ်သောမျက်နှာဖြင့် ပြောလေသည်။

"ငါက ဘာတွေ မတရားလုပ်နေလို့လဲကွာ"

ဦးနေဒွန်းက ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယာစားရင်း လှည့်မကြည့်ဘဲ ပြောလိုက်သည်။

"ရှင် ဟိုညှိသည်ညည်တွေနဲ့ တိုင်ပင် ပြောဆိုနေတာ ကျုပ် တစ်စွန်းတစ်စ ကြားရပါတယ်တော်၊ ရှင်တို့ ကိုဘလှကို တမင်လီဆယ်ပြီး ဖမ်းကြတာမဟုတ်လား"

"ကိုဘလှတို့၊ မယ်ခတို့ရဲ့ သမီးလေး မြနှင်းဝေက ဒေါ်ဘွားမျှင်ရဲ့ လက်စွဲဆိုတာ ရှင်မသိဘူးလား၊ သူတို့ကို





ဒုက္ခပေးတာကို ဒေါ်ဘွားမျှင်က ဒီအတိုင်း ကြည့်နေမလား တော်"

ဟု တိုးတိုးကပ်ပြောလိုက်သည်။

"မင်းတို့က ဒေါ်ဘွားမျှင်ဆိုရင် သိပ်ပြီးကြောက်ကြတာပဲ၊ အခုရော ဘာတွေဖြစ်နေလို့လဲကွာ"

ဟုပြောကာ အရေးမကြီးဟန်ဖြင့် ကွမ်းယာကို ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။

"ရှင်က ပေါ့ပေါ့လေးပြောနေတယ်၊ အခုထိ ပြန်မလာကြသေးဘူး၊ သေကုန်ကြပလားမှ မသိတာ"

"မဖြစ်နိုင်ပါဘူး၊ အကြောင်းတစ်ခုကြောင့် ကြန့်ကြာနေတာ ဖြစ်မှာပါ၊ ဒီလောက်လည်း တွေးပူမနေစမ်းပါနဲ့"

"မပူဘဲနေမလားတော့၊ ကိုယ့်အိမ်က ဖြစ်သွားရင် ကိုယ့်မှာလည်း တာဝန်မကင်းဘူးပေါ့၊ ကျုပ်ကတော့ စိတ်ထဲမှာကို သိပ်မသန့်ချင်ဘူး၊ ခုတလော အိပ်မက်တွေကလည်း မကောင်း၊ အတိတ်, နိမိတ်တွေကလည်း သိပ်မကောင်းလှဘူး"

"ဒီလောက်လည်း အစွဲအလမ်း မထားပါနဲ့ကွာ၊ ဥပါဒါန်ကြောင့် ဥပဒ်ရောက်နေပါမယ်၊ ဒီလိုဆိုတော့ မင်းက ဘာများလုပ်ချင်လို့လဲ မငွေရင်ရယ်"

"ဘာလုပ်ရမလဲတော့ အိမ်မှာ မသန့်ရင်၊ စိတ်သန့်သွားအောင် ရိုးရာနတ်ကလေးဘာလေးတင်၊ အန္တရာယ်ကင်း

လေးဘာလေး တင်ရမှာပေါ့၊ ကျုပ်တို့ အခုအထိ ဝါကျွတ်အန္တရာယ်ကင်း ဆွမ်းမတင်ရသေးဘူး မဟုတ်လား"

"အေး...ဟုတ်ပါရဲ့၊ ငါဖြင့် အလုပ်တွေများနေတာနဲ့ သတိတောင် မေ့နေတယ်ကွာ"

"ရှင် ကြပ်ကြပ်မေ့သီလား။ တော်ကြာ ရှင်ပါ အသသင်းနေရလိမ့်မယ်"

"အေးပါကွာ... ဒီလိုဆိုရင်လည်း အခုညပဲ အန္တရာယ်ကင်း ဆွမ်းတင်ဖို့ လုပ်ပါ့မယ်"

ဟုပြောဆိုကာ ဦးနေဒွန်းကိုယ်တိုင် အန္တရာယ်ကင်း ဆွမ်းတင်ရန် ကိစ္စအတွက် လိုအပ်သော ပစ္စည်းများအား ရှာဖွေလေတော့သည်။

အခြားအရပ်ဒေသများတွင် နေထိုင်ကြသူများအတွက် မထောင်းတာလှသော်လည်း ရေငန်အရပ်တွင် နေထိုင်ကြသူများအတွက်ကတော့ ရေငန်ပိုင် ဦးရှင်ကြီး နတ်တင်မြှောက်ခြင်း ကိစ္စအား အရေးထား ဆောင်ရွက်လေ့ရှိကြသည်။

အနည်းဆုံး ဝါဝင်ခါနီး တစ်ကြိမ်နှင့် ဝါထွက်ပြီးလျှင် တစ်ကြိမ်တော့ မဖြစ်မနေ တင်မြှောက်ပေးကြသည်။

ကြားကာလများမှာလည်း ထူးခြားသော အကြောင်းကိစ္စများ ဆောင်ရွက်ရန်ကိစ္စများရှိလျှင် တင်မြှောက်ကြသည်။

ဥပမာ...

ပင်လယ်ထွက်တော့မည်ဆိုလျှင်၊ တောဝင်တော့မည်ဆိုလျှင် သားငါး ရှာဖွေရန် သွားတော့မည်၊ လယ်ဝင်တော့





မည်ဆိုလျှင် ဦးရှင်ကြီးတင်သော အလုပ်ကို မမေ့မလျော့ လုပ်ကြရသည်။

ထိုသို့မှ မလုပ်လျှင် တောတက်သူများမှာ ကျားဆင်၊ မြွေ အစရှိသော တောကောင်များနှင့် တွေ့ခြင်း။

ရေပိုးရေမွှား ရှာသူများမှာ မိကျောင်းနှင့် တွေ့ခြင်း။

ပင်လယ်ထွက်သူများမှာ မုန်တိုင်းများနှင့် တွေ့ခြင်း အစရှိသည်တို့ကြောင့် ပျက်စီးခြင်းများ ကြုံရတတ်ပေသည်။

ထို့ကြောင့်...

ရေငန်အရပ်ဒေသတွင် နေကြသူများ၊ အထူးသဖြင့်တော့ ပျဉ်ဒရယ်သစ်တော နယ်နိမိတ်အတွင်းမှာ နေထိုင်ကြသူများက ပို၍ သတိထား ဂရုစိုက်ကြရသည်။

အဘယ်ကြောင့်ဆိုသော်...

မိန်းမလှကျွန်း အပါအဝင် ပျဉ်ဒရယ်သစ်တော နယ်နိမိတ်များမှာ ဦးရှင်ကြီးနတ်၏ အစိုးကျသော နေရာများဖြစ်သောကြောင့်ပင်။

အန္တရာယ်ကင်း ဆွမ်းတင်သည်ဟု ခေါ်သော ဦးရှင်ကြီးနတ် ပ,သ,ရာတွင် လိုအပ်သော ပစ္စည်းများမှာ...

ဆွမ်းတင်ရန် စင်နှင့်၊ အုန်းသီးတစ်လုံး၊ ၁၄-လုံးပါသော ငှက်ပျောသီးမှည့် တစ်ဖီး၊ ကောက်ညှင်းဆိုလျှင် လေးလုံးခန့်၊ ဝါကျွတ်တင်လျှင် အများအားဖြင့် မုန့်ဆန်းသကြားထပ်နှင့် တင်လေ့ရှိကြသည်။

ကောက်ညင်းပေါင်းနှင့် တင်မြှောက်လျှင် ထန်းလျက်ခဲလိုပြီး မုန့်ဆန်းနှင့် တင်လျှင် သကြားလိုသည်။

မုန့်ဆန်းတစ်ပြည် ရှစ်လုံးလျှင် သကြားငါးဆယ်သားလောက်တော့ ထည့်ကြသည်။

လက်ဖက်သားအနည်းငယ်၊ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းလေးတိုင်တို့ လိုအပ်ပါသည်။

ဆွမ်းတင်တော့မည်ဆိုလျှင် သစ်သားဖြင့် အဆင်သင့်ပြုလုပ်ထားသော ဆွမ်းစင်ကို (အချို့ကလည်း အရေးပေါ်ဝါးဖြင့် ဆွမ်းစင်ပြုလုပ်လေ့ရှိကြသည်။ ဝါးတစ်လုံးကို ငါးတောင်ခန့် အဆစ်ခံ၍ဖြတ်ကာ လေးခြမ်းစိတ်ပြီး ထိပ်တွင် လေးကွက်ကြား ကပ်ကြားရက်တင်၍ အသုံးပြုခြင်းဖြစ်၏။ အသုံးပြုပြီးလျှင် ၎င်းဝါးစင်ကိုပါ တစ်ခါတည်း စွန့်ပစ်လိုက်လေ့ရှိသည်။) စိုက်ထူရသည်။

ဆွမ်းစင်ကို ထူပြီးလျှင် လေးထောင့်တွင် ပန်းခက်များ စိုက်သည်။

ဆွမ်းတင်ရာတွင် အများအားဖြင့် အသုံးပြုသော အောင်ပန်းမှာ တောအရပ်တွင် ပေါသော သပြေပန်းနှင့် အုန်းညွန့်ဖြစ်သည်။

စင်ပေါ်တွင် အောင်ပန်းစိုက်ထားပြီးလျှင် ဆွမ်းပွဲ စ,တင်ပြင်ရသည်။

ကောက်ညင်းနှင့်တင်လျှင် ကောက်ညှင်းကို ပေါင်းသည်။ အချို့ကလည်း အလွယ်တကူ ချက်လိုက်ကြသည်။





မုန့်ဆန်းနှင့် တင်မည်ဆိုရင်တော့ မုန့်ဆန်းကို ရေနွေးနှင့် ပျော့ရုံစိမ်၍ သကြားဖြင့် နယ်ထားရသည်။

ပြီးလျှင် ကွမ်းယာ ယာ၍ ငှက်ပျောသီးမှာ စိုက်ရသည်။ ကွမ်းယာက အိမ်တွင်းပွဲပါ ပြင်လျှင် သုံးယာ လိုသည်။

အုန်းသီးကို အခွံချောထားပြီး ခွဲကာ အုန်းရည်ကို ဖန်ခွက်တစ်လုံးဖြင့် ခံကာ ထိုအုန်းရည်ဖြင့် ဆွမ်းတင်မည့်လူက မိမိဆွမ်းတင်မည့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ကြိုတင်ပင့်ဖိတ်ထားရသည်။

(ပင့်ဖိတ်ရာတွင် ရွတ်ဆိုသော စာနှင့် ဆွမ်းတင်မြှောက်ရာတွင် ရွတ်ဆိုသော စာများကိုတော့ မဖော်ပြတော့ပြီ။)

ပြီးလျှင် ကောက်ညင်းနှင့်တင်လျှင် အုန်းသီးဆံကို ခွေထိုး၍ ရစ်ထုတ်ရသည်။ မုန့်ဆန်းနှင့်တင်လျှင် အုန်းခြစ်နှင့် ခြစ်ရလေသည်။

ဆွမ်းပွဲပြင်ရာတွင် နယ်တော်ရှင်ဖြစ်သော ဦးရှင်ကြီးနတ်၊ မြို့တော်ရှင်ဖြစ်သော ကိုးမြို့ရှင်နှင့် ပုလဲရှင်နတ်၊ ရွာတော်ရှင်ဖြစ်သော အဘိုး၊ ကွင်းပိုင်၊ ချောင်းပိုင်၊ လယ်ပိုင်နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ။

၎င်းတို့နောက်တွင် ပါမည့် တပည့်လက်သားများ အတွက် စသည်ဖြင့် ပြင်ဆင်ကြရသည်။

ဒါက ရေနံပိုင်အရပ်တွင် ဆွမ်းတင်ရာတွင် ပြင်သော နည်းဖြစ်ပြီး အခြားဒေသများမှာတော့ မိမိတို့ အရပ်ဓလေ့

အတိုင်း တင်မြှောက်ကြသည်။ အချို့ဆိုလျှင် အိမ်တွင်းပွဲ မပါကြပေ။ ဆွမ်းတင်ရာတွင် ပြင်သောပွဲမှာ...

ဦးရှင်ကြီးတစ်ပွဲ၊ ကိုးမြို့ရှင်တစ်ပွဲ၊ အိမ်တွင်းနတ်အတွက် တစ်ပွဲ၊ ရွာပိုင်၊ ကွင်းပိုင်၊ တောပိုင်၊ လယ်ပိုင်၊ တပည့်လက်သားများ တစ်ပွဲ စသည်ဖြင့် ပြင်ကာ တင်မြှောက်ရသည်။

ဆွမ်းတစ်ပွဲတွင် ကောက်ညင်း၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာ၊ ငှက်ပျောသီးနှစ်လုံး ထည့်ကာ ပြင်သည်။

ဆွမ်းပွဲပြင်ပြီးလျှင် ဦးရှင်ကြီးနတ်၊ ကိုးမြို့ရှင်နတ်၊ အိမ်တွင်းနတ်၊ ရွာတော်ရှင်၊ ကွင်းပိုင်၊ ချောင်းပိုင်၊ လယ်ကွင်းပိုင်များကို အစဉ်အတိုင်း တင်မြှောက်ပြီး လိုသောဆုတောင်းကြသည်၊ အားလုံးပြီးလျှင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ၎င်းတို့နေရာသို့ ပြန်ပို့ပြီးလျှင် ဆွမ်းပွဲများအား တပည့်ခံသည့်အနေဖြင့် ပျော်ပျော်ပါးပါး စားသောက်ကြသည်။

အချို့ဆိုလျှင် ဆွမ်းတင်ပြီးသည်နှင့် စွန့်တဲ့အထိ မစောင့်တော့ဘဲ လုယက်စားသောက်ကြသော ဓလေ့များရှိသည်။

ဆွမ်းတင်သည့်အချိန်ကတော့ အချို့က ညဦးပိုင်းလုပ်ပြီး၊ အချို့ကတော့ အရုဏ်တက်ချိန်မှာ ပြုလုပ်ကြသည်။

တောနယ် အရပ်များမှာတော့ အိမ်ထောင်ဦးစီးများက ဆွမ်းတင်သည့် ကိစ္စအား ကိုယ်တိုင်ပြုလုပ်လေ့ရှိကြပြီး





အချို့ကတော့ တတ်ကျွမ်းနားလည်သည့် ပုဂ္ဂိုလ်များက ကိုယ်စား ဆောင်ရွက်ပေးလေ့ ရှိကြသည်။

အဘယ့်ကြောင့်ဆိုသော်...

တောနယ်များတွင် နေကြသူများက ၎င်းဦးရှင်ကြီးနတ်တင်သည့်ကိစ္စအား လွန်စွာအရေးကြီးသော ကိစ္စဟု စွဲလမ်းယုံကြည်ကြသောကြောင့်ဖြစ်သည်။

မသန့်ရှင်းသော ပစ္စည်းများကို အသုံးပြုမိခြင်း။

အမှားအယွင်း တစ်ခုခု ပြုလုပ်မိလျှင် အသက်ဆုံးရှုံးရသည်အထိ အန္တရာယ်တစ်ခုခု ကျရောက်လေ့ရှိသည်ဟု စွဲလမ်းယုံကြည်ကြသည်။

တောထဲမှာ ကျားတွေ့ခြင်း။ ရေထဲမှာ မိကျောင်းတွေ့ခြင်း။ အိမ်ပေါ်ကို မြွေတက်လာခြင်း အစရှိသည်တို့နှင့်ကြုံလျှင် ဆွမ်းတင်ရန် ပျက်ကွက်ခြင်း။ အမှားအယွင်းရှိခြင်းကြောင့်ဟု သံသယရှိတတ်ကြလေသည်။

ယခုတော့ ခေတ်ကာလအလျောက် အနည်းငယ်တိမ်ကော ပ,ပျောက်စ ပြုနေပေပြီ။

ကျွန်ုပ်တို့ ငယ်စဉ်ကဆိုလျှင် မော်လမြိုင်ကျွန်း၊ ဘိုကလေး အစရှိသော မြို့များမှာ ဦးရှင်ကြီးနတ်ပွဲများကို အငြိမ့်၊ ဇာတ်သဘင်ပွဲများထည့်၍ မြိမ့်မြိမ့်သဲသဲ ကျင်းပခဲ့သည်ကို အမှတ်ရမိသည်။

ဝါးလုံးတစ်လုံးဖြင့် စင်ပြုလုပ်ထားသော အပေါ်သို့ လူများ လွှားခနဲ ခုန်တက်ခါ ဆွမ်းပွဲများကို စားသောက်ကြပုံများကို တွေ့ခဲ့ရဖူးသည်။

လက်မောင်းလုံးခန့် အခေါင်းပွ ဝါးလုံးထိပ်တွင် ဝါးကပ်ရက်ခါ တင်ထားရာ အပေါ်သို့ လူတစ်ယောက် လွှားခနဲ ခုန်တက်သော်လည်း ခံနိုင်ရည်ရှိသည်မှာ အံ့ဩစရာတော့ ကောင်းလှသည်။

ယခုလည်း ဦးနေဒွန်းမှာ ဆွမ်းတင်ရန်ကိစ္စအား တပည့်များအား မခိုင်းဘဲ ၎င်းကိုယ်တိုင်ပင် ကြပ်ကြပ်မတ်မတ် ပြုလုပ်နေလေသည်။

သူသည် ဆွမ်းစင်ကို သစ်သားဖြင့် ပြုလုပ်ထားသော စင်ကို အသုံးပြုလေသည်။

ပြုလုပ်သောအချိန်မှာ ညဦးပိုင်းအချိန်ဖြစ်သည်။

ဆွမ်းပွဲများအားလုံး ပြင်ဆင်၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ ပင့်ဖိတ်တင်မြှောက်နေစဉ် သူကြီးကတော် ဒေါ်ငွေရင်နှင့် အိမ်သူအိမ်သားများ။

အလုပ်သမားများ။

အနီးဝန်းကျင်မှ လူများက လာရောက်ကန်တော့ကြကာ ဆုများ တောင်းကြလေသည်။

ထိုအခိုက်မှာ...





လူအုပ်ထဲမှာ ရောက်နေသော လူရွယ်တစ်ဦးသည် အမူအရာ ပျက်ကာ တုန်တုန်ယင်ယင် ဖြစ်လာပြီး သတိလက်လွှတ်ဖြစ်ကာ ပြေးထွက်လာပြီး ဆွမ်းစင်ပေါ်သို့ လွှားခနဲ ခုန်တက်သွားလေသည်။

"ဟင်..."

"ဟာ..."

"ဟယ်..."

ကြည့်နေကြသူများမှာ အံ့ဩသွားကြလေသည်။

သူကြီး ဦးနေဒွန်းပင် ကြောက်ရွံ့ ထိတ်လန့်မှုကြောင့် နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားသည်။

ဆွမ်းစင်ကတော့ အနည်းငယ် လှုပ်ရမ်းသွားသည်မှအပ ပြိုလဲသွားခြင်း မရှိပေ။

ဆွမ်းစင်ပေါ်ရောက်နေသော လူရွယ်မှာ မျက်နှာစိမ်းဖြစ်ပြီး မလှမ်းမကမ်းရှိ ဦးနေဒွန်းအား မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်နေသည်။

"နေဒွန်း... နင့်အပြစ်ကို နင်သိတယ် မဟုတ်လား"

ဟု အသံဩကြီးဖြင့် လှမ်းမေးလိုက်သည်။

"ကျွန်တော် ဘာများ လုပ်မိလို့ပါလိမ့်၊ အမိန့်ရှိပါ အရှင်ကြီး"

"အေး... လူဆိုတာ မကောင်းတာလုပ်ရင် တခြားလူတွေသာ မသိတာ၊ ကိုယ့်ကိုယ်ကို သိတယ်၊ ကိုယ်စောင့်နတ်

သိတယ်၊ နယ်ပိုင်, တောပိုင်တွေက သိတယ်၊ ပရလောက သားတွေက သိတယ်၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက သိတယ်၊ သူတော်စင်တွေက သိကြတယ်ဆိုတာ မြဲမြဲမှတ်ထား"

"ဟုတ်… ဟုတ်ကဲ့"

"အခု နင်နဲ့အတူ မကောင်းကြံစည်တဲ့ လူတွေ ဒီကို ပြန်မရောက်နိုင်ကြတော့ဘူး။ ပျဉ်ဒရယ်ရွှေသိုက်ကို ငါ ပို့လိုက်ပြီ သူတို့ရှာတဲ့ ပျဉ်ဒရယ်ရွှေသိုက်ကို ရောက်အောင်ပို့ပေးလိုက်တာပဲ"

"ဗျာ…"

ဦးနေဒွန်းမှာ ထိုစကားကြောင့် များစွာထိတ်လန့်ကြောက်ရွံ့မှုဖြစ်ကာ နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်သွားသည်။

"အေး… နင်လည်း အသက်ကြီးပြီ၊ ကိုယ့်အမှားကို ကိုယ်ပြင်ပြီး သတိတရားရချင်ရ၊ မရဘဲ ဆက်မိုက်နေမယ်ဆိုရင် သူတို့နောက်ကို လိုက်ရမယ်၊ ဒါပဲ"

ဟုပြောဆိုကာ ဆွမ်းစင်ပေါ်မှ ဝုန်းခနဲ ပြန်ခုန်ဆင်းကာ အမှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

ဦးနေဒွန်းတို့ တစ်တွေမှာသာ နေရာတွင် ကြက်သေသေလျက် မလှုပ်မယှက် ကျန်ခဲ့ကြလေတော့သည်။





နောက်တစ်နေ့ နံနက်လင်းသောအခါ ဦးနေဒွန်းသည် ဇနီးဖြစ်သူ ဒေါ်ငွေရင်အား တိုင်ပင်ခွင့်တောင်းပြီး မိမိ၏ လုပ်ငန်းကိစ္စ အဝဝတို့အား ဆွေမျိုးသားချင်းများ၊ တပည့်များအား အလုံးစုံလွှဲ၍ ရွာဦးကျောင်း ဆရာတော်ထံသို့ သွားပြီး ယောဂီအသွင်သို့ ကူးပြောင်းသွားလေတော့သည်။

## အခန်း ( ၁၄ )

# ကံ့ကော်တစ်ထောင် ဆရာတော်နှင့် ကတိစကား

တစ်နေ့သ၌ ကျွန်ုပ်သည် ရေကျော်ကြီးထင်းပွဲစခန်းရှိ သစ်တောရုံးတွင် အလုပ်တာဝန်များ ရှုပ်ထွေးနေသောကြောင့် မရန်းချောင်းဘုရား ပြုပြင်ရန်ကိစ္စအား မေ့လျော့နေခိုက်မှာ တစ်ခုသော နံနက်ခင်းအချိန်တွင် မိန်းကလေးသုံးယောက်တို့ ကျွန်ုပ်ရှိရာသို့ ရောက်လာကြလေတော့သည်။

၎င်းတို့သည် လှေငယ်တစ်စင်းဖြင့် လာကြတာဖြစ်ပြီး တံတားတွင် ဆိုက်ကပ်ခါ အပေါ်သို့တက်လာကြရာ ကျွန်ုပ်၏ တပည့်တစ်ယောက်က ကျွန်ုပ်ထံသို့ လိုက်ပို့ပေးခြင်းဖြစ်သည်။





ဝင်လာသော မိန်းကလေးသုံးယောက်အနက် တစ်ယောက်ကိုတော့ မြင်ဖူးသလိုလို ရှိသဖြင့် အကဲခတ်ကြည့်ရှုလေရာ ထိုမိန်းကလေးက တစ်ချက်ပြုံး၍...

"ဆရာ... ကျွန်မကို မှတ်မိလား"

ဟု ရင်းနှီးသော လေသံဖြင့် မေးလေသည်။

"အေး... မင်းကို မြင်ဖူးသလိုလိုရှိလို့ ကြည့်နေတာ၊ မင်းဘယ်သူလဲ"

"ကျွန်မတို့ မြေးအဘွားနှစ်ယောက်ကို ဘိုကလေးမြို့က ဆရာ သင်္ဘောနဲ့ လူကြုံလိုက်လာကြတာပါ"

ဟုပြောပြတော့မှ မှတ်မိလေ၏။

"သြော်... မှတ်မိပြီ၊ မှတ်မိပြီ၊ အဲဒီညက မင်းတို့ မြေးအဘွားနှစ်ယောက် ပျောက်သွားလို့ ငါတို့မှာ စိတ်ပူကြရသေးတယ်"

"အဲဒီညက ကျွန်မတို့ လူကြုံလှေရှိလို့ ကမန်းကတန်း ပြန်လိုက်သွားတာနဲ့ ဆရာတို့ကိုတောင် နှုတ်ဆက်မသွားရဘူး။ အဲဒီအတွက် ကျွန်မ တောင်းပန်ပါတယ် ဆရာရယ်"

"ရပါတယ်ကွာ၊ အခုရော ဘာကိစ္စရှိလို့ လာကြတာလဲ"

"ဒီက ကျွန်မရဲ့ ညီမလေးနှစ်ယောက်က ဆရာနဲ့ တွေ့ချင်တယ်ဆိုလို့ လိုက်ပို့ပေးတာပါ"

"ဘာကိစ္စရှိကြလို့လဲ"

ထိုအခိုက် မြနှင်းဝေနှင့် ပါလာသော မိန်းကလေး နှစ်ယောက်က ၎င်းတို့နှင့် အတူပါလာသော အထုပ်တစ်ထုပ်ကို ကျွန်ုပ်ရှေ့တွင် ချကာ ဖြေပြလေသည်။

"ဟင်..."

၎င်းအထုပ်တွင်းမှာ ရှေးဟောင်းလက်ဝတ်ရတနာပစ္စည်းများ ပါလာသောကြောင့် ကျွန်ုပ်တို့မှာ အံ့သြသွားကြခြင်းဖြစ်သည်။

"ဒီပစ္စည်းတွေ ဘာလုပ်ရမှာလဲ မိန်းကလေးတို့"

"ဒီပစ္စည်းတွေက ကျွန်မတို့ ဘိုးဘွားမိဘတွေ ပိုင်ဆိုင်ခဲ့ကြတဲ့ရတနာပစ္စည်းတွေပါ။ ဒီပစ္စည်းတွေကို ဆရာကြီး မရန်းချောင်းဘုရား ပြုပြင်တဲ့အခါ အသုံးပြုပေးဖို့ လာလှူတာပါရှင်"

ဟုပြောပြလေသည်။

"ကျုပ် ဘုရားပြုပြင်မှာကို မိန်းကလေးတို့က ဘယ်လိုများ သိကြလို့လဲကွယ့်"

"ဒီလိုပဲ...တစ်ဆင့်စကား တစ်ဆင့်ကြားပြီး သိရတာပါ။ ဆရာကြီး ဘုရားပြုပြင်မယ့် သတင်းက ဒီနယ်တစ်ဝိုက်မှာတော့ အတော်ကလေးပျံ့နှံ့နေပြီး ကျွန်မတို့သိသလို အခြားလူတွေကလည်း သိကြလို့ ဝမ်းသာနေကြတယ်၊ သူတို့လည်း ဘုရားတည်ဖို့အတွက် ပစ္စည်းတွေ လာလှူကြလိမ့်ဦးမယ်"

ထိုစကားကြားသောအခါ ကျွန်ုပ်မှာ များစွာ အံ့သြသွားလေသည်။





စိတ်ထဲမှာတော့ မည်သူ့ကိုမှ အသိမပေးဘဲ ကျွန်ုပ်ကိုယ်တိုင်ပင် မေ့လျော့နေသော ဘုရားတည်ခြင်းကိစ္စအား ဒီနယ်တစ်ဝိုက်မှာရှိတဲ့ လူအတော်များများက သိနေသည်ဆိုခြင်းအတွက် ထူးဆန်းသလိုတော့ ဖြစ်မိသည်။

ထို့နောက်တွင် မြနှင်းဝေနှင့် မိန်းကလေးနှစ်ယောက်တို့သည် ယူဆောင်လာသော ရတနာပစ္စည်းများအား ကျွန်ုပ်အား သေချာစွာ အပ်နှံ၍ နှုတ်ဆက်ကာ ပြန်သွားကြသည်။

ဤသို့ဖြင့် ကျွန်ုပ်မှာ ရတနာပစ္စည်းများ ရခဲ့ပြီ၊ ဘုရားပြုပြင်ရန် ကတိပေးထားသော ကိစ္စအား မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်ရတော့မည်ဟု သိလိုက်ရပြီးနောက်တွင် တောအုပ်ကြီး ဦးဖန်ကောင်း၊ ဦးမွန်ထော်တို့နှင့် တိုင်ပင်ကာ လိုအပ်သည်များကို စ,တင် ပြင်ဆင်လေတော့သည်။

ထိုရက်များအတွင်းမှာပင် ကျွန်ုပ်ထံသို့ ရတနာပစ္စည်းအချို့ လာရောက်လှူဒါန်းကြသူများ အစဉ်မပြတ် ရောက်လာကြလေတော့သည်။

ကျွန်ုပ်၏ အစီအစဉ်များမှာ...

ဦးစွာ မရန်းချောင်း အတွင်းဘက်သို့ အတော်အတန်ကြီးသော သင်္ဘောစက်လှေများဝင်နိုင်ရန် ချောင်းတစ်ဖက်တစ်ချက်ရှိ သစ်ကိုင်းသစ်ပင်များကို ခုတ်ပစ်စေခြင်း။

ဘုရားဟောင်းကြီးနှင့် မလှမ်းမကမ်းတွင် အုတ်ဖိုများပြုလုပ်ကာ အုတ်များ ဖုတ်စေခြင်း။

ကဒုံ၊ ရောသောင်များမှ သဲများ တူးခါ သယ်ယူစေခြင်း။ ဘိုကလေးမြို့မှ သဲနှင့် ထုံး။ ဘိလပ်မြေအိတ်များ မှာယူခြင်း။

စေတီပျက်ကြီးနှင့် မလှမ်းမကမ်း၌ ရှိသော ရေကန်ပျက်ကြီးအား လူအားဖြင့် ပြန်လည်တူးဖော်ခြင်းများ စတင်ဆောင်ရွက်လေသည်။

ရေကန်ကြီးကို တူးဖော်ရာမှာတော့ ကျွန်ုပ်တို့ ထင်းပွဲစခန်းမှ လူများ၊ အလုပ်သမားများအပြင် အခြားမှ လာရောက်ကြဟန်ရှိသော မျက်နှာစိမ်း ဧည့်သည်များလည်း လာရောက်အကူအညီပေးကြသောကြောင့် ရက်ပိုင်းအတွင်းမှာပင် ရေများပြန်ထွက်လာတော့သည်။

ရေထွက်စ,က နောက်နေသော်လည်း တစ်ရက်, နှစ်ရက်ကြာသောအခါ ရေထွက်များလာသည်နှင့်အမျှ ရေကလည်း ကြည်လင်လာသည်။

ရေငန်အရပ်ဒေသမှာ ဖြစ်သော်လည်း မရန်းချောင်းရေကန်မှ ထွက်သော ရေမှာ ရေချိုဖြစ်သည်။

ဘုရားပရိဝုဏ်ဝန်းကျင်တစ်ဝိုက် သစ်ပင်ချုံနွယ်၊ ဆူးပင်ဆူးခက်များကိုလည်း ဖယ်ရှားရုံမက ဘုရားရင်ပြင်တော်တစ်ဝိုက် ဖုံးလွှမ်းနေသော ချုံနွယ်များကိုပါ ခုတ်ထွင်ဖယ်ရှားလိုက်သော် ရှေးကလူများ တည်ထားခဲ့သည့် တစ်ဝက်တစ်ပျက်သာ ပြီးသေးသော စေတီဟောင်းကြီးမှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာလေတော့သည်။





ကျွန်ုပ်မှာ အလုပ်တာဝန်ကလည်းတစ်ဖက် ရှိသဖြင့် ထိုနေရာတွင် အချိန်ပြည့် မနေနိုင်ဘဲ ပုံတောင်တစ်စင်းနှင့် သွားလိုက်ပြန်လိုက် လုပ်နေရသည်။

ကျွန်ုပ်တို့ ဘုရားပြုပြင်ရန် ပြင်ဆင်နေစဉ် ကာလအတွင်းမှာ အမာရွာမှ သူကြီးဘဝမှ ယောဂီဘဝသို့ ကူးပြောင်းသွားသော ဦးနေဒွန်းနှင့် ဒေါ်ဘွားမျှင်တို့လည်း ရောက်လာကြခါ ဦးဘာဘူနှင့် ပူးပေါင်းပြီး အားတက်သရော ကူညီလုပ်ကိုင်ကြသည်။

ကျွန်ုပ်တို့နှင့်အတူ အတက်ကြွဆုံး ဆောင်ရွက်ကြသူများမှာ ၎င်းတို့သုံးယောက် ဖြစ်ပေသည်။ ၎င်းတို့က ဘုရားပရိဝုဏ်အနီးတွင် ယာယီတဲများ ထိုးခါ အမြဲတစေ နေထိုင်ပြီး နေ့ရော, ညပါ ဝေယျာဝစ္စ ဆောင်ရွက်ကြသည်။

ထိုသို့ပြုလုပ်ပြီး အတော်အတန် အဆင်သင့်ဖြစ်သောအခါ ကျွန်ုပ်အား ဦးဖန်ကောင်းက ဤသို့ ပြောသည်။

"ဆရာကြီးကို ကျုပ် တစ်ခုတော့ ပြောပါရစေ"

"ဘာပြောမှာလဲ ဦးဖန်ကောင်း။ ပြောလေ"

"တခြားတော့ မဟုတ်ပါဘူး။ ကျုပ်တို့ ဆရာကြီးတွေ မှာကြားခဲ့တာကို သတိရလို့ ပြောမလို့ပါ"

"ဘာများလဲဗျ"

"ဒီလို ဆရာကြီးရဲ့ ဘုရားစေတီတည်တဲ့ နေရာမှာ အသစ်တည်တာက သိပ်ပြီး အရေးမကြီးလှဘူးတဲ့၊ ဒါပေမယ့် အဟောင်းကို ပြုပြင်တာကတော့ အတော့်ကို အရေးကြီး

သတဲ့၊ အမှားမခံဘူး။ မှားတာနဲ့ တာဝန်ယူတဲ့လူကို ထိခိုက်တတ်တယ်တဲ့"

"ကောင်းတာလုပ်တာပဲ၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ တစ်ဆိတ်လောက် ပြောပြပါဦး"

"ဒီလို... ဆရာကြီးရဲ့၊ ဘုရားဟောင်း၊ စေတီဟောင်းတွေမှာ ရှေးက မူလဒါယကာတွေ ရှိခဲ့ကြတယ်လေ၊ တချို့လည်း ပြီးတယ်၊ တချို့လည်း အပြီးမသတ်ခဲ့ဘူးပေါ့၊ ဒါပေမယ့် အဲဒီမှာ မူလဒါယကာတွေ ရှိခဲ့တာတော့ အမှန်ပဲ"

"ဟုတ်တယ်လေ"

"အတော်များများ သေချာတာကတော့ ဘုရားဟောင်းတွေ တည်ခဲ့ကြတာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဆိုတော့ မူလဘုရားဒါယကာတွေ မရှိတော့တာ သေချာတယ်၊ အဲဒီမှာ မပြီးသေးတဲ့ ဘုရားတွေ၊ အပျက်အစီး ဖြစ်နေတဲ့ ဘုရားတွေကို မူလ သက်ဆိုင်တဲ့ လူတွေက တစ်နည်းနည်းနဲ့ ပြန်ပြီး စောင့်ရှောက်နေတာတွေ ရှိသလို၊ တချို့ကလည်း ဘုရားပြီးအောင် ဆက်တည်ပေးနိုင်မယ့် ပဋ္ဌာန်းဆက်ရှိတဲ့ လူတွေကစောင့်နေရတာတွေလည်း ရှိကြတယ်"

"စိတ်ဝင်စားစရာပဲ၊ ဆက်ပြောပါဦး ဦးဗန်ကောင်းရဲ့"

"အဲဒီမှာ နောက်ဆက်ပြီး ဘုရားပြီးအောင် တည်မယ့်လူတွေဟာ မူလဘုရားဒါယကာတွေနဲ့ တွေ့သင့်တယ်၊ ဒါမှမဟုတ် သူတို့ရဲ့ သဘောတူခွင့်ပြုမှုကို ရမှ ဆက်လုပ်လို့ရမှာတဲ့၊ မဟုတ်ရင် ဒုက္ခရောက်တတ်သတဲ့"





"သူတို့မှ မရှိတော့တာ၊ ဘယ်လိုဆက်သွယ်ရမလဲဗျ၊ ဒါလည်း ပြောဦးမှပေါ့"

"ဘုရားစေတီဟောင်း တစ်ဆူကို ပြုပြင်တော့မယ်ဆိုရင် မူလဒါယကာတွေရှိရင် အသိပေးပါလို့ ပန်ကြားလိုက်ရင် ဆရာကြီးကို တစ်နည်းမဟုတ် တစ်နည်း ဆက်သွယ်လာကြမှာပါ၊ တချို့ကျတော့လည်း ကိုယ်စားလွှတ်ပြီး အသိပေးတာတွေလည်း ရှိတာပေါ့၊ အဲဒီလိုပြောတဲ့ နေရာမှာ ဆက်တည်ဖို့ ခွင့်ပြုတယ်၊ မပြုဘူးဆိုတာတွေ၊ ပဋ္ဌာန်းဆက်မှန်တယ်၊ မမှန်ဘူးဆိုတာတွေ၊ တကယ်လို့ ဆက်တည်ခွင့်ရမယ်ဆိုရင်လည်း ဉာဏ်တော်အမြင့်က ဘယ်လောက်၊ ပုံစံက ဘယ်လို၊ မှန်ပေါက်၊ ဂူပေါက်ကို ဘယ်ဘက်လှည့်ရမယ်၊ တံတိုင်း ဘယ်လောက်ခတ်ရမယ်၊ ထီးတော်ဘယ်လိုတင်ရမယ်၊ ဘယ်သူတင်ရမယ်၊ ကမ္ပည်းစာတမ်း ဘယ်လိုထိုးပေးရမယ်ဆိုတာတွေပါ အကုန်ပြောပြကြတယ်"

ဟု ဦးဗန်ကောင်းက စေ့စေ့ငငပြောပြလေသည်။

"ဒါတွေကတော့ ဟုတ်ပါပြီ၊ ကျုပ်တို့က ဘုရားတည်ဖူးတဲ့ လူတွေမှ မဟုတ်တော့ ဒါတွေ ဘယ်သိပါ့မလဲ၊ အဲဒီတော့ ဘယ်လိုလုပ်ရမလဲ"

"ကိုယ်မသိရင် သိကျွမ်းနားလည်တဲ့ လူပုဂ္ဂိုလ်၊ ဆရာတော်ကြီးကို လျှောက်ထား ပန်ကြားပြီးတော့ ဦးဆောင်နိုင်းရတာပေါ့ ဆရာကြီးရယ်၊ ဒါမှလည်း အမှားအယွင်း မရှိမှာပေါ့"

ဟုပြောပြသည်။

"အင်း... ဦးဇန်ကောင်းပြောတာ ဗဟုသုတ ရစရာပါပဲ၊ နောင်ဆိုရင် ဘုရားဟောင်း၊ စေတီဟောင်းတွေကို စေတနာ သဒ္ဓါတရားရှိလို့ ပြုပြင်ချင်ရင်တောင် ဒါတွေကို သတိထားသင့်တာပေါ့၊ အင်းပေါ့လေ... ကျုပ်ကလည်း ဒီမှာက ကတိတွေ ပေးထားပြီးပြီဆိုတော့ ဒီဘုရားကို ပြီးအောင်တော့ ဆက်တည်ပေးရမှာပဲ၊ ခင်ဗျားပြောသလို ဆိုရင် ကြားထဲက တတ်ကျွမ်းနားလည်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးတော့ ရှာရမှာပေါ့"

ဟုပြောလိုက်ရလေသည်။

ဤသို့ဖြင့် နောက်ထပ် ရက်အတန်ကြာပြန်သောအခါ ကျွန်ုပ်သည် အလုပ်တာဝန်,ကိစ္စဖြင့် ဘိုကလေးမြို့သို့ ပြန်ရန် ပြင်ဆင်နေစဉ် ကျွန်ုပ်ရှိရာ ရေကျော်ကြီး ထင်းပွဲစခန်းရုံးသို့ လူနှစ်ယောက် ရောက်လာပြီး လာတွေ့ကြသည်။

၎င်းတို့မှာ အသက်ကြီးကြီး လူတစ်ယောက်နှင့် လူလတ်ပိုင်း အသက်အရွယ်ရှိ လူရွယ်တစ်ယောက်တို့ ဖြစ်ကြသည်။

"ဆရာကြီးက မရန်းချောင်းဘုရားကို တည်ဖို့ တာဝန်ယူထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် လောလောဆယ်တော့ မဖြစ်သေးပါဘူး"

"ဘာကြောင့်လဲဟင်"





"ကျုပ်တို့က ဒီကိစ္စတွေကို သိပ်ပြီး နားမလည်တော့ နားလည်တတ်ကျွမ်းတဲ့ လူတစ်ယောက်လောက် ရှာရဦးမှာဆိုတော့ နည်းနည်းတော့ ကြာဦးမယ်ထင်တယ်"

"အခု ကျုပ်တို့လာခဲ့တာ ဒီကိစ္စ ပြောချင်လို့ လာတာပါ"

"ပြောပါ"

"ဆရာကြီးရဲ့ ကိစ္စကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ ပုဂ္ဂိုလ်တစ်ဦး ရှိပါတယ်"

"ဟင်... ဘယ်မှာလဲ"

"ဘိုကလေးမှာပါ"

"ဟင်... ဘိုကလေးမှာ ဟုတ်လား၊ ဘယ်နေရာမှာ နေတာလဲ၊ ဘယ်သူလဲ"

"ဘိုကလေးမြို့ပေါ်ကတော့ မဟုတ်ပါဘူး၊ ဘိုကလေးနယ်ဘက်ကပါ၊ အခု ပေချောင်းကြီးမှာ ကုံကော်တစ်ထောင် ဘုရားတွေ တည်နေတဲ့ ကုံကော်တစ်ထောင် ဆရာတော်ကြီးပါ၊ ဆရာတော်ကြီးကို အကျိုးအကြောင်း လျှောက်ထားပြီး ပြောပြ အကူအညီတောင်းမှ အောင်မြင်မှာပါ"

"အင်း... ဒါကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ကျုပ်က ဆရာတော်ကြီးနဲ့ တစ်ခါမှလည်း မဖူးဘူးသေးတော့ ရင်းနှီးမှု မရှိဘူး၊ ချက်ချင်းကြီးလျှောက်လို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ကျုပ်တို့ လိုက်ပြီးလျှောက်ပေးရင် ရပါတယ်၊ ကျုပ်တို့က ဆရာတော်ကြီးရဲ့ တပည့်ရင်းတွေပါ"

"ဟာ... ဒီလိုဆိုရင်ဖြင့် ဟန်ကျလိုက်လေဗျာ၊ ကျုပ်က အခု ဘိုကလေးကို ကိစ္စရှိလို့ ပြန်တော့မှာ၊ ခင်ဗျားတို့ပါ တစ်ခါတည်း လိုက်ခဲ့ကြပေရော့၊ ဘိုကလေး ရောက်ရင် ကျုပ်ပါ တစ်ခါတည်း ကုံကော်တစ်ထောင်ကို လိုက်လာခဲ့မယ်"

ဟု ပြောဆိုကာ ကျွန်ုပ် ဘိုကလေးသို့ ပြန်သောအခါ ထိုလူနှစ်ယောက်ကိုပါ ယူဘီသင်္ဘောပေါ်သို့တင်ခါ ခေါ်ဆောင်လာခဲ့တော့သည်။

ဘိုကလေးမြို့သို့ရောက်သော် အလုပ်ကိစ္စများ ဆောင်ရွက်ပြီးသောအခါ ထိုသူနှစ်ယောက်ပါခေါ်၍ ပဲ့ထောင်တစ်စင်းဖြင့် ပေချောင်းသို့ လာခဲ့ကြသည်။

ကျွန်ုပ်တို့ သွားသောအချိန်မှာ ရေတက်ချိန်ဖြစ်သောကြောင့် အောက်ဘက် ကိုင်းတောအထိ ရောက်အောင် မသွားတော့ဘဲ ညီနောင်ကြီး ချောင်းထဲမှ ဝင်ခဲ့ကြသည်။

ညီနောင်လေး၊ ညီနောင်ကြီး၊ မရန်းကွဲ အစရှိသည်တို့အား ကျော်ဖြတ်ခဲ့ပြီးသောအခါ ပေချောင်း ချောင်းဖျားဘက်သို့ရောက်သည်။

ချောင်းဖျားဘက်မှာ ရေတိမ်သည်ကတစ်ကြောင်း။

ချောင်းကျဉ်းသည်ကတစ်ကြောင်း။

ချောင်းနံဘေး တစ်ဖက်တစ်ချက်မှာ ဓနိတောများရှိနေသောကြောင့် ရေတက်ပင်ဖြစ်လင့်ကစား ပဲ့ထောင်ကို စက်ရှိန်လျှော့ကာ ဖြည်းညင်းစွာ မောင်းခဲ့ကြရသည်။





ချောင်းတစ်ဝက်လောက်အရောက်မှာ ရေကလည်းနက်ပြီး ချောင်းကလည်း ကျဉ်းလာသည်။

သို့သော်လည်း ကမ်းနံဘေးမှာ လှေသမ္ဗန်များဆိုက်ကပ်ထားသဖြင့် စက်ရှိန်လျှော့ကာ မောင်းရသည်။

ဘိုကလေးမြို့မှ ဆရာတော်ကြီး ကျောင်းဆိပ်ရောက်အောင် တစ်နာရီကျော်ကျော်လောက် မောင်းခဲ့ကြရသည်။

ပေချောင်း ကျောင်း ရှိသောနေရာမှာ ရွာလယ်ပိုင်းမှာဖြစ်သည်။

ကျွန်ုပ်တို့သည် ကျောင်းဆိပ်ရောက်သောအခါ ပဲ့ထောင်ကို ကမ်းဆိပ်မှာထားခဲ့ပြီး၊ သုံးယောက်သား ဆရာတော်ကြီး သတင်းသုံးရာ ကျောင်းပေါ်သို့ တက်ခဲ့ကြသည်။

ကံကောင်းသည်မှာ ကျွန်ုပ်တို့ရောက်သွားသော အချိန်မှာ ကုံကော်တစ်ထောင် ဆရာတော်ကြီးက ကျောင်းပေါ်မှာရှိနေပြီး အခြားဧည့်သည်များလည်း ရှင်းလင်းနေသည်။

ကျွန်ုပ်တို့ ကျောင်းပေါ်တက်သွားပြီး ဆရာတော်ကြီးကို ကန်တော့လိုက်ကြသည်။

"လာကြပြန်ပြီလား၊ ဒီတစ်ခါ ဧည့်သည်လည်းပါလာတာကိုး"

"မှန်လှပါ၊ တပည့်တော်က ဘိုကလေးမြို့က သစ်တောဝန်ထောက်ပါ... အောင်မင်းအောင်လို့ ခေါ်ပါတယ်ဘုရား"

"အေးအေး... မောင်ရှင်တို့နဲ့က ဘယ်မှာတွေ့လာကြတာလဲ...

ကိစ္စအထူးရှိလို့လား"

ဟု မေးသောအခါ မောင်ရှင် ဆိုသောလူရွယ်က...

"မှန်ပါတပည့်တော် ကိစ္စရှိလို့လိုက်တာပါဘုရား"

ဟု အစချီကာ မရန်းချောင်းဘုရားပြုပြင်ရန် ကိစ္စအား လျှောက်ထားပြောပြလေသည်။

"အခုဘုရားက ဒီဆရာကြီးတို့က တာဝန်ယူပြီးကော့ တည်ဆောက်ကြမှာဆိုတော့ ဆရာတော်အနေနဲ့ ကြွရောက်ချီး မြှင့်ပေးဖို့ လာပင့်တာပါဘုရား"

ဟု လျှောက်ထားလေသည်။

ဆရာတော်ကြီးက အတန်ကြာအောင် မျက်စိမှိတ်နေပြီး မှ ဤသို့ပြောသည်။

"ဒီဘုရားတစ်ဆူပြီးသွားရင် ကျွတ်သင့်ကျွတ်ထိုက်တဲ့ လူတွေ အတော်များလိမ့်မယ်၊ နောက်ပြီး ဒကာကြီးတို့ နှစ်ယောက်ကို လိုက်ပါမယ်လို့ ကတိပေးထားတာရှိခဲ့ဖူးတယ်၊ ဒါကြောင့် ကျုပ် လိုက်ခဲ့ပါ့မယ်"

ဟု မိန့်ကြားသောအခါ ကျွန်ုပ်အပါအဝင် သုံးယောက် စလုံး ဝမ်းသာပီတိ ဖြစ်ကြရလေတော့သည်။





## အခန်း ( ၁၅ )

## သစ္စာပန်း (သို့မဟုတ်) သေမင်းနိမိတ်ပန်း

အိပ်မက်ဟုဆိုသော်လည်း အတော်ထူးဆန်းသော အိပ်မက်မျိုးဖြစ်ပါသည်။

တစ်ည... ၊

မြနှင်းဝေအိပ်ပျော်နေစဉ် ထူးဆန်း၍ ထိတ်လန့်ဖွယ် ကောင်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲမှာ ၎င်း ရှိရာသို့ လူနှစ်ယောက်ရောက်လာ ကြသည်၊ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် တို့ဖြစ်ကြကာ ရှေးခေတ်နန်းဝတ် နန်းစားများကို ဝတ်ဆင်ထား ကြသဖြင့် လွန်စွာလှပကြသည်။

ထို့ပြင်… ၊

နှစ်ယောက်စလုံးမှာ သူမနှင့်အရွယ် မတိမ်းတယိမ်း ရှိကြကာ လှပချောမွေ့လေသည်။

သူတို့နှစ်ယောက် အနီးသို့ ရောက်သောအခါ မြနှင်းဝေ တစ်ယောက် ကြောက်ရွံ့ တုန်လှုပ်သွားမိလေသည်။

"ရှင်… ရှင်တို့ ဘယ်သူတွေလဲ ဟင်"

ဟု အထစ်ထစ်အငေါ့ငေါ့ အမူအရာဖြင့် မေးလိုက်လေသည်။

"မင်းက ဘဝသစ်ကို ရောက်နေလို့၊ ဘဝဟောင်းကို မေ့နေပြီပေါ့၊ ဒါကြောင့် သတိပေးရအောင် လာခဲ့တာပဲ…

ငါက မင်းရဲ့အကို ဖေယျာသိခ်ပဲ၊ ဒါက မင်းရဲ့ညီမတော် သီရိနန္ဒာ…၊ တို့က မောင်နှမသုံးယောက်ရှိတယ် မှတ်မိလား"

"ဟင့်အင်း ဒါတွေကျွန်မ မသိဘူး။ မှတ်လည်း မမှတ်မိဘူး ကျွန်မ အခုဘဝကိုပဲ ပျော်တယ်… ကျန်တာတွေကို မသိချင်ဘူး"

ဟု မျက်စိမှိတ်ကာ ဖွင့်ပြောလိုက်လေသည်။

ထိုအခါ ဖေယျာသိခ် ဆိုသောလူရွယ်က… ၊

"လူဆိုတာ ဘဝသစ်ကိုရောက်ရင်၊ ဘဝဟောင်းကို မေ့တတ်ကြတာ ဓမ္မတာပဲ၊ ဒါပေမယ့် ဘဝဆက်ဆိုတာ ကတော့ ဖျောက်ဖျက်လို့မရဘူး။ ဒီလိုပဲ ဘဝဟောင်းက ဆွေမျိုးဆက်တွေကိုလည်း မေ့လို့မရဘူး… ၊





မင်းမေ့နေရင် ငါပြောပြမယ်… ၊ သတိပေးမယ်… တို့မှာ မောင်နှမ သုံးယောက်ရှိကြတယ်၊ ငါက အကြီး၊ မင်းက အလတ်၊ သူက သီရိနန္ဒာပေါ့၊ ငါက ဖေယျာသိခ်၊ မင်းက သီရိစန္ဒာ၊ သူက သီရိနန္ဒာပေါ့၊ တို့မောင်နှမသုံးယောက်က ရှေးကဒီနေရာကို ရွှေ့ပြောင်းလာကြတဲ့ မွန်လူမျိုးတွေရဲ့ အဆက်အနွယ်တွေပဲ… "

"ဟင်…"

ထိုစကားကြောင့် မြနှင်းဝေ များစွာအံ့ဩသွားလေသည်။

"တို့မောင်နှမသုံးယောက်က ဘဝဟောင်းက ပြောင်းကြတဲ့အခါ ပျဉ်ဒရယ်ရွှေသိုက်ကြီးကို စောင့်ရှောက်ဖို့ တာဝန်ကျခဲ့တယ်…

အဲဒီလို တာဝန်ကျနေရင်းက လူ့ပြည်ကို အလှည့်ကျ သွားရတဲ့အခါ အခုမင်းသွားရတဲ့ အလှည့်ပဲ သီရိစန္ဒာ၊ တို့ ကျန်တဲ့မောင်နှမ နှစ်ယောက်က သိုက်ထဲမှာကျန်ခဲ့ကြရတယ်၊

အခု မင်းသိုက်ထဲကိုပြန်ဖို့ အချိန်နီးလာပြီမို့ လာပြီး သတိပေးရတာပဲ…"

"ရှင်… အချိန်နီးပြီဟုတ်လား"

"ဟုတ်တယ် မင်းသိုက်ထဲကို ပြန်လာရတော့မယ်"

"ဟင့်အင်း။ ကျွန်မ မပြန်ချင်သေးဘူး။ မလိုက်ချင်သေးဘူး၊ ဒီဘဝမှာပဲ ပျော်တယ်၊ ဒီဘဝမှာပဲ နေပါရစေ…"

"မရဘူး သီရိနန္ဒာ…၊ တို့က ဘဝ ဝဋ်ကြွေးရှိလို့ ဆပ်ရတာပဲ ဒီဝဋ်ကြွေး မကုန်မချင်းတော့ ဆပ်ရမှာပဲ…"

"ကျွန် ကျွန်မ ပြန်မလိုက်လို့ မရဘူးလားဟင်..."

မင်းကို ငါ့အမိန့်နဲ့ ပြန်ခေါ်တာ မဟုတ်ဘူး။ ဘဝဝဋ်ကြွေးက ပြန်ခေါ်တာဆိုတော့ မင်း မလိုက်ချင်လို့လည်း မရဘူး။ အချိန်တန်လို့ ခွင့်ရက်စေ့ရင်တော့ နေရာဟောင်းကို ပြန်ရမှာပဲ..."

ဟု ပြောလိုက်သောအခါ မြနှင်းဝေ၏ မျက်နှာပေါ်မှာ မျက်ရည်များ စီးကျလာလေတော့သည်။

ထိုအခါ သီရိနန္ဒာဆိုသော မိန်းကလေးကပါ ဝင်ပြောသည်။

"အစ်မတော်ရယ်... ရှေ့ ၁၀ဆိုတာ ညီမတော်တို့ဘဝနဲ့က တခြားစီပါ... သိုက်နန်းထဲကို ပြန်လာခဲ့ပါတော့နော်"

ဟု သနားစဖွယ်ပြောလေသည်။

"ပြန်ရမယ်ဆိုရင်လည်း ပြန်ခဲ့ပါ့မယ်... ဒါပေမယ့် ကျွန်မအတွက် အချိန်လေးတော့ နည်းနည်းတော့ ထပ်ပေးကြပါလို့ တောင်းပန်ပါတယ်"

"ဘာကြောင့်လဲ..."

"အခု ကျွန်မတို့ရဲ့ ဘဝဟောင်းက ဆွေဆက်မျိုးဆက်တွေ တည်ခဲ့တဲ့ မရန်းချောင်းဘုရားကြီးကို တည်ဖို့လုပ်နေကြပါတယ်၊ အဲဒီမှာ ကျွန်မကုသိုလ်လေး ပါဝင်ချင်လို့ ဘုရားကြီးအပြီးသတ်တဲ့အချိန် အထိတော့ ခဏလေး ခွင့်ပေးကြပါရှင်"





ဟု သနားစဖွယ် တောင်းပန်သောအခါ ဘဝဟောင်းက အစ်ကိုဖြစ်သူ ဓမ္မသိခဲက အတန်ကြာအောင် စဉ်းစားနေသည်။

ခဏကြာတော့မှ...

"ကောင်းပြီလေ... မင်းရဲ့ ကတိအတိုင်းသာ တည်ပါစေ... မရန်းချောင်း ဘုရားဆိုတာလည်း တို့ရဲ့ဘဝဟောင်းက ဆွေဆက်မျိုးဆက်တွေရဲ့ ကောင်းမှုတော်ဘုရားပဲ...၊

ဒီတော့ မင်းတောင်းတဲ့ အခွင့်ကို ငါပေးမယ်...၊

ဒါပေမယ့် ဘုရားကြီး ထီးတင်ပြီးတာနဲ့ မင်းချက်ချင်း ပြန်လာခဲ့ရမယ် ကြားရဲ့လား"

"ကောင်းပါပြီရှင်... "

"ရော့ဒီမှာ သစ္စာပန်း။ ဒီပန်းကို ခေါင်းမှာ အမြဲပန်ထားပါ၊ မင်းပြန်ချိန် ရောက်တော့မယ်ဆိုရင် ဒီပန်းပွင့်လေးက အလိုလို ညှိုးကျသွားလိမ့်မယ်... "

ဟု မြနှင်းဝေလက်ထဲသို့ အနီရောင် ပန်းပွင့်တစ်ပွင့် ပေးကာ နှစ်ယောက်သား ပျောက်သွားကြလေတော့သည်။

ထိုအခါမှ မြနှင်းဝေ အိပ်ရာမှ လန့်နိုးလာလေတော့သည်။ သူမသည် အိပ်ရာမှ နိုးလျှင်နိုးချင်း အိပ်မက်အကြောင်းကို ချက်ချင်းသတိရကာ နေရာမှ ရုတ်ခနဲ ထ,ထိုင်လိုက်သည်။

"ဟင်..."

ယောင်ယမ်း၍ မျက်နှာကို စမ်းကြည့်သောအခါ မျက်ရည်များ စိုရွှဲနေသည်ကို တွေ့ရလေသည်။

ထို့ထက်ဆန်းကြယ်သည်က သူမရဲ့လက်ထဲမှာ နှင်းဆီပန်းပွင့်နှင့် သဏ္ဍာန်တူသော ပန်းပွင့်တစ်ပွင့်ကို ကိုင်ထားမိလျက်သားတွေ့ရလေသည်။

ထိုပန်းရနံ့များက သင်းသင်းလေး မွှေးမြလျက်ရှိသလို သူမ၏ စိတ်အစဉ်မှာလည်း အဝေးတစ်နေရာဆီသို့ ပျံ့လွင့်လျက်ရှိနေသည်။

သူမလက်ထဲမှာ ရှိနေသော ပန်းပွင့်လေးမှာ သစ္စာပန်းပေလော...၊ သေမင်းနိမိတ်ပန်းပေလော...။

သူမအနေနှင့် မဝေခွဲတတ်နိုင်ပါပေ...။





## အခန်း (၁၆)

## ဈာပနာထည့်ရန် ခွင့်တောင်းလာသူများ

ကဲ့ကော်တစ်ထောင် ဆရာတော်ကြီးကို ပင့်လာသော ယူဘီသည် မရန်းချောင်းအတွင်းသို့ ဖြည်းညင်းစွာ မောင်းနှင်လာလေတော့သည်။ မြစ်အတွင်းမှ မောင်းလာစဉ်က ယူဘီအတွင်းဘက်မှ လိုက်ပါလာသော ဆရာတော်ကြီးသည် မရန်းချောင်းအဝ,သို့ ယူဘီသင်္ဘောဝင်လိုက်သည်နှင့် ယူဘီဦးပေါ်သို့ ကြွလာပြီး မေတ္တာပို့ ပရိတ်ရွတ်ခြင်းများ ပြုလုပ်လာခဲ့လေသည်။

အတွင်းသို့ရောက်ပြီး ဘုရားရှိရာနေရာတွင် ယာယီထိုးထားသော တံတားဆိပ်နေရာသို့ ယူဘီသင်္ဘော ဆိုက်ကပ်လိုက်သောအခါ ကမ်းပေါ်မှ သံဃာအချို့က ဆင်းကြိုကြလေသည်။

ငင်းသံဃာတော်များမှာ ပရိတ်ရွတ်ဆိုရန်အတွက် ကဒုံ ရော၊ အမာနှင့် အနီးဝန်းကျင်ရွာများမှ ကြိုတင်ပင့်ထားသော သံဃာတော်များဖြစ်ကြပေသည်။

သဘော်ဆိုက်ကပ်ပြီးသည်နှင့် ရှေ့ဆုံးမှ ဆရာတော်ကြီးက အလျင်ကြွသည်။ တံတားဆိပ်ပေါ် ရောက်သည်နှင့် ဆရာတော်ကြီးက ခေတ္တရပ်၍ မျက်စိမှိတ်ကာ မေတ္တာပို့ ပရိတ်ရွတ်ခြင်းပြုလုပ် လေတော့သည်။

န ကာရံ အတ္တနောပါပံ ဝိနာသန္တု၊
မော ကာရံ မိတ္တပါပံ ဝိနာသန္တု၊
ဗု ကာရံ ရာဇပါပံ ဝိနာသန္တု၊
ဒ္ဓါ ကာရံ ဉာတိပါပံ ဝိနာသန္တု၊

အစရှိသော 'နမောဗုဒ္ဓါ ဂါထာတော်'အား ရွတ်ဆိုပြီးမှ ကမ်းပေါ်သို့ ကြွသွားလေတော့သည်။

ဆရာတော်ကြီး အပေါ်ရောက်သွားမှ ကျွန်ုပ်အပါအဝင် သဘော်ပေါ်မှလူများက အစဉ်အတိုင်း ကမ်းပေါ်တက်ကြသည်။

မရန်းချောင်း ဘုရားဟောင်းကြီးတစ်ဝိုက်ကို ရှင်းလင်းထားရုံမက ဘုရားပရိဝုဏ်နှင့် အနီးဝန်းကျင်တစ်ဝိုက်မှာ သံဃာစင်ပါသော ကနားဖျင်းများနှင့် ဧည့်သည်များအတွက် ကနားဖျင်းများ ယာယီမိုးထားကြသည်။

ကနားဖျင်းကို မျောတိုင်စိုက်ပြီး ဓနိကိုင်းများ မိုးထားကာ သံဃာစင်ကိုတော့ ဝါးကပ်များ ရက်ခင်း၍ ဖျာချော်များ ခင်းပေးထားသည်။





လူများအတွက်ကတော့ ကနားဖျင်း အောက်တွင် မြေသားကိုညှိ၍ ဖျာကြမ်း၊ ကျူဖျာများ ခင်းပေးထားသည်။

ဆရာတော်ကြီး ကြွလာကြောင်း တစ်ဆင့်စကား တစ်ဆင့်သိကြဟန်တူသဖြင့် မျက်နှာစိမ်းဧည့်သည် အတော်များများ ရောက်လာကြသည်။

ကုံကော်တထောင် ဆရာတော်ကြီးသည် အပေါ်ရောက်သည်နှင့် ဘုရားကို သုံးပတ်, ပတ်ကာ မေတ္တာပို့ အမျှဝေလေရာ ကျွန်ုပ်က အနီးမှလိုက်ရလေသည်။

တောစပ်မှ ဘုရားကို လက်ယာရစ်ပတ်နေသော ဆရာတော်ကြီးမှာ လမ်းလျှောက်နေရင်းနှင့် မကြာခဏ ရပ်တန့်ပေးရသည်ကို အနားမှလျှောက်နေသော ကျွန်ုပ်က သတိပြုမိလေသည်။

ဆရာတော်ကြီး ရပ်တန့်လိုက်တိုင်း လမ်းပေါ်မှာ တစ်စုံတစ်ခု တွေ့လို့များရပ်တန့်လေသလားဟု ထင်ကာ ကျွန်ုပ်က လှမ်းကြည့်သောအခါ ဘာမှမတွေ့ရပေ။

အလုပ်သမားများ ရှင်းလင်းထားသောကြောင့် ဘုရားပရိဝုဏ်ပတ်လမ်းမှာ ဆူးခြောက်ခလုတ်များ ကင်းရှင်းလျက်ရှိပေသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ နောင်သောအခါ ကျွန်ုပ်က မေးမြန်း လျှောက်ထားကြည့်ရာ ကုံကော်တစ်ထောင် ဆရာတော်ကြီးက ဤသို့ပြောပြလေသည်။

"လောကမှာ မြင်အပ်တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေထက် မမြင်အပ်တဲ့ ပုဂ္ဂိုလ်သတ္တဝါတွေက ပိုများတယ်၊ ကိုယ်မမြင်ရပေမယ့် ကိုယ့်အနား ကိုယ့်ပတ်ဝန်းကျင်မှာ အများကြီးရှိတယ်၊ တစ်ခါတစ်ရံမှာ ပွဲခင်းတစ်ခုလိုလို အများကြီးရှိနေကြတယ်၊ သာမန်လူတွေသွားလာတဲ့အခါမှာတော့ ဘာမှမဖြစ်ကြဘူးပေါ့၊ လူတွေလည်းသွား၊ သူတို့လည်းသွားလာနေကြတာပါပဲ၊ ဒါပေမယ့် ရဟန်းသံဃာတော်တွေ ကြွတဲ့အခါမှာတော့ သူတို့အတွက် အတော့်ကို ဒုက္ခရောက်ကြတယ်"

"ဘယ်လိုများ ဒုက္ခရောက်ကြတာလဲ ဘုရား"

"ရဟန်းသံဃာတော်တွေ ကြွတဲ့အခါ သင်္ကန်းတော်နဲ့ မထိမိအောင် သူတို့ကရှောင်ပေးကြရတယ်၊ သင်္ကန်းနဲ့ထိမိရင် သူတို့တစ်တွေမှာ အတော်ခံရတယ်၊ လွင့်စဉ်လဲကျကုန်ကြတဲ့အထိပဲ၊ ဒါကြောင့် သံဃာတော်တွေ လမ်းထွက်တဲ့အခါ သင်္ကန်းတွေကို သေသေသပ်သပ် ရုံပြီးသွားကြရတယ်၊ သင်္ကန်းတဖားဖားနဲ့ ညည့်နက်အမှောင်ထဲမှာ သွားကြရင် ပရလောကသားတွေ အတော်ခံကြရတယ်၊ ဘာနဲ့သဏ္ဌာန်တူသလဲဆိုတော့ ပွဲခင်းထဲကို ကြောက်လန့်စရာတစ်ခုခု ဝင်လာလို့ ပြေးကြရသလိုပဲ"

"တင်ပါ့ဘုရား"

"ကျုပ် ဘုရားကိုပတ်တော့ ပတ်ဝန်းကျင်မှာ ရောက်နေတဲ့ မမြင်ရတဲ့ ပရလောကသားတွေက ရှောင်ပေးနိုင်ဖို့အတွက် ခေတ္တရပ်စောင့်ပေးရတာပါ"





ဟု မိန့်ကြားတော်မူသည်။

ဆရာတော်ကြီး ဘုရားကိုပတ်၍ ပရိတ်ရွတ်၊ မေတ္တာပို့ပြီးသောအခါ သံဃာတော်များကို ပဋ္ဌာန်းရွတ်စေသည်။

ပဋ္ဌာန်းကို သုံးရက်တိုင်တိုင် ရွတ်ဆိုပူဇော်ကြသည်။ ပဋ္ဌာန်းရွတ်ဆိုသော သံဃာတော်များအား ဘုရားအနီးမှာ မဏ္ဍပ်ထိုးပေးထားသည်။ ညဘက်တွင် ဘုရားပေါ်မှာ ဆီမီးများ၊ အမွှေးနံ့သာတိုင်များ ပြတ်သည်မရှိပေ။

ထွန်းထားသော ဖယောင်းတိုင်၊ အမွှေးတိုင်များ ငြိမ်းသွားသောအခါ နောက်ထပ်အသစ်ထွန်းမည့်သူက အဆင်သင့်ရှိနေသည်။

ဤသို့ဖြင့် ညလုံးပေါက် မီးထွန်းသူ မပြတ်တော့ပေ။

အချို့လူများဆိုလျှင် ရှေးခေတ်ကအတိုင်း ဆံတောက်များ၊ ဆံရစ်ဝိုင်းကြီးများနှင့်ဖြစ်ပြီး နားတောင်းများ ပန်ဆင်ထားကြသည်။

၎င်းတို့သည် ဘုရားကို ဆီမီးများ၊ အမွှေးနံ့သာများ၊ ဆွမ်း၊ ရေချမ်း၊ ပန်းများကပ်လှူပူဇော်ပြီးလျှင် ၎င်းတို့ဝတ်ဆင်လာသော လက်ဝတ်ရတနာများအား ချွတ်ခါ ဆရာတော်ကြီးအား လာရောက်လှူဒါန်းကြသည်။

"ဘုရားတပည့်တော်တို့ရဲ့ ပစ္စည်းလေးတွေကို ဘုရားတည်တဲ့အထဲ ထည့်ပေးပါဘုရား"

ဟုပြောဆို လှူဒါန်းကြလေသည်။

လာရောက်လှူဒါန်းသမျှ ပစ္စည်းများအား ကုံကော်တစ်ထောင် ဆရာတော်ကြီးကလက်ခံပြီး ကျွန်ုပ်ထံ အပ်နှံထားလေရာ ကျွန်ုပ်က အလှူရှင်များအမည်ကို ရေးထိုး၍ စာရင်းနှင့်တကွ သိမ်းဆည်းထားရလေသည်။

ပစ္စည်းများ လှူဒါန်းသူများအား ဆရာတော်ကြီးက ဆုပေးသောအခါ...

"ရောက်ရတဲ့ဘဝမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိကြပြီး ဤဘဝမှ ကျွတ်လွတ်သောအခါ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိကြပါစေ"

ဟူ၍ အမြဲပေးလေ့ရှိသည်။ တစ်ညတွင်...

ဆရာတော်ကြီး ဘုရားဝတ်ပြုနေစဉ် ကမ်းစပ်တံတားဆိပ်တွင် လှေကြီးတစ်စင်း ဆိုက်ကပ်လာကာ လှေပေါ်မှ ရွှေခေတ်ကကဲ့သို့ တောင်ရှည်ပုဆိုး၊ ရင်ဖုံးအင်္ကျီနှင့် သျှောင်ထုံးများနှင့် လူအချို့တက်လာကြသည်။

၎င်းတို့ မဏ္ဍပ်အတွင်းသို့ရောက်သောအခါ ဆရာတော်ကြီးက ဘုရားဝတ်ပြုရာမှ လှည့်ကြည့်သည်။

"ရောက်လာကြပလား၊ ကျုပ် လှမ်းပြီးအကြောင်းကြားတာကို ရကြရဲ့မဟုတ်လား"

"အရှင်ဘုရားဖိတ်ကြားတာကို တပည့်တော်တို့ ရကြပါတယ်၊ အခုလိုဖိတ်ကြားတဲ့အတွက် တပည့်တော်တို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပါတယ်ဘုရား"





"အင်း... ဒကာကြီးတို့က ဒီဘုရားနှင့် အဓိကသက်ဆိုင်တဲ့လူတွေဆိုတော့ အခုလိုဖိတ်ရတာပဲ၊ အခု ဒီဘုရားကြီးကို ပြီးစီးအောင်မြင်အောင်တည်ဖို့ အစီအစဉ်တွေ လုပ်နေကြတယ်၊ အဲဒါ ဒကာကြီးတို့က မူလဘုရားဒကာတွေဆိုတော့ ခွင့်တောင်းရမယ်၊ ဒကာကြီးတို့က ခွင့်ပြုနိုင်ကြရဲ့လား"

ဆရာတော်ကြီးစကားကို ကြားသောအခါ ဦးဆောင်လာသော နှုတ်ခမ်းမွေးနဲ့လူကြီးက ဝမ်းသာအားရ လေသံမျိုးဖြင့်...

"ခွင့်ပြုပါတယ်ဘုရား၊ ကျေကျေနပ်နပ်ကိုပဲ ခွင့်ပြုပါတယ်၊ တပည့်တော်တို့ အနေဖြင့်လည်း အခုလိုဆောင်ရွက်ပေးနိုင်မယ့် ပုဂ္ဂိုလ်မျိုးကို စောင့်နေတာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီဘုရား၊ အခု ဆရာတော်ကြီးအနေနဲ့ အခုလိုကမ ကထ ပြုပြီး ဆောင်ရွက်ပေးတာ တပည့်တော်တို့အနေနဲ့ ဝမ်းသာလို့မဆုံးပါဘူးဘုရား၊ ကျေးဇူးလည်းတင်ပါတယ်"

ဟု လျှောက်ထားလေသည်။

"ဒီလိုဖြင့်လည်း ပြီးစီးအောင် ဆောင်ရွက်ပေးပါ့မယ်ဘုရား၊ အရွယ်အစား အတိုင်းအတာနဲ့ အနေအထားတွေ ဘယ်လိုလုပ်ပေးရမယ်ဆိုတာလည်း ပြောပါဦး"

"ဒကာကြီးတို့က မူလဘုရားဒကာဆိုတော့ ဒကာကြီးတို့ရဲ့ ဆန္ဒအတိုင်း ဆောင်ရွက်ပေးပါ့မယ်"

"အရှင်ဘုရားတို့ ဆန္ဒသဘောအတိုင်း ဆောင်ရွက်ပါဘုရား၊ တပည့်တော်တို့အနေနဲ့ ဘာမျှပြောစရာမရှိပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ခွင့်တောင်းပါရစေဘုရား"

"ဘာများလဲ၊ ပြောပါ"

"တခြားတော့ မဟုတ်ပါဘူးဘုရား။ စေတီတော်ကြီးထဲကို ဌာပနာထည့်ရင် တပည့်တော်တို့ ကုသိုလ်ပါဝင်တဲ့အနေနဲ့ ဌာပနာတွေထည့်ပါရစေဘုရား"

"ကောင်းပါပြီ၊ ခွင့်ပြုပါတယ်၊ ဌာပနာပိတ်ခါနီးတော့ ဒကာကြီးတို့ကို အကြောင်းကြားလိုက်ပါ့မယ်"

"ဝမ်းသာလှပါတယ်ဘုရား။ နောက်တစ်ချက်က စေတီတော်ကြီး ထီးတင်ပြီးရင် တပည့်တော်တို့ကို အမှုပေးဝေပေးပါဘုရား"

"စိတ်ချပါ၊ ဒကာကြီးတို့ အပါအဝင် (၃၀–ဘုံက ပုဂ္ဂိုလ်သတ္တဝါ နတ်ဗြဟ္မာအပေါင်းကို ပင့်ဖိတ်ပြီးတော့ အမှုအတန်း ပေးဝေပါ့မယ်"

"ဝမ်းမြောက်လှပါတယ် ဘုရား"

ဟု ပြောဆိုကာ ဆရာတော်ကြီးအား ရှိသေစွာကန်တော့ပြီး ဘုရားရှိရာဘက်သို့ အသီးသီးထွက်ခွာသွားကြလေသည်။

မဏ္ဍပ်အတွင်းမှ သံဃာတော်များ ရွတ်ဆိုလျက်ရှိသော ပဋ္ဌာန်းတရားတော် ရွတ်ဖတ်သံများကတော့ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပြန့်လွင့်လျက်ရှိနေသည်။





ရွှေမြင့်မိုရ် စာ

## အခန်း (၁၇)

## တရားသံဝေရကြစေတော့

ဤသို့ဖြင့် ကျွန်ုပ်တို့အပါအဝင် သစ်တောဌာနမှ ဝန်ထမ်းများ။ အလုပ်သမားများ။

အမာရွာမှ ယောဂီဦးနေဒွန်း ဆောင်ရွက်သော ရွာသူရွာသားများ။ အဘွားမျှင်နှင့် အတူလာကြသောလူများ။

ကဒုံကနီမှ ဦးဘာဘူ ခေါ်လာသောလူများ။

မောင်ရှင်တို့မြေးအဘိုးနှင့်အတူ ရောက်လာသောလူများ။

ကံ့ကော်တစ်ထောင် ဆရာတော်ကြီး၏ တပည့်ဒကာ၊ ဒကာမများ။ အားလုံးစုပေါင်းကြခါ မရန်းချောင်း ဘုရားပျက်ကြီးအား ဝိုင်းဝန်းတည်ဆောက်ကြလေရာ ရက်ပိုင်းအတွင်းမှာပင် အချောသတ်ပြီးစီးခြင်းသို့ ရောက်ခဲ့လေတော့သည်။

ဌာပနာထည့်ရန်ပြင်သောအခါ ကံ့ကော်တစ်ထောင် ဆရာတော်ကြီးက ၎င်း၏ ကတိအတိုင်း ဘုရားတွင် ဌာပနာ ထည့်လိုသူများအား ဖိတ်ကြား၍ ဌာနပနာထည့်စေရာ ညဘက် တွင် ဆရာတော်ကြီးထံသို့ လာရောက်ခါ ခွင့်တောင်းသွား ကြသော လူကြီးအပါအဝင် လူအတော်များများတို့မှာ ၎င်းတို့ ဝတ်ဆင်လာသော လက်ဝတ်ရတနာပစ္စည်းများအား ဌာပနာ ထည့်ကြလေသည်။

ထို့အပြင်...

အခြားလူအုပ်ထဲ ရောက်နေသူများကလည်း တတ်အား သမျှအနေနှင့် ၎င်းတို့ယူဆောင်လာသော ရတနာပစ္စည်းများ ကို လာရောက်အပ်နှံကာ ဌာပနာထည့်စေသည်။

ဤသို့ဖြင့် အချောသတ်ပြီးသောအခါ ဆရာတော်ကြီး က စေခိုင်းသဖြင့် ကျွန်ုပ် ယောဂီ ဦးနေဒွန်း၊ ဦးဘာဘူတို့ သုံးယောက် ငြမ်းပေါ်သို့တက်ကာ ထီးတင်ကြရလေသည်။

အောင်မြင်စွာ ထီးတင်ပြီးသောအခါ ဆရာတော်နှင့် သံဃာတော်များက အနေကဇာတင်ကြလေသည်။

ထို့နောက် တရားပွဲများကျင်းပကာ နောက်ဆုံး ရေစက်ချ အမျှအတန်းပေးဝေခြင်းအား ကံ့ကော်တစ်ထောင် ဆရာတော် ကြီးကိုယ်တိုင် ပြုလုပ်ပေးလေသည်။

အမျှအတန်း ပေးဝေလိုက်သောအခါ တောတောင် ဝန်းကျင်အနှံ့မှ သာဓုခေါ်သံများအား ကြားကြရလေသည်။





ကမ္ပည်ထိုးသောအခါ (ကျေးဇူးတော်ရှင် ကံ့ကော်တစ်ထောင် ဆရာတော်ကြီး အမူးပြု၍ ကျုံဒုံးမြို့ဟောင်းမှ ဘဝဆက် ဆွေတော်မျိုးတော်၊ ဆွေဆက်မျိုးဆက်များကောင်းမှု)ဟူ၍ ကမ္ပည်းရေးထိုးလေသည်။

ထိုသို့ပြုလုပ်ဆောင်ရွက်နေကြစဉ် ဆရာတော်ကြီးဆီသို့ ဒေါ်ဖွားမျှင်နှင့် မြနှင်းဝေတို့နှစ်ယောက် ရောက်လာကြသည်။ ဒေါ်ဖွားမျှင်က ဆရာတော်ကြီးအား မြနှင်းဝေနှင့်ပတ်သက် သော အိပ်မက်အကြောင်းများကို ပြောဆိုလျှောက်ထားလေ သည်။

"တပည့်တော်ရဲ့မြေးမလေးကို ကယ်နိုင်ရင် ကယ်ပါဦး ဘုရား။ ဒီအတိုင်းဆိုရင် သူဟာ မကြာခင်မှာ ဘဝဟောင်း ကို ပြန်သွားရတော့မှာပါဘုရား"

"ဒကာမကြီး... လူဆိုတာ ဘဝသစ်၊ ဘဝဟောင်း ဆိုတဲ့ကိစ္စတွေကို ဘယ်လိုမှ ရှောင်လွှဲလို့မရဘူး။ ဒါတွေက သံသရာလည်နေတာဆိုတော့ အမြဲတစေဆိုသလို တစ်နေ့ မဟုတ် တစ်နေ့တော့ တွေ့ကြုံကြရမှာပဲ၊ ဒါကြောင့် သေခြင်း တရားဆိုတာ ရှိတာပေါ့"

"မှန်လှပါဘုရား"

"ဘဝဟောင်းကို စွန့်ရပြီဆိုတာနဲ့ ဘဝသစ်ကို မလွှဲ မသွေ ရောက်ရမှာပဲ၊ ဘဝသစ်ကို ရပြီးလျှင်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘဝဟောင်းကိုပြန်ကြရမှာပဲ၊ ဒါက ဓမ္မတာပဲ...

နိဗ္ဗာန်ကိုမရ မချင်း သံသရာခရီးကို လျှောက်နေရဦးမှာ တော့ ဒါတွေနဲ့ မလွဲမသွေကြုံရမှာပဲ"

"မှန်လှပါဘုရား ဒါပေမယ့်... "

"ယခု ဒကာမကြီးရဲ့မြေးမလေးဟာ ဘဝဟောင်းကို ပြန်ရတော့မယ်လို့ ဒကာမကြီးက ပြောနေတယ်၊ ဒကာမကြီး လည်း တစ်နေ့ကျရင် ဒီလမ်းကို မလွဲမသွေလျှောက်ရမှာပဲ"

"တပည့်တော် အသက်အရွယ်ကတော့ သေပျော်ပါပြီ ဘုရား..."

"သေခြင်းတရားဆိုတာ အချိန်မရွေး ရောက်လာနိုင် တာပဲ၊ ကြီးတယ် ငယ်တယ် ဆင်းရဲတယ် ချမ်းသာတယ် မဟုတ်ဘူး။ အားလုံးဟာ တစ်နေ့နေ့မှာ သေခြင်းတရားနဲ့ တွေ့ရမှာပဲ၊ ဒါ သေချာတဲ့တရားပဲ...

ဒါကို အတော်များများက သတိမထားမိလို့ လောဘ, ဒေါသ, မောဟ, မာန်မာနတရားတွေ ထားနေကြတာပေါ့လေ"

"မှန်လှပါ ဆရာတော် ဟောတဲ့တရားကို နာရတာ တပည့်တော် သဘောပေါက်ပါပြီဘုရား။ ဒီအတွက် စိုးရိမ် သောက မဖြစ်အောင် တရားနဲ့ဖြေပါ့မယ်"

ဟု လျှောက်တင်လေသည်။

"သာဓု သာဓု သာဓု... ဒီလိုတရားရတာ ဝမ်းသာပါ တယ်၊ ချမ်းသာခြင်းဆိုတာ စိုးရိမ်သောကမရှိခြင်းကိုဆိုတာ ဒကာမကြီး၊ ငွေကြေးဥစ္စာ ပြည့်စုံချမ်းသာတာထက် စိုးရိမ်





သောကမရှိတဲ့ စိတ်ချမ်းသာခြင်းသာ ချမ်းသာခြင်း အစစ် ဖြစ်ပေတယ်"

"မှန်လှပါဘုရား"

"ဒါပေမယ့် ဒကာမကြီးရဲ့မြေးမလေးအတွက် ကျုပ် တစ်ခုတော့ အကြံပေးပါ့မယ်၊ သူက မကြာခင်မှာ ဘဝပြောင်း ရတော့မယ်လို့ ဒကာမကြီး လျှောက်တင်တယ်မဟုတ်လား"

"မှန်လှပါဘုရား"

"ဒီလိုဆိုရင် ကိုယ့်အတွက်အမြတ်ရအောင် အခုချက်ချင်း ပဲ ဘဝပြောင်းလိုက်တော့လေ"

ဆရာတော်ကြီး၏ စကားကိုကြားသောအခါ မြနှင်းဝေ ၏ မျက်နှာလေးမှာ အထိတ်တလန့်ဖြစ်သွားသလို အဘွားမှုင် ကလည်း သဘောမပေါက်ဟန်ဖြင့် မော့ကြည့်လေသည်။

"ကျုပ်ပြောတဲ့အဓိပ္ပာယ်က ဒီလိုပါ၊ ဘဝပြောင်းဖို့ ဆိုတာ အခု လူ့ဝတ်ကြောင်ဘဝကနေ မြင့်မြတ်တဲ့ ယောဂီ ဘဝကို ပြောင်းဖို့ပြောတာပါ၊ ယောဂီဘဝနဲ့ တရားအားထုတ် တော့ ဘယ်ဘဝကို ပြောင်းရ ပြောင်းရ ကိုယ့်အတွက် အမြတ်ရတာပေါ့"

ဟု ရှင်းပြတော့မှ နှစ်ယောက်စလုံး သဘောပေါက်သွား ကြလေတော့သည်။

"သဘောပေါက်ပါပြီ ဘုရား၊ တပည့်တော် အခုချက်ချင်း ပဲ ယောဂီဘဝကို ကူးပြောင်းပြီး တရားအားထုတ်ပါတော့ မယ်၊ တပည့်တော်ကိုသာ တရားချီးမြှင့်ပေးပါ ဘုရား"

ဟု ရေးသားထားသောအခါ ဆရာတော်ကြီးက သာဓု သုံးကြိမ် ခေါ်လိုက်လေတော့သည်။

ဤသို့ဖြင့်...

နှောင်နှစ်အတန်ကြာသည်အထိ ပျဉ်ဒရယ်ဘုရားရင်ပြင်ပေါ်မှာ ဒေါ်ဖွားမျှင်နှင့်အတူ တရားအားထုတ်လျက်ရှိသော ယောဂီမလေး မြနှင်းဝေအား တွေ့ကြရခြင်းအားဖြင့် သူမ အနေနှင့် အေးချမ်းသောဘဝသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း သိနိုင်တော့ပြီဖို့ ကျွန်ုပ်ရေးသားသော "ပျဉ်ဒရယ်မြနှင်း" ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်မှန် မှတ်တမ်းကြီးမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယော ဟောတု သုဓီအတ္တာနံ ပရိဟာရတု။

တြီစက္က

စာပြီးချိန် ➣ ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်၊
စနေနေ့ နံနက် (၉)နာရီ။